# ကာကွယ်ရေးဝန်ကြီးဌာန။
# (တပ်မတော်နည်းဥပဒေများ။)
# အမှတ် ၆၃/ ၆၀
# ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ရက်နေ့။
# (၁၉၆၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်။)

**[ ပြင်ဆင် : 10.05.1989, 22.07.2014 ]**

အမှတ် ၆၃/ ၆၀။ ။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၂၃၂ ဖြင့်အပ်နှင်းထားသော အာဏာများကိုသုံးစွဲလျက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

## အခန်း ၁။
## နိဒါန်း။

အမည်။

၁။ ။ ဤနည်းဥပဒေများကို၊ **တပ်မတော် နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် -

(က) “အက်ဥပဒေ” ဆိုသည်မှာ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကိုဆိုလိုသည်။

(ခ) “နောက်ဆက်တွဲ” ဆိုသည်မှာ၊ ဤနည်းဥပဒေများတွင်ပူးတွဲပါရှိသော နောက်ဆက်တွဲကို ဆိုလို သည်။

(ဂ) “စစ်မြေပြင်အရာရှိ” ဆိုသည်မှာ၊ တပ်မတော် (ကြည်း) နှင့် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ ဗိုလ်မှူးချုပ် (Brigadier) အောက်၊ ဗိုလ်ကြီး (Captain) အထက်အဆင့်ရှိသော၊ တပ်မတော် (ရေ) အတွက်ဖြစ်ပါက ဗိုလ်မှူးချုပ် (Commodore) အောက်၊ ဗိုလ်ကြီး (Lieutenant) အထက်အဆင့်ရှိသော၊ အရာရှိကို ဆိုလိုသည်။

(ဃ) “သက်ဆိုင်ရာ စစ်ဘက် အာဏာပိုင်” ဆိုသည်မှာ၊ အာဏာတခုခု၊ တာဝန်တခုခု၊ ပြုလုပ်မှုတခုခု၊ သို့တည်းမဟုတ် ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ ထိုစကားရပ်ကို အသုံးပြုထားသောအခါ၊ ဤနည်းဥပဒေများ နှင့်အညီ၊ သို့တည်းမဟုတ် တပ်မတော် အက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများနှင့်အညီဖြစ်စေ၊ စစ်ဘက်ထုံးတမ်းနှင့်အညီဖြစ်စေ၊ ထိုအာဏာကိုသုံးစွဲသော၊ သို့တည်းမဟုတ် ထိုတာဝန်ကိုဆောင်ရွက် သော၊ သို့တည်းမဟုတ် ထိုပြုလုပ်မှုနှင့်သော်၎င်း၊ ထိုကိစ္စနှင့်သော်၎င်း၊ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင် ကိုဆိုလိုသည်။

(င) “ပုဒ်မ” ဆိုသည်မှာ၊ အက်ဥပဒေ ပုဒ်မတခုကိုဆိုလိုသည်။

(စ) ဤနည်းဥပဒေများတွင် အဓိပ္ပါယ်ဖော်ပြခြင်းမပြုသော်လည်း၊ အက်ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားပြီးဖြစ်သော စကားလုံးနှင့်စကားရပ်များကို၊ ဤနည်းဥပဒေများ၌ အသုံးပြုလျှင်၊ ထိုစကားလုံးနှင့် စကားရပ်များ၏အဓိပ္ပါယ်မှာ၊ အက်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 22.07.2014>

အစီရင်ခံစာများနှင့်လျှောက်လွှာများ။

၃။ ။ အထက်အာဏာပိုင်တဦးထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်တဦးထံသို့ဖြစ်စေ၊ တင်သွင်းရမည်ဟု၊ ဤနည်းဥပဒေများက ညွှန်ကြားထားသော အစီရင်ခံစာတခုခုကိုသော်၎င်း၊ လျှောက် လွှာတခုခုကိုသော်၎င်း၊ စစ်ဘက် လတ်တလော လိုအပ်ခြင်းများကြောင့် ဖြစ်စေ၊ အခြားအကြောင်းများ ကြောင့်ဖြစ်စေ၊ စာဖြင့်ရေးသားတင်သွင်းရန် မလိုဟု အဆိုပါ အာဏာပိုင်က ခွင့်လွှတ်သည့်အခါမှတပါး၊ သက်ဆိုင်ရာမှတဆင့်၊ စာဖြင့်ရေးသားတင်သွင်းရမည်။

နောက်ဆက်တွဲများပါပုံစံများ။

၄။ ။ (၁) ဤနည်းဥပဒေများပါ နောက်ဆက်တွဲများတွင် ဖော်ပြပါရှိသော ပုံစံများကို၊ ကိစ္စတခုစီ၏ အခြေ အနေအရ လိုအပ်သည့် ပြောင်းလဲချက်များ ပြုလုပ်လျက်၊ ထိုပုံစံများတွင် ဖော်ပြထားသော ရည်ရွယ်ချက် အသီးသီးအတွက် အသုံးပြုနိုင်သည့်ပြင်၊ ထိုသို့ အသုံးပြုလျှင်၊ လုံလောက်သည်။ သို့သော်လည်း ထိုပုံစံ များအတိုင်းမရေးဘဲ သွေဖယ်ရေးသားသည့် အကြောင်းသက်သက်ကြောင့်၊ စွဲချက်၊ ဝရမ်း၊ အမိန့်၊ မှုခင်း ကိစ္စဆောင်ရွက်မှု၊ သို့တည်းမဟုတ် ဤနည်းဥပဒေများနှင့်သက်ဆိုင်သည့် အခြားစာတမ်း အမှတ်အသား တခုခုအတည်ဖြစ်ခြင်းသည် မပျက်ပြယ်စေရ။

(၂) အဆိုပါ ပုံစံတခုခုကို အသုံးပြုရန် ပျက်ကွက်သည့် အကြောင်းသက်သက်ကြောင့်၊ ပြုလုပ်မှု၊ သို့တည်းမဟုတ် အရာတခုခုအတည်ဖြစ်ခြင်းသည် မပျက်ပြယ်စေရ။

(၃) အဆိုပါ ပုံစံများပါ မှတ်စုများတွင်ရှိသော ညွှန်ပြချက်များအပြင်၊ ထိုပုံစံများပါ ညွှန်ကြားချက် များကို၊ ၎င်းတို့နှင့်သက်ဆိုင်သော ကိစ္စအားလုံးတွင်၊ နည်းလမ်းတကျလိုက်နာရမည်။ သို့သော်လည်း မှတ်စုများတွင်ပါရှိသည့် ညွှန်ပြချက်များကိုဖြစ်စေ၊ ပုံစံများပါ ညွှန်ကြားချက်များကိုဖြစ်စေ၊ လိုက်နာရန် ပျက်ကွက် သည့်အကြောင်းသက်သက်ကြောင့်၊ ပြုလုပ်မှု၊ သို့တည်းမဟုတ် အရာတခုခု အတည်ဖြစ်ခြင်း သည် မပျက်ပြယ်စေရ။

စစ်ဘက်ရာထူးလက်ရှိဖြစ်သူအား အပ်နှင်း ထားသည့် အာဏာကိုသုံးစွဲခြင်း။

၅။ ။ ဤနည်းဥပဒေများပါ ကိစ္စများအလို့ငှါ၊ စစ်ဘက်ရာထူး (တခုခု) လက်ရှိဖြစ်သူ တဦးဦးအား အပ်နှင်းထားသည့် အာဏာ၊ သို့တည်းမဟုတ် စီရင်ပိုင်ခွင့်အာဏာကို၊ စစ်ဘက် ထုံးတမ်းနှင့်အညီ အခိုက် အတန့်အားဖြင့်၊ ထိုကိစ္စအလို့ငှါ အာဏာအပ်နှင်းခြင်းခံရသည့် အခြားသူတဦးဦးကသုံးစွဲနိုင်သည်။ ထို့ ပြင်စစ်ဘက်ရာထူး (တခုခု) လက်ရှိဖြစ်သူတဦးဦးကဖြစ်စေ၊ ထိုသူကိုဖြစ်စေ၊ ထိုသူ၏ရှေ့တွင်ဖြစ်စေ၊ ပြုလုပ်ရန်ရှိသော ပြုမှုတခုခုကိုသော်၎င်း၊ အရာတခုခုကိုသော်၎င်း၊ စစ်ဘက်ထုံးတမ်းနှင့်အညီ အခိုက် အတန့်အားဖြင့်၊ ထိုကိစ္စအလို့ငှါ အာဏာအပ်နှင်းခြင်းခံရသည့် အခြားသူတဦးဦးကဖြစ်စေ၊ အခြားသူကို ဖြစ်စေ၊ အခြားသူ၏ရှေ့တွင်ဖြစ်စေ၊ ပြုလုပ်နိုင်သည်။

ပြဋ္ဌာန်းမထားသည့် ကိစ္စများ။

၆။ ။ ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းမထားသည့် ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ အခွင့်ရအာဏာပိုင် သည်၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တရားမျှတပြီး လျော်ကန်သင့်မြတ်သည်ဟု မိမိယူဆသည့်အတိုင်း ပြုလုပ်နိုင်သည်၊ သို့တည်းမဟုတ် အရေးယူနိုင်သည်။

Myanmar Law Information System (MLIS)

## အခန်း ၂။

## စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းနှင့်သစ္စာပြုခြင်း။

စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိများ။

၇။ ။ အောက်ပါသူများသည်၊ ပုဒ်မ ၁၂ ပါ ကိစ္စများအလို့ငှါ "စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိ များ" ဖြစ်ရမည်။

(က) စစ်သားစုဆောင်းရေးအရာရှိများ၊ သို့တည်းမဟုတ် စစ်သားစုဆောင်းရေးအရာရှိ (နယ်လှည့်စစ်သား စုဆောင်းရေးကွပ်ကဲမှုအဖွဲ့) များအဖြစ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်အရာရှိများ အပါအဝင်၊ စစ်သားစုဆောင်းရေးအရာရှိနှင့် စစ်သားစုဆောင်းရေးအရာရှိ (နယ်လှည့်စစ်သား စုဆောင်းရေးကွပ်ကဲမှုအဖွဲ့) အားလုံး။

(ခ) တပ်၊ သို့တည်းမဟုတ် ရေယာဉ်ကိုကွပ်ကဲသည့်အရာရှိ၊ ထို့ပြင်

(ဂ) စစ်ရေးချုပ်က စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိအဖြစ်ဖြင့် ခန့်အပ်သည့်၊ စစ်သားစုဆောင်းရေးအရာရှိ (နယ်လှည့်စစ်သား စုဆောင်းရေးကွပ်ကဲမှုအဖွဲ့) တဦးဦး၊ သို့တည်းမဟုတ် အခြားသူတဦးဦး။

<ပြင်ဆင် 22.07.2014>

သစ္စာပြုရသူများ။

၈။ ။ တိုက်ပွဲဝင် စစ်မှုထမ်းများအားလုံး၊ ထို့ပြင် အကြပ်၊ သို့တည်းမဟုတ် ခေတ္တအကြပ်အဖြစ် ရွေးချယ် ခြင်းခံရသော စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသည့် အခြားသူများသည်၊ တာဝန်ဝတ်တရားထမ်းဆောင် ရန် သင့်တော်သည်ဟု သတင်းပို့ခြင်းခံရသည့်အခါ၊ ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သစ္စာပြုကြရမည်။

သစ္စာပြုသည့်အခါတွင် အသုံးပြုရမည့် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ။

၉။ ။ (၁) ပုဒ်မ ၁၅ အရ သစ္စာပြုရသူတိုင်းသည်၊ အောက်ပါသစ္စာပြုချက်ပုံစံတခုခုတွင် ပါရှိသည့် ကျမ်း သစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ၊ သစ္စာပြုရသူ ကိုးကွယ်သည့်ဘာသာနှင့်အညီ၊ သို့တည်းမဟုတ် ထိုသူ၏ စိတ်တွင် စွဲမြဲစေသည့် အခြားနည်းနှင့်အညီ၊ ထပ်တူသစ္စာပြုသည့် သဘောသက်ရောက်သည် ဟု၊ သစ္စာပြုစေသည့် အရာရှိက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံပါ ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ၊ ပြု၍ လက်မှတ်ရေးထိုးရမည်။

ကျမ်းသစ္စာပြုချက်ပုံစံ။

ကျွန်ုပ်၊ (ကိုယ်ပိုင်အမှတ်) ------------------------------ ၊ (အဆင့်) ------------------------------

(အမည်) ------------------------------------------ သည်၊

တရားဥပဒေဖြင့် အတည်ပြုထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ယုံကြည်လေးမြတ်စွာ၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟူ၍၎င်း၊

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တပ်မတော်တွင်-

Myanmar Law Information System (MLIS)

တာဝန်ဝတ်တရားအတိုင်း ဖြောင့်မတ်မှန်ကန်စွာ၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် အမှုထမ်းပါမည်ဟုငြင်း၊

ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့်နေရာ အရပ်သို့မဆို၊ အမိန့်ပေးသည့်အတိုင်း၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် သွားပါမည်ဟုငြင်း၊

ကျွန်ုပ်ကို အုပ်ချုပ်သော အထက်အရာရှိတဦးဦး၏ အမိန့်အားလုံးကို၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် နာခံ ပါမည်ဟုငြင်း၊

**ကျမ်းသစ္စာပြုပါ၏။**

**ကတိသစ္စာပြုချက်ပုံစံ။**

ကျွန်ုပ်၊ (ကိုယ်ပိုင်အမှတ်) ---------------------------------- ၊ (အဆင့်) --------------------------- ၊

(အမည်) ----------------------------------------- သည်၊

တရားဥပဒေဖြင့် အတည်ပြုထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ယုံကြည်လေးမြတ်စွာ၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟုငြင်း၊

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တပ်မတော်တွင်-

တာဝန်ဝတ်တရားအတိုင်း ဖြောင့်မတ်မှန်ကန်စွာ၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် အမှုထမ်းပါမည်ဟုငြင်း၊

ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့်နေရာ အရပ်သို့မဆို၊ အမိန့်ပေးသည့်အတိုင်း၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် သွားပါမည်ဟုငြင်း၊

ကျွန်ုပ်ကို အုပ်ချုပ်သော အထက်အရာရှိတဦးဦး၏ အမိန့်အားလုံးကို၊ ကျွန်ုပ်၏ အသက်စွန့်၍ပင် နာခံ ပါမည်ဟုငြင်း၊

**လေးနက်တည်ကြည်စွာကတိသစ္စာပြုပါ၏။**

(၂) အထက်ဆိုခဲ့ပြီးသော ကျမ်းသစ္စာကို၊ သို့တည်းမဟုတ် ကတိသစ္စာကို၊ ဖြစ်နိုင်သည့်အခါတိုင်း၊ သစ္စာပြုရသူကို ကွပ်ကဲသည့်တပ်မှူးက (သို့တည်းမဟုတ် ထိုတပ်မှူးက၊ ဤကိစ္စအလို့ငှါ၊ အာဏာလွှဲအပ်ထားခြင်းခံရသူက ထိုတပ်မှူး၏ရှေ့မှောက်၌) ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း ပြုစေရမည်။ ထိုကဲ့သို့မပြုစေခဲ့သော်၊ ရာဇဝတ်တရားသူကြီးတဦးကဖြစ်စေ၊ စစ်သားစုဆောင်းရေးအရာရှိတဦး ကဖြစ်စေ၊ စစ်သားစုဆောင်းရေးအရာရှိ (နယ်လှည့်စစ်သား စုဆောင်းရေးကွပ်ကဲမှုအဖွဲ့) တဦးကဖြစ်စေ၊ တပ်နယ်တနယ်ကို ကွပ်ကဲသည့် အရာရှိကဖြစ်စေ၊ ထိုကျမ်းသစ္စာကို၊ သို့တည်းမဟုတ် ကတိသစ္စာကို ပြုစေနိုင်သည်။

တပ်တခု၊ တပ်အဖွဲ့တခု၊ သို့တည်းမဟုတ် ဌာနတခုမှ တခုသို့ပြောင်းရွှေ့ခြင်း။

၁၀။ ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့် ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် ညွှန်ကြားလျှင်၊ အက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊ ၎င်း၏စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များတွင် ဆန့်ကျင်လျက် မည်သို့ပင်ပါရှိစေကာမူ၊ တပ်တခုမှ၊ သို့တည်းမဟုတ် တပ်အဖွဲ့တခုမှ၊ သို့တည်းမဟုတ် ဌာနတခုမှတခုသို့၊ စစ်ရေးချုပ်၏အမိန့်ဖြင့် ပြောင်းရွှေ့နိုင်သည်။

<ပြင်ဆင် 22.07.2014>

**အခန်း ၃။**

Myanmar Law Information System (MLIS)

## အမြဲတန်းထုတ်ပစ်ခြင်း၊ ထွက်ခွင့်ပေးခြင်းအစရှိသည်များ။

ထွက်ခွင့်ပေးရာ၌ နှောင့်နှေးကြန့်ကြာမှုမရှိစေခြင်း။

၁၁။ ။ (၁) အက်ဥပဒေကို လိုက်နာရသော စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူတိုင်းသည်၊ စစ်မှုထမ်း အဖြစ် စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များအရ ထွက်ခွင့်ရထိုက်လျှင် ရထိုက်ချင်း၊ ၎င်းအား ဆော လျင်နိုင်သမျှ ဆောလျင်စွာ ထွက်ခွင့်ပေးရမည်။

သို့ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆိုပါထွက်ခွင့်ကို တပ်မတော်တခုလုံးအတွက်သော်၎င်း၊ အစိတ်အပိုင်းတခုအတွက်သော်၎င်း၊ အမိန့်ကြော်ငြာစာဖြင့် ဆိုင်းငံ့ထားလျှင်၊ အဆိုပါထွက်ခွင့်ကို၊ မည်သူမျှ ရထိုက်ခွင့်မရှိစေရ။

(၂) တဦးတယောက်သောသူနှင့် စပ်လျဉ်း၍၊ အခွင့်ရအာဏာပိုင်က ခိုင်လုံစွာချမှတ်သော ထွက်ခွင့်ပေးအမိန့်ကို၊ ထွက်ခွင့်ပေးသည့်အာဏာပိုင်၏ အထက်အာဏာပိုင်တဦးဦးက၊ ထွက်ခွင့်ပေးခြင်းခံရသူ၏ သဘောတူညီချက်အရ၊ စည်းကမ်းချက်များမထားရှိဘဲဖြစ်စေ၊ ထိုထွက်ခွင့်ပေးခြင်းခံရသူ လက်ခံသည့် စည်းကမ်းချက်များထားရှိ၍ဖြစ်စေ၊ ဖျက်သိမ်းနိုင်သည်။

<ပြင်ဆင် 22.07.2014>

ထွက်ခွင့်ပေးလက်မှတ်။

၁၂။ ။ (၁) ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်ရမည့်လက်မှတ်ကို၊ အောက်ပါနည်းဥပဒေများ၌ "ထွက်ခွင့်ပေးလက်မှတ်" ဟုခေါ်သည်။

(၂) စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ခြင်း၊ နုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်းခံရ သောသူအား၊ ထွက်ခွင့်ပေးလက်မှတ်ကို၊ ထိုသူ၏ တပ်မှူးက သော်၎င်း၊ တပ်မှူးကိုယ်စား အခြားသူ တဦး ကသော်၎င်း၊ ကိုယ်တိုင်လက်ရောက်ပေးအပ်နိုင်သည်၊ သို့တည်းမဟုတ် ထိုသူ့ထံ စာပို့တိုက်မှတ ဆင့် မှတ်ပုံတင်၍ ပေးပို့နိုင်သည်။

ထွက်ခွင့်ပေးခြင်းကို အမိန့်ချမှတ်နိုင်သော အာဏာအပ် နှင်းခြင်းခံရသည့် အာဏာပိုင်များ။

၁၃။ ။ (၁) ဤနည်းဥပဒေတွင် ဆက်လျက်ထည့်သွင်းထားသော စာရင်းကော်လံ ၃ ၌ သီးခြားဖေါ်ပြ ထားသည့် အာဏာပိုင်အသီးသီးသည်၊ ကော်လံ ၁ ၌သီးခြားဖေါ်ပြထားသော၊ အက်ဥပဒေကို လိုက်နာရ သူများအား၊ ကော်လံ ၂ ၌ သီးခြားဖေါ်ပြထားသော အကြောင်းပြချက်များကြောင့်၊ စစ်မှုထမ်းခြင်းမှ ထွက်ခွင့်ပေးရန် အခွင့်ရအာဏာပိုင်ဖြစ်ရမည်။

(၂) အထက်ပါ အခွင့်ရအာဏာပိုင်တဦးဦးအား၊ ဤနည်းဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာတခုခု ကို၊ ထိုအာဏာပိုင်၏ အထက်အခြားအာဏာပိုင် တဦးဦးကလည်း သုံးစွဲနိုင်စေရမည်။

(၃) ထိုစာရင်းတွင် "အထက်အာဏာပိုင်" ဆိုသည်မှာ၊ အောက်တွင်ဖေါ်ပြထားသူများအတွက် ဖြစ်ပါက၊ ထိုသူများနှင့်ယှဉ်လျက်ပြထားသောအာဏာပိုင်များကိုဆိုလိုသည်။

Myanmar Law Information System (MLIS)

| | |
|---|---|
| ကာကွယ်ရေးဝန်ကြီးဌာနရှိအရာခံဗိုလ်ဒုတိယတန်း နှင့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသောအခြားသူများ။ | သက်ဆိုင်ရာ ကာကွယ်ရေးဦးစီးချုပ်။ |
| ဦးစီးတက္ကသိုလ်၊ တိုက်ခိုက်ရေးကျောင်းနှင့် စစ်တက္ကသိုလ်တို့ရှိ အရာခံဗိုလ် ဒုတိယတန်းနှင့် စစ်မှုထမ်းအဖြစ်စာရင်းသွင်းပြီးသောအခြားသူများ။ | ဗိုလ်မှူးကြီးအဆင့်ရှိသည့်သက်ဆိုင်ရာ ကျောင်းအုပ်ကြီး။ |
| အခြားအရာခံဗိုလ်၊ ဒုတိယတန်းနှင့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသောသူများ။ | တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းတခုတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိ၊ တပ်မတော် (ရေ) အတွက်ဖြစ်ပါက၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ ကာကွယ်ရေးဦးစီးချုပ် (လေ)။ |

စာရင်း။

| အမျိုးအစား။ | ထွက်ခွင့်ပေးခြင်း၏ အကြောင်းရင်း။ | ထွက်ခွင့်ပေးနိုင်သောအခွင့်ရ အာဏာပိုင်။ | အထူးညွှန်ကြား ချက်များ။ |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| အရာခံဗိုလ်များ။ | ၁။ (က) အထက်အာဏာပိုင် ၏ အခွင့်အမိန့်အရ၊ ထပ်မံ၍ သီးခြားသတ်မှတ်ပေးသော ကာလအပိုင်းအခြားအတွက်၊ တန်းပြည့်စစ်မှုထမ်းစာရင်း တွင် ဆက်လက်မထားရှိ လျှင်၊ ထိုသူ၏ အဆင့်အတွက်သော်၎င်း၊ ရာထူးအ တွက်သော်၎င်း၊ စည်းမျဉ်း ဥပဒေများတွင် သီးခြားသတ်မှတ်ထားသော စစ်မှုထမ်းခြင်းကာလအပိုင်းအ ခြားဖြစ်စေ၊ | တပ်မှူး။ | |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | ရာထူးသက် တမ်းဖြစ်စေ၊ ကုန်ဆုံးသော အချိန်အခါ၊ သို့တည်းမ ဟုတ် ကန့်သတ်ထားသည့် အသက်သို့ရောက်သောအ ချိန်အခါ၊ ထိုအချိန်အခါနှစ် ရပ်အနက်၊ အလျင်ကျသည့် အချိန်အခါ။ | | |
| | (ခ) ထိုသူကိုယ်တိုင်ကအ ငြိမ်းစားယူရန်ထွက်ခွင့် တောင်းဆို သောအခါ။ | တပ်မှူး။ | |
| | (ဂ) ဆက်လက်စစ်မှုထမ်းရန် မသင့်တော်ဟု ဆေးဘက် ဆိုင်ရာကတွေ့ရှိသောအခါ။ | တပ်မှူး။ | ဆေးစစ်အဖွဲ့တခု၏ ထောက်ခံ ချက်အရသာလျှင်၊ ဆောင်ရွက် ရမည်။ |
| | (ဃ) အခြားထွက်ခွင့်ပေး ခြင်း အမျိုးအစားအားလုံး။ | အထက်အာဏာပိုင်။ | အရာခံဗိုလ်၏တောင်းဆို ခြင်းကြောင့် မဟုတ်သည့် ထွက်ခွင့်ပေးခြင်းဖြစ်လျှင်၊ ထွက်ခွင့်ပေးခြင်းကို အမိန့် မချမှတ်မီ၊ အထက်အာဏာ ပိုင်သည်၊ ထိုသို့ထွက်ခွင့် ပေးခြင်းကို မည်သည့်အ ကြောင်းကြောင့်၊ အမိန့်ချ မှတ်သင့်ကြောင်း၊ အကြောင်း ပြရန်၊ အရာခံ ဗိုလ်အား၊ အခြေအနေအရ၊ ခွင့်ပြုသင့်လျှင်၊ ခွင့်ပြုရ မည်။ |
| သစ္စာပြုပြီးသော၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီး သူများ။ | ၂။ (က) ထိုသူ၏စစ်မှုထမ်း အဖြစ်စာရင်းသွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးသောအခါ၊ သို့တည်းမ ဟုတ်အတင်းအကျပ်ထွက် ခွင့်ကို ပေးနိုင်သည့် အခြေအ နေသို့ ရောက်သောအခါ။ | တပ်မှူး။ | တပ်မတော် (ကြည်း) တွင် တပ်ကြပ်ကြီးအဆင့်ရှိသူများ အတွက်သော်၎င်း၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) တွင်၊ တပ်ကြပ်ကြီး (ကြည်းတပ်) အဆင့်နှင့်တူညီသော အဆင့်ရှိ သူများအတွက် သော်၎င်း၊ ဖြစ်ပါက၊ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | | ထိုသူတို့ကိုယ်တိုင် ကတောင်းဆိုမှသာလျှင်၊ တပ်မှူး သည်ဤအာဏာကို သုံးစွဲနိုင် သည်။ |
| | (ခ) တပ်မတော်တွင် အမြဲ တန်း စစ်မှုထမ်းခြင်း ကာလ အပိုင်းအခြားကုန်ဆုံးသည့် ပြင်၊ အရံတပ်တွင်လည်း လစ်လပ်သည့်နေရာ မရှိသော အခါ။ | တပ်မှူး (တပ်မ တော်တွင်အမြဲ တန်းစစ်မှုထမ်း ခြင်းကာလအ ပိုင်းအခြားကို မတိုးမြှင့်လိုသူ များ၏ကိစ္စမျိုး တွင်)။ | တပ်မတော်တွင် အမြဲတန်း စစ်မှုထမ်းခြင်းနှင့် အရံစစ် မှုထမ်းခြင်းနှစ်မျိုးလုံးအတွက် စစ်မှုထမ်းအဖြစ်စာရင်းသွင်းသူများနှင့် သက်ဆိုင်စေ ရ မည်။(တပ်မတော်တွင်အမြဲ တန်းစစ်မှုထမ်း ခြင်းကာလ အပိုင်းအခြားကို တိုးမြှင့်ရန် အခွင့်အရေးရရှိ၍၊ ထိုအခွင့် အရေးကို သုံးစွဲလိုသူအား၊ ဤခေါင်းစဉ်အရ ထွက်ခွင့်မပေးနိုင်။) |
| | (ဂ) ဆက်လက်စစ်မှုထမ်းရန် မသင့်တော်ဟု ဆေးဘက်ဆိုင် ရာမှတွေ့ရှိသောအခါ။ | တပ်မှူး။ | ဆေးစစ်အဖွဲ့၏ ထောက်ခံ ချက်အရသာလျှင်၊ ဆောင် ရွက်ရမည်။ |
| | (ဃ) စစ်မှုထမ်းအဖြစ် စာရင်း သွင်းခြင်း ဆိုင်ရာ စည်းကမ်း ချက်များကိုပြီး မြောက်အောင် မဆောင်ရွက် မီ၊ထိုသူကိုယ် တိုင်က တောင်းဆို သောအခါ။ | တပ်မှူး။ | တပ်မှူးသည်၊ လျှောက်လွှာကို ခွင့်ပြုသင့်ကြောင်းအပြင်၊ ထိုသို့ခွင့်ပြုခြင်းကြောင့် တပ် ၏လူအင်အားကို၊ လျော့ထိုက် သည်ထက်လျော့စေသည် မဟုတ်ကြောင်းတို့နှင့် စပ်လျဉ်း၍လည်း၊ မိမိကိုယ်တိုင်က ကျေနပ်သော အခါ၌သာလျှင်၊ ဤအာဏာကိုသုံးစွဲရမည်။ |
| | (င) အခြားထွက်ခွင့်ပေးခြင်း အမျိုးအစားအားလုံး။ | အထက်အာဏာ ပိုင်။ | ထွက်ခွင့်ပေးခြင်းကို အမိန့် မချမှတ်မီ၊ အထက်အာဏာ ပိုင်သည်၊ |

Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| | | | ထိုသို့ထွက်ခွင့် ပေးခြင်းကို မည်သည့် အကြောင်းကြောင့်၊ အမိန့်မချ မှတ်သင့်ကြောင်း၊ အ ကြောင်း ပြရန်၊ ထိုသူအား အခြေအနေ အရ၊ ခွင့်ပြုသင့်လျှင်၊ ခွင့်ပြု ရမည်။ |
| သစ္စာမပြုရသေး သောစစ်မှုထမ်း အဖြစ်စာရင်း သွင်းပြီးသူများ။ | ၃။ ထွက်ခွင့်ပေးခြင်းအမျိုး အစားအားလုံး။ | တပ်မှူး။ | စစ်မှုထမ်းအဖြစ် စာရင်းသွင်း ခြင်းဆိုင်ရာစည်းကမ်းချက် များကိုပြီးမြောက်အောင် မဆောင်ရွက်မီ၊ ထွက်ခွင့် တောင်းဆိုသူ များ၏ကိစ္စ မျိုးတွင်၊ တပ်မှူးသည်၊ လျှောက်လွှာကို ခွင့်ပြုသင့် ကြောင်းအပြင်၊ ထိုသို့ ခွင့်ပြု ခြင်းကြောင့်၊ တပ်၏လူအင် အားကို၊ လျော့ထိုက်သည် ထက်လျော့စေသည်မဟုတ် ကြောင်းတို့နှင့်စပ်လျဉ်း၍ လည်း၊ မိမိကိုယ်တိုင်ကျေ နပ်သောအခါ၌သာလျှင်၊ ဤအာဏာကိုသုံးစွဲရမည်။ စွမ်းရည်ရှိသောတပ်မတော် သားများဖြစ်လာရန်အ ကြောင်းမရှိသော တပ်သား သစ်များကို၊ ဤခေါင်းစဉ် အရ၊ ထွက်ခွင့်ပေးရမည်။ |

အကျင့်ပျက်ပြားမှုကြောင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှုထမ်းခြင်းကို ရပ်စဲခြင်း။

၁၄။ ။ (၁) အရာရှိတဦး အကျင့်ပျက်ပြားကြောင်း အစီရင်ခံစာများကိုစဉ်းစားပြီးသည့်နောက်၊ စစ်တရားရုံးတရုံးဖြင့်၊ ထိုအရာရှိအား စစ်ဆေးစီရင်ခြင်းသည်၊ မသင့်လျော်ဟုသော်၎င်း၊ မဖြစ်နိုင်ဟုသော်၎င်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေနပ်သော်လည်း၊ သို့တည်းမဟုတ် သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က ထင်မြင်သော်လည်း၊ အဆိုပါအရာရှိအား တပ်မတော်တွင်ဆက်လက်ထားရှိရန် မလိုလားအပ်ဟု ယူဆသောအခါ၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ထင်မြင်ချက်များ၊ သို့တည်းမဟုတ်



Myanmar Law Information System (MLIS)

မိမိ၏ထင်မြင်ချက်များ၊ သက်ဆိုင်ရာရာကို၊ ထိုအရာရှိ အကျင့်ပျက်ပြားကြောင်း အစီရင်ခံစာများနှင့်တကွ၊ ထိုအရာရှိအား အကြောင်းကြားရမည့်ပြင်၊ ၎င်း၏ဖြေရှင်းချက်နှင့် ခုခံချေပချက်တို့ကို တင်ပြရန်တောင်းဆိုရမည်။

(၂) ထိုအရာရှိ၏ ဖြေရှင်းချက်သည်၊ ကျေနပ်ဘွယ်မရှိဟု၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က ယူဆလျှင်ဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က၊ ထိုကိစ္စကို မိမိထံတင်ပြရန် ညွှန်ကြားသည့်အခါတွင်ဖြစ်စေ၊ ထိုအရာရှိ၏ ခုခံချေပချက်နှင့်အတူ၊ ထိုအရာရှိအား၊ အောက်ပါတနည်းနည်းအတိုင်း အရေးယူသင့်ကြောင်း၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ ထောက်ခံချက်ကိုပါ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ၊ ထိုကိစ္စကိုတင်ပြရမည်။

(က) စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ်

(ခ) စစ်မှုထမ်းခြင်းမှ နုတ်ပယ်ခြင်း၊ သို့တည်းမဟုတ်

(ဂ) အငြိမ်းစားယူခိုင်းခြင်း၊သို့တည်းမဟုတ်

(ဃ) နုတ်ထွက်ခိုင်းခြင်း။

(၃) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်၊ အစီရင်ခံစာများ၊ ထိုအရာရှိက ခုခံချေပချက်တင်ပြခဲ့လျှင်၊ ထိုခုခံချေပချက်နှင့် သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ ထောက်ခံချက်ကို ထိုက်သင့်သလိုစဉ်းစားပြီးနောက်၊ ထိုအရာရှိအား၊ အငြိမ်းစားလစာပေး၍ဖြစ်စေ၊ မပေးဘဲဖြစ်စေ၊ အမြဲတန်းထုတ်ပစ်နိုင်သည်၊ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိအား အငြိမ်းစားယူခိုင်းနိုင်သည်၊ သို့တည်းမဟုတ် နုတ်ထွက်ခိုင်းနိုင်သည်။ ထို့ပြင် ထိုအရာရှိက၊ ထိုသို့အငြိမ်းစားယူရန်၊ သို့တည်းမဟုတ် နုတ်ထွက်ရန် ငြင်းဆန်သည့်အခါ၊ ထိုအရာရှိရခွင့်ရှိသော အငြိမ်းစားလစာ၊ သို့တည်းမဟုတ် ဆုကြေးရှိခဲ့လျှင်၊ ထိုဆုကြေးကိုပေး၍၊ ထိုအရာရှိအား အငြိမ်းစားပေးနိုင်သည်၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှနုတ်ထွက်ကြောင်း ပြန်တမ်းတွင် ထုတ်ပြန်ကြေညာနိုင်သည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

အကျင့်ပျက်ပြားသည့် အကြောင်းမှတပါး၊ အခြားအကြောင်းများကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှုထမ်းခြင်းကို ရပ်စဲခြင်း။

၁၅။ ။ (၁) ညံ့ဖျင်းခြင်းကြောင့် သော်၎င်း၊ ကိုယ်အင်္ဂါမသန်းမစွမ်းမှုကြောင့်သော်၎င်း၊ အရာရှိတဦးအား၊ တပ်မတော်တွင် ဆက်လက်ထားရှိရန် မသင့်တော်ဟု၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က ကျေနပ်သည့်အခါ၊ ထိုအရာရှိအား၊

(က) ထိုသို့မသင့်တော်ကြောင်းကို အကြောင်းကြားရမည်၊

(ခ) ထိုသို့မသင့်တော်ကြောင်းနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံး၏ အကြောင်းအချက်များကိုဖော်ပြရ မည်၊ ထို့ပြင်

(ဂ) တပ်မတော်တွင် ဆက်လက်ထားရှိရန်အတွက် အထောက်အပံ့ဖြစ်စေသည့် အကြောင်းပြချက်များ ကို တင်ပြထုချေလိုက တင်ပြထုချေရန် တောင်းဆိုရမည်။

(၂) ဖြေရှင်းချက်သည် ကျေနပ်ဘွယ်မရှိဟု၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က ယူဆလျှင်၊ ထိုအရာရှိ၏ဖြေရှင်းချက်နှင့်အတူ၊ ထိုအရာရှိအား၊ အောက်ပါတနည်းနည်းအတိုင်း အရေးယူသင့်ကြောင်း၊

Myanmar Law Information System (MLIS)

သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ ထောက်ခံချက်ကိုပါ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ၊ အမိန့်ချမှတ်ရန်အတွက်၊ ထိုကိစ္စကိုတင်ပြရမည်။

(က) အငြိမ်းစားယူခိုင်းရန်၊ သို့တည်းမဟုတ်

(ခ) နုတ်ထွက်ခိုင်းရန်။

(၃) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်၊ အစီရင်ခံစာများ၊ ထိုအရာရှိ၏ ဖြေရှင်းချက်များရှိခဲ့လျှင်၊ ထိုဖြေရှင်းချက်များနှင့် သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ ထောက်ခံချက်ကို စဉ်းစားပြီးသည့်နောက်၊ ထိုအရာရှိအား အငြိမ်းစားယူခိုင်းနိုင်သည်၊ သို့တည်းမဟုတ် နုတ်ထွက်ခိုင်းနိုင်သည်။ ထို့ပြင် ထိုအရာရှိက ထိုသို့အငြိမ်းစားယူရန်၊ သို့တည်းမဟုတ် နုတ်ထွက်ရန်ငြင်းဆန်သည့်အခါ၊ ထိုအရာရှိရခွင့်ရှိသော အငြိမ်းစားလစာ၊ သို့တည်းမဟုတ် ဆုကြေးရှိခဲ့လျှင်၊ ထိုဆုကြေးကိုပေး၍၊ ထိုအရာရှိအား၊ စစ်မှုထမ်းခြင်းမှ အငြိမ်းစားပေးကြောင်း၊ သို့တည်းမဟုတ် နုတ်ထွက်စေကြောင်းကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရန်အတွက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရေးယူဆောင်ရွက်နိုင်သည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခြားအရာရှိများက အမြဲတန်းထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်း။

၁၆။ ။ အက်ဥပဒေကို လိုက်နာရသူအား၊ စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ရန်၊ သို့တည်းမဟုတ် နုတ် ပယ်ရန်၊ ၎င်းအပေါ် အရေးယူသည့် အကြောင်းရင်း၏ အချက်အလက်များကို၊ ထိုသူထံ အကြောင်းမ ကြားဘဲ၊ ထို့ပြင် ထိုသို့အမြဲတန်း ထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်းကိုမပြုလုပ်ထိုက်ကြောင်း ချေပလိုသည့်အကြောင်းအချက်များ ရေးသားတင်ပြနိုင်ရန်၊ ၎င်းအား၊ သင့်တော်သည့် အချိန်မပေးဘဲ၊ ပုဒ်မ ၁၈၏ ပုဒ်မခွဲ (၁)အရဖြစ်စေ၊ ပုဒ်မခွဲ (၃)အရဖြစ်စေ၊ ထိုသူကို စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်မ ပစ်ရ၊ သို့တည်းမဟုတ် မနုတ်ပယ်ရ။

သို့ရာတွင် နည်းဥပဒေ ၁၄၊ ၁၅၊ သို့တည်းမဟုတ် ဤနည်းဥပဒေအရ စစ်မှုထမ်းရပ်စဲခြင်းကိုဖြစ်စေ၊ စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ခြင်းကိုဖြစ်စေ၊ နုတ်ပယ်ခြင်းကိုဖြစ်စေ၊ အမိန့်ချမှတ်ပိုင်ခွင့်ရှိသော အာဏာပိုင်က၊ သို့တည်းမဟုတ် အရာရှိက၊ အဆိုပါ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်ဟုထင်မြင်ယူဆလျှင်၊ ထိုအာဏာပိုင်က၊ သို့တည်းမဟုတ် အရာရှိက၊ အဆို ပါ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း သက်သေခံလက်မှတ်တစောင်ကို ရေးသားမှတ်တမ်းတင်ပြီးသည့်နောက်၊ သတ်မှတ်ထားသည့် စည်းကမ်းနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုဘဲဖြစ်စေ၊ ထိုစည်းကမ်း နည်းလမ်းများအနက်၊ လိုက်နာဆောင်ရွက်ရန်မဖြစ်နိုင်ဟု၊ ထိုအာဏာပိုင်က၊ သို့တည်းမဟုတ် အရာရှိက ထင်မြင်ယူဆသည့် စည်းကမ်းနည်းလမ်းများလောက်ကိုသာ လိုက်နာဆောင်ရွက်ခြင်းမပြုဘဲဖြစ်စေ၊ စစ်မှုထမ်းရပ်စဲခြင်းကိုသော်၎င်း၊ စစ်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ခြင်းကိုသော်၎င်း၊ နုတ်ပယ်ခြင်းကိုသော်၎င်း၊ အမိန့်ချမှတ်နိုင်သည်။ သတ်မှတ်ထားသည့် စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ၊ ဤနည်းဥပဒေအရ စစ်မှုထမ်းရပ်စဲခြင်း၊ စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် နုတ်ပယ် ခြင်းကိစ္စအားလုံးကို၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အစီရင်ခံရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 10.05.1989, 22.07.2014>

စစ်တရားရုံး၏ ပြစ်ဒဏ်စီရင်ခြင်းကြောင့်မှတပါး၊ အခြားအကြောင်းကြောင့် အငြိမ်းစားယူခြင်း၊ နုတ်ထွက်ခြင်း၊ နုတ်ပယ်ခြင်း၊ ထွက်ခွင့်ပေးခြင်း၊ သို့တည်းမဟုတ် အမြဲတမ်းထုတ် ပစ်ခြင်း အတည်ဖြစ်သည့်နေ့ရက်။

၁၇။ ။ (၁) အရာရှိတဦးအား၊ ပုဒ်မ ၁၇ အရ အမြဲတမ်းထုတ်ပစ်ခြင်းသည်၊ သို့တည်းမဟုတ် ထိုအရာရှိ အငြိမ်းစားယူခြင်းသည်၊ နုတ်ထွက်ခြင်းသည်၊ သို့တည်းမဟုတ် ထိုအရာရှိအား နုတ်ပယ်ခြင်းသည်၊ ထို ကဲ့သို့အမြဲတမ်းထုတ်ပစ်ခြင်း၊ အငြိမ်းစားယူခြင်း၊ သို့တည်းမဟုတ် နုတ်ပယ်ခြင်းနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာတွင်၊ ထိုကိစ္စအလို့ငှါ သီးခြားဖေါ်ပြသည့်နေ့ရက်တွင် စတင်အတည်ဖြစ်စေရမည်။

(၂) အရာရှိတဦးမှအပ၊ စစ်တရားရုံး၏ ပြစ်ဒဏ်စီရင်ခြင်းကြောင့်မဟုတ်ဘဲ၊ နည်းလမ်းတကျ ချမှတ် သည့်အမိန့်ဖြင့်၊ အက်ဥပဒေကိုလိုက်နာရသူတဦးအား၊ အမြဲတမ်းထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် ထွက် ခွင့်ပေးခြင်းကို၊ ထိုသူ၏ တပ်မှူးက၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြီးမြောက်အောင် ဆောင်ရွက်ရ မည်။ ထိုသို့ အမြဲတမ်းထုတ်ပစ်ခြင်းကိုဖြစ်စေ၊ ထွက်ခွင့်ပေးခြင်းကိုဖြစ်စေ၊ အမိန့်ချမှတ်နိုင်သည့် အာ ဏာပိုင်သည်၊ ထိုသို့အမိန့်ချမှတ်သောအခါ၊ ထိုအမြဲတမ်းထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေး ခြင်း နောင်ကာလ၌ စတင်အတည်ဖြစ်ရမည့်ရက်ကို သီးခြားဖေါ်ပြနိုင်သည်။

သို့ရာတွင် ထိုရက်ကို သီးခြားဖေါ်ပြခြင်းမပြုခဲ့လျှင်၊ ထိုသို့အမြဲတမ်းထုတ်ပစ်ခြင်းကို၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်းကို၊ နည်းလမ်းတကျခွင့်ပြုသည့်နေ့ရက်၊ သို့တည်းမဟုတ် အမြဲတမ်းထုတ်ပစ်ခြင်းဖြစ်စေ၊ ထွက်ခွင့်ပေးခြင်းဖြစ်စေ၊ ခံရသူက၊ စစ်ဘက်တာဝန်ဝတ်တရား ဆောင်ရွက်ခြင်းရပ်စဲသည့်နေ့ရက်၊ ထိုနေ့ရက်နှစ်ခုအနက်၊ နောက်ကျသောနေ့ရက်တွင်၊ အမြဲတမ်းထုတ်ပစ်ခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်း စတင်အတည်ဖြစ်စေရမည်။

(၃) အက်ဥပဒေကို လိုက်နာရသူတဦးအား၊ အငြိမ်းစားယူစေခြင်း၊ နုတ်ပယ်ခြင်း၊ နုတ်ထွက်စေခြင်း၊ ထွက်ခွင့်ပေးခြင်း၊ သို့တည်းမဟုတ် အမြဲတမ်းထုတ်ပစ်ခြင်းသည်၊ အတိတ်ကာလဖြစ်သော နေ့ရက်မှစ၍ အတည်မဖြစ်စေရ။

## အခန်း ၄။

## မူလအခွင့်အရေးများကို ကန့်သတ်ခြင်းများ။

၁၈။ ။ အက်ဥပဒေကိုလိုက်နာရသူသည် -

**ခွင့်မပြုသောအစည်းအရုံးများ။**

(က) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခွင့်အမိန့် အတိအလင်းမရရှိဘဲ၊ တပ်မတော်၏အစိတ်အပိုင်းအဖြစ် အသိအမှတ်မပြုသော အဖွဲ့တခုခုကိုဖြစ်စေ၊ အဖွဲ့အစည်းတခုခုကိုဖြစ်စေ၊ အသင်းတခုခုကိုဖြစ်စေ၊ ရာထူးအရ အသိအမှတ်မပြုရ၊ သို့တည်းမဟုတ် အကူအညီပေးခြင်းမပြုရ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ဖြစ်စေ၊ ထိုအဖွဲ့အစည်းတွင်ဖြစ်စေ၊ ထိုအသင်းတွင်ဖြစ်စေ၊ ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ ထို့ပြင် ထိုအဖွဲ့၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် အသင်းသည်၊ ကစားပျော်ရွှင်မှုသဘော သော်၎င်း၊ ဘာသာသာသနာရေးသဘော

သော်၎င်း၊ သက်ဝင်သည့်အဖွဲ့၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် အသင်းဖြစ်လျှင်၊ အထက်အရာရှိ၏ အခွင့်အမိန့် ကြိုတင်မရရှိဘဲ၊ ထိုအဖွဲ့ကိုဖြစ်စေ၊ ထိုအဖွဲ့အစည်းကိုဖြစ်စေ၊ ထိုအသင်းကိုဖြစ်စေ၊ ရာထူးအရအသိအမှတ်မပြုရ၊ သို့တည်းမဟုတ် အကူအညီမပေးရ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ဖြစ်စေ၊ ထိုအဖွဲ့အစည်းတွင်ဖြစ်စေ၊ ထိုအသင်းတွင်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ပါဝင် ဆောင်ရွက်ခြင်းမပြုရ။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခွင့်အမိန့် အတိအလင်းမရရှိဘဲ၊ ဝါဏိဇ္ဇသမဂ္ဂတခုခု၏၊ သို့တည်းမဟုတ် အလုပ်သမားသမဂ္ဂတခုခု၏ အဖွဲ့ဝင်တဦးမဖြစ်စေရ၊ သို့တည်းမဟုတ် ဝါဏိဇ္ဇသမဂ္ဂ အမျိုးအစားတခုခု၏၊ သို့တည်းမဟုတ် အလုပ်သမားသမဂ္ဂ အမျိုးအစားတခုခု၏ အဖွဲ့ဝင်တဦးမဖြစ်စေရ၊ သို့တည်းမဟုတ် ထိုသမဂ္ဂတခုခုနှင့်ဖြစ်စေ၊ ထိုသမဂ္ဂအမျိုးအစားတခုခုနှင့်ဖြစ်စေ၊ တနည်းနည်းဖြင့် ဆက်သွယ်ခြင်းမပြုရ။

<ပြင်ဆင် 22.07.2014>

နိုင်ငံရေးဆောင်ရွက်မှုများနှင့် စစ်ဘက်နှင့်မဆိုင်သော ဆောင်ရွက်မှုများ။

၁၉။ ။ (၁) အက်ဥပဒေကို လိုက်နာရသူသည်၊ ပါတီတခုအတွက်ဖြစ်စေ၊ မည်သည့်နိုင်ငံရေးရည်ရွယ်ချက်များအတွက်မဆိုဖြစ်စေ၊ ကျင်းပသော အစည်းအဝေးတခုခုသို့သော်၎င်း၊ လူထုဆန္ဒပြခြင်းတခုခုသို့ သော်၎င်း၊ မတက်ရောက်ရ၊ သို့တည်းမဟုတ် ထိုအစည်းအဝေးတခုခုတွင်ဖြစ်စေ၊ ထိုလူထုဆန္ဒပြခြင်းတ ခုခုတွင်ဖြစ်စေ၊ ဟောပြောမှုကိုသော်၎င်း၊ ပါဝင်ဆောင်ရွက်မှုကိုသော်၎င်း၊ မပြုရ၊ သို့တည်းမဟုတ် နိုင်ငံ ရေးအသင်းတခုခုတွင်ဖြစ်စေ၊ နိုင်ငံရေးလှုပ်ရှားမှုတခုခုတွင်ဖြစ်စေ၊ ပါဝင်ခြင်းမပြုရ၊ သို့တည်းမဟုတ် ထိုအသင်းတခုခုသို့ဖြစ်စေ၊ လှုပ်ရှားမှုတခုခုသို့ဖြစ်စေ၊ မဝင်ရ၊ သို့တည်းမဟုတ် ထိုအသင်းတခုခုကိုဖြစ် စေ၊ လှုပ်ရှားမှုတခုခုကိုဖြစ်စေ၊ ကူပံ့ရေးအတွက် ငွေမပေးရ။

(၂) အက်ဥပဒေကို လိုက်နာရသူသည်၊ လွှတ်တော်တစ်ရပ်ရပ်သို့သော်၎င်း၊ ဒေသန္တရအာဏာပိုင်အဖြစ်သို့သော်၎င်း၊ အခြားပြည်သူ့အဖွဲ့တခုခုသို့သော်၎င်း၊ ရွေးကောက်တင်မြှောက်ခြင်းအတွက် အရွေးခံသူတဦးအနေဖြင့်ဖြစ်စေ၊ အရွေးခံရန်အလားအလာရှိသူ တဦးအနေဖြင့်ဖြစ်စေ၊ မဲဆန္ဒရှင်များထံသို့ မိန့်ခွန်းတရပ်ကိုထုတ် မပေးရ၊ သို့တည်းမဟုတ် အများပြည်သူသိအောင်၊ မိမိကိုယ်တိုင်က၊ အခြားတနည်းနည်း ထုတ်ဖော်ပြောဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် အခြားသူအားထုတ်ဖော်ပြောဆိုခွင့်မပေးရ၊ သို့တည်းမဟုတ် အရွေးခံသူတဦး၏ ရွေးကောက်ပွဲကော်မီတီအဖွဲ့ဝင်တဦးအဖြစ် မဆောင်ရွက်ရ၊ သို့တည်းမဟုတ် အရွေးခံသူတဦး၏အကျိုးအတွက် တနည်းနည်းဖြင့် ကိုယ်ထိလက်ရောက် အားပေးအားမြှောက်ခြင်းဖြစ်စေ၊ ဆောင်ရွက်ပေးခြင်းဖြစ်စေ၊ မပြုရ။

<ပြင်ဆင် 22.07.2014>

၂၀။ ။ အက်ဥပဒေကို လိုက်နာရသူသည်-

**စာပုံနှိပ်တိုက်သို့ အကြောင်း ကြားခြင်း၊ ဟောပြောခြင်းအစရှိသည်များ။**

(က) နိုင်ငံရေးပြဿနာတရပ်နှင့် စပ်လျဉ်းသည့်အကြောင်းအရာတခုခုကိုဖြစ်စေ၊ စစ်ဘက်ဆိုင်ရာ အကြောင်းအရာတခုခုကိုဖြစ်စေ၊ စစ်ဘက်ဆိုင်ရာ သတင်းပေးချက်တခုခုပါရှိသော အကြောင်းအရာတခုခုကိုဖြစ်စေ၊ မည်သည့်ပုံသဏ္ဌာန်ဖြင့်မဆို၊ ပုံနှိပ်ထုတ်ဝေခြင်း၊ သို့တည်းမဟုတ် စာပုံနှိပ်တိုက်သို့၊ တိုက်ရိုက်သော်၎င်း၊



Myanmar Law Information System (MLIS)

သွယ်ဝိုက်၍သော်၎င်း၊ အကြောင်းကြားခြင်းမပြုရ၊ သို့တည်းမဟုတ် ထိုပြဿနာသော်၎င်း၊ အကြောင်းအရာသော်၎င်း၊ ထိုသတင်းပေးချက်သော်၎င်း၊ ပါရှိသောစာအုပ်တခုခုကိုဖြစ်စေ၊ စာတခုခုကိုဖြစ်စေ၊ ဆောင်းပါးတခုခုကိုဖြစ်စေ၊ အခြားစာတမ်းအမှတ်အသားတခုခုကိုဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခွင့်အမိန့်ကို၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သီးခြားသတ်မှတ်ထားသည့် အရာရှိတဦးဦး၏ အခွင့်အမိန့်ကို၊ ကြိုတင်မရရှိဘဲ၊ ပုံနှိပ်ထုတ်ဝေခြင်းမပြုရ၊ သို့တည်းမဟုတ် ပုံနှိပ်ထုတ်ဝေစေခြင်းမပြုရ၊ သို့တည်းမဟုတ်

(ခ) နိုင်ငံရေးပြဿနာတရပ်နှင့်ဖြစ်စေ၊ စစ်ဘက်ဆိုင်ရာအကြောင်းအရာတခုနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့် အကြောင်းအရာပါဝင်သော၊ သို့တည်းမဟုတ် စစ်ဘက်ဆိုင်ရာ အကြောင်းအရာတခုခုပါရှိသည့် သတင်းပေးချက်တခုခုဖြစ်စေ၊ ထင်မြင်ယူဆချက်များဖြစ်စေ၊ ပါဝင်သော ဟောပြောချက်တရပ်ကိုသော်၎င်း၊ အသံလွှင့်မိန့်ခွန်းတရပ်ကိုသော်၎င်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခွင့်အမိန့်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သီးခြားသတ်မှတ်ထားသည့် အရာရှိတဦးဦး၏ အခွင့်အမိန့် ကြိုတင်မရရှိဘဲ၊ ပြောဆိုခြင်းမပြုရ။

**ရှင်းလင်းချက်။ ။** ဤနည်းဥပဒေပါ ကိစ္စများအတွက် "စစ်ဘက်ဆိုင်ရာ သတင်းပေးချက်" နှင့် "စစ်ဘက်ဆိုင်ရာ အကြောင်းအရာ"ဆိုသည့် စကားရပ်များတွင်၊ တပ်ဖွဲ့များနှင့်သက်ဆိုင်သော၊ သို့တည်းမဟုတ် ကာကွယ်ရေးနှင့်သက်ဆိုင်သော၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံ၏ ပြည်ပဆက်ဆံရေးနှင့်သက်ဆိုင်သော သတင်းပေးချက်ဖြစ်စေ၊ အကြောင်းအရာဖြစ်စေ၊ ပါဝင်သည်။
<ပြင်ဆင် 22.07.2014>

## အခန်း ၅။

## စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် စစ်တရားရုံးဖြင့် အမှုများကို စစ်ဆေးစီရင်ခြင်း။

### အပိုင်း ၁။ ။ စွဲချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းအတွက် ရမန်ပေးခြင်း။

တပ်မှူးများ၏ အာဏာ။

စွဲချက်ကိုကြားနာခြင်း။

၂၁။ ။ (၁) အရာရှိမှတပါး၊ အက်ဥပဒေကို လိုက်နာရသူ တဦးအားစွဲဆိုသည့် စွဲချက်တိုင်းကို၊ ထိုတရားခံ၏ ရှေ့မှောက်၌ ကြားနာရမည်။ တရားခံသည်၊ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်သော မည်သည့်သက်သေကို မဆို ပြန်လှန်စစ်မေးရန်၎င်း၊ မိမိ၏ခုခံချေပရေးတွင် မည်သည့်သက်သေကိုမဆို ခေါ်ပြရန်၎င်း၊ မည် သည့်ထွက်ဆိုချက်ကိုမဆို ထွက်ဆိုရန်၎င်း၊ အခွင့်အရေးအပြည့်အစုံရရှိစေရမည်။

(၂) အက်ဥပဒေအရဖြစ်သော ပြစ်မှုကျူးလွန်ခဲ့ကြောင်း သက်သေခံချက်မရှိဟု ထင်မြင်ယူဆပါက၊ တပ်မှူးသည်၊ မိမိရှေ့သို့တင်ပြသည့် စွဲချက်ကိုပလပ်ရမည်။ ထို့ပြင် ထိုစွဲချက်ကို ဆက်လက်စစ်ဆေး စီရင်ရန် မသင့်လျော်ဟု ကျေနပ်လျှင်၊ တပ်မှူးသည်၊ မိမိ၏ သဘောအတိုင်း၊ စွဲချက်ကိုပလပ်နိုင်သည်။

Myanmar Law Information System (MLIS)

(၃) စွဲချက်ကို ကြားနာပြီးသည့်အဆုံး၌၊ ထိုစွဲချက်ကို ဆက်လက်စစ်ဆေးစီရင်သင့်သည်ဟု ထင်မြင်ယူ ဆလျှင်၊ တပ်မှူးသည်၊ အကြောင်းမဲ့ ကြန့်ကြာမှုမရှိစေဘဲ၊ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပုဒ်မ ၈၂အရ၊ နောက်ဆက်တွဲ ၃ ရှိ၊ သီးခြားဖေါ်ပြထားသော နည်းလမ်းနှင့် ပုံစံတို့နှင့်အညီ၊ အမှု ကို အကျဉ်းနည်းဖြင့် ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်၊ သို့တည်းမဟုတ်

(ခ) အမှုကို သက်ဆိုင်ရာ စစ်ဘက်အထက်အာဏာပိုင်ထံ လွှဲအပ်တင်ပြရမည်၊ သို့တည်းမဟုတ်

(ဂ) သက်သေခံချက်ကို ရေးသားယူရန် ကိစ္စအတွက်၊ အမှုကို ရွှေ့ဆိုင်းရမည်၊ သို့တည်းမဟုတ်

(ဃ) တရားခံသည်၊ အရာခံဗိုလ် အဆင့်အောက်နိမ့်လျှင်၊ တရားခံအား တပ်တွင်းစစ်တရားရုံးဖြင့် စစ် ဆေးစီရင်ရန်အတွက် အမိန့်ပေးရမည်။

သို့ရာတွင် တပ်မှူးသည်၊ အောက်ပါအကြောင်းတခုခုကြောင့် မဟုတ်ပါက၊ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူကို စစ်ဆေးစီရင်ရန်အလို့ငှါ၊ တိုင်းစစ်တရားရုံးကိုဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းချိန်၌၊ အကျဉ်းစစ်တရားရုံးချုပ်ကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိထံတင်ပြခြင်းမပြုဘဲ၊ တပ်တွင်းစစ်တရားရုံးတရုံးဖြင့် စစ်ဆေးစီရင်ရန် အမိန့်မပေးရ။

(က) ပြစ်မှုသည်၊ ထိုအရာရှိထံတင်မပြဘဲ၊ တပ်တွင်းစစ်တရားရုံးတရုံးဖြင့်၊ တပ်မှူးကစစ်ဆေးစီရင်နိုင် သော ပြစ်မှုဖြစ်ခြင်း၊ သို့တည်းမဟုတ်

(ခ) ချက်ခြင်းအရေးယူရလောက်အောင် အရေးကြီးသောအကြောင်းရှိသည့်ပြင်၊ စည်းကမ်းကိုမထိခိုက် မနစ်နာစေဘဲ၊ ထိုသို့တင်ပြခြင်းမပြုနိုင်ဟု၊ တပ်မှူးကယူဆခြင်း။

သက်သေခံအကျဉ်းချုပ်ယူရေးအတွက် ကျင့်ထုံး။

၂၂။ ။ (၁) သက်သေခံချက်ကို ရေးသားယူရန်ကိစ္စအတွက်၊ အမှုကို ရွှေ့ဆိုင်းလျှင်၊ ထိုသို့ရွှေ့ဆိုင်း၍ ကြားနာရာ၌၊ တရားခံနှင့်ဆန့်ကျင်ဘက်ဖြစ်စေ၊ တရားခံအတွက်ဖြစ်စေ၊ တပ်မှူးရှေ့တွင် လာရောက်၍ သက်သေခံသော သက်သေများ၏ သက်သေခံချက်အပြင်၊ သက်ဆိုင်ပုံပေါ်သော အခြားသူတဦးဦး၏ သက်သေခံချက်ကိုပါ တပ်မှူးရှေ့တွင်သော်၎င်း၊ တပ်မှူးကညွှန်ကြားသည့် အရာရှိရှေ့တွင်သော်၎င်း၊ တရားခံ၏ရှေ့မှောက်၊ တရားခံကြားနိုင်သည့်နေရာ၌ ရေးသားယူရမည်။

(၂) ပြန်လှန်စစ်မေးရာတွင်၊ တရားခံသည်၊ မည်သည့်သက်သေအားမဆို၊ မိမိကသင့်တော်မည်ထင်သည့် မေးခွန်းများကို မေးမြန်းနိုင်သည်။ ထို့ပြင် ထိုမေးခွန်းများကို အဖြေများနှင့်အတူတကွ၊ ရေးမှတ်ပြီးသော သက်သေခံချက်တွင် ဖြည့်စွက်ထည့်သွင်းရမည်။

(၃) သက်သေအသီးသီး၏သက်သေခံချက်ကို၊ ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရေးမှတ် ပြီးနောက်၊ ထိုသက်သေအား၊ ၎င်း၏သက်သေခံချက်ကို ဘတ်ပြရမည့်ပြင်၊ ထိုသက်သေခံချက်မှန်ကန် ခြင်း အထိမ်းအမှတ်အဖြစ်၊ ထိုသက်သေခံချက်တွင်၊ ထိုသက်သေက လက်မှတ်ထိုးရမည်၊ သို့တည်း မဟုတ် ထိုသက်သေသည်၊ မိမိ၏အမည်ကိုမရေးသားနိုင်လျှင်၊ ထိုသက်သေခံချက်တွင် အမှတ်အသားပြု ခြင်းဖြင့် လက်မှတ်ထိုးရမည့်ပြင်၊ ထိုအမှတ်အသားပြုခြင်းကို အသိသက်သေပြုရမည်။ တရားခံနှင့် ဆန့် ကျင်ဘက်ဖြစ်သော

Myanmar Law Information System (MLIS)

သက်သေများ၏သက်သေခံချက်အားလုံးကို ရေးမှတ်ပြီးနောက်၊ တရားခံအား "သင်တစုံတရာပြောဆိုလိုပါသလား" ဟု မေးမြန်းရမည့်ပြင်၊ "သင်ပြောဆိုလိုမှ ပြောဆိုနိုင်သည်၊ မပြောဆိုလိုက မပြောဘဲနေနိုင်သည်၊ သို့သော်လည်း သင်ပြောဆိုသမျှကို ရေးမှတ်ယူ၍၊ ၎င်းကိုသက် သေခံအဖြစ် တင်သွင်းလိုလျှင်လည်း တင်သွင်းမည်" ဟု တရားခံအားပြောပြရမည်။ ထိုသို့မေးမြန်း ပြော ပြပြီးသည့်အခါ၊ တရားခံ၏ ပြောဆိုချက်ကို ရေးမှတ်ယူရမည့်ပြင်၊ တရားခံအားလည်းဘတ်ပြရမည်။ သို့သော်လည်း ထိုပြောဆိုချက်နှင့်စပ်လျဉ်း၍၊ တရားခံအား ပြန်လှန်မစစ်မေးရ။ ထို့နောက် တရားခံ သည်၊ မိမိ၏သက်သေများ (အကျင့်စာရိတ္တကိုထောက်ခံမည့် မိမိပြလိုသော သက်သေများအပါအဝင်)ကိုခေါ်နိုင်သည်။

(၄) သက်သေများ၏သက်သေခံချက်နှင့်တရားခံ၏ ပြောဆိုချက်ရှိခဲ့လျှင်၊ ထိုပြောဆိုချက်ကို၊ မြန်မာ ဘာသာဖြင့်သော်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်၎င်း၊ ရေးမှတ်ရမည်။ သက်သေ၊ သို့တည်းမဟုတ် တရား ခံ၊ သက်ဆိုင်ရာရာက၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ရေးမှတ်ထားသည့် သက်သေခံချက်ကို၊ သို့တည်းမဟုတ် ပြောဆိုချက်ကို၊ နားမလည်လျှင်၊ ရေးမှတ်သည့်အတိုင်း သက်သေ ခံချက်ကိုသော်၎င်း၊ ပြောဆိုချက်ကိုသော်၎င်း၊ တရားခံနားလည်သောဘာသာဖြင့် ပြန်ဆို၍၊ တရားခံ အား ပြောပြရမည်။

(၅) တဦးတယောက်သောသူအား၊ သက်သေအဖြစ် လာရောက်ရန် အတင်းအကြပ်ပြုလုပ်၍မရလျှင်၊ သို့တည်းမဟုတ် စစ်ဘက်လတ်တလော လိုအပ်ခြင်းများကြောင့်ဖြစ်စေ၊ အခြားမည်သည့်အကြောင်းများ (ကုန်ကျမည့်စရိတ်စကနှင့် ကုန်မည့်အချိန်အပါအဝင်) ကြောင့်မဆို ဖြစ်စေ၊ သက်သေတဦးဦးလွယ်ကူစွာလာရောက်နိုင်မည်မဟုတ်ဟုသက်သေခံအကျဉ်းချုပ်ကိုရေးမှတ်ယူသည့်အရာရှိက ထင်မြင်ယူဆလျှင်၊ (ထိုသို့ထင်မြင်ယူဆကြောင်းကို သက်သေခံအကျဉ်းချုပ်ရေးသည့်အရာရှိက ရေးသားဖေါ်ပြရမည်) သက်သေကလက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သောရေးသားထားသည့် သက်သေ၏ ထွက် ဆိုချက်ကို တရားခံအား ဘတ်ပြနိုင်သည့်ပြင်၊ သက်သေခံအကျဉ်းချုပ်တွင် ထည့်သွင်းနိုင်သည်။

(၆) စစ်ဘက်ဥပဒေကို လိုက်နာရသူမဟုတ်သည့် သက်သေတဦးဦးအား လာရောက်ရန်၊ တရားခံ၏ တပ်မှူးက လက်မှတ်ရေးထိုးသောသမ္မာန်စာဖြင့် အမိန့်ထုတ်ဆင့်ခေါ်နိုင်သည်။ ထိုသမ္မာန်စာသည်၊ နောက်ဆက်တွဲ ၃ ပါပုံစံအတိုင်းဖြစ်ရမည်။

တရားခံအားရမန် ဖြင့်ထားခြင်း။

၂၃။ ။ (၁) နည်းဥပဒေ ၂၂ နှင့်အညီ ရေးမှတ်ယူသော (ဤနည်းဥပဒေများ၌၊ နောက်တွင် "သက်သေခံ အကျဉ်းချုပ်" ဟု ရည်ညွှန်းသည့်) သက်သေခံချက်နှင့် ပြောဆိုချက်ရှိခဲ့လျှင်၊ ထိုသက်သေခံချက်နှင့် ပြောဆိုချက်ကို၊ တပ်မှူးကစဉ်းစားရမည်။ ထိုသို့စဉ်းစားပြီးနောက်၊ တပ်မှူးသည်-

(က) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရန်အတွက် တရားခံအား ရမန်ဖြင့် ထားရမည်၊ သို့တည်းမဟုတ်

(ခ) သက်ဆိုင်ရာ စစ်ဘက်အထက်အာဏာပိုင်ထံသို့ အမှုကိုလွှဲအပ်တင်ပြရမည်၊ သို့တည်းမဟုတ်

(ဂ) လိုအပ်သည်ဟုထင်လျှင်၊ အမှုကို ပြန်လည်ကြားနာပြီးနောက်၊ စွဲချက်ကို ပလပ်ရမည်၊ သို့တည်း မဟုတ် အကျဉ်းနည်းဖြင့် အမှုကိုပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်။



Myanmar Law Information System (MLIS)

(၂) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရန်၊ တရားခံအား ရမန်ဖြင့်ထားလျှင်၊ တပ်မှူးသည်၊ အကြောင်းမဲ့ ကြန့်ကြာမှုမရှိစေဘဲ (တိုင်းစစ်တရားရုံးကိုဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းချိန်၌ အကျဉ်းစစ်တရားရုံးချုပ် ကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိထံ လွှဲအပ်တင်ပြရန်လိုအပ်သောအခါ၊ ထို သို့လွှဲအပ်တင်ပြပြီးနောက်) အမှုအလျောက် တပ်တွင်း စစ်တရားရုံးထိုင်စေရမည်၊ သို့တည်းမဟုတ် စစ် တရာရုံးဖွဲ့စည်းရန်၊ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်ထံ လျှောက်ထားရမည်။

အရာရှိအား ပြစ်မှုတခုခုဖြင့် စွဲဆိုသည့်အခါ၊ လိုက်နာရမည့်ကျင့်ထုံး။

၂၄။ ။ (၁) အက်ဥပဒေအရဖြစ်သော ပြစ်မှုဖြင့် အရာရှိအား စွဲဆိုသည့်အခါ၊ ထိုအရာရှိကတောင်းဆိုလျှင်၊ ၎င်း၏ရှေ့မှောက်၌ စုံစမ်းစစ်ဆေးခြင်းကိုဖြစ်စေ၊ သက်သေခံချက်ရေးသားခြင်းကိုဖြစ်စေ၊ နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ၊ အက်ဥပဒေကိုလိုက်နာရသော အခြားသူများ၏ အမှုမျိုးတွင် လိုက်နာရမည့် နည်း လမ်းအတိုင်း၊ တတ်နိုင်သမျှ လိုက်နာ၍ ပြုလုပ်ရမည်။

(၂) အရာရှိအား၊ ၎င်း၏ ရှေ့မှောက်၌ သက်သေခံချက်ရေးမှတ်ခြင်းမပြုလုပ်ဘဲ၊ ၎င်းအားစွဲဆိုသည့် စွဲဆို ချက်ကို အကျဉ်းနည်းဖြင့် ပြီးပြတ်အောင် စစ်ဆေးစီရင်ရန်၊ ရမန်နှင့်ထားသည့်အခါ၊ သို့တည်းမဟုတ် စစ်တရားရုံးတရုံးဖြင့် စစ်ဆေးစီရင်ရန် အမိန့်ချထားသည့်အခါ၊ တင်ပြရန်ဖြစ်သော သက်သေခံကောက် နုတ်ချက်ကို၊ နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ (၇)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ၎င်းအား အခမဲ့ပေးအပ် ရမည်။

အရာရှိနှင့်အရာခံဗိုလ်အား စွဲဆိုသည့်စွဲချက်များကို အကျဉ်းနည်းဖြင့် ပြီးပြတ်အောင်စစ်ဆေး စီရင်ခြင်း။

၂၅။ ။ (၁) အရာရှိအား၊ သို့တည်းမဟုတ် အရာခံဗိုလ်အား စွဲဆိုသည့် စွဲချက်တခုကို၊ ပုဒ်မ ၈၅အရဖြစ် စေ၊ ပုဒ်မ ၈၆ အရဖြစ်စေ၊ ပုဒ်မ ၈၇ အရဖြစ်စေ၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရန်၊ အာဏာအပ်နှင်း ခြင်းခံရသော အာဏာပိုင်က ပြီးပြတ်အောင်စစ်ဆေးစီရင်ရန်၊ ထိုအရာရှိကို၊ သို့တည်းမဟုတ် အရာခံဗိုလ် ကို ရမန်ဖြင့်ထားသောအခါ၊ သက်သေခံ အကျဉ်းချုပ်ကို၊ သို့တည်းမဟုတ် (အရာရှိ၏အမှုတွင် သက် သေခံအကျဉ်းချုပ်မရှိပါက) တင်ပြရန်ဖြစ်သော သက်သေခံကောက်နုတ်ချက်နှင့်အတူ၊ စွဲချက်မိတ္တူကို ပါ၊ ရေးသားပြီးလျှင်ပြီးခြင်း ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ ထို့ပြင် မည်သည့်အချက်တွင်မဆို၊ အမှု စတင်မစစ်ဆေးမီ နှစ်ဆယ့်လေးနာရီအောက်မနည်း ကြိုတင်၍ ထိုသူအား အခမဲ့ပေးအပ်ရမည်။

(၂) ပုဒ်မ ၈၅ အရ ဖြစ်စေ၊ ပုဒ်မ ၈၆အရ ဖြစ်စေ၊ ပုဒ်မ ၈၇ အရဖြစ်စေ၊ အာဏာအပ်နှင်းခြင်းခံရသည့် အာဏာပိုင်သည်၊ အရာရှိအားသော်၎င်း၊ အရာခံဗိုလ်အားသော်၎င်း၊ စွဲဆိုသည့် စွဲချက်ကို၊ အကျဉ်းနည်း ဖြင့် စစ်ဆေးစီရင်ရန်ဆုံးဖြတ်သောအခါ၊ အာဏာပိုင်က စွဲချက်ကို မပလပ်လျှင်၊ သို့တည်းမဟုတ် တရား ခံက သက်သေများမလာရောက်စေလိုတော့ကြောင်း စာဖြင့်ရေးသားပြီး သဘောမတူလျှင်၊ အာဏာ ပိုင်သည်၊ တရားခံ၏ ရှေ့မှောက်တွင် သက်သေခံချက်ကို ကြားနာရမည်။ တရားခံသည်၊ မိမိနှင့်ဆန့်ကျင် ဘက်ဖြစ်သော သက်သေတဦးဦးအားပြန်လှန်စစ်မေးရန်၊ ထို့ပြင်မိမိ၏ခုခံချေပရေးအတွက်၊ မည်သည့် သက်သေကိုမဆို ခေါ်ယူရန်နှင့် ထွက်ဆိုချက်ပြုရန် အခွင့်အရေး အပြည့်အစုံရရှိစေရမည်။

Myanmar Law Information System (MLIS)

(၃) မှုခင်းကိစ္စဆောင်ရွက်ချက်ကို၊ ဖြစ်နိုင်သရွေ့၊ နောက်ဆက်တွဲ ၄ ရှိ သီးခြားထားသောပုံစံနှင့်အညီ ရေးမှတ်ရမည်။ ထို့ပြင် ပြစ်ဒဏ်ချမှတ်သည့် အမှုတိုင်းတွင်၊ အကျင့်စာရိတ္တမှတ်တမ်း၊ သက်သေခံအ ကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံကောက်နုတ်ချက်၊ ထို့ပြင် သက်သေများ မလာရောက်စေလို တော့ကြောင်း တရားခံ၏ သဘောတူချက်စာရှိခဲ့လျှင်၊ ထိုသဘောတူချက်စာနှင့်အတူတကွ၊ မှုခင်းကိစ္စ ဆောင်ရွက်ချက်ကို၊ သက်ဆိုင်ရာမှ တဆင့် လမ်းစဉ်အတိုင်း၊ ပုဒ်မ ၉၈ တွင် အဓိပ္ပါယ်ဖော်ပြထားသော စစ်ဘက်အထက်အာဏာပိုင်ထံပို့ရမည်။

ကြန့်ကြာကြောင်းအစီရင်ခံစာများ။

၂၆။ ။ (၁) စစ်ဆေးစီရင်ခြင်းအတွက်၊ စစ်တရားရုံးတရုံးထိုင်ရန်၊ အမိန့်မပေးဘဲသော်၎င်း၊ ပုဒ်မ ၈၂ အရ ပြစ်ဒဏ်မချမှတ်ဘဲသော်၎င်း၊ ရှစ်ရက်ထက်ပို၍ ကြာသောကာလအပိုင်းအခြားအတွက် စစ်ဘက် အချုပ်၌နေရသော တန်းပြည့်စစ်မှုထမ်းချိန်တွင် အမှုထမ်းရွက်မနေသည့်၊ အက်ဥပဒေကိုလိုက်နာရသူ အသီးသီး၏ အမှုတိုင်းတွင်၊ တပ်မှူးသည်၊ နောက်ဆက်တွဲ ၃ ရှိ သီးခြားထားသောပုံစံအတိုင်း၊ ထိုသူ အား စစ်ဆေးစီရင်ခြင်းအတွက်၊ စစ်တရားရုံးချုပ်ကိုဖြစ်စေ၊ တိုင်းစစ်တရားရုံးကိုဖြစ်စေ၊ ဖွဲ့စည်းရန်အာ ဏာအပ်နှင်းခြင်းခံရသောအရာရှိထံ အစီရင်ခံရမည်။ စစ်တရားရုံးတရုံးထိုင်ရန် အမိန့်ပေးသည့်အချိန်၊ သို့တည်းမဟုတ် ပုဒ်မ ၈၂ အရ ပြစ်ဒဏ်ချမှတ်သည့်အချိန်၊ သို့တည်းမဟုတ် ထိုသူကို စစ်ဘက်အချုပ်မှ လွှတ်လိုက်သည့်အချိန်၊ သက်ဆိုင်ရာရာ အချိန်အထိ၊ အဆိုပါအစီရင်ခံစာကို၊ ဤနည်းဥပဒေတွင် ဖော် ပြထားသောအာဏာပိုင်ထံ ရှစ်ရက်တကြိမ်ပေးပို့ရမည်။

(၂) ထိုသို့ အချုပ်နှင့်ထားခြင်း လေးဆယ့်ရှစ်ရက်မြောက်သည့် နေ့တွင်သော်၎င်း၊ လေးဆယ့်ရှစ်ရက် မြောက်ပြီးသည့်နောက်မှသော်၎င်း၊ တင်သောအစီရင်ခံစာတိုင်း၏ မိတ္တူကို၊ တပ်မှူးက၊ ထိုသို့အချုပ်ခံ နေရသူအား ကွပ်ကဲသည့် စစ်ဌာနချုပ်ရှိ လက်ထောက်စစ်ဥပဒေချုပ်ထံ ပို့ရမည်။

(၃) (က) တန်းပြည့်စစ်မှုထမ်းချိန်တွင် အမှုထမ်းရွက်မနေသည့်ပြင်၊ စစ်ဆေးစီရင်ခြင်းအတွက်လည်း စစ်တရားရုံးတရုံးထိုင်ရန်၊ အမိန့်မပေးရသေးသော၊ အက်ဥပဒေကို လိုက်နာရသူတဦးအား၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ အမိန့်အရသာလျှင်၊ စစ်ဘက်အချုပ်တွင် နှစ်လထက်လွန်၍ ထားနိုင်သည်။ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်သည်၊ ကာလအပိုင်းအခြားအတိအကျသတ်မှတ်ပြီး၊ ဆက်လက်၍အချုပ်နှင့်ထားရန် အမိန့်ချမှတ်နိုင်သည်။ ထိုကာလအပိုင်းအခြားကို သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က၊ အခါအားလျော်စွာ၊ တိုးပေးနိုင်သည်။ သို့သော်လည်း အချုပ်နှင့်ထားသည့် ကာလအပိုင်းအခြားစုစုပေါင်းသည်၊ ခြောက်လထက်မပိုစေရ။

(ခ) ခြောက်လထက်ပို၍ အချုပ်နှင့်ထားရန်အတွက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ကိုရရှိရမည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

**စွဲချက်များတင်ခြင်း။**

စွဲချက်လွှာနှင့် စွဲချက်။

Myanmar Law Information System (MLIS)

၂၇။ ။ (၁) စွဲချက်လွှာတွင်၊ စစ်တရားရုံးဖြင့် တကြိမ်တည်း စစ်ဆေးစီရင်ရန် အချက်တခုလုံး၊ သို့တည်း မဟုတ် အချက်အားလုံးပါဝင်ရမည်။

(၂) စွဲချက်ဆိုသည်မှာ၊ အက်ဥပဒေကို လိုက်နာရသူသည်၊ ပြစ်မှုကို ကျူးလွန်ခဲ့သည်ဆိုသည့်၊ စွဲချက်လွှာ တွင်ပါရှိသော စွပ်စွဲချက်ကိုဆိုလိုသည်။

(၃) စွဲချက်လွှာတွင် စွဲချက်တခုသော်၎င်း၊ စွဲချက်အများအပြားသော်၎င်း၊ ပါရှိနိုင်သည်။

စွဲချက်လွှာအစ။

၂၈။ ။ စွဲချက်လွှာတိုင်းသည်၊ တရားခံ၏ကိုယ်ပိုင်အမှတ်၊ အဆင့်၊ အမည်နှင့် ထိုတရားခံ၏ တပ်အဖွဲ့ ကိုဖြစ်စေ၊ ဌာနကိုဖြစ်စေ ဖော်ပြချက်ပါဝင်သည့်၊ ထိုတရားခံ၏ အကြောင်းအရာများဖြင့်စရမည်။ တရားခံသည်၊ တပ်မတော်တွင် ပါဝင်သူမဟုတ်သောအခါ၊ စွဲချက်တင်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍၊ ထိုတ ရားခံသည်၊ အက်ဥပဒေကိုလိုက်နာသူဖြစ်ကြောင်း၊ ထိုတရားခံ၏အကြောင်းအရာဖြင့်သော်၎င်း၊ တိုက် ရိုက်အတိအလင်းဖော်ပြချက်တရပ်ဖြင့်သော်၎င်း၊ ဖော်ပြရမည်။

စွဲချက်တွင်ပါဝင်သည့် အကြောင်းအရာများ။

၂၉။ ။ (၁) စွဲချက်တခုတွင်၊ ပြစ်မှုတခုသာဖော်ပြရမည်။ ထို့ပြင် မည်သည့်နည်းနှင့်မျှ ပြစ်မှုတခုကို၊ ထိုစွဲချက်တွင်၊ အခြားနည်းဖြင့် ဖော်ပြခြင်းမပြု။

(၂) စွဲချက်တခုစီကို-

(က) ပြစ်မှုအကြောင်းအရာဖော်ပြချက်နှင့်

(ခ) ပြစ်မှုမြောက်သော ပြုလုပ်မှု၊ ပေါ့လျော့မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှု၏ အကြောင်းအချက်များ ဖော်ပြချက် ဟု နှစ်ပိုင်း ပိုင်းခြားထားရမည်။

(၃) ပြစ်မှုသည်၊ နယ်ဘက်ပြစ်မှုမဟုတ်လျှင်၊ ဖြစ်နိုင်သမျှ အက်ဥပဒေပါ စကားလုံးများဖြင့် ဖော်ပြ၍၊ ပြစ်မှုသည်၊ နယ်ဘက်ပြစ်မှုဖြစ်လျှင်၊ သီးခြားအဓိပ္ပါယ်ရှိသော စကားလုံးဖြင့် ဖော်ပြရန်မလိုဘဲ၊ ထိုပြစ် မှု ကိုဖော်ပြရန် လုံလောက်သောစကားလုံးများဖြင့် ဖော်ပြရမည်။

(၄) အကြောင်းအချက်များသည်၊ ပြစ်မှုမြောက်သော မည်သည့်ပြုလုပ်မှု၊ ပေါ့လျော့မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှုကို တရားခံအပေါ် သက်သေထင်ရှားပြသရန် ရည်ရွယ်ကြောင်း၊ တရားခံအားသိရှိစေနိုင် မည်ဖြစ်သည့်၊ စွပ်စွဲထားသည့် ပြစ်မှုနှင့် စပ်လျဉ်းသော ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ဖော် ပြရမည်။

(၅) စွဲချက်တခုပါ အကြောင်းအချက်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ အခြားစွဲချက်တခုပါ အကြောင်းအချက်များကို ရည်ညွှန်း၍ စွဲချက်တင်နိုင်သည်။ ထို့ပြင် ထိုသို့ စွဲချက်တင်ရာတွင်၊ အဆိုပါရည်ညွှန်းသမျှသော အကြောင်းအချက်များသည်၊ ပဌမဖော်ပြသောစွဲချက်တွင် အပါအဝင် ဖြစ်သည့်နည်းတူ၊ အခြားစွဲချက်တွင်လည်း အပါအဝင်ဖြစ်သည်ဟု မှတ်ယူရမည်။

(၆) စွဲဆိုသည့်ပြစ်မှုကြောင့် လစာနှင့်စရိတ်များမှ နုတ်ယူခြင်းဒဏ်တခုခုချမှတ်နိုင်သော၊ မည်သည့် အ ကြောင်းခြင်းရာများကိုမဆို၊ သက်သေထင်ရှားပြရန် ရည်ရွယ်သည့်အခါ၊ ထိုအကြောင်းခြင်းရာများအ ပြင်၊

ဆုံးရှုံးခြင်းအတွက်ဖြစ်စေ၊ ပျက်စီးခြင်းအတွက်ဖြစ်စေ၊ တောင်းခံရန် ရည်ရွယ်သောငွေကိုပါ၊ ထို အကြောင်းအချက်များက ဖော်ပြရမည်။

စွဲချက်လွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃၀။ ။ စွဲချက်လွှာပေါ်တွင် တရားခံ၏တပ်မှူးက လက်မှတ်ရေးထိုးရမည့်ပြင်၊ ထိုသို့လက်မှတ်ရေး ထိုး သည့်နေရာအရပ်နှင့် နေ့ရက်လည်းပါရှိရမည်။

စွဲချက်လွှာခိုင်လုံမှု။

၃၁။ ။ (၁) စစ်ဆေးစီရင်နေစဉ်တွင်၊ တရားခံက စွဲချက်လွှာကို မကန့်ကွက်လျှင်၎င်း၊ အရေးယူလောက် သည့် မတရားမှုကို၊ ထိုသူအပေါ်ပြုရာမရောက်လျှင်၎င်း၊ စွဲချက်လွှာတခုသည်၊ တရားခံ၏အမည်နှင့် အကြောင်းအရာတွင် မှားယွင်းချက်ပါရှိနေသည့် အကြောင်းသက်သက်ကြောင့် မခိုင်လုံမရှိစေရ။

(၂) စွဲချက်လွှာကိုဖြစ်စေ၊ စွဲချက်ကိုဖြစ်စေ၊ အဓိပ္ပါယ်ကောက်ယူရာ၌၊ ထိုစွဲချက်လွှာတွင်သော်၎င်း၊ ထိုစွဲ ချက်တွင်သော်၎င်း၊ အတိအလင်းဖော်ပြမထားသော်လည်း၊ ပါဝင်သည့် သဘောသက်ရောက်သည်ဟု ယူ ဆရန် အကြောင်းလုံလောက်စွာရှိသော ဖော်ပြချက်တိုင်းသည်၊ ထိုစွဲချက်လွှာကို၊ သို့တည်းမဟုတ် ထိုစွဲ ချက်ကို ထောက်ခံသည်ဟု ယူဆရမည်။

**ခုခံချေပရေးအတွက် တရားခံကပြင်ဆင်ခြင်း။**

ခုခံချေပရေးအတွက် ပြင်ဆင်ရန်တရားခံ၏အခွင့်အရေးများ။

၃၂။ ။ (၁) တရားခံနှင့် တရားခံ၏ ဥပဒေအကြံပေးသူများ အပြန်အလှန်ပေးသော စာများကို စိစစ်ဖြတ် တောက်ခြင်းမပြုရ။ တရားခံသည်၊ မိမိ၏တပ်မှူးအား၊ ထိုဥပဒေအကြံပေးသူများ၏ အမည်များကို အကြောင်းကြားရမည့်ပြင်၊ အဆိုပါစာများတွင်ပါရှိမည့် ထင်ရှားသော အမှတ်အသားများကိုပါ၊ မိမိ၏ တပ်မှူးအား အကြောင်းကြားရမည်။

(၂) တရားခံတဦးသည်၊ မိမိ၏ခုခံချေပရေးအတွက်၊ မိမိခေါ်ယူလိုသော မည်သည့်သက်သေများကို မဆို၊ တွေ့ဆုံဆွေးနွေးရန် အခွင့်အရေးကို ရရှိရမည်။ နည်းဥပဒေ ၁၃၆ ပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါ သက်သေများ လာရောက်စေရန် ဆောင်ရွက်ပေးခြင်းနှင့်လည်း သက်ဆိုင်စေရမည်။

(၃) တရားခံသည်၊ မိမိ၏ခုခံချေပရေးအတွက်၊ မိမိခေါ်ယူလိုသော သက်သေတဦးထံမှ ရေးသားထွက်ဆို ချက်ကို ရယူလိုလျှင်၊ တရားခံ၏ တပ်မှူးက၊ အမှု၏ပတ်ဝန်းကျင်အကြောင်းခြင်းရာများအရ ဆောင် ရွက်ပေးရမည်။ ထိုထွက်ဆိုချက်ကို စာအိတ်တွင်ထည့်ပြီး ပိတ်၍ယူလာစေရမည်။ အဆိုပါစာအိတ်ကို မဖောက်ဖွင့်ဘဲ၊ တရားခံအားပေးရမည်။

(၄) တရားခံသည်၊ မိမိ၏ခုခံချေပရေးအတွက်၊ ခေါ်ယူလိုသော သူတဦးဦး၏အမည်ကို၊ မိမိ၏တပ်မှူး အားအကြောင်းကြားလျှင်၊ တရားခံက၊ ထိုသက်သေကို မိမိ၏ရှေ့မှောက်တွင် တွေ့ဆုံမေးမြန်းရန်မလို ဟု၊ စာဖြင့်ရေးသားပြီး သဘောတူညီသည်မှတပါး၊ မည်သူမျှ ထိုသက်သေကို၊ တရားခံအား စွဲဆိုထား သည့် စွဲချက်များနှင့်စပ်လျဥ်း၍၊ တရားခံ၏ မျက်ကွယ်တွင်၊ တွေ့ဆုံမေးမြန်းခြင်းမပြုရ။

Myanmar Law Information System (MLIS)

(၅) တရားခံနှင့် တရားခံ၏ဥပဒေအကြံပေးသူများ၊ သို့တည်းမဟုတ် သက်သေများတွေ့ဆုံပြောဆိုကြ သော စကားများကို၊ အခြားသူများ မကြားမိစေခြင်းအလို့ငှါ၊ တရားခံ၏တပ်မှူးကသော်၎င်း၊ တရားခံ အား ချုပ်ထားရန် တာဝန်ရှိသော အရာရှိကသော်၎င်း၊ လုံလောက်သည့် ကြိုတင်စီမံမှုများ ပြုလုပ်ရမည်။

(၆) တရားခံသည်၊ စစ်ဆေးစီရင်ခြင်းမခံရဘဲ၊ လေးဆယ့်ရှစ်ရက်ထက်လွန်၍၊ ဘမ်းဆီးထားခြင်းကိုခံ နေရလျှင်သော်၎င်း၊ မိမိ၏ ခုခံချေပရေးအတွက် ပြင်ဆင်ရန် အခွင့်အရေးအားလုံးကို မရရှိလျှင်သော် ၎င်း၊ ထိုတရားခံ အခိုက်အတန့်အားဖြင့် ရှိနေသည့်နေရာကို ကွပ်ကဲသည့် စစ်ဌာနချုပ်ရှိ ဒုတိယ၊ သို့ တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်ထံသို့ လျှောက်လွှာ တိုက်ရိုက်တင်ရန် အခွင့်အရေးကို ရရှိရ မည်။

(၇) စစ်တရားရုံးချုပ်ဖြင့်သော်၎င်း၊ တိုင်းစစ်တရားရုံးဖြင့်သော်၎င်း၊ စစ်ဆေးစီရင်ရန်၊ တရားခံအား ရမန်ပေးပြီးသည့်နောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ ထို့ပြင် မည်သည့်အချက်တွင်မဆို၊ တရားခံ အား စစ်ဆေးစီရင်ခြင်းမပြုမီ၊ နှစ်ဆယ့်လေးနာရီအောက်မလျော့စေဘဲ၊ အရာရှိသည်၊ တရားခံအား သက်သေခံ အကျဉ်းချုပ်မိတ္တူကိုအခမဲ့ပေးရမည်၊ သို့တည်းမဟုတ် အရာရှိတဦးအပေါ် စွဲဆိုသည့် အမှု တွင်၊ သက်သေခံအကျဉ်းချုပ်မရှိပါက၊ သက်သေခံကောက်နုတ်ချက်ကို ပေးရမည့်ပြင်၊ တရားခံ၏ခုခံ ချေပရေးအတွက် ပြင်ဆင်ခြင်းနှင့်၎င်း၊ စစ်ဆေးစီရင်သည့်အခါ၌၊ တရားခံအား ကူညီခြင်း၊ သို့တည်းမ ဟုတ် တရားခံ၏ ကိုယ်စားဆောင်ရွက်ခြင်းနှင့်၎င်း၊ စပ်လျဉ်းသည့် ဤနည်းဥပဒေများပါ၊ တရားခံ၏ အခွင့်အရေးများကို၊ တရားခံအားရှင်းလင်းပြောပြရမည်။ ထို့ပြင် သင့်တော်သော အရာရှိတဦးကို ရနိုင် မည်ဆိုလျှင်၊ စစ်ဆေးစီရင်သည့်အခါ၌၊ တရားခံ၏ကိုယ်စားဆောင်ရွက်ရန်အတွက်၊ အရာရှိအား၊ စစ် တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ တာဝန်ပေးစေလိုသည်၊ မလိုသည်ကို၊ တရားခံအားမေး၍၊ စာဖြင့်ရေး သားဖြေဆိုခိုင်းရမည်။ ထိုသို့စီစဉ်ပေးရန်၊ တရားခံကအလိုရှိ၊ မရှိကို၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ အား အကြောင်းကြားရမည်။

စစ်ဆေးစီရင်ရေးနှင့်စပ်လျဉ်း၍တရားခံအားသတိပေးခြင်း။

၃၃။ ။ (၁) တရားခံအား စွဲချက်တင်၍ မစစ်မေးမီ၊ စစ်ဆေးစီရင်ရန်ဖြစ်သော စွဲချက်တိုင်းကို၊ အရာရှိက၊ တရားခံအား ပြောပြထားရမည့်ပြင်၊ တရားခံ၏ခုခံချေပရေးအတွက် ခေါ်ယူလိုသော သက်သေများ၏ အမည်များကို၊ တရားခံက ဖေါ်ပြလျှင်၊ ထိုသက်သေများလာရောက်ရန် သင့်တော်သော အစီအစဉ်များကို ပြုလုပ်ပေးမည်ဟုပြောပြပြီး၊ ထိုသက်သေများလာရောက်ရန်အတွက်လည်း၊ ထိုအစီအစဉ်များကို ပြုလုပ် ရမည်။

တရားခံအား ထိုသို့ပြောပြထားခြင်းနှင့်စွဲချက်တင်၍ စစ်မေးခြင်း၊ စပ်ကြားရှိကာလသည်၊ နှစ်ဆယ့်လေးနာရီအောက် မလျော့စေရ။

(၂) အရာရှိသည်၊ တရားခံအား ထိုသို့ပြောပြသောအချိန်၌၊ တရားခံအား စွဲချက်လွှာမိတ္တူတစောင်ကို ပေးရမည့်ပြင်၊ လိုအပ်လျှင်၊ တရားခံအပေါ် စွဲဆိုထားသည့် စွဲချက်များကို၊ တရားခံအား ဘတ်ပြ၍ ရှင်း လင်းပြောပြရမည်။ တရားခံက၊ ၎င်းနားလည်သော ဘာသာဖြင့် ရေးသားထားသော စွဲချက်လွှာကို အလို ရှိလျှင်၊ ထိုစွဲချက်လွှာ၏ ဘာသာပြန်ဆိုချက်ကို၊ တရားခံအားပေးရမည်။

(၃) တပ်တွင်းစစ်တရားရုံးများမှတပါး၊ အခြားစစ်တရားရုံးများ၌၊ စစ်တရားရုံးတွင်ပါဝင်မည့်အရာရှိ များ၏အမည်များ၊ အဆင့်နှင့်တပ်ပါရှိသည့်စာရင်း၊ ထို့ပြင် အရံအရာရှိများကို၊ အမည်အားဖြင့် ဖော်ပြ ထားလျှင်၊ ထိုအရာရှိများ၏ အမည်များ၊ အဆင့်နှင့် တပ်ပါရှိသည့် စာရင်းကို၊ အရာရှိက၊ တရားခံအား ပေးရမည်။

(၄) တရားခံအား စစ်ဆေးစီရင်သည့်အခါ၌၊ ဤနည်းဥပဒေအတိုင်း မလိုက်နာမှုတခုခုကြောင့်၊ တရားခံ အား ထိခိုက်နစ်နာဘွယ်ရာ အကြောင်းရှိသည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ ထိုသို့တရားခံ အားထိခိုက်နစ်နာစေခြင်းမဖြစ်စေရန်၊ စစ်တရားရုံးက ဆောင်ရွက်ရမည့်ပြင်၊ ရွှေ့ဆိုင်းရန် လိုအပ်လျှင် လည်း၊ ရွှေ့ဆိုင်းရမည်။

တရားခံအများအပြားကို ပူးတွဲစစ်ဆေးစီရင်ခြင်း။

၃၄။ ။ (၁) တရားခံ မည်ရွေ့ မည်မျှကိုမဆို၊ ထိုတရားခံများ စုပေါင်းကျူးလွန်ကြောင်း ဖော်ပြထားသော ပြစ်မှုအတွက်၊ ပူးတွဲ၍စွဲချက်တင်နိုင်သည့်ပြင်၊ အတူတကွလည်း စစ်ဆေးစီရင်နိုင်သည်။

(၂) တရားခံမည်ရွေ့မည်မျှကိုမဆို၊ ပူးတွဲ၍စွဲချက်မတင်သော်လည်း၊ တရားခံများအနက်၊ တရားခံတဦး ဖြစ်စေ၊ တဦးထက်ပိုသောတရားခံများကဖြစ်စေ၊ ကျူးလွန်၍၊ အခြားတရားခံကဖြစ်စေ၊ အခြားတ ရားခံများကဖြစ်စေ၊ အားပေးကူညီကြောင်း ဖော်ပြထားသော ပြစ်မှုတခုအတွက်၊ အတူတကွ စစ်ဆေး စီရင်နိုင်သည်။

(၃) နည်းဥပဒေခွဲ (၁) နှင့် (၂)အရ တရားခံများအား စွဲချက်တင်သောအခါ၊ တဦးချင်းသော်၎င်း၊ စုပေါင်း ၍သော်၎င်း၊ ကျူးလွန်ကြောင်း ဖော်ပြထားသောအခြားပြစ်မှုတခုခုအတွက်၊ တချိန်တည်း၌ပင်၊ ထိုတ ရားခံများအနက်၊ တရားခံတဦးကိုဖြစ်စေ၊ တဦးထက်ပိုသော တရားခံများကိုဖြစ်စေ၊ စွဲချက်တင်ပြီး နောက်၊ စစ်ဆေးစီရင်နိုင်သည်။ သို့သော်လည်း အဆိုပါ ပြစ်မှုအားလုံးသည်၊ ထပ်တူဖြစ်သော အကြောင်းခြင်းရာများပေါ်တွင် အခြေပြုကြရမည်၊ သို့တည်းမဟုတ် အဆိုပါပြစ်မှုများသည်၊ ထပ်တူ လက္ခဏာဖြစ်စေ၊ အလားတူလက္ခဏာဖြစ်စေ၊ ရှိသည့်၊ တဆက်တည်းဖြစ်သော ပြစ်မှုများ ဖြစ်ကြရမည်၊ သို့တည်းမဟုတ် ထိုတဆက်တည်းဖြစ်သော ပြစ်မှုများ၏ အစိတ်အပိုင်းဖြစ်ကြရမည်။

(၄) အထက်ဖော်ပြပါအမှုများတွင်၊ တရားခံများအား အတူတကွ စစ်ဆေးစီရင်ရန် ရည်ရွယ်ကြောင်းကို၊ တရားခံတဦးစီအား စွဲချက်ကိုပြောပြချိန်၌ အကြောင်းကြားရမည်။ ထို့ပြင် တရားခံတဦးဦးက၊ မိမိနှင့် အတူတကွ စစ်ဆေးစီရင်ရန် ရည်စူးထားသော အခြားတရားခံတဦး၏ သက်သေခံချက်သည်၊ သို့တည်း မဟုတ် တဦးထက်ပိုသော အခြားတရားခံများ၏ သက်သေခံချက်သည်၊ မိမိ၏ခုခံချေပရေးတွင် အရေး ပါလိမ့်မည်ဟုဖြစ်စေ၊ မိမိ၏ခုခံချေပရေးကို၊ တနည်းနည်းဖြင့်၊ ထိခိုက်နစ်နာစေမည်ဟုဖြစ်စေ၊ ခက်ခဲ စေမည်ဟုဖြစ်စေ၊ အကြောင်းပြကာ၊ စွဲချက်လွှာတွင်ပါရှိသည့် စွဲချက်တခုအတွက်သော်၎င်း၊ တခုထက်ပို သောစွဲချက်များ အတွက်သော်၎င်း၊ မိမိအား၊ သို့တည်းမဟုတ် အခြားတရားခံအချို့အား ခွဲခြားပြီး စစ်ဆေးစီရင်ရန်၊ စစ်တရားရုံးဖွဲ့စည်းသည့်အာဏာပိုင်ကို အကြောင်းကြားခြင်းဖြင့်ဖြစ်စေ၊ စစ်တရားရုံး ရှေ့တွင်စွဲချက်တင်၍ စစ်မေးခြင်းခံနေရသောအခါ၊ စစ်တရားရုံးကို အကြောင်းကြား ခြင်းဖြင့်ဖြစ်စေ၊ တောင်းဆိုနိုင်သည်။ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ကသော်၎င်း၊ စစ်တရားရုံး ကသော်၎င်း၊ အထက်ဆိုခဲ့ပြီးသည့်အတိုင်း၊ တရားခံ၏ ခုခံချေပရေးတွင်၊ သက်သေခံချက်သည်၊ အရေးပါလိမ့်မည်ဟု



Myanmar Law Information System (MLIS)

ဖြစ်စေ၊ တရားခံ၏ခုခံချေပရေးကို ထိခိုက်နစ်နာစေမည်ဟုဖြစ်စေ၊ ခက်ခဲစေမည်ဟုဖြစ်စေ၊ ကျေနပ် လျှင်၊ ထို့ပြင်စွဲချက်၏ အမျိုးအစားအရလည်း၊ ထိုတောင်းဆိုချက်မျိုးကို လက်ခံနိုင်လျှင်၊ တောင်းဆို ချက်ကို ခွင့်ပြုရမည်။ ထို့ပြင် ခွဲခြားစစ်ဆေးစီရင်ခြင်းကို တောင်းဆိုထားသော အဆိုပါတရားခံ ကိုဖြစ်စေ၊ အခြားတရားခံ၊ သို့တည်းမဟုတ် တရားခံများ ကိုဖြစ်စေ၊ ခွဲခြား၍ စစ်ဆေးစီရင်ရမည်။ ထိုသို့ ခွဲခြားစစ်ဆေးစီရင်ရန် တောင်းဆိုသောအခါ၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ကသော်၎င်း၊ စစ်တရားရုံးကသော်၎င်း၊ ထိုတောင်းဆိုချက်ကို ခွင့်မပြုလျှင်၊ ထိုတောင်းဆိုချက်ကို ခွင့်မပြုခြင်းကြောင့်၊ အရေးကြီးသောတရားစီရင်မှု လွဲမှားခြင်း ဖြစ်ပေါ်ခဲ့သည်ဟု၊ အတည်ပြုအာဏာပိုင်က၊ မယူဆပါက၊ ဆုံးဖြတ်ချက် အတည်ပြုခြင်းကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်အတည်ပြုခြင်းကိုဖြစ်စေ၊ ငြင်းပယ်ရန်အ တွက်၊ ထိုတောင်းဆိုချက်ကို ခွင့်မပြုခြင်းသည်၊ အကြောင်းပြချက်တရပ်မဖြစ်စေရ။

**နည်းဥပဒေများအာဏာတည်ခြင်းကို ရပ်ဆိုင်းထားခြင်း။**

စစ်ဘက်လတ်တလော လိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ချက်များ ကြောင့် နည်းဥပဒေများ အာဏာတည်ခြင်းကို ရပ်ဆိုင်းထားခြင်း။

၃၅။ ။ စစ်ဘက်လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ချက်များ ကြောင့် နည်းဥပဒေ ၂၂၊ ၂၃၊ ၂၄၊ ၃၂၊ ၃၃ နှင့် နည်းဥပဒေ ၉၄၊ နည်းဥပဒေခွဲ (၂)တို့အနက်၊ နည်းဥပဒေ တခုခုကို လိုက်နာရန်မဖြစ်နိုင်ဟုဖြစ်စေ၊ လိုက်နာရန်မသင့်တော်ဟုဖြစ်စေ၊ စစ်တရားရုံးကိုဖွဲ့စည်းသည့် အရာရှိကသော်၎င်း၊ ထိုနေရာရှိ ဝါအရင့်ဆုံး အရာရှိကသော်၎င်း၊ ထင်မြင်ယူဆသောအခါ၊ ထိုအာဏာ ပိုင်ကဖြစ်စေ၊ ထိုဝါအရင့်ဆုံးအရာရှိကဖြစ်စေ၊ မိမိလက်မှတ်ရေးထိုးသောအမိန့်စာဖြင့်၊ ထိုစစ်ဘက် လတ်တလောလိုအပ်ခြင်းများ၏ အမျိုးအစား၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရလိုအပ်ချက်အမျိုး အစားကို သီးခြားဖော်ပြပြီး၊ ဆိုခဲ့သည့် နည်းဥပဒေတခုခုကို လိုက်နာရန်မဖြစ်နိုင်ဟုဖြစ်စေ၊ လိုက်နာရန် မသင့်တော်ဟုဖြစ်စေ၊ ကျေညာချက်တရပ်ကိုထုတ်နိုင်သည်။ ထို့ပြင် ထိုသို့ကျေညာချက်ထုတ်လျှင်၊ ဤ နည်းဥပဒေများတွင်၊ ထိုကျေညာချက်ပါ နည်းဥပဒေမပါရှိဘိသကဲ့သို့၊ စစ်ဆေးစီရင်ခြင်းသည်၊ သို့တည်းမဟုတ် အခြားမှုခင်းကိစ္စဆောင်ရွက်ခြင်းသည်၊ ခိုင်လုံရမည်။ ထို့ပြင် ထိုကျေညာချက်မျိုးကို၊ အဆိုပါ နည်းဥပဒေတခုခုနှင့် စပ်လျဉ်း၍သော်၎င်း၊ နည်းဥပဒေအားလုံးနှင့်စပ်လျဉ်း၍သော်၎င်း၊ စစ်တရားရုံးတခုအတွက် ထုတ်နိုင်သည်၊

သို့ရာတွင် တရားခံသည်၊ မိမိ၏ ခုခံချေပရေးအတွက် အခွင့်အရေးအားလုံးကို ရရှိစေရမည့်ပြင်၊ အဆိုပါ လတ်တလောလိုအပ်ခြင်းများကိုဖြစ်စေ၊ အဆိုပါလိုအပ်ချက်များကိုဖြစ်စေ၊ ထိုက်သင့်သောထောက်ထားမှုပြု၍၊ ခုခံချေပရေးပြင်ဆင်မှုအတွက်၊ ဖြစ်နိုင်သည့် အခွင့်အရေးတိုင်းကို၊ တရားခံအားပေးရမည်။

**အပိုင်း ၂။ ။ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံး။**

စစ်တရားရုံးဖွဲ့စည်းခြင်း။

စစ်တရားရုံးချုပ်နှင့်တိုင်းစစ်တရားရုံးဖွဲ့စည်းခြင်း။



Myanmar Law Information System (MLIS)

၃၆။ ။ (၁) အရာရှိတဦးသည်၊ စစ်တရားရုံးချုပ်ကိုသော်၎င်း၊ တိုင်းစစ်တရားရုံးကိုသော်၎င်း၊ မဖွဲ့စည်း မီ၊ စစ်တရားရုံးက စစ်ဆေးစီရင်ရန်ဖြစ်သော စွဲချက်များသည်၊ အက်ဥပဒေ၌ အဓိပ္ပါယ်ဖေါ်ပြထားသည့် ပြစ်မှုများတွင် အကျုံးဝင်သော ပြစ်မှုများဖြစ်သည့်ပြင်၊ သက်သေခံချက်အရလည်း စစ်ဆေးစီရင်ထိုက်သော စွဲချက်များဖြစ်သည်ဟု၊ ဦးစွာပဌမကိုယ်တိုင်ကျေနပ်ရမည်။ ထို့ပြင် ထိုသို့မကျေနပ်လျှင်၊ တရားခံ အား လွှတ်ရန် အမိန့်ပေးရမည်၊ သို့တည်းမဟုတ် အမှုကို၊ အထက်အာဏာပိုင်ထံသို့ လွှဲအပ်တင်ပြရမည်။

(၂) အမှုမှာ၊ ထိုအရာရှိ ဖွဲ့စည်းရန်ရည်စူးသော စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သင့်သည့် အမှုတခုဖြစ်သည်ဟုလည်း၊ ထိုအရာရှိကိုယ်တိုင်က ကျေနပ်ရမည်။

(၃) စစ်တရားရုံးတရုံးကို ဖွဲ့စည်းသောအရာရှိသည်၊ စစ်တရားရုံးတွင် ပါဝင်ရန်ဖြစ်သောအရာရှိများကို ခန့်အပ်ရမည်၊ သို့တည်းမဟုတ် တာဝန်ပေးရမည်။ ထို့ပြင် ထိုအရာရှိသည်၊ မိမိသင့်တော်မည်ထင်သည့် အရံအရာရှိများကိုလည်း ခန့်အပ်နိုင်သည်၊ သို့တည်းမဟုတ် တာဝန်ပေးနိုင်သည်။ စကားပြန်တဦးပါဝင် ဆောင်ရွက်ရန်လိုသည်ဟုယူဆပါက၊ ထိုအရာရှိသည်၊ စစ်တရားရုံးအတွက်စကားပြန်တဦးကို ခန့်အပ်နိုင်သည်၊ သို့တည်းမဟုတ် တာဝန်ပေးနိုင်သည်။

(၄) စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ စစ်တရားရုံး၏ ဝါအရင့်ဆုံး အဖွဲ့ဝင်ထံ၊ တရားခံကို စစ်ဆေးစီရင်ရန် တင်ထားသော စွဲချက်လွှာမူရင်း၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံ ကောက်နုတ်ချက်နှင့် စစ်တရားရုံးထိုင်ရန်အတွက် အမိန့်စာကိုပါ ပေးရမည်။ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ စစ်တရားရုံး၏ အခြားအဖွဲ့ဝင်များထံသို့လည်း စွဲချက်လွှာမိတ္တူများကို ပို့ရမည့်ပြင်၊ စစ်ဥပ ဒေအရာရှိတဦးကိုခန့်အပ်သောအခါ၊ ထိုစစ်ဥပဒေအရာရှိထံသို့လည်း၊ စွဲချက်လွှာမိတ္တူတစောင်နှင့် သက်သေခံအကျဉ်းချုပ်မိတ္တူတစောင်ကိုဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်မိတ္တူတစောင်ကိုဖြစ်စေ၊ ပို့ရမည်။

အရာရှိဦးရေ မလုံလောက်ခြင်း ကြောင့် ရွှေ့ဆိုင်းခြင်း။

၃၇။ ။ (၁) တရားခံအား စွဲချက်တင်၍ မစစ်ဆေးမီ၊ စစ်တရားရုံး၏ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်မရှိခြင်း ကြောင့်ဖြစ်စေ၊ စစ်တရားရုံးအဖွဲ့ဝင်တဦး၏ လိုအပ်သော အရည်အချင်းပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ စစ်တရားရုံးအဖွဲ့ဝင်အဖြစ် မပါဝင်ထိုက်ဟု ကန့်ကွက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ် စေ၊ စစ်တရားရုံးတွင် ပါဝင်ရုံးထိုင်ရန် တာဝန်ပေးထားသောအရာရှိများ အရေအတွက် မပြည့်စုံလျှင်၊ ထို့ ပြင် မဆောင်ရွက်နိုင်သူများ၏ နေရာတွင် ဝင်ရောက်ဆောင်ရွက်ရန်ဖြစ်သော အရံအရာရှိများ၏ အရေအတွက် မလုံလောက်လျှင်၊ စစ်တရားရုံး၏ အဖွဲ့ဝင်သစ်များ ခန့်အပ်ရန်ကိစ္စအတွက်၊ စစ်တရားရုံး သည်၊ သာမန်အားဖြင့် ရွှေ့ဆိုင်းရမည်။ သို့သော်လည်း တရားမျှတမှုအတွက်နှင့် တပ်မတော်အကျိုးအ တွက်၊ ရွှေ့ဆိုင်းရန်မသင့်တော်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ စစ်တရားရုံး ၏ အဖွဲ့ဝင်အနည်းဆုံး တရားဝင် ဦးရေအောက် မလျော့ခဲ့သော်၊ ဆက်လက်ဆောင်ရွက်ခြင်းအတွက် အ ကြောင်းပြချက်များကို ရေးမှတ်ပြီးနောက်၊ ဆက်လက်ဆောင်ရွက်နိုင်သည်။

(၂) ဤနည်းဥပဒေများအရသော်၎င်း၊ အခြားအကြောင်း တခုခုအရသော်၎င်း၊ စစ်တရားရုံး၏ အဖွဲ့ဝင် သစ်များ ခန့်အပ်ခြင်းကိစ္စအတွက်၊ စစ်တရားရုံးရွှေ့ဆိုင်းပါက၊ စစ်တရားရုံး ဖွဲ့စည်းသည့် အရာရှိသည်၊ မိမိကသင့်တော်မည်ထင်လျှင်၊ အခြားစစ်တရားရုံးကို ဖွဲ့စည်းနိုင်သည်။

Myanmar Law Information System (MLIS)

စစ်တရားရုံးအတွက် အရာရှိများ ပါဝင်ခွင့် မရှိခြင်း နှင့် အရည်အချင်းပျက်ယွင်းခြင်း။

၃၈။ ။ (၁) အရာရှိတဦးမှာ၊ အက်ဥပဒေကို လိုက်နာရသူမဟုတ်လျှင်၊ စစ်တရားရုံးတွင် ပါဝင်ဆောင်ရွက် ခွင့်မရှိ။

(၂) အရာရှိတဦးမှာ-

(က) စစ်တရားရုံးကို ဖွဲ့စည်းသည့်အရာရှိ ဖြစ်နေလျှင်၊ သို့တည်းမဟုတ်

(ခ) တရားလိုဘက် အမှုလိုက်အရာရှိသော်၎င်း၊ တရားလိုဘက် သက်သေသော်၎င်း၊ ဖြစ်နေလျှင်၊ သို့ တည်းမဟုတ်

(ဂ) စစ်ဆေးစီရင်ခြင်းမပြုမီ၊ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးခဲ့လျှင်၊ သို့တည်းမဟုတ် သက်သေခံအကျဉ်းချုပ်ကိုရေးယူခဲ့လျှင်၊ သို့တည်းမဟုတ် တရားခံအပေါ် စွဲဆိုသည့်စွဲချက်များကို အကိုးအကားပြု သော အကြောင်းကိစ္စများနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးခုံရုံး၏ အဖွဲ့ဝင်ဖြစ်ခဲ့လျှင်၊ သို့တည်းမ ဟုတ် အမှုကို အစအဦးဖြစ်သော စုံစမ်းစစ်ဆေးခြင်း ပြုလုပ်သည့်အရာရှိဖြစ်ခဲ့လျှင်၊ သို့တည်းမဟုတ် ထို ပြစ်မှုနှင့်စပ်လျဉ်း၍၊ တရားခံအား၊ စစ်ဆေးစီရင်သော ယခင် စစ်တရားရုံး၏ အဖွဲ့ဝင်ဖြစ်ခဲ့လျှင်၊ သို့ တည်းမဟုတ်

(ဃ) တရားခံ၏တပ်မှူးသော်၎င်း၊ တရားခံပါဝင်သော တပ်အဖွဲ့ကို ကွပ်ကဲသည့်အရာရှိသော်၎င်း၊ ဖြစ် လျှင်၊ သို့တည်းမဟုတ်

(င) အမှုတွင် ကိုယ်ရေးကိုယ်တာအတွက် အကျိုးသက်ဆိုင်ခြင်းရှိလျှင်၊

အရည်အချင်း ပျက်ယွင်းခြင်းကြောင့်၊ စစ်တရားရုံးချုပ်တွင်သော်၎င်း၊ တိုင်းစစ်တရားရုံးတွင်သော်၎င်း၊ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

(၃) တပ်ထိန်းမှာ၊ စစ်တရားရုံးချုပ် တခုတွင်သော်၎င်း၊ တိုင်းစစ်တရားရုံးတွင် သော်၎င်း၊ ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်းမရှိစေရ။

<ပြင်ဆင် 22.07.2014>

စစ်တရားရုံးတွင်ပါဝင်သူများ။

၃၉။ ။ (၁) စစ်တရားရုံးချုပ်တွင်၊ ကွဲပြားသော တပ်အဖွဲ့များ၏၊ သို့တည်းမဟုတ် ကွဲပြားသောဌာနများ ၏ အရာရှိများပါဝင်နိုင်သမျှ၊ ပါဝင်ရမည်။ ထို့ပြင် မည်သည့်နည်းနှင့်မျှ တရားခံပါဝင်သောတပ်အဖွဲ့၊ ဌာ န၊ တပ်၊ သို့တည်းမဟုတ် ခွဲထုတ်တပ်၏ အရာရှိများ သပ်သပ်သာလျှင်၊ ထိုစစ်တရားရုံးချုပ်တွင်မပါဝင် ရ။

(၂) အရာရှိတဦးအား စစ်ဆေးစီရင်ရန်အတွက်၊ ထိုအရာရှိ၏ အဆင့်အောက်မနိမ့်သည့် အဆင့်ရှိသော အရာရှိများ (ပြည်သူ့အကျိုးအတွက် လတ်တလောလိုအပ်ခြင်းများကို ထိုက်သင့်သလို ထောက်ထား လျက်) မရရှိနိုင်ဟု၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက ထင်မြင်ယူဆသည့်အခါမှတပါး၊ စစ်တရားရုံး၏ အဖွဲ့ဝင်များသည်၊ ထိုအရာရှိ၏ အဆင့်အောက်မနိမ့်သည့်အဆင့်ရှိသော အရာရှိများဖြစ်ရမည်။ စစ်တရားရုံးဖွဲ့စည်းသည့်အမိန့်စာတွင်၊ ထိုထင်မြင်ယူဆချက်ကို ရေးမှတ်ရမည်။

(၃) တပ်မတော် (ကြည်း) နှင့် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ ဗိုလ်ကြီး (Captain) အဆင့်အောက်နိမ့်သော၊ တပ်မတော် (ရေ) အတွက်ဖြစ်ပါက၊ ဗိုလ်ကြီး (Lieutenant) အဆင့်အောက်နိမ့်သော အရာရှိတဦးသည်၊ စစ်မြေပြင်အရာရှိတဦးအား၊ စစ်ဆေးစီရင်ရန်အတွက်၊ မည်သည့်နည်းနှင့်မျှ စစ်တရားရုံး၏ အဖွဲ့ဝင်မဖြစ်စေရ။

Myanmar Law Information System (MLIS)

<ပြင်ဆင် 22.07.2014>

**စစ်ဆေးစီရင်ရာ၌ လိုက်နာရမည့် ကျင့်ထုံး၊ စစ်တရားရုံးဖွဲ့စည်းခြင်း။**

ဖွဲ့စည်းခြင်းသည်၊ တရားဥပဒေ နှင့်ညီမညီ စစ်တရားရုံးက စုံစမ်းစစ်ဆေးခြင်း။

၄၀။ ။ (၁) စစ်တရားရုံးထိုင်သည့်အခါ၊ စစ်တရားရုံးဖွဲ့စည်းသည့် အမိန့်စာ၊ စွဲချက်လွှာ၊ သက်သေခံ အ ကျဉ်းချုပ်၊ ထို့ပြင် စစ်တရားရုံးတွင် ဆောင်ရွက်ရန်ခန့်အပ်သော အရာရှိများ၏ အဆင့်များ၊ အမည်များ နှင့် တပ်အဖွဲ့တို့ကို စစ်တရားရုံးရှေ့တွင် တင်ပြထားရမည်။ ထို့ပြင်-

(က) စစ်တရားရုံးကစုံစမ်း၍သေချာစွာ သိရှိရသမျှမှာ၊ စစ်တရားရုံးကိုအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များ အပြင်၊ ဤနည်းဥပဒေများနှင့်အညီလည်း ဖွဲ့စည်းထားကြောင်း၊

(ခ) စစ်တရားရုံးတွင်၊ တရားဥပဒေနှင့်အညီ လိုအပ်သော အဖွဲ့ဝင်အနည်းဆုံးဦးရေအောက် မလျော့ ပါဝင်သည့်ပြင်၊ နည်းဥပဒေ ၃၇တွင် ဖေါ်ပြထားသည့်အတိုင်းမှတပါး၊ စစ်တရားရုံးတွင် ပါဝင်ဆောင် ရွက်ရန် တာဝန်ပေးခြင်းခံရသော အရာရှိဦးရေအောက်မလျော့သော အရာရှိများ ပါဝင်ကြောင်း၊

(ဂ) ထိုသို့ ရုံးထိုင်ရသည့် အရာရှိအသီးသီးသည်၊ ထိုစစ်တရားရုံးတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည့်ပြင်၊ အရည်အချင်းပျက်ယွင်းခြင်းလည်းမရှိကြောင်း၊

(ဃ) စစ်တရားရုံးချုပ်အတွက်ဖြစ်လျှင်၊ အရာရှိများသည်၊ လိုအပ်သောအဆင့်ရှိသူများဖြစ်ကြောင်း ကိုလည်း၊ စစ်တရားရုံးက ကျေနပ်ရမည်။

(၂) စစ်တရားရုံးသည်၊ စစ်ဥပဒေအရာရှိ ခန့်အပ်ထားသော စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် တိုင်းစစ် တရားရုံးဖြစ်လျှင်၊ ထိုစစ်ဥပဒေအရာရှိမှာ၊ နည်းလမ်းတကျခန့်အပ်ခြင်းခံရသူဖြစ်သည့်ပြင်၊ ထိုစစ်တ ရားရုံးတွင် ရုံးထိုင်ခြင်းအတွက် အရည်အချင်းပျက်ယွင်းခြင်းမရှိသူဖြစ်ကြောင်းကိုလည်း၊ စစ်တရားရုံး က သေချာစွာသိရှိနိုင်အောင် စိစစ်ရမည်။

(၃) စစ်တရားရုံးသည်၊ အထက်တွင်ဆိုခဲ့သည့်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့်စပ် လျဉ်း၍ မကျေနပ်လျှင်၊ မိမိ၏ထင်မြင်ယူဆချက်ကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံသို့ အစီ ရင်ခံရမည်။ ထို့ပြင် ထိုကိစ္စအတွက် စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

တရားခံသည်၊ စစ်ဘက်ဥပဒေကို လိုက်နာရသူဟုတ်မဟုတ်၊ စစ်တရားရုံးက စစ်ဆေးစီရင်ပိုင်ခွင့် ရှိမရှိနှင့် စွဲချက်ခိုင်လုံခြင်းရှိမရှိတို့ကို စစ်တရားရုံးက စုံစမ်းစစ်ဆေးခြင်း။

၄၁။ ။ (၁) နည်းဥပဒေ ၄၀ ပါ လိုအပ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ပြီးဖြစ်သည်ဟု၊ စစ်တရား ရုံးက ကျေနပ်လျှင်၊ စစ်တရားရုံး၏ရှေ့မှောက်သို့ တင်ပြမည့်စွဲချက်အသီးသီးနှင့်စပ်လျဉ်း၍-

(က) အက်ဥပဒေကို လိုက်နာရသူတဦးဖြစ်၍၊ စစ်တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်သူလည်းဖြစ်သော သူ အပေါ်တင်ထားသည့်စွဲချက်ဖြစ်ကြောင်း၊ ထို့ပြင်

(ခ) အက်ဥပဒေပါပြစ်မှုကို ထုတ်ဖေါ်၍၊ ဤနည်းဥပဒေများနှင့်အညီ တင်ထားသည့်ပြင်၊ တရားခံက မည်သည့်အဖြေပေးရမည်ကို လွယ်ကူစွာ နားလည်သိရှိနိုင်စေရန် ရှင်းလင်းပြတ်သားသည့်စွဲချက်လည်း ဖြစ်ကြောင်း



Myanmar Law Information System (MLIS)

စစ်တရားရုံးက ထပ်လောင်း၍ ကျေနပ်ရမည်။

(၂) စစ်တရားရုံးသည်၊ အထက်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ မကျေနပ်လျှင်၊ မိမိ၏ထင်မြင်ယူ ဆချက်ကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ အစီရင်ခံရမည်။ ထို့ပြင် ထိုကိစ္စအတွက် စစ်တရား ရုံးကို ရွှေ့ဆိုင်းနိုင်သည်။

**စစ်ဆေးစီရင်ရာ၌ လိုက်နာရမည့်ကျင့်ထုံး၊ ကန့်ကွက်ခြင်းနှင့်ကျမ်းသစ္စာပြုခြင်း။**

တရားလိုဘက်အမှုလိုက်အရာရှိနှင့် တရားခံတို့လာရောက်ခြင်း။

၄၂။ ။ နည်းဥပဒေ ၄၀ နှင့်၄၁ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း၊ စစ်တ ရားရုံးက ကျေနပ်သောအခါ၊ စစ်တရားရုံးရှေ့မှောက်သို့ တရားခံကိုခေါ်ဆောင်လာစေရမည်။ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိက၊ စစ်တရားရုံးတွင်၊ မိမိ၏နေရာကို ယူရမည်။ ထိုအရာရှိသည်၊ အက် ဥပဒေကို လိုက်နာရသူဖြစ်ရမည်။

စစ်တရားရုံးအဖွဲ့ဝင်များအား ကန့်ကွက်ခြင်းနှင့် စပ်လျဉ်း၍၊ အရေးယူဆောင်ရွက်ခြင်း။

၄၃။ ။ စစ်တရားရုံးဖွဲ့စည်းသည့် အမိန့်စာနှင့် စစ်တရားရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ အမည်များကို၊ တရားခံအား ဘတ်ပြရမည့်ပြင်၊ ပုဒ်မ ၁၃၃ ကလိုအပ်သည့်အတိုင်း၊ စစ်တရားရုံးတွင် ပါဝင်ရုံးထိုင်နေ သော အရာရှိတဦးဦး၏ စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်လို၊ မလိုတရားခံအား မေးမြန်းရမည်။ ထိုကန့် ကွက်ချက်တခုခုကို၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ သို့ရာတွင်-

(က) ကန့်ကွက်ချက် တခုခုကိုပြီးပြတ်အောင် မဆောင်ရွက်မီ၊ စစ်တရားရုံးတွင်ပါဝင်နေသည့်၊ ကန့်ကွက်သောအရာရှိအားလုံး၏အမည်များကို၊ တရားခံက ထုတ်ဖော်ပြောရမည်။

(ခ) တရားခံသည်၊ မိမိ၏ကန့်ကွက်ချက်ကို ထောက်ခံသော သက်သေခံချက်ပေးရန်၊ မည်သူကိုမဆိုခေါ် နိုင်သည်။ ထို့ပြင် ထိုသက်သေအား တရားခံနှင့်စစ်တရားရုံးကပါ မေးမြန်းနိုင်သည်။

(ဂ) အရာရှိတဦးထက်ပို၍ ကန့်ကွက်ခြင်းခံရလျှင်၊ ကန့်ကွက်ချက်ကို၊ အရာရှိတဦးစီခွဲခြား၍၊ ပြီးပြတ် အောင် ဆုံးဖြတ်ရမည်။ ထို့ပြင်အနိမ့်ဆုံးအဆင့်ရှိသည့် အရာရှိများနှင့် စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို၊ ပဌမပြီးပြတ်အောင် ဆုံးဖြတ်ရမည်။ အရာရှိတဦးအား ကန့်ကွက်သည့်အခါ၊ ကန့်ကွက်ခြင်းခံရသည့်အ ရာရှိ၏ မျက်ကွယ်တွင်၊ စစ်တရားရုံး၏ ကျန်အရာရှိများသည်၊ မိမိတို့အနက်၊ မည်သည့်အရာရှိကိုမဆို ကန့်ကွက်ထားစေကာမူ၊ အဆိုပါ ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ပြီးပြတ်အောင် မဲပေးဆုံးဖြတ်ရမည်။

(ဃ) အရာရှိတဦးနှင့်စပ်လျဉ်းသည့် ကန့်ကွက်ချက်ကို ခွင့်ပြုသောအခါ၊ ထိုအရာရှိသည်၊ စစ်တရားရုံး အဖွဲ့ဝင်အဖြစ်မှ၊ ချက်ခြင်းနုတ်ထွက်ရမည့်ပြင်၊ မှုခင်းကိစ္စဆောင်ရွက်ခြင်းများတွင် ဆက်လက်၍ မပါဝင်ရ။

(င) အရာရှိတဦးသည်၊ ထိုသို့နုတ်ထွက်သောအခါ၊ သို့တည်းမဟုတ် စစ်တရားရုံးကလုံလောက်သည်ဟု မှတ်ယူနိုင်သော အကြောင်းတခုခုကြောင့် ပါဝင်မဆောင်ရွက်နိုင်သည့်အခါ၊ အရံအရာရှိများအဖြစ် တာဝန်ပေးထားသည့် အရာရှိများရှိလျှင်၊ ထိုအရာရှိများအနက်၊ အရာရှိတဦးဦးအား၊ စစ်တရားရုံးဥက္ကဋ္ဌ က၊ လစ်လပ်သည့်နေရာတွင်၊ ဖြည့်သွင်းခန့်အပ်ရမည်။ အရံအရာရှိ မရရှိနိုင်လျှင်၊ စစ်တရားရုံးသည်၊ နည်းဥပဒေ ၃၇ အရ လိုအပ်သည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။



Myanmar Law Information System (MLIS)

(စ) စစ်တရားရုံးတွင် ပါဝင်ဆောင်ရွက်ရန် ခန့်အပ်သည့် အခြားအရာရှိများ၏ကိစ္စနှင့်စပ်လျဉ်း၍၊ သေချာစွာ သိရှိနိုင်အောင် စိစစ်သကဲ့သို့ လစ်လပ်သည့်နေရာတွင် ဖြည့်သွင်းခန့်အပ်ခြင်းခံရသည့် အရာရှိတဦး၌၊ စစ်တရားရုံးတွင် ပါဝင်ခွင့်ရှိခြင်း၊ အရည်အချင်းပျက်ယွင်းမှုမရှိခြင်းနှင့် ထိုအရာရှိအပေါ် ကန့်ကွက်ချက်မရှိခြင်းတို့ကို၊ စစ်တရားရုံးက စိစစ်ရမည်။

အဖွဲ့ဝင်များကျမ်းသစ္စာပြုခြင်း၊ သို့ တည်းမဟုတ် ကတိသစ္စာပြုခြင်း။

၄၄။ ။ ကန့်ကွက်ခြင်းမခံရသော၊ သို့တည်းမဟုတ် ကန့်ကွက်ခြင်းခံရသော်လည်း၊ ထိုကန့်ကွက်ချက်များ ပယ်ပြီးဖြစ်သော၊ အရာရှိဦးရေလုံလောက်စွာပါဝင်လျက်၊ စစ်တရားရုံးကို ဖွဲ့စည်းပြီးလျှင်ပြီးချင်း၊ အောက်ပါသစ္စာပြုချက်ပုံစံတခုခုအရ၊ သို့တည်းမဟုတ် ထိုသူကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထို သူ၏ စိတ်တွင် စွဲမြဲစေသည့်အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်းသဘော သက်ရောက်သည် ဟု၊ စစ်တရားရုံးက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ ကျမ်းသစ္စာကိုသော်၎င်း၊ ကတိ သစ္စာကို သော်၎င်း၊ စစ်တရားရုံးအဖွဲ့ဝင်တိုင်းအား ပြုစေရမည်။

**ကျမ်းသစ္စာပြုချက်ပုံစံ။**

"ကျွန်ုပ် ------------------------------ သည်၊ စစ်တရားရုံး ရှေ့မှောက်ရှိ တရားခံ (သို့တည်းမဟုတ် တရားခံများ)ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟု၎င်း၊ မျက်နှာ လိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ နှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟု၎င်း၊ သံသယဖြစ်မှုတခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန်စွာ၊ နားလည်သမျှနှင့်အလားတူ ကိစ္စများတွင် လိုက်နာရသည့် စစ်ထုံးတမ်းအရ တရားစီရင်ပါမည်ဟု၎င်း၊ ကျမ်းသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရား ရုံးကဖြစ်စေ၊ သက်သေခံခိုင်းသည့်အခါမှတပါး၊ အခြားမည်သည့် အကြောင်းကြောင့်မျှ၊ မည်သည့် အချိန် အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ ထင်မြင်ချက်ကိုသော်၎င်း၊ ကျွန်ုပ်က ထုတ်ဖော်ပြော ဆိုမည်မဟုတ်ပါ၊ သို့တည်းမဟုတ် သိရှိအောင် ပြုလုပ်မည်မဟုတ်ပါဟုလည်း ထပ်လောင်း၍ ကျွန်ုပ် ကျမ်းသစ္စာပြုပါသည်"။

**ကတိသစ္စာပြုချက်ပုံစံ။**

"ကျွန်ုပ် -------------------------------------- သည်၊ စစ်တရားရုံးရှေ့မှောက်ရှိ တရားခံ (သို့တည်းမဟုတ် တရားခံများ)ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟု၎င်း၊ မျက်နှာ လိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ နှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟု၎င်း၊ သံသယဖြစ်မှုတခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန်စွာ၊ နားလည်သမျှတရားစီရင်ပါမည်ဟု၎င်း၊ လေးနက်တည်ကြည်မှန်ကန်စွာ ကျေညာ၍၊ ကတိသစ္စာ ပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရား ရုံးကဖြစ်စေ၊ သက်သေခံခိုင်းသည့်အခါမှတပါး၊ မည်သည့် အကြောင်းကြောင့်မျှ၊ မည်သည့် အချိန် အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ ထင်မြင်ချက်ကိုသော်၎င်း၊ ကျွန်ုပ်က ထုတ်ဖော်ပြော ဆိုမည်မဟုတ်ပါ၊ သို့တည်းမဟုတ် သိရှိအောင်



Myanmar Law Information System (MLIS)

ပြုလုပ်မည်မဟုတ်ပါဟုလည်းလေးနက်တည်ကြည်မှန် ကန်စွာ ထပ်လောင်းကျေညာ၍၊ ကျွန်ုပ်
ကတိသစ္စာပြုပါသည်”။

စစ်ဥပဒေအရာရှိနှင့်အခြားသူများ ကျမ်းသစ္စာပြုခြင်း၊ သို့တည်း မဟုတ် ကတိသစ္စာပြုခြင်း။

၄၅။ ။ စစ်တရားရုံးအဖွဲ့ဝင်အားလုံးကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ အောက်တွင်ဖော်ပြထားသူများ၊ သို့တည်းမဟုတ် ထိုသူများအနက် စစ်တရားရုံးတွင် ရောက်ရှိနေကြသူများအား၊ အောက်ပါသစ္စာပြုချက်ပုံစံတခုခုအရ၊ သို့တည်းမဟုတ် ထိုသူကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုသူ၏စိတ်တွင် စွဲမြဲစေသည့် အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်းသဘောသက်ရောက် သည်ဟု၊ စစ်တရားရုံးက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ၊ ကျမ်းသစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုစေရမည်။

**(က) စစ်ဥပဒေအရာရှိ။**

**ကျမ်းသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ်----------------------- သည်၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ၊ ထို့ပြင် ထိုအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ ထို့ပြင် မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ် နိုးခြင်း မပါရှိဘဲ၊ စစ်ဥပဒေအရာရှိ၏ တာဝန်ဝတ်တရားများကို အစွမ်းကုန် ဆောင်ရွက်ပါမည်ဟု ကျမ်းသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံခိုင်းသည့်အခါမှတပါး၊ မည်သည့် အကြောင်းကြောင့်မျှ၊ မည်သည့် အချိန် အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ အကြောင်းအရာတခုခုနှင့် စပ်လျဉ်းသည့် ထင်မြင်ချက်ကိုသော်၎င်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင် ပြုလုပ်မည်မဟုတ်ပါဟုလည်း ထပ်လောင်း၍ ကျွန်ုပ် ကျမ်းသစ္စာပြုပါသည်”။

**ကတိသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ် ----------------------- သည်၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ၊ ထို့ပြင် အဆိုပါ အက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ ထို့ပြင် မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်း မပါရှိဘဲ၊ စစ်ဥပဒေအရာရှိ၏ တာဝန်ဝတ်တရားများကို အစွမ်းကုန်ဆောင်ရွက်ပါမည်ဟု၊ လေးနက်တည်ကြည်မှန်ကန်စွာ ကျေညာ၍၊ ကတိသစ္စာပြုပါသည်။ ထို့ပြင် တရားဥပဒေလမ်းစဉ်အတိုင်း၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ သက်သေခံခိုင်းသည့်အခါမှတပါး၊ မည်သည့်အကြောင်းကြောင့်မျှ၊ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ အကြောင်းအရာတခုခုနှင့် စပ်လျဉ်းသည့် ထင်မြင်ချက်ကိုသော်၎င်း၊ ကျွန်ုပ်က ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင် ပြုလုပ်မည်မဟုတ်ပါဟုလေးနက် တည်ကြည်မှန်ကန်စွာ ထပ်လောင်းကျေညာ၍၊ ကတိသစ္စာပြုပါသည်”။

**(ခ) သင်ယူရန်အတွက် တက်ရောက်သည့်အရာရှိ။**

**ကျမ်းသစ္စာပြုချက်ပုံစံ။**

Myanmar Law Information System (MLIS)

“ကျွန်ုပ် ----------------------- သည်၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊သက်သေခံ ခိုင်းသည့်အခါမှတပါး၊ မည်သည့်အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ ထင်မြင်ချက်ကိုသော်၎င်း၊ ကျွန်ုပ်ကထုတ်ဖေါ်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟု၊ ကျမ်းသစ္စာပြုပါသည်”။

**ကတိသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ် ----------------------- သည်၊ နယ်ဘက်တရားရုံးကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊သက်သေခံ ခိုင်းသည့်အခါမှတပါး၊ မည်သည့်အကြောင်းကြောင့်မျှ မည်သည့်အချိန်အခါ၌မဆို၊ ဤစစ်တရားရုံးအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ ထင်မြင်ချက်ကိုသော်၎င်း၊ ကျွန်ုပ်ကထုတ်ဖေါ်ပြောဆိုမည်မဟုတ်ပါဟု၊ သို့တည်းမဟုတ် သိရှိအောင်ပြုလုပ်မည်မဟုတ်ပါဟု၊ လေးနက်တည်ကြည်မှန်ကန်စွာ ကျေညာ၍၊ ကတိသစ္စာပြုပါသည်”။

**(ဂ) လက်ရေးတိုစာရေး။**

**ကျမ်းသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ် ----------------------- သည်၊ ကျွန်ုပ်အား၊ ရေးသားယူစေလိုသည့်၊ ဤစစ်တရားရုံးရှေ့မှောက်တွင် ထွက်ဆိုသောသက်သေခံချက်နှင့် အခြားလိုအပ်သည့် အကြောင်းအရာများကို၊ အစွမ်းကုန်မှန်ကန်စွာ ရေးသားယူမည်ဖြစ်သည့်ပြင်၊ အလိုရှိသည့်အခါ၊ ထိုသက်သေခံချက်နှင့်ထိုအကြောင်းအရာများ ကူးရေးချက်အမှန်ကို၊ စစ်တရားရုံးသို့ တင်ပြပါမည်ဟု၊ ကျမ်းသစ္စာပြုပါသည်”။

**ကတိသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ် ----------------------- သည်၊ ကျွန်ုပ်အား၊ ရေးသားယူစေလိုသည့် ဤစစ်တရားရုံးရှေ့မှောက်တွင် ထွက်ဆိုသောသက်သေခံချက်နှင့် အခြားလိုအပ်သည့် အကြောင်းအရာများကို၊ အစွမ်းကုန်မှန်ကန်စွာ ရေးသားယူမည်ဖြစ်သည့်ပြင်၊ အလိုရှိသည့်အခါ၊ ထိုသက်သေခံချက်နှင့်ထိုအကြောင်းအရာများ ကူးရေးချက်အမှန်ကို၊ စစ်တရားရုံးသို့ တင်ပြပါမည်ဟု၊ လေးနက်တည်ကြည်မှန်ကန်စွာကျေညာ၍၊ ကတိသစ္စာပြုပါသည်”။

**(ဃ) စကားပြန်။**

**ကျမ်းသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ် ----------------------- သည်၊ ဤစစ်တရားရုံးရှေ့မှောက်တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန် လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ ကျမ်းသစ္စာပြုပါသည်”။

**ကတိသစ္စာပြုချက်ပုံစံ။**

“ကျွန်ုပ် ----------------------- သည်၊ ဤစစ်တရားရုံးရှေ့မှောက်တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန် လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ လေးနက်တည်ကြည်မှန်ကန်စွာကျေညာ၍၊ ကတိသစ္စာပြုပါသည်”။

ကျမ်းသစ္စာနှင့်ကတိသစ္စာပြုစေနိုင်သူများ။

Myanmar Law Information System (MLIS)

၄၆။ ။ စစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်တရားရုံးအဖွဲ့ဝင်က၊ သို့တည်းမဟုတ် ထိုကဲ့သို့သော ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုစေရန်၊ စစ်တရားရုံးက အာဏာအပ်နှင်းထားသော အခြားသူ က၊ ကျမ်းသစ္စာများနှင့် ကတိသစ္စာများကို ပြုစေရမည်။

**တရားလိုဘက်စစ်ဆေးခြင်း၊ တရားခံဘက်စစ်ဆေးခြင်း၊ ထို့ပြင် အမှုသွားကိုပေါင်းရုံးဖော်ပြခြင်း။**

တရားခံအား စွဲချက်တင်၍ စစ်မေးခြင်း။

၄၇။ ။ (၁) အထက်တွင် ဖော်ပြထားသည့်အတိုင်း၊ စစ်တရားရုံးအဖွဲ့ဝင်များနှင့်အခြားသူများ ကျမ်း သစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ တရားခံအပေါ် စွဲဆိုထားသည့်စွဲချက်များနှင့်စပ် လျဉ်း၍၊ တရားခံအား စွဲချက်တင်၍ စစ်မေးရမည်။

(၂) တရားခံအပေါ်စွဲဆိုထားသည့် စွဲချက်များကို၊ တရားခံအား ဘတ်ပြရမည့်ပြင်၊ လိုအပ်ခဲ့သော်၊ ထိုစွဲ ချက်များကို ဘာသာပြန်ဆိုပေးရမည်။ ထို့ပြင် စွဲချက်တခုစီအတွက် ခွဲခြား၍၊ တရားခံအား ဖြေကြားစေ ရမည်။

စွဲချက်ကို၊ တရားခံကကန့်ကွက်ခြင်း။

၄၈။ ။ တရားခံသည်၊ စွဲချက်တခုခုကိုဖြေကြားရမည်ဖြစ်သည့်အခါ၊ အက်ဥပဒေအရဖြစ်သော ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှား သိသာစေသည့် စွဲချက်မဟုတ်ဟုသော်၎င်း၊ ဤနည်းဥပဒေများနှင့်ညီညွတ် သည့်စွဲချက်မဟုတ်ဟုသော်၎င်း၊ ကန့်ကွက်နိုင်သည်။ စစ်တရားရုံးသည်၊ တရားလိုဘက် အမှုလိုက်အရာ ရှိ ၏လျှောက်လဲချက်ကိုဖြစ်စေ၊ တရားခံ၏၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စား လျှောက်လဲချက် ကိုဖြစ်စေ၊ ကြားနာပြီးသည့်နောက်၊ ထိုကန့်ကွက်ချက်ကို၊ လျှို့ဝှက်တရားခွင်တွင် စဉ်းစားရမည့်ပြင်၊ ထိုကန့်ကွက်ချက်ကိုပယ်၍ ဆက်လက်စစ်ဆေးစီရင်ရမည်၊ သို့တည်းမဟုတ် ထိုကန့်ကွက်ချက်ကို ခွင့်ပြုပြီးနောက်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်အား အစီရင်ခံရန် စစ်တရားရုံးကို ရွှေ့ဆိုင်း ရမည်၊ သို့တည်းမဟုတ် သံသယ ဖြစ်မှုရှိခဲ့လျှင်၊ စစ်တရားရုံးဖွဲ့စည်းသည့်အာဏာပိုင်နှင့် ညှိနှိုင်းတိုင်ပင် ရန် စစ် တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

စွဲချက်ကိုပြင်ခြင်း။

၄၉။ ။ (၁) စစ်ဆေးစီရင်နေစဉ်၊ မည်သည့် အချိန်အခါ၌မဆို၊ စွဲချက်လွှာပါတရားခံ၏ အမည်တွင်သော် ၎င်း၊ အကြောင်းအရာတွင်သော်၎င်း၊ အမှားအယွင်းတခုခုပါရှိသည်ဟု၊ စစ်တရားရုံးကယူဆလျှင်၊ ထိုအမှားအယွင်းကို မှန်အောင်ပြုလုပ်ရန်အလို့ငှါ၊ စစ်တရားရုံးသည်၊ စွဲချက်လွှာကို ပြင်နိုင်သည်။

(၂) စွဲချက်တခုခုကို စစ်ဆေးစီရင်ရာတွင်၊ စစ်တရားရုံးသည်၊ သက်သေများအားစတင်စစ်ဆေးမေးမြန်း ခြင်းမပြုရသေးမီ၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်တွင် ဖြည့်စွက်ခြင်း၊ စွဲချက်မှချန်လှပ်ခြင်း၊ သို့ တည်းမဟုတ် စွဲချက်တွင် ပြောင်းလဲခြင်းတခုခုသည်၊ တရားမျှတမှုအတွက် လိုအပ်သည်ဟုယူဆလျှင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ၊ မိမိ၏ထင်မြင်ချက်ကို အစီရင်ခံနိုင်သည့်ပြင်၊ စစ်တရားရုံးကို လည်းရွှေ့ဆိုင်းနိုင်သည်။ စစ်တရားရုံး ဖွဲ့စည်းသည့်အာဏာပိုင်သည်၊ စစ်ဆေးစီရင်ခြင်းအသစ်စတင်ရန် ညွှန်ကြားနိုင်သည်၊ သို့တည်းမဟုတ် စွဲချက်ကိုပြင်၍၊ တရားခံအား၊ ထိုပြင်ချက်ကို၊ ထိုက်သင့်သလို ကြိုတင်အကြောင်းကြားပြီးသည့်နောက်၊ အဆိုပါ ပြင်ပြီးသည့် စွဲချက်အရ ဆက်လက်စစ်ဆေးစီရင်ရန် အမိန့်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အထူးထုချေချက်။

၅၀။ ။ (၁) တရားခံသည်၊ စွဲချက်ကို မဖြေကြားမီ၊ စစ်တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ် လျဉ်း၍ အထူးထုချေချက်တရပ်တင်သွင်းနိုင်သည်။ ထို့ပြင် ထိုသို့တရားခံကတင်သွင်း၍၊ စစ်တရားရုံးက လည်း၊ အဆိုပါ ထုချေချက်တွင်ဖော်ပြပါရှိသော အကြောင်းအရာတခုခုအရ၊ စစ်တရားရုံး၌ စီရင်ပိုင်ခွင့် အာဏာရှိဟန်မတူဟု၊ ယူဆလျှင်၊ ထိုထုချေချက်ကို ထောက်ခံသည့်သက်သေခံချက်တခုခုနှင့် အတူတကွ၊ တရားလိုဘက် အမှုလိုက်အရာရှိကတင်ပြသည့်၊ ထိုထုချေချက်မဟုတ်မှန်ကြောင်း၊ သို့တည်း မဟုတ် ထိုထုချေချက်ကို ပြောင်းလဲပြင်ဆင်သည့် သက်သေခံချက်တခုခု၊ ထို့ပြင် တရားခံကဖြစ်စေ၊ တရားခံ၏ကိုယ်စားဖြစ်စေ၊ တင်သွင်းသည့်လျှောက်ထားချက်နှင့်တရားလိုဘက် အမှုလိုက်အရာရှိက၊ ထိုလျှောက်ထားချက်ကို ရည်ညွှန်းသည့် ပြန်လည်ချေပပြောဆိုချက်တို့ကို၊ စစ်တရားရုံးက လက်ခံရမည်။

(၂) စစ်တရားရုံးက၊ ထိုအထူးထုချေချက်ကို ပယ်ချလျှင်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရ မည်။

(၃) စစ်တရားရုံးက၊ ထိုအထူးထုချေချက်ကို ခွင့်ပြုလျှင်၊ စစ်တရားရုံးသည်၊ မိမိ၏ဆုံးဖြတ်ချက်နှင့် ထိုဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များကိုပါ ရေးမှတ်ရမည့်ပြင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာ ဏာပိုင်ထံ၊ ထိုဆုံးဖြတ်ချက်ကို အစီရင်ခံ၍၊ စစ်တရားရုံးကိုရွှေ့ဆိုင်းရမည်။ ထိုဆုံးဖြတ်ချက်ကို၊ မည်သို့ မျှ အတည်ပြုရန် မလိုသည့်ပြင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်သည်၊ တရားခံအား စစ်ဆေးစီရင် ရန် အခြားစစ်တရားရုံးကို ချက်ခြင်းဖွဲ့စည်းရမည်၊ သို့တည်းမဟုတ် တရားခံအား လွှတ်ရန် အမိန့်ပေးရ မည်။

(၄) စစ်တရားရုံးသည်၊ ထုချေချက်၏ ခိုင်လုံမှုနှင့်စပ်လျဉ်း၍ သံသယရှိလျှင်၊ စစ်တရားရုံးကိုရွှေ့ဆိုင်း၍၊ ထိုကိစ္စကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ လွှဲအပ်တင်ပြနိုင်သည်၊ သို့တည်းမဟုတ် ထိုထုချေ ချက်နှင့်စပ်လျဉ်း၍ အထူးဆုံးဖြတ်ချက်တရပ်ကို ရေးမှတ်ပြီး၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင် ရွက်နိုင်သည်။

"အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူ သော ဖြေကြားချက်။

၅၁။ ။ (၁) စစ်တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ အထူးထုချေချက်ကို မတင် သွင်းလျှင်သော်၎င်း၊ ထိုထုချေချက်တင်သွင်းသော်လည်း၊ ၎င်းကိုပယ်လျှင်၊ သို့တည်းမဟုတ် ထိုအထူး ထုချေချက်နှင့်စပ်လျဉ်း၍၊ နည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ (၄)အရ၊ အထူးဆုံးဖြတ်ချက်ဖြင့် အရေးယူ လျှင်သော်၎င်း၊ တရားခံ၏ "အပြစ်ရှိသည်"၊သို့တည်းမဟုတ် "အပြစ်မရှိ"ဟူသော ဖြေကြားချက်ကို (သို့တည်းမဟုတ် တရားခံကဖြေကြားရန် ငြင်းဆိုသည်ဖြစ်စေ၊ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟုနားလည်နိုင်အောင် ဖြေကြားခြင်းမပြုလျှင်ဖြစ်စေ၊ "အပြစ်မရှိ"ဆိုသည့် ဖြေကြားချက်ကို) စွဲချက်အသီးသီးတွင် ရေးမှတ်ရမည်။

(၂) တရားခံတဦးက၊ "အပြစ်ရှိသည်" ဟု ဖြေကြားလျှင်၊ ထိုဖြေကြားချက်ကို၊ စစ်တရားရုံး၏ ဆုံးဖြတ် ချက်အဖြစ် ရေးမှတ်ရမည်။ သို့သော်လည်း ထိုဖြေကြားချက်ကို မရေးမှတ်မီ၊ စစ်တရားရုံး၏ ကိုယ်စား စစ်တရားရုံးဥက္ကဋ္ဌကဖြစ်စေ၊ စစ်ဥပဒေအရာရှိကဖြစ်စေ၊ ထိုတရားခံသည်၊ မိမိအပြစ်ရှိသည်ဟု ဖြေကြား လိုက်သည့်စွဲချက်၏သဘောကို နားလည်သည်ဟု သေချာစွာစိစစ်ရမည့်ပြင်၊ ထိုဖြေကြားချက်၏ ယေဘု ယျအကျိုးသက်ရောက်မှု၊ ထို့ပြင် အထူးသဖြင့် မိမိအပြစ်ရှိသည်ဟုဖြေကြားလိုက်သည့် စွဲချက်၏ အဓိပ္ပါယ်၊ ထို့ပြင်

အပြစ်ရှိသည်ဆိုသည့် ဖြေကြားချက်က ဖြစ်ပေါ်စေမည့် ကျင့်ထုံးကွဲပြားခြားနားမှုကို တရားခံအား ပြောပြရမည်။ ထို့ပြင် သက်သေခံအကျဉ်းချုပ်ကိုထောက်ရှု၍ "အပြစ်မရှိ"ကြောင်း တရားခံကဖြေကြားသင့်သည်ဟုယူဆလျှင်၊ ထိုဖြေကြားချက်ကို နုတ်သိမ်းရန် တရားခံအား အကြံပေး ရမည်။

(၃) အခြားနည်းစွဲဆိုထားသောစွဲချက်နှစ်ခုအနက်၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသော စွဲချက်များ အနက်၊ ပဋမစွဲချက်ကို "အပြစ်ရှိသည်"ဟု တရားခံက ဖြေကြားရာတွင်၊ နည်းဥပဒေခွဲ (၂)အရ၊ စစ်တရားရုံးက၊ လိုက်နာဆောင်ရွက်ပြီးသည့်နောက်၊ အခြားနည်းစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များ အရ၊ တရားခံအား မစစ်ဆေးမီ၊ ထိုစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံအား ဖြေကြားမခိုင်းဘဲ၊ တရားလိုဘက် အမှုလိုက်အရာရှိသည်၊ ထိုစွဲချက်ကို၊ သို့တည်းမဟုတ် စွဲချက်များကို နုတ်သိမ်းနိုင်သည်။ ထိုသို့နုတ်သိမ်းကြောင်းကို၊ စစ်တရားရုံး၏ အမှုတွဲတွင် ရေးမှတ်ရမည်။

(၄) ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက၊ တရားခံအား သေဒဏ်ထိုက်သင့်စေနိုင်သည့်အမှုများတွင် "အပြစ် ရှိသည်" ဆိုသည့် ဖြေကြားချက်ကို လက်မခံရ။ ထိုသို့ "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို ပေးပါ က၊ "အပြစ်မရှိ"ဆိုသည့် ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ "အပြစ်မရှိ" ဟု ဖြေကြားဘိသကဲ့သို့ စစ် ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

စစ်ဆေးစီရင်နိုင်ခွင့်မရှိဟု ထုချေ ချက်။

၅၂။ ။ (၁) ပြစ်မှုတခုအတွက် တင်ထားသောစွဲချက်နှင့်စပ်လျဉ်း၍၊ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ" ဟူသောဖြေကြားချက်ပေးသည့် အချိန်အခါ၌၊ တရားခံသည်-

(က) စီရင်ပိုင်ခွင့်အာဏာရှိသော ရာဇဝတ်တရားရုံး တရုံးကသော်၎င်း၊ စစ်တရားရုံးတရုံးကသော်၎င်း၊ ထိုပြစ်မှုနှင့်စပ်လျဉ်း၍၊ ယခင်ကမိမိအားပြစ်မှုထင်ရှားစီရင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် တရား သေလွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် ပုဒ်မ ၈၂၊ ၈၅၊ ၈၆၊ သို့တည်းမဟုတ် ပုဒ်မ ၈၇၊ သက်ဆိုင်ရာရာ အရ၊ ထိုပြစ်မှုအတွက် မိမိအား အကျဉ်းနည်းဖြင့် အရေးယူခြင်းကိုခံခဲ့ရပြီးဖြစ်ကြောင်း၊ သို့တည်းမဟုတ် နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ထိုပြစ်မှုနှင့် စပ်လျဉ်းသည့် စွဲချက်ကို ပလပ်ခဲ့ပြီးဖြစ်ကြောင်းဖြင့်၊ သို့တည်းမဟုတ်

(ခ) ထိုပြစ်မှုကို အခွင့်ရစစ်ဘက်အာဏာပိုင်က ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်ကြောင်း၊ သို့ တည်းမဟုတ် အရေးမယူ၊ ခွင့်လွှတ်ပြီးဖြစ်ကြောင်းဖြင့်၊ သို့တည်းမဟုတ်

(ဂ) ထိုပြစ်မှုကျူးလွန်ခြင်းနှင့် အမှုစတင်စစ်ဆေးခြင်း၏ စပ်ကြားတွင် ကုန်ဆုံးခဲ့သော ကာလသည်၊ ပုဒ်မ ၁၂၅ တွင် ကန့်သတ်ထားသည့်ကာလအပိုင်းအခြားကျော်လွန်ခဲ့ပြီးဖြစ်ကြောင်းဖြင့်၊

စစ်ဆေးစီရင်နိုင် ခွင့်မရှိဟူသော ထုချေချက်တင်သွင်းနိုင်သည်။

(၂) ထိုထုချေချက်ကို၊ တရားခံကတင်သွင်းလျှင်၊ ထိုထုချေချက်နှင့်အတူ၊ တရားခံ၏ "အပြစ်ရှိသည်"၊ "အပြစ်မရှိ"ဟူသော ဖြေကြားချက်ကိုပါ၊ စစ်တရားရုံးက ရေးမှတ်ရမည်။ ထို့ပြင် တရားခံက ထွက်ဆို သော အကြောင်းခြင်းရာတခုခုသည်၊ သို့တည်းမဟုတ် အကြောင်းခြင်းရာများသည်၊ ထိုထုချေချက်ကို ထောက်ခံရန် လုံလောက်သည်ဟု၊ စစ်တရားရုံးက

Myanmar Law Information System (MLIS)

ယူဆလျှင်၊ တင်ပြသောမည်သည့်သက်သေခံချက်ကို မဆို၊ စစ်တရားရုံးက လက်ခံ၍ ထိုထုချေချက်ကို ရည်ညွှန်းပြီး၊ တရားခံကသော်၎င်း၊ တရားခံ၏ကိုယ် စားသော်၎င်း၊ တင်ပြသောလျှောက်ထားချက် တခုခုနှင့် တရားလိုဘက်အမှုလိုက်အရာရှိ၏ လျှောက် ထား ချက်ကိုပါ ကြားနာရမည်။

(၃) ထိုထုချေချက်သည်၊ ဟုတ်မှန်ထင်ရှားသည်ဟု၊ စစ်တရားရုံးက ဆုံးဖြတ်လျှင်၊ ထိုဆုံးဖြတ်ချက်ကို၊ စစ်တရားရုံးက ရေးမှတ်ပြီးနောက်၊ အတည်ပြုအာဏာပိုင်အား အကြောင်းကြားရမည့်ပြင်၊ စစ်တရားရုံး ကိုရွှေ့ဆိုင်းရမည်။ သို့သော် စွဲချက်လွှာတခုတည်းတွင်ဖြစ်စေ၊ အခြားစွဲချက်လွှာတခုတွင်ဖြစ်စေ၊ တရား ခံအား စွဲဆိုထားသည့်၊ ထိုထုချေချက်အကျိုးမသက်ရောက်သော အခြားစွဲချက်တခုခုရှိလျှင်၊ ထိုစွဲချက် အရ၊ တရားခံအား ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

(၄) ထိုထုချေချက်ဟုတ်မှန်ထင်ရှားသည်ဆိုသည့်ဆုံးဖြတ်ချက်ကို အတည်မပြုလျှင်၊ အတည်ပြုအာဏာ ပိုင်က၊ စစ်တရားရုံးကို၊ ပြန်လည်ရုံးထိုင်စေနိုင်သည့်ပြင်၊ စစ်တရားရုံးသည်၊ ထုချေချက် ဟုတ်မှန် ထင်ရှား သည်ဟု မဆုံးဖြတ်ဘိသကဲ့သို့၊ ဆက်လက်ဆောင်ရွက်နိုင်သည်။

(၅) စစ်တရားရုံးက ထိုထုချေချက်သည်၊ ဟုတ်မှန်ထင်ရှားခြင်းမရှိဟု ဆုံးဖြတ်လျှင်၊ စစ်တရားရုံးသည်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ ထိုစစ်တရားရုံး၏ အခြားဆုံးဖြတ်ချက်တခုခုကို အတည်ပြုရသည့်နည်းတူ၊ အဆိုပါ ဆုံးဖြတ်ချက်ကို အတည်ပြုရမည်။

"အပြစ်ရှိ သည်"ဟု ဖြေကြားပြီးသည့်နောက်၊ လိုက်နာရမည့်ကျင့်ထုံး။

၅၃။ ။ (၁) "အပြစ်ရှိသည်"ဟူသောဖြေကြားချက်ကိုရေးမှတ်ပြီးနောက်၊ "အပြစ်မရှိ"ဟူသော ဖြေကြား ချက်ပေးထားသော အခြားစွဲချက်များလည်း၊ ထိုစွဲချက်လွှာတခုတည်းမှာပင်ပါရှိနေလျှင်၊ "အပြစ်မရှိ" ဟုဖြေကြားထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို၊ ဦးစွာပဌမဆောင်ရွက်ရမည်။ ထို့ပြင် ထိုစွဲချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချပြီးနောက်၊ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက် ရေးသွင်းထားသည့် စွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ သို့ သော်လည်း အခြားစွဲချက်များသည်၊ အခြားနည်းစွဲချက်များဖြစ်လျှင်၊ အခြားနည်းစွဲချက်တခုခုနှင့်စပ် လျဉ်း၍ "အပြစ်ရှိသည်"ဟု တရားခံကဖြေကြားခြင်းမပြုဘိသကဲ့သို့၊ ထိုအခြားနည်းစွဲချက်အားလုံးနှင့် စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် တရားခံအား စစ်ဆေးစီရင်မည့်အစား၊ နည်းဥပဒေခွဲ (၂)နှင့် မဆန့်ကျင်စေဘဲ၊ "အပြစ်ရှိသည်"ဟု၊ တရားခံကဖြေ ကြားထားသော အခြားနည်းစွဲချက်များအနက်၊ စွဲချက်တခုခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်"ဟူသော ဆုံး ဖြတ်ချက်ရေးသားချမှတ်ပြီး၊ ကျန်ရှိနေသော အခြားနည်းစွဲချက်အားလုံးနှင့်စပ်လျဉ်း၍ "အပြစ်မရှိ"ဟူ သောဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်။

(၂) အခြားနည်းစွဲချက်များကို တင်ထားရာတွင်၊ ပို၍ကြီးလေးသောပြစ်မှုကို ထုတ်ဖေါ်စွပ်စွဲသည့် စွဲချက် နှင့်စပ်လျဉ်း၍ "အပြစ်မရှိ" ဟုဖြေကြားပြီး၊ အခြားစွဲချက်နှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်"ဟု၊ တရားခံကဖြေကြားပါက၊ စွဲချက်အားလုံးနှင့်စပ်လျဉ်း၍ "အပြစ်မရှိ"ဟု၊ တရားခံက ဖြေကြားဘိသကဲ့ သို့၊ စစ်တရားရုံးသည်၊ တရားခံအား စစ်ဆေးစီရင်ရမည်။

(၃) စွဲချက်တခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက် (အခြားစွဲချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်လျှင်) ထိုစွဲချက်ကို ရည်ညွှန်း၍၊ တရားခံက ထွက်ဆိုလိုသော ထွက်ဆိုချက်တခုခုကို၊ စစ်တရားရုံးကလက်ခံရမည်။ ထို့ပြင် စစ်တရားရုံး သည်၊ သက်သေခံအကျဉ်းချုပ်ကိုဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်ကိုဖြစ်စေ၊ ဘတ်ပြပြီးနောက်၊ အမှုတွဲတွင်ပူးတွဲထားရမည်၊ သို့တည်းမဟုတ် အဆိုပါသက်သေခံအကျဉ်းချုပ်သော်၎င်း၊ သက်သေခံကောက်နုတ်ချက်သော်၎င်း၊ မရှိလျှင်၊ မည်သည့်ပြစ်ဒဏ်ချမှတ်ရမည်ကို ဆုံးဖြတ်နိုင်စေရန်နှင့် ပြစ်မှုနှင့်ဆက်စပ် နေသည့် ပတ်ဝန်းကျင်အကြောင်းခြင်းရာအားလုံးကို၊ အတည်ပြုအရာရှိ သိရှိနိုင်စေရန်၊ စစ်တရားရုံး သည်၊ လုံလောက်သည့်သက်သေခံချက်ကို ရေးမှတ်ယူရမည်။ "အပြစ်မရှိ"ဟူသော ဖြေကြားချက်မျိုး အတွက်၊ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း၊ ဤသက်သေခံချက်ကို ရေးမှတ် ယူရမည်။

(၄) သက်သေခံချက်ကို၊ ထိုသို့ရေးမှတ်ယူပြီးနောက်၊ သို့တည်းမဟုတ် သက်သေခံအကျဉ်းချုပ်ကို ဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်ကိုဖြစ်စေ၊ ဘတ်ပြပြီးနောက်၊ တရားခံသည်၊ ပြစ်ဒဏ်ပေါ့လျော့စေ ရန်ရည်ရွယ်လျက်၊ ထွက်ဆိုချက်တရပ်ကို ပေးနိုင်သည့်ပြင်၊ မိမိ၏အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်း သက်သေပြနိုင်သည်။

(၅) တရားခံ၏ထွက်ဆိုချက်ကိုသော်၎င်း၊ သက်သေခံအကျဉ်းချုပ်ကိုသော်၎င်း၊ သက်သေခံကောက်နုတ် ချက်ကိုသော်၎င်း၊ အခြားအကြောင်းအရာကိုသော်၎င်း၊ ထောက်ရှုလျက်၊ တရားခံသည်၊ "အပြစ်ရှိသည်" ဟူသောမိမိ၏ဖြေကြားချက် မည်သို့ အကျိုးသက်ရောက်သည်ကို နားမလည်ဟု၊ စစ်တရားရုံးက ထင် မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထိုရေးမှတ်ချက်ကို ပြောင်းလဲ၍၊ "အပြစ်မရှိ" ဟူသော ဖြေကြားချက် ကို ရေးသွင်းပြီးနောက်၊ စစ်ဆေးစီရင်ခြင်းကို၊ "အပြစ်မရှိ"ဟူသော ဖြေကြားချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

(၆) "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ ထိုစွဲချက်လွှာတခုတည်းတွင် ပါရှိ သော အခြားစွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင်၊ ထိုစွဲချက်လွှာ တခုတည်းတွင်ပါရှိသည့် အခြားစွဲချက်များအတွက် ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ပြီးသောအခါတွင်၊ နည်းဥပဒေခွဲ (၃)နှင့် (၄)အရ ဆက်လက်ဆောင်ရွက်ရမည်။

(၇) တရားခံက၊ ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက်၊ ထွက်ဆိုချက်တရပ်ကို ပြုလုပ်သည့်အခါ၊ စစ် တရားရုံးသည်၊ ထိုထွက်ဆိုချက်မှာ၊ သက်သေထင်ရှားပြရန် လိုအပ်သော ထွက်ဆိုချက် ဖြစ်သည့်ပြင်၊ သက်သေထင်ရှားပြလျှင်၊ ပြစ်ဒဏ်မည်ရွေ့မည်မျှ ချမှတ်ရန် စဉ်းစားထိုက်သည်ဟု ယူဆသော်၊ တရားခံ အား၊ ထိုထွက်ဆိုချက်ကို ထင်ရှားအောင် ပြုစေခြင်းငှါ၊ သက်သေပြရန် ခွင့်ပြုနိုင်သည်။

"အပြစ်မရှိ"ဟူသော ဖြေကြားချက်ကို နုတ်သိမ်းခြင်း။

၅၄။ ။ စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်အခါ၌မဆို၊ တရားခံသည်၊ မိမိသင့်တော်မည်ထင်လျှင်၊ "အပြစ်မရှိ"ဟူသော မိမိ၏ဖြေကြားချက်ကို နုတ်သိမ်းနိုင်သည့်ပြင်၊ "အပြစ်ရှိသည်"ဟုဖြေကြားနိုင် သည်။ ထိုကိစ္စမျိုးတွင် စစ်တရားရုံးသည်၊ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (၂) နှင့် (၄)အရ လိုက်နာ ဆောင်ရွက်လျက်၊

Myanmar Law Information System (MLIS)

"အပြစ်ရှိသည်"ဟူသောဖြေကြားချက်နှင့်ဆုံးဖြတ်ချက်ကို ချက်ခြင်းရေးသားချမှတ် ရမည့်ပြင်၊ လိုအပ်သမျှကို၊ နည်းဥပဒေ ၅၃ က ညွှန်ကြားသည့် နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက် ရမည်။

"အပြစ်မရှိ"ဟူသော ဖြေကြားချက်၊ ရွှေ့ဆိုင်းရန်လျှောက်ထားခြင်း၊ ထို့ပြင် တရားလိုဘက် ကဆောင်ရွက်ခြင်း။

၅၅။ ။ စွဲချက်တခုခုနှင့်စပ်လျဉ်း၍ "အပြစ်မရှိ"ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ စစ်ဆေးစီ ရင်ခြင်းကို အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(က) စစ်ဆေးစီရင်ခြင်း မစမီ လိုက်နာရမည့် ကျင့်ထုံးနှင့် စပ်ဆိုင်သည့် နည်းဥပဒေများအနက် နည်းဥပ ဒေတခုခုကိုလိုက်နာဆောင်ရွက်ခြင်းမပြုခဲ့သည့်ပြင်၊ ထိုသို့မပြုသည့်အတွက် အကျိုးယုတ်စေခဲ့သည်ဆို သော အကြောင်းပြချက်ဖြင့် သော်၎င်း၊ ခုခံချေပရေးပြင်ဆင်ခြင်းအတွက် လုံလောက်သည့် အခွင့်အလမ်း ကို မရရှိခဲ့ဆိုသော အကြောင်းပြချက်ဖြင့်သော်၎င်း၊ စစ်ဆေးခြင်းကို ရွှေ့ဆိုင်းရန် လျှောက်ထားလိုသ လားဟု၊ စစ်တရားရုံးက၊ တရားခံအား မေးမြန်းရမည်။ ထို့ပြင် တရားခံ၏အဖြေကိုလည်းရေးမှတ်ရ မည်။

(ခ) ထိုလျှောက်ထားချက်ကို တရားခံတင်သွင်းလျှင်၊ ထိုလျှောက်ထားချက်ကို ထောက်ခံရန် ရည်ရွယ် လျက်၊ တရားခံပေးလိုသော ထွက်ဆိုချက်တရပ်ရပ်ကိုဖြစ်စေ၊ သက်သေခံချက်တခုခုကိုဖြစ်စေ၊ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိ၏ ထွက်ဆိုချက်တရပ်ရပ်ကိုဖြစ်စေ၊ ထိုထွက်ဆိုချက်ကိုဖြေကြားရန် ရည်ရွယ်သည့် သက်သေခံချက် တခုခုကို ဖြစ်စေ၊ စစ်တရားရုံးက၊ ကြားနာရမည်။ ထို့ပြင် ကျင့်ထုံးနှင့် စပ်ဆိုင်သည့် နည်းဥပဒေများအနက်၊ နည်းဥပဒေတခုခုကို လိုက်နာဆောင်ရွက်ခြင်းမပြုခြင်းကြောင့်၊ တရားခံအား အကျိုးယုတ်စေခဲ့သည်ဟု၊ သို့တည်းမဟုတ် ခုခံချေပရေး ပြင်ဆင်ခြင်းအတွက် လုံလောက် သည့် အခွင့်အရေးကို တရားခံမရရှိခဲ့ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ အခြေ အနေအရ သင့်လျော်သည်ဟု ယူဆသည့်အတိုင်း စစ်ဆေးခြင်းကို ရွှေ့ဆိုင်းပေးနိုင်သည်။

(ဂ) တရားလိုဘက် အမှုလိုက်အရာရှိသည်၊ ပဏာမ လျှောက်ထားချက်ကို တင်သွင်းလိုလျှင် တင်သွင်း နိုင်၍၊ စစ်တရားရုံးကတင်သွင်းခိုင်းလျှင်၊ ပဏာမလျှောက်ထားချက်ကို တင်သွင်းရမည်။ ထိုပဏာမ လျှောက်ထားချက်တွင်၊ တရားခံအား စွဲဆိုသည့် စွဲချက်၏ လိုရင်းအချက်နှင့် ထိုစွဲချက်ကို ထောက်ခံရန် ရည်ရွယ်လျက် တရားလိုဘက် အမှုလိုက်အရာရှိကတင်ပြရန် ရည်စူးထားသော သက်သေခံချက်၏အခြေ အနေအပြင်၊ ယေဘုယျ အကျိုးသက်ရောက်မှုကိုပါ၊ မလိုအပ်သော မည်သည့်အသေးစိတ် အကြောင်းအ ရာကိုမျှမထည့်သွင်းဘဲ၊ တရားလိုဘက်အမှုလိုက်အရာရှိက ဖော်ပြရမည်။

(ဃ) ထိုနောက် တရားလိုဘက်အတွက် သက်သေခံချက်ကို ရေးယူရမည်။

(င) အမှု၏အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍၊ တရားလိုဘက်အမှုလိုက်အရာရှိက၊ တရားလိုဘက် အတွက်၊ သက်သေခံရန်လိုလျှင်၊ ပဏာမလျှောက်ထားချက်ရှိပါက၊ ထိုပဏာမလျှောက်ထားချက် တင် သွင်းပြီးနောက်၊ သက်သေခံရမည်။ ထိုသို့သက်သေခံသောအခါ၊ တရားလိုဘက်အမှုလိုက်အရာရှိသည်၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးနောက်၊ မိမိ၏ သက်သေခံချက်ကို အသေးစိတ် ထွက်ဆိုရ မည်။ ထို့ပြင်

(စ) တရားလိုဘက်အမှုလိုက်အရာရှိအား၊ တရားခံကဖြစ်စေ၊ တရားခံ၏ ကိုယ်စားဖြစ်စေ၊ ပြန်လှန်စစ် မေးနိုင်သည်။ ထို့နောက် ထပ်မံစစ်မေးရာတွင်၊ သက်သေတဦးက ထွက်ဆိုရမည်ဖြစ်သော ထွက်ချက်မျိုး ကို၊ တရားလိုဘက် အမှုလိုက်အရာရှိက ထွက်ဆိုနိုင်သည်။

"အမှုမထင်ရှား"ဆိုသည့်ထုချေချက်။

၅၆။ ။ (၁) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ တရားခံသည်၊ စွဲချက်တခုခုနှင့် ဖြစ်စေ၊ တခုထက်ပိုသည့်စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ တရားလိုဘက်အတွက် တင်ပြသောသက် သေခံချက်တွင်၊ မိမိအပေါ် အမှုထင်ရှားလောက်အောင် အခြေအမြစ်ရှိကြောင်း မပေါ်လွင်သောကြောင့်၊ မိမိအား ခုခံချေပစေခြင်းမပြုထိုက်ပါဆိုသည့် ထုချေချက်ကို တင်သွင်းနိုင်သည်။

(၂) အဆိုပါထုချေချက်မျိုးကို၊ စွဲချက်လွှာတခုတည်းတွင်ပါရှိသော စွဲချက်တခုခုနှင့် ဖြစ်စေ၊ တခုထက်ပို သောစွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍တင်သွင်းနိုင်သည်။

(၃) စစ်တရားရုံးသည်၊ ထိုထုချေချက်ကို လျှို့ဝှက်တရားခွင်တွင် စဉ်းစားရမည့်ပြင်၊ ထိုထုချေချက်မှာ၊ လုံလောက်စွာအကိုးအကားပြုထားသည့် ထုချေချက်ဖြစ်သည်ဟု၊ ကျေနပ်လျှင်၊ ထိုထုချေချက်နှင့်စပ် ဆိုင်သော စွဲချက်တခုခုနှင့်ဖြစ်စေ၊ တခုထက်ပိုသောစွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ "အပြစ်မရှိ" ဟူသောဆုံးဖြတ်ချက်ကို၊ ရေးသားချမှတ်ရမည်။

တရားလိုဘက်အမှုကိုအဆုံးသတ်ခြင်းနှင့် တရားခံဘက်အမှုကိုစစ်ဆေးရာ၌ လိုက်နာရမည့် ကျင့်ထုံး။

၅၇။ ။(၁) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ စစ်တရားရုံးသည်-

(က) တရားခံကအလိုရှိလျှင်၊ ကျမ်းသစ္စာပြု၍ သက်သေအဖြစ်သက်သေခံချက်ပေးနိုင်ကြောင်း၊ သို့ တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ်ကိုပြုလုပ်နိုင်ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ သက်သေခံချက်ပေးရန်၊ သို့တည်းမဟုတ် ထွက်ဆိုချက်ပြုလုပ်ရန် တာဝန်ဟူ၍၎င်း၌မရှိကြောင်း၊

(ခ) တရားခံက ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးလျှင်၊ ၎င်းသည်၊ တရားလိုဘက်အမှုလိုက်အရာရှိ ၏ပြန်လှန်စစ်မေးခြင်းခံရမည့်ပြင်၊ စစ်တရားရုံးနှင့် စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ၏ မေးမြန်းခြင်းကိုလည်း ခံရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ်ကို ပြုလုပ်လျှင်၊ ၎င်းအား၊ မည်သူကမျှ မမေးမြန်းနိုင်ကြောင်း၊ ထို့ပြင်

(ဂ) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးသည်ဖြစ်စေ၊ ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တ ရပ်ကိုပြုလုပ်သည်ဖြစ်စေ၊ သက်သေခံချက်မပေးဘဲ၊ သို့တည်းမဟုတ် ထွက်ဆိုချက်တရပ်ကို မပြုလုပ်ဘဲ နေသည်ဖြစ်စေ၊ အမှု၏ အကြောင်းခြင်းရာနှင့်သော်၎င်း၊ ၎င်း၏ အကျင့်စာရိတ္တနှင့်သော်၎င်း၊ စပ်လျဉ်း ၍၊ ၎င်းဘက် သက်သေများကို ခေါ်နိုင်ကြောင်း၊

တရားခံအား ရှင်းလင်းပြောပြရမည်။

(၂) စစ်တရားရုံးသည်၊ နည်းဥပဒေခွဲ (၁) အတိုင်း လိုက်နာပြီးသောအခါ၊ တရားခံအား၊ ကျမ်းသစ္စာပြု ၍၊ သက်သေခံချက်ပေးရန်ရည်ရွယ်သလော၊ သို့တည်းမဟုတ်ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက် တရပ်ကိုပြုလုပ်ရန်

ရည်ရွယ်သလော၊ သို့တည်းမဟုတ် ၎င်းဘက်အတွက် သက်သေတဦးဦးကိုခေါ်ရန် ရည်ရွယ်သလောဟုမေးမြန်းရမည့်ပြင်၊ သက်သေခေါ်လိုသည်ဟု ဖြေကြားပါက၊ ထိုသက်သေမှာ၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် သက်သေလော၊ သို့တည်းမဟုတ် အကျင့်စာရိတ္တနှင့်သာ စပ်လျဉ်းသည့် သက်သေလောဟုလည်းမေးမြန်းရမည်။

(၃) တရားခံသည်၊ မိမိမှတပါး၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့် အခြားသက်သေတဦးဦးကို ခေါ်ရန်ရည်ရွယ်လျှင်၊ မိမိဘက်အတွက် သက်သေခံချက်ကို မပေးမီ၊ မိမိဘက်အမှုကို အကျဉ်းချုပ်ဖော်ပြ လျက်၊ ပဏာမလျှောက်ထားချက်တရပ်ကို ပြုလုပ်နိုင်သည်။

တရားခံ ဘက်သက်သေခံချက်၊ တရားခံဘက်သက်သေခံချက်ကိုပြန်လည်ချေပချက်နှင့် နိဂုံးချုပ်လျှောက်ထား ချက်များ။

၅၈။ ။ (၁) နည်းဥပဒေ ၅၇ အတိုင်းလိုက်နာပြီးသောအခါ၊ တရားခံသည်၊ ကျမ်းသစ္စာပြု၍ သက်သေခံ ချက်ပေးနိုင်သည်၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ်ကို ပြုလုပ်နိုင်သည်။ ထိုနောက် တရားခံဘက်သက်သေများရှိလျှင်၊ ထိုသက်သေများကိုခေါ်၍၊ ၎င်းတို့က သက်သေခံချက်များ ကို ပေး ကြရမည်။

(၂) တရားခံဘက်သက်သေများက၊ သက်သေခံချက်ပေးပြီးသောအခါ၊ စစ်တရားရုံးသည်၊ တရားမျှတမှု ရရှိစေရန် လိုအပ်သည်ဟု ထင်မြင်လျှင်၊ တရားခံဘက်သက်သေခံချက်ကို ချေပရန် သက်သေများကိုခေါ် နိုင်သည်။

(၃) သက်သေခံချက်အားလုံးပေးပြီးသောအခါ၊ တရားလိုဘက်အမှုလိုက်အရာရှိနှင့် တရားခံသည်၊ စစ်တရားရုံးအား၊ နိဂုံးချုပ် လျှောက်ထားချက်ကို၊ အသီးသီးပြုလုပ်နိုင်သည်။

(၄) တရားခံက၊ မိမိမှတပါး၊ အမှုအကြောင်းခြင်းရာနှင့်စပ်လျဉ်းသည့်အခြားသက်သေတဦးဦးကိုမခေါ် လျှင်၊ တရားခံ၌၊ တရားလိုဘက် အမှုလိုက်အရာရှိ၏ နိဂုံးချုပ်လျှောက်ထားချက်ပြီးဆုံးပြီးမှ၊ မိမိ၏နိဂုံး ချုပ် လျှောက်ထားချက်ကို ပြုလုပ်နိုင်ခွင့်ရှိရမည်။ တရားခံက၊ မိမိမှတပါး၊ အမှုအကြောင်းခြင်းရာနှင့်စပ် လျဉ်းသည့် အခြားသက်သေတဦးဦးကိုခေါ်လျှင်၊ တရားလိုဘက် အမှုလိုက်အရာရှိ၌၊ တရားခံ၏နိဂုံးချုပ် လျှောက်ထားချက်ပြီးဆုံးပြီးမှ၊ မိမိ၏နိဂုံးချုပ် လျှောက်ထားချက်ကို ပြုလုပ်နိုင်ခွင့်ရှိရမည်။

စစ်ဥပဒေအရာရှိက၊ အမှုသွားကိုပေါင်းရုံးဖော်ပြခြင်း။

၅၉။ ။ (၁) စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ လူသိရှင်ကြားတရားခွင်တွင် သက်သေခံ ချက်ကို ပေါင်းရုံးဖော်ပြရမည့်ပြင်၊ အမှုနှင့်စပ်ဆိုင်သည့် တရားဥပဒေနှင့် စပ်လျဉ်း၍ စစ်တရားရုံးအား အကြံဉာဏ်ပေးရမည်။

(၂) စစ်ဥပဒေအရာရှိက အမှုသွားကို ပေါင်းရုံးဖော်ပြပြီးသည့်နောက်၊ အခြားမည်သည့်လျှောက်ထားချက် ကိုမျှ ခွင့်မပြုရ။

**ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်။**

ဆုံးဖြတ်ချက်ကိုစဉ်းစားခြင်း။

၆၀။ ။ (၁) စစ်တရားရုံးသည်၊ လျှို့ဝှက်တရားခွင်တွင်၊ မိမိ၏ဆုံးဖြတ်ချက်ကို၊ စစ်ဥပဒေအရာရှိ၊ ရှိခဲ့ လျှင်၊ ထိုစစ်ဥပဒေအရာရှိ ရှေ့မှောက်၌၊ ဆင်ခြင်သုံးသပ်ရမည်။

(၂) ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍၊ စစ်တရားရုံးအဖွဲ့ဝင်အသီးသီး၏ ထင်မြင်ယူဆချက်ကို၊ စွဲချက်တခုစီ အတွက် ခွဲခြားပြီး နှုတ်ဖြင့်ပြောပြရမည်။

ဆုံးဖြတ်ချက် ရေး ပုံရေးနည်းနှင့်ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်း။

၆၁။ ။ (၁) တရားခံအား၊ စွဲချက်တင်၍ စစ်မေးသော စွဲချက်တိုင်းအတွက်၊ ဆုံးဖြတ်ချက်ကို ရေးသားချ မှတ်ရမည်။ ထို့ပြင် ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး၊ “အပြစ်ရှိသည်”၊ သို့ တည်းမဟုတ် “အပြစ်မရှိ”ဟူသော ဆုံးဖြတ်ချက်တခုတည်းကို ရေးသားချမှတ်ရမည်။

(၂) စွဲချက်တခုခုနှင့်စပ်လျဉ်း၍၊ စွဲဆိုထားသည့်ပြစ်မှုကိုသော်၎င်း၊ စွဲဆိုထားသည့် စွဲချက်အတိုင်း၊ အက် ဥပဒေအရ တရားသဖြင့် တရားခံ၌အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သော ပြစ်မှုတခုခုကိုသော်၎င်း၊ တရားခံ က ကျူးလွန်ကြောင်း၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ မထင်ရှားဟု၊ စစ်တရားရုံး ကထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်အတွက်၊ တရားခံအား တရားသေလွှတ်ရမည်။

(၃) စွဲချက်တခုခုနှင့်စပ်လျဉ်း၍၊ စွဲဆိုထားသည့် ပြစ်မှုအတွက်သော်၎င်း၊ စွဲဆိုထားသည့် စွဲချက်အတိုင်း၊ အက်ဥပဒေအရ တရားသဖြင့် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သော ပြစ်မှုတခုခုအတွက် သော်၎င်း၊ တရားခံ၌ အပြစ်ရှိ၊ မရှိ၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ၊ စစ်တရားရုံးက သံသယဖြစ်သောအခါ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်အတွက် ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်းမပြုမီ၊ သက်သေခံချက်ရှိသည်ဟု မိမိတွေ့ရှိရသော အကြောင်းခြင်းရာများကို ရေးသားဖော်ပြလျက်၊ အတည်ပြုအာဏာပိုင်ထံသို့၊ ၎င်း၏ထင်မြင်ချက်ရရန် လွှဲအပ်တင်ပြနိုင်သည့်ပြင်၊ ထိုကိစ္စအတွက် ရွှေ့ဆိုင်းရန်လိုအပ်လျှင်၊ စစ်တရား ရုံးကို ရွှေ့ဆိုင်းနိုင်သည်။

(၄) စွဲချက်တခုခုနှင့်စပ်လျဉ်း၍၊ သက်သေခံချက်အရ ထင်ရှားကြောင်း၊ စစ်တရားရုံးကတွေ့ရှိရသော အကြောင်းခြင်းရာများသည်၊ စွဲချက်ပါ ပြစ်မှုကျူးလွန်ပုံဖော်ပြချက်တွင် စွပ်စွဲထားသည့် အကြောင်းခြင်း ရာများနှင့် အရေးပါ အရာရောက်လောက်အောင် ကွဲပြားခြားနားစေကာမူ၊ ယင်းသို့တွေ့ရှိရသော အကြောင်းခြင်းရာများသည်၊ စွဲချက်တွင် ဖော်ပြထားသောပြစ်မှုကိုတရားခံ ကျူးလွန်ကြောင်း ထင်ရှား စေသည့် လုံလောက်သော အကြောင်းခြင်းရာများဖြစ်သည့်ပြင်၊ ထိုကွဲပြားခြားနားခြင်းသည်လည်း၊ တရားခံအား၊ မိမိ၏ ခုခံချေပရေးတွင်၊ အကျိုးယုတ်စေလောက်အောင် အရေးမပါအရာမရောက်ဟု၊ စစ် တရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ “အပြစ်မရှိ”ဟူသောဆုံးဖြတ်ချက်ကို ရေးသား ချမှတ်မည့်အစား၊ အထူးဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်။

(၅) ထိုအထူးဆုံးဖြတ်ချက်ဖြင့်၊ ၎င်းတွင် သီးခြားဖော်ပြထားသည့် ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များဆိုင်ရာ ရေးမှတ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ စွဲချက်တခုအတွက် တရားခံ၌ အပြစ်ရှိ သည်ဟု ဆုံးဖြတ်နိုင်သည်။

(၆) အခြားနည်းစွဲချက်များတင်ထား၍၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရလည်း၊ ထိုစွဲ ချက်များအနက်၊ စွဲချက်တခုခုတွင် ဖော်ပြထားသော ပြစ်မှုမဖြစ်မြောက်ဟု၊ စစ်တရားရုံးက ထင်မြင်ယူ ဆသောအခါ၊ ထိုစွဲချက်အတွက် “အပြစ်မရှိ”ဟူသော ဆုံးဖြတ်ချက်တရပ်ကို၊ စစ်တရားရုံးက ရေးသား ချမှတ်ရမည်။

(၇) စွဲချက်တခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည်၊ အခြားနည်းစွဲချက်အတွက် ဖြစ်စေ၊ အခြားနည်း စွဲချက်များအတွက်ဖြစ်စေ၊ အပြစ်ရှိသည်ဟုဆိုရာရောက်စေကာမူ၊ အခြားနည်းစွဲဆိုထားသည့် စွဲချက်နှစ် ခု၊

Myanmar Law Information System (MLIS)

သို့တည်းမဟုတ် နှစ်ခုထက်ပိုသည့်စွဲချက်များအနက်၊ စွဲချက်တခုအတွက်ထက်ပို၍ တရားခံ၌၊ အပြစ် ရှိသည်ဟု၊ စစ်တရားရုံးက မဆုံးဖြတ်ရ။

(၈) သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ၊ နှစ်ခု၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသည့် အ ခြား နည်းစွဲချက်များတွင် ဖေါ်ပြထားသည့်ပြစ်မှုများအနက်၊ ပြစ်မှုတခုဖြစ်မြောက်စေသည်ဟု၊ စစ်တရား ရုံးက ထင်မြင်သော်လည်း၊ တရားဥပဒေနှင့်အညီ၊ ထိုအကြောင်းခြင်းရာများအရ၊ ထိုပြစ်မှုများအနက်၊ မည်သည့်ပြစ်မှုဖြစ်မြောက်စေသည်ကို၊ စစ်တရားရုံး၌၊ သံသယလည်းရှိလျှင်၊ ထိုစွဲချက်များအတွက် ဆုံး ဖြတ်ချက်ရေးသားချမှတ်ခြင်းမပြုမီ၊ စစ်တရားရုံးသည်၊ သက်သေခံချက်ရှိပြီးဖြစ်သည်ဟု၊ မိမိတွေ့ရှိ သည့် အကြောင်းခြင်းရာများကို ဖေါ်ပြပြီးနောက်၊ တရားဥပဒေနှင့်အညီ၊ ထိုအကြောင်းခြင်းရာများအရ၊ ထိုစွဲချက်များအနက်၊ မည်သည့်စွဲချက်တွင် ဖေါ်ပြထားသောပြစ်မှုဖြစ်မြောက်သည်ကို သံသယရှိကြောင်း ဖေါ်ပြလျက်၊ အတည်ပြုအာဏာပိုင်ထံသို့ ထင်မြင်ယူဆချက်ရရှိရန် လွှဲအပ်တင်ပြနိုင်သည်။ ထို့ပြင် ထို သို့တင်ပြရန်ကိစ္စအတွက်၊ ရွှေ့ဆိုင်းရန် လိုအပ်လျှင် စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်။

(၉) စွဲချက်တင်ထားသည့် ပြစ်မှုမှအပ၊ အခြားပြစ်မှုတခုခုအတွက် အပြစ်ရှိသည်ဟု၊ သို့တည်းမဟုတ် ပေါ့လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်သောပြစ်မှုတခုအတွက်အပြစ်ရှိ သည်ဟု ဆုံးဖြတ်နိုင်သည့်အာဏာကို၊ ပုဒ်မ ၁၄၃ ဖြင့်၊ စစ်တရားရုံးအားအပ်နှင်းထားသော ကိစ္စတခုခု တွင်သော်၎င်း၊ သက်သေခံချက်များကိုကြားနာပြီးနောက်၊ နည်းဥပဒေခွဲ (၄)နှင့် (၅)အရ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်တရားရုံးကအထူးဆုံးဖြတ်ချက်တရပ် ချမှတ်နိုင်သော ကိစ္စတခုခုတွင်သော်၎င်း၊ စစ်တရားရုံးက၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ၊ တရားမျှတ သည်ဟု ကျေနပ်လျှင်၊ ထို့ပြင်စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ၏ သဘောတူညီချက်ကို ရရှိ ပြီးကြောင်း၊ တရားလိုဘက်အမှုလိုက်အရာရှိကပြောဆိုလျှင်၊ စစ်တရားရုံးသည်၊ ထိုအခြားပြစ်မှုများအ တွက်ဖြစ်စေ၊ ပေါ့လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်သော ပြစ်မှုအတွက်ဖြစ်စေ၊ ဆိုခဲ့သည့်ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့်မဆန့်ကျင်စေဘဲ၊ စွဲချက်တင် ထားသည့် ပြစ်မှုအတွက်ဖြစ်စေ၊ "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို လက်ခံ၍ ရေးမှတ်နိုင်သည်။

သို့ရာတွင် ဆိုခဲ့သည့်အတိုင်း၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ၏ သဘောတူညီချက်ရယူရန် ပျက်ကွက်စေကာမူ၊ ထိုသို့ပျက်ကွက်ခြင်းကြောင့်၊ အတည်ပြုသည့်အခါ၊ စစ်တရားရုံး၏ မှုခင်းကိစ္စဆောင်ရွက်ခြင်းများသည် မပျက်ပြယ်စေရ။

(၁၀) စွဲချက်အသီးသီးအတွက် ဆုံးဖြတ်ချက်ကို၊ လူသိရှင်ကြားတရားခွင်တွင် ချက်ခြင်းထုတ်ဖေါ်ပြော ဆို ရမည့်ပြင်၊ ထိုဆုံးဖြတ်ချက်သည်၊ အတည်ပြုရန်လိုသော ဆုံးဖြတ်ချက်ဖြစ်ကြောင်းကိုလည်း ထုတ်ဖေါ် ပြောဆိုရမည်။

တရားသေလွှတ်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၆၂။ ။စွဲချက်အားလုံးအတွက် ဆုံးဖြတ်ချက်သည်၊ "အပြစ်မရှိ"ဟူသော ဆုံးဖြတ်ချက်ဖြစ်လျှင်၊ စစ်တရား ရုံးဥက္ကဋ္ဌသည်၊ ဆုံးဖြတ်ချက်ကို ရက်စွဲတပ်၍ လက်မှတ်ထိုးရမည်။ ထိုလက်မှတ်သည်၊ အမှုတွဲတခုလုံး မှန်ကန်ကြောင်းထင်ရှားစေသည့်

Myanmar Law Information System (MLIS)

သက်သေခံဖြစ်သည်။ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ က၊ ထိုအမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရေးအတွက် အမှုတွဲကိုချက်ခြင်းပို့ရမည်။

ပြစ်မှုထင်ရှားစီရင်သည့်အခါ လိုက်နာရမည့် ကျင့်ထုံး။

၆၃။ ။ (၁) စွဲချက်တခုခုအတွက် ဆုံးဖြတ်ချက်သည်၊ "အပြစ်ရှိသည်" ဟူသောဆုံးဖြတ်ချက်ဖြစ်လျှင်၊ ပြစ်ဒဏ်စီရင်ချက်ကို ဆုံးဖြတ်ရာ၌၊ စစ်တရားရုံးအတွက် လမ်းညွှန်သဖွယ် ဖြစ်စေရန်၊ ထို့ပြင် ထိုပြစ် ဒဏ်စီရင်ချက်ကို စဉ်းစားရာ၌ အတည်ပြုအာဏာပိုင်အတွက် လမ်းညွှန်သဖွယ်ဖြစ်စေရန်၊ စစ်တရားရုံး က ပြစ်ဒဏ်ချမှတ်ချက်ကို ဆင်ခြင်သုံးသပ်ခြင်းမပြုမီ၊ ဖြစ်နိုင်သည့်အခါတိုင်း၊ တရားခံ၏ အကျင့် စာရိတ္တ၊ အသက်၊ စစ်မှုထမ်းသက်၊ အဆင့်၊ ထို့ပြင် အသိအမှတ်ပြုသည့် သူရသတ္တိရှိစွာ ဆောင်ရွက် မှုများ၊ သို့ တည်းမဟုတ် ထူးချွန်သော ဆောင်ရွက်မှုတခုခု၊ စစ်တရားရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံးက ဖြစ်စေ၊ ယခင်ကတရားခံအားပြစ်မှုထင်ရှားစီရင်ခြင်းများ၊ ပုဒ်မ ၈၂၊ ပုဒ်မ ၈၅၊ ပုဒ်မ ၈၆၊ သို့တည်းမဟုတ် ပုဒ်မ ၈၇ သက်ဆိုင်ရာအရ အာဏာသုံးစွဲသောအရာရှိတဦးက တရားခံအား ယခင်ကချမှတ်သည့် ပြစ်ဒဏ်များ၊ တရားခံဘမ်းဆီးခြင်းခံနေရသည့် အချိန်ကာလ၊ သို့တည်းမဟုတ် ယခင်ပြစ်ဒဏ် ချမှတ်ချက် တခုခုအတွက် တရားခံအချုပ်နှင့်နေရသည့်အချိန်ကာလ၊ ထို့ပြင် တရားခံ၏ လက်ရှိဖြစ်သော၊ သို့တည်းမဟုတ် တရားခံကရသင့်ရထိုက်သောစစ်ဘက်တံဆိပ်တခုခု၊ သို့တည်းမဟုတ် စစ်ဘက်ဆုတခုခုနှင့်စပ်လျဉ်း၍ သက်သေခံချက်ကို ရေးမှတ်ယူရမည်။

(၂) သက်သေတဦးက၊ အထက်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍၊ တရားခံနှင့် ပတ်သက်သည့်၊ တပ် ရင်းမှတ်တမ်းစာအုပ်များရှိ ရေးသွင်းချက်များ၏အကျဉ်းချုပ်ပါရှိသည့် ထွက်ဆိုချက်တရပ်မှန်ကြောင်း နှင့်၊ တရားခံသည်၊ ထိုရေးသွင်းချက်များ၏အကျဉ်းချုပ်တွင် ရည်ညွှန်းထားသူဖြစ်ကြောင်း သက်သေခံ နိုင်သည်။

(၃) တရားခံသည်၊ ထိုသက်သေကို ပြန်လှန်စစ်မေးနိုင်သည့်ပြင်၊ ထိုသက်သေခံချက်မဟုတ်မမှန် ကြောင်းပြသရန်၊ သက်သေများကို ခေါ်နိုင်သည်။ ထို့ပြင် တပ်ရင်းမှတ်တမ်းစာအုပ်များကိုဖြစ်စေ၊ ထိုစာအုပ်များ ရှိ အရေးပါသောရေးသွင်းချက်များ၏နည်းလမ်းတကျတာဝန်ခံမိတ္တူတစောင်ကိုဖြစ်စေ၊ တင်ပြရန် တရားခံကတောင်းဆိုလျှင်၊ ထိုတပ်ရင်းမှတ်တမ်းစာအုပ်များကို၊ သို့တည်းမဟုတ် ထိုစာအုပ် များရှိအရေး ပါသောရေးသွင်းချက်များ၏ နည်းလမ်းတကျ တာဝန်ခံမိတ္တူတစောင်ကိုတင်ပြရမည်။ ထို့ပြင် ထိုရေး သွင်းချက်များ၏ အကျဉ်းချုပ်သည်၊ တပ်ရင်းမှတ်တမ်းစာအုပ်များ၊ သို့တည်းမဟုတ် ထိုတာဝန်ခံမိတ္တူ သက်ဆိုင်ရာရာနှင့်အချက်တခုခုတွင် မကိုက်ညီဟု၊ တရားခံက ကိုးကားပြောဆိုလျှင်၊ စစ်တရားရုံးသည်၊ ထိုရေးသွင်းချက်များ၏ အကျဉ်းချုပ်ကို၊ ထိုစာအုပ်များနှင့်ဖြစ်စေ၊ ထိုတာဝန်ခံမိတ္တူ နှင့်ဖြစ်စေ၊ နှိုင်းယှဉ်ကြည့်ရမည့်ပြင်၊ မကိုက်ညီကြောင်းတွေ့ရှိလျှင်၊ ထိုရေးသွင်းချက်များ၏ အကျဉ်း ချုပ်ကို ကိုက်ညီအောင် ပြင်စေရမည်။

(၄) အထက်ပါ အကြောင်းအရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်အားလုံးကို တင်ပြပြီးသောအခါ၊ တရားခံသည်၊ စစ်တရားရုံးအား၊ ထိုသက်သေခံချက်အားလုံးနှင့်စပ်လျဉ်း၍၊ လျှောက်ထားနိုင်သည့်ပြင်၊ ပြစ်ဒဏ်လျှော့ပေါ့ရန်လည်း၊ လျှောက်ထားနိုင်သည်။



Myanmar Law Information System (MLIS)

ပြစ်ဒဏ်ချမှတ်ချက်။

၆၄။ ။ စစ်တရားရုံးသည်၊ တရားခံအား၊ အပြစ်ရှိသည်ဟု ဆုံးဖြတ်သော ပြစ်မှုအားလုံးနှင့်စပ်လျဉ်း၍၊ ပြစ်ဒဏ်ချမှတ်ချက်တခုတည်းကိုသာချမှတ်ရမည်။ ထို့ပြင် ထိုပြစ်ဒဏ်ချမှတ်ချက်သည်၊ တရားဥပဒေ နှင့်အညီ ပြစ်ဒဏ်ချမှတ်ချက် မချမှတ်နိုင်သော၊ စွဲချက်တခုတွင်ပါရှိသည့်၊ ပြစ်မှုနှင့်စပ်လျဉ်း၍ ချမှတ် ခြင်းမဟုတ်ဟု မှတ်ယူပြီး၊ တရားဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ချက် ချမှတ်နိုင်သော၊ စွဲချက်တခုစီတွင် ပါရှိသည့်၊ ပြစ်မှုတခုခုနှင့်စပ်လျဉ်း၍ ချမှတ်ခြင်းဟုမှတ်ယူရမည်။

ညှာတာရန်ထောက်ခံခြင်း။

၆၅။ ။ (၁) ညှာတာရန် စစ်တရားရုံးက ထောက်ခံလျှင်၊ ထိုထောက်ခံခြင်းအတွက် အကြောင်းပြချက်များ ကို စစ်တရားရုံးကတင်ပြရမည်။

(၂) ဤနည်းဥပဒေတွင် ဖော်ပြထားသော ညှာတာရန်ထောက်ခံခြင်းကိုဖြစ်စေ၊ ထိုသို့ညှာတာရန်ထောက် ခံခြင်းနှင့်စပ်ဆိုင်သည့် ပြဿနာတခုခုကိုဖြစ်စေ၊ လက်ခံသည့်၊ သို့တည်းမဟုတ် ပယ်သည့်၊ ထင်မြင်ယူ ဆချက်များ၏အရေအတွက်ကိုအမှုတွဲတွင် ရေးသွင်းနိုင်သည်။

ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ဖော်ပြောဆိုခြင်း၊ အမှုတွဲကိုလက်မှတ်ထိုးခြင်းနှင့်ပို့ခြင်း။

၆၆။ ။ (၁) ညှာတာရန်ထောက်ခံလျှင်၊ ထိုထောက်ခံချက်အပြင်၊ ထိုသို့ထောက်ခံရသည့်အကြောင်းများ နှင့်တကွ၊ ပြစ်ဒဏ်ချမှတ်ချက်ကို၊ လူသိရှင်ကြား တရားခွင်တွင် ချက်ခြင်းထုတ်ဖော်ပြောဆိုရမည်။ ပြစ် ဒဏ်ချမှတ်ချက်သည်၊ အတည်ပြုရန်လိုသော ပြစ်ဒဏ်ချမှတ်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုရမည်။

(၂) စစ်တရားရုံးက ပြစ်ဒဏ်ချမှတ်ချက် ချမှတ်ရာတွင်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့်အရာရှိသည်၊ ထို ပြစ်ဒဏ်ချမှတ်ချက်ကို ရက်စွဲတပ်ပြီးနောက် လက်မှတ်ထိုးရမည်။ ထိုလက်မှတ်သည်၊ အမှုတွဲတခု လုံးမှန်ကန်ကြောင်း ထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။ စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေ အရာရှိက၊ ထိုအမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရေးအတွက် အမှုတွဲကို ချက်ခြင်းပို့ရ မည်။

**အတည်ပြုခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း။**

ပြန်လည်ပြင်ဆင်ခြင်း။

၆၇။ ။ (၁) ဆုံးဖြတ်ချက်ကို၊ ပုဒ်မ ၁၆၄ အရ ပြန်လည်ပြင်ဆင်ရန်အတွက်၊ ပြန်ပို့လိုက်သောအခါ၊ စစ်တ ရားရုံးသည်၊ လူသိရှင်ကြားတရားခွင်တွင် ပြန်လည်ရုံးထိုင်ရမည့်ပြင်၊ ပြန်လည်ပြင်ဆင်ရန် အမိန့်ကို လည်း ဘတ်ကြားရမည်။ ထို့ပြင် နောက်ထပ်သက်သေခံချက်ယူရန် စစ်တရားရုံးအားညွှန်ကြားလျှင်၊ ထိုသက်သေခံချက်ကို၊ လူသိရှင်ကြားတရားခွင်တွင် ယူရမည်။ ထို့နောက် စစ်တရားရုံးသည်၊ လျှို့ဝှက်တ ရားခွင်တွင်၊ မိမိ၏ဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ရမည်။

(၂) ဆုံးဖြတ်ချက်ကို၊ ပြန်လည်ပြင်ဆင်ရန်အတွက်၊ ပြန်ပို့ရာတွင်၊ စစ်တရားရုံးက၊ မိမိ၏ ယခင်ဆုံး ဖြတ်ချက်ကို ပြောင်းလဲလိုသည့်အခါ၊ စစ်တရားရုံးသည်၊ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်တို့ကို ပြန်လည်ရုပ်သိမ်းရမည့်ပြင်၊ ဆုံးဖြတ်ချက်အသစ်ကို ရေးသားချမှတ်၍၊ ထိုဆုံးဖြတ်ချက်အသစ်အတွက်၊ ပြစ်ဒဏ် ချမှတ်ချက်တရပ်ချမှတ်ရန်လိုလျှင်၊ ပြစ်ဒဏ်ချမှတ်ချက်ကို အသစ်တဖန်ချမှတ်ရမည်။

Myanmar Law Information System (MLIS)

(၃) ပြစ်ဒဏ်ချမှတ်ချက်ကိုသာလျှင် ပြန်လည်ပြင်ဆင်ရန်အတွက် ပြန်ပို့သောအခါ၊စစ်တရားရုံးသည်၊ ဆုံးဖြတ်ချက်ကိုပြန်လည်ပြင်ဆင်ခြင်းမပြုရ။

(၄) ပြန်လည်ပြင်ဆင်ပြီးသည့်နောက်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိက၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်ကိုရက်စွဲတပ်၍ လက်မှတ်ထိုးရမည်။ ထို့ပြင် စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ အမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရန်အတွက် အမှုတွဲကို ချက်ခြင်းပို့ရမည်။

စစ်တရားရုံး၏ အမှုတွဲကိုပြန်လည်သုံးသပ် ခြင်း။

၆၈။ ။ စစ်ဆေးစီရင်ရာ၌ရှိသည့် စစ်ဥပဒေအရာရှိက၊ စစ်တရားရုံးချုပ်၏ အမှုတွဲကို၊ ဆိုင်ရာ စစ်ဌာန ချုပ်ရှိ ဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်ထံသို့ ပြန်လည်သုံးသပ်ရန်အတွက် ပို့ရမည်။ ထို့နောက် ထိုဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်က အမှုတွဲကို အတည်ပြုအရာရှိထံသို့ ပို့ရမည်။ တိုင်းစစ်တရားရုံးတရုံး၏ အမှုတွဲကို၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိကဖြစ်စေ၊ စစ်ဥပ ဒေအရာရှိကဖြစ်စေ၊ အတည်ပြုအရာရှိထံသို့ တိုက်ရိုက်ပို့ရမည်။ ပြစ်ဒဏ်ချမှတ်ချက်သည်၊ အမြဲတန်း ထုတ်ပစ်ဒဏ်သော်၎င်း၊ အမြဲတန်းထုတ်ပစ်ဒဏ်အထက် ပြစ်ဒဏ်သော်၎င်း၊ ဖြစ်သော ကိစ္စအားလုံးတွင်၊ အတည်ပြုအရာရှိသည်၊ အတည်မပြုသေးမီ၊ ဆိုင်ရာစစ်ဌာနချုပ်ရှိ ဒုတိယ၊ သို့တည်းမဟုတ် လက် ထောက်စစ်ဥပဒေချုပ်၏ အကြံဉာဏ်ကို တောင်းရမည်။

အတည်ပြုခြင်း။

၆၉။ ။ စစ်တရားရုံးချုပ်၏ အမှုတွဲကို ဖြစ်စေ၊ တိုင်း စစ်တရားရုံး၏အမှုတွဲကိုဖြစ်စေ၊ လက်ခံရရှိသော အခါ၊ အတည်ပြုအာဏာပိုင်က၊ အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် အတည်ပြုခြင်းကိုငြင်းပယ်နိုင် သည်၊ သို့တည်းမဟုတ် အတည်ပြုခြင်းကို အထက်အာဏာပိုင်အတွက် သီးသန့်ထားနိုင်သည်။ အတည် ပြုခြင်း၊ အတည်မပြုခြင်း၊ သို့တည်းမဟုတ် သီးသန့်ထားခြင်းကို၊ အမှုတွဲတွင် ရေးသွင်းရမည့်ပြင်၊ အတည်ပြုခြင်း၊ အတည်မပြုခြင်း၊ သို့တည်းမဟုတ် သီးသန့်ထားခြင်းသည်၊ အမှုတွဲ၏ အစိတ်အပိုင်း ဖြစ်စေရမည်။

ထုတ်ပြန်ကျေညာခြင်း။

၇၀။ ။ စွဲချက်၊ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်၊ ထို့ပြင် ညှာတာရန်ထောက်ခံချက်တခုခုကို၊ မှုခင်း ကိစ္စအတည်ပြုခြင်းနှင့်အတူတကွသော်၎င်း၊ မှုခင်းကိစ္စအတည်မပြုခြင်းနှင့်အတူတကွသော်၎င်း၊ အ တည်ပြုအာဏာပိုင်က ညွှန်ကြားသည့်နည်းလမ်းအတိုင်း၊ ထုတ်ပြန်ကျေညာရမည်။ ညွှန်ကြားချက်မ ပေးလျှင်၊ စစ်ဘက်ထုံးတမ်းနှင့်အညီ ထုတ်ပြန်ကျေညာရမည်။ ထုတ်ပြန်ကျေညာခြင်းကို မပြုမခြင်း၊ အတည်ပြုခြင်းသည်၊ မပြည့်စုံသည့်ပြင်၊ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်တို့ကို ထုတ်ပြန်ကျေညာ ခြင်းမပြုမခြင်း၊ အတည်ပြုပြီးဟု မမှတ်ယူရ။

တစိတ်တဒေသအားဖြင့် အတည်ပြုသောအခါ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုလျှော့ပေါ့စေခြင်း။

၇၁။ ။ (၁) စစ်တရားရုံးတရုံးက၊ စွဲချက်အများအပြားပါပြစ်မှုများနှင့်စပ်လျဉ်း၍၊ ပြစ်ဒဏ်ချမှတ်ချက် တခုကို ချမှတ်ပြီးနောက်၊ အတည်ပြုအာဏာပိုင်ကလည်း၊ ထိုစွဲချက်အားလုံးအတွက် ဆုံးဖြတ်ချက်တို့ကို အတည်မပြုဘဲ၊ စွဲချက်အချို့အတွက် ဆုံးဖြတ်ချက်ကိုသာအတည်ပြုသောအခါ၊ ထိုအတည်ပြုအာဏာ ပိုင်သည်၊ ထိုသို့အတည်မပြုခြင်းကို



Myanmar Law Information System (MLIS)

ထည့်သွင်းစဉ်းစားလျက်၊ တရားမျှတသည်ဟုမိမိယူဆပါက၊ အတည်ပြုသော ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍၊ စွဲချက်များပါ ပြစ်မှုများကို ထောက်ရှုလျက်၊ တရားမျှ တသည်ဟုမိမိထင်မြင်သည့်အတိုင်း၊ ချမှတ်သည့်ပြစ်ဒဏ်ကိုလျှော့ပေါ့ရမည်။ လွတ်ငြိမ်းသက်သာခွင့် ပြုရ မည်၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲရမည်။

(၂) စွဲချက်အများအပြားပါ ပြစ်မှုများနှင့်စပ်လျဉ်း၍၊ စစ်တရားရုံးတရုံးက ပြစ်ဒဏ်ချမှတ်ချက် တရပ်ကိုချမှတ်ပြီးနောက်၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကိုလည်း အတည်ပြုပြီးသည့်ပြင်၊ အဆိုပါစွဲချက်များ အနက်၊ စွဲချက်တခုခုသည်၊ သို့တည်းမဟုတ် ထိုစွဲချက်အတွက် ဆုံးဖြတ်ချက်သည်၊ မခိုင်လုံဟု တွေ့ရှိ သောအခါ၊ စီရင်ချက်အရ ချမှတ်သည့် ပြစ်ဒဏ်ကို လျှော့ပေါ့ရန်၊ လွတ်ငြိမ်းသက်သာခွင့်ပြုရန်၊ သို့တည်း မဟုတ် လျှော့ပေါ့ပြောင်းလဲရန် အာဏာရရှိသော အာဏာပိုင်သည်၊ ထိုသို့မခိုင်လုံမှုကို ထည့်သွင်းစဉ်းစား လျက်၊ တရားမျှတသည်ဟု မိမိယူဆလျှင်၊ ခိုင်လုံသည့် ဆုံးဖြတ်ချက် ချမှတ်ထားသည်လည်းဖြစ်၍၊ ခိုင် လုံသည့်စွဲချက်များတွင် ပါရှိသည်လည်းဖြစ်သော ပြစ်မှုများကို ထောက်ရှုလျက်၊ တရားမျှတသည်ဟု မိမိကထင်မြင်သည့်အတိုင်း၊ ချမှတ်သည့် ပြစ်ဒဏ်ကို လျှော့ပေါ့ရမည်၊ လွတ်ငြိမ်းသက်သာခွင့်ပြုရမည်၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲရမည်။ ထို့ပြင် ထိုသို့ပြောင်းလဲပြင်ဆင်လိုက်သည့်ပြစ်ဒဏ်သည်၊ ထို ပြစ်မှုများအတွက်သာ မူလက ချမှတ်ဘိသကဲ့သို့ ခိုင်လုံရမည်။

ပြစ်ဒဏ်ဖေါ်ပြချက် နည်းလမ်းတကျမရှိစေကာမူ၊ သို့တည်းမဟုတ် တရားဥပဒေကခွင့်ပြုသည့် ပြစ်ဒဏ်ထက်ပိုစေကာမူ၊ အတည်ပြုခြင်း။

၇၂။ ။ စစ်တရားရုံးတရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို နည်းလမ်းတကျရေးသားဖေါ်ပြခြင်းမပြုလျှင်၊ ပြစ် ဒဏ်ချမှတ်ချက်ကို အတည်ပြုသောအခါ၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကို နည်းလမ်းတကျရေးသားဖေါ်ပြရာ ရောက်စေခြင်းအလို့ငှါ၊ အတည်ပြုအာဏာပိုင်သည်၊ ရေးသားပုံကိုပြောင်းလဲနိုင်သည်။ ပြစ်ဒဏ်ချမှတ် ချက်အရ၊ ချမှတ်သည့် ပြစ်ဒဏ်သည်၊ တရားဥပဒေက ခွင့်ပြုသည့် ပြစ်ဒဏ်ထက်ပိုလျှင်၊ တရားဥပဒေ ကခွင့်ပြုသည့် ပြစ်ဒဏ်ထက်၊ ထိုချမှတ်သည့်ပြစ်ဒဏ်ကမပိုစေခြင်းအလို့ငှါ၊ အတည်ပြုအာဏာပိုင်သည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ပြောင်းလဲနိုင်သည်။ ထို့ပြင် အတည်ပြုအာဏာပိုင်သည်၊ စစ်တရားရုံး၏ဆုံးဖြတ် ချက်နှင့်ထိုသို့ပြောင်းလဲလိုက်သည့်ပြစ်ဒဏ်ချမှတ်ချက်ကို၊ အတည်ပြုနိုင်သည်။

အဖွဲ့ဝင်၊ သို့တည်းမဟုတ် တရားလိုဘက် အမှုလိုက်အရာရှိက မှုခင်းကိစ္စကိုအတည်မပြုရ။

၇၃။ ။ စစ်တရားရုံး၏ အဖွဲ့ဝင်သည်၊ သို့တည်းမဟုတ် စစ်တရားရုံးတွင်၊ တရားလိုဘက်အမှုလိုက်အရာ ရှိအဖြစ် ဆောင်ရွက်သော အရာရှိသည်၊ ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုသော်၎င်း၊ ပြစ်ဒဏ် ချမှတ်ချက်ကိုသော်၎င်း၊ အတည်မပြုရ။ ထို့ပြင် ထိုအဖွဲ့ဝင်သည်၊ သို့တည်းမဟုတ် တရားလိုဘက် အမှု လိုက်အရာရှိသည်၊ အတည်ပြုအရာရှိဖြစ်လာပါက၊ ထိုအတည်ပြုအရာရှိသည်၊ စစ်တရားရုံး၏ ဆုံးဖြတ် ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်ကို၊ အလားတူစစ်တရားရုံးမျိုး၏ ဆုံးဖြတ်ချက်များနှင့်ပြစ်ဒဏ်ချမှတ်ချက် များအတည်ပြုနိုင်သည့် အထက်အာဏာပိုင်ထံသို့ လွှဲအပ်တင်ပြရမည်။

**စစ်တရားရုံးချုပ်နှင့်တိုင်းစစ်တရားရုံးတို့လိုက်နာရမည့် ကျင့်ထုံး။**

ရုံးတွင်းအဖွဲ့ဝင်များထိုင်ပုံ။

Myanmar Law Information System (MLIS)

၇၄။ ။ စစ်တရားရုံး၏ အဖွဲ့ဝင်များသည်၊ မိမိတို့၏ အဆင့်အလိုက်၊ ရုံးတွင် နေရာယူကြရမည်။

ဥက္ကဋ္ဌအဖြစ်ဆောင် ရွက်သောအရာရှိ၏တာဝန်။

၇၅။ ။ (၁) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိမှာ၊ စစ်ဆေးစီရင်ခြင်းကို၊ မှန်ကန်သောအစီအစဉ်အ တိုင်း ဆောင်ရွက်ရန်၊ အက်ဥပဒေနှင့်အညီငင်း၊ အက်ဥပဒေအရပြုသော နည်းဥပဒေများနှင့်အညီ ငင်း၊ ဆောင်ရွက်ရန်နှင့် တရားစီရင်သော ရုံးတရုံးနှင့်လျော်ညီသည့် နည်းလမ်းအတိုင်းဆောင်ရွက်ရန် တာဝန် ရှိသည်။

(၂) တရားမျှတစွာ ဆောင်ရွက်ရန်၊ တရားမျှတသည့် စစ်ဆေးစီရင်မှုကို၊ တရားခံရရှိစေရန်နှင့် စစ်ဆေး စီရင်ခြင်းကို ခံနေရသူ တဦးဖြစ်နေသောကြောင့်၊ သို့တည်းမဟုတ် မသိနားမလည်မှုကြောင့်၊ သို့တည်း မဟုတ် သက်သေများကိုစစ်မေးရန်သော်ငင်း၊ ပြန်လှန်စစ်မေးရန်သော်ငင်း၊ မစွမ်းဆောင်နိုင်ခြင်း ကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းကြောင့်၊ တရားခံ၌ မည်သည့်နစ်နာမှုမျှမရှိစေရန်၊ ဂရုစိုက် ရမည့် တာဝန်သည်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အရာရှိ၏ တာဝန်ဖြစ်သည်။

တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံတို့၏ လျှောက်ထားရာ၌ စစ်တရားရုံး၏အာဏာ။

၇၆။ ။ (၁) တရားလိုဘက်အမှုလိုက်အရာရှိ၏ တာဝန်သည်၊ စစ်တရားရုံးကို၊ တရားစီရင်ရေးတွင် ကူညီ ရန်၊ မျက်နှာမလိုက်ဘဲ ဆောင်ရွက်ရန်၊ စစ်တရားရုံး၏ရှေ့မှောက်သို့မှုခင်းကိစ္စတခုလုံးကိုတင်ပြရန်၊ ထို့ ပြင်တရားခံအပေါ်မတရားသော အခွင့်ကောင်းယူမှု တခုခုကို မပြုရန်၊ သို့တည်းမဟုတ် တရားခံအတွက် အကျိုးရှိစေသည့် သက်သေခံချက်တခုခုကိုဖုံးကွယ်မထားရန်ဖြစ်သည်။

(၂) တရားလိုဘက် အမှုလိုက်အရာရှိသည်၊ စစ်တရားရုံး၏ ရှေ့မှောက်တွင်၊ ရှိဆဲစွဲချက်နှင့်ဖြစ်စေ၊ စွဲ ချက်များနှင့်ဖြစ်စေ၊ မသက်ဆိုင်သည့်ကိစ္စတခုခုကိုမတင်ပြရ။ ထို့ပြင်တရားလိုဘက်အမှုလိုက်အရာရှိ အား၊ မသက်ဆိုင်သည့်ကိစ္စတခုခုကိုတင်ပြခြင်းမှတားမြစ်ရန်နှင့်ကြမ်းတမ်းမလျော်ကန်သော၊ သို့တည်း မဟုတ် မျှတမှု ကင်းမဲ့သော၊ သို့တည်းမဟုတ် သိမ်မွေ့ခြင်းကင်းမဲ့သောစကားပြောဆိုခြင်းကို ဟန့်တား ရန်လည်း၊ စစ်တရားရုံး၌တာဝန်ရှိသည်။

(၃) စစ်တရားရုံးသည်၊ တရားခံအား၊ ၎င်း၏ခုခံချေပရေးတွင် လွတ်လပ်စွာပြုလုပ်ခွင့်ပေးနိုင်သမျှ ပေးရမည်။ တရားခံသည်၊ စစ်တရားရုံးကို မထီလေးစားပြုသော၊ သို့တည်းမဟုတ် အရိုအသေကင်းမဲ့ သောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည့်ပြင်၊ အခြားသူများအပေါ်ကြမ်းတမ်းသောစကားများနှင့် စော်ကား သောစကားများပြောဆိုခြင်းမှလည်း၊ ရှောင်ကြဉ်ရမည်။ သို့သော်လည်း တရားခံသည်၊ ၎င်း၏ခုခံချေပရေးအတွက် သက်သေများနှင့်တရားလိုဘက်အမှုလိုက်အရာရှိတို့၏ သက်သေခံချက်နှင့် ရိုးရင်းရည်ရွယ်ချက်များကို စွပ်စွဲပြစ်တင်နိုင်သည့်ပြင်၊ အခြားသူများအား အပြစ်တင်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများ ပင်ဖြစ်ခြင်းဖြင့် စွပ်စွဲနိုင်သည်။ ထိုသို့အပြစ်တင်ခြင်း၊ စွပ်စွဲခြင်း ပြုလုပ်လျှင်၊ ထိုသို့ပြစ်တင်စွပ်စွဲသည့် အတွက် ကျရောက်လာသော တာဝန်ကို တရားခံကခံယူရမည်။ တရားခံ၏ ခုခံချေပခြင်းသည်၊ အမှုနှင့် မသက်ဆိုင်ကြောင်းကို၊ စစ်တရားရုံးက၊ တရားခံအား သတိပေးနိုင်သည်။ သို့သော်လည်း အထူးကိစ္စ များမှအပ၊ အမှုနှင့်မသက်ဆိုင်ဆိုသည့် အကြောင်းပြချက်တခုတည်းဖြင့်၊ စစ်တရားရုံးက၊ တရားခံ၏ ခုခံ ချေပခြင်းကို မတားမြစ်ရ။

Myanmar Law Information System (MLIS)

တရားခံများကို အတူတကွ စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့်ကျင့်ထုံး။

၇၇။ ။ တရားခံနှစ်ဦးကို၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော တရားခံများကို၊ အတူတကွ စစ်ဆေးစီ ရင်၍၊ အမှု၏ အကြောင်းခြင်းရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်တခုခုကို၊ တရားခံများအနက်၊ တရားခံတဦးက၊ သို့တည်းမဟုတ် တဦးထက်ပိုသောတရားခံများက၊ တင်ပြသောအခါ၊ တရားခံအားလုံး ကသော်၎င်း၊ တရားခံအားလုံးကိုယ်စားသော်၎င်း၊ တင်ပြသည့် သက်သေခံချက်နှင့်လျှောက်ထားချက် များကို၊ တရားလိုဘက်အမှုလိုက်အရာရှိက ပြန်လှန်မချေပမီ၊ ရေးမှတ်ယူရမည်။ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိသည်၊ တရားခံအားလုံးနှင့်စပ်လျဉ်း၍၊ ပြန်လှန်ချေပလျှောက်ထားချက်တခုကိုသာပေးရ မည်။

သီးခြားစွဲချက်လွှာများ။

၇၈။ ။ (၁) စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ တရားခံအပေါ် စွဲဆိုသည့် စွဲချက်များကို၊ သီးခြားစွဲ ချက်လွှာများတွင် ထည့်သွင်းရန် ညွှန်ကြားနိုင်သည်။ ထို့ပြင် စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ ထိုသို့ ညွှန်ကြားသောအခါ၊ စွဲချက်လွှာတခုစီအတွက် သီးခြားလျက်၊ တရားခံအား စွဲချက်တင်၍၊ စစ်မေးရမည့် ပြင်၊ ဆုံးဖြတ်ချက် ချမှတ်ပြီးသည်အထိ၊ စစ်ဆေးစီရင်ရမည်။ ထို့ပြင် စွဲချက်လွှာတခုစီတွင်၊ တရားခံအ ပေါ်စွဲဆိုသည့် စွဲချက်အားလုံးပါဝင်နေဘိသကဲ့သို့၊ နည်းဥပဒေ ၄၇မှ ၆၁ထိ၊ ထိုနည်းဥပဒေနှစ်ခုလုံးအပါ အဝင်ဖြစ်သော နည်းဥပဒေများပါ ကျင့်ထုံးကို၊ ဆုံးဖြတ်ချက် ချမှတ်ပြီးသည်အထိ၊ လိုက်နာဆောင်ရွက် ရမည်။

(၂) စွဲချက်လွှာ အများအပြားအရ စစ်ဆေးစီရင်ခြင်းများသည်၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက ညွှန် ကြားသည့်အစီအစဉ်အတိုင်းဖြစ်ရမည်။

(၃) စစ်တရားရုံးသည်၊ စွဲချက်လွှာအားလုံးနှင့်စပ်လျဉ်း၍၊ တရားခံအား စစ်ဆေးစီရင်ပြီးသောအခါ၊ စွဲ ချက်အားလုံးအတွက်ဆုံးဖြတ်ချက်သည်၊ "အပြစ်မရှိ"ဟူသော ဆုံးဖြတ်ချက်ဖြစ်နေသည့်ကိစ္စမျိုးတွင်၊ သီးခြားစွဲချက်လွှာများရှိ စွဲချက်အားလုံးသည်၊ စွဲချက်လွှာတခုတည်းတွင် ပါဝင်နေဘိသကဲ့သို့၊ နည်းဥပ ဒေ ၆၂က ညွှန်ကြားသည့်အတိုင်း၊ ဆက်လက်ဆောင်ရွက်ရမည်။ ထို့ပြင် စွဲချက်များအနက်၊ စွဲချက်တခု အတွက်၊ သို့တည်းမဟုတ် တခုထက်ပိုသည့် စွဲချက်များအတွက်၊ ဆုံးဖြတ်ချက်သည်၊ "အပြစ်ရှိသည်"ဟူ သောဆုံးဖြတ်ချက်ဖြစ်နေသည့် ကိစ္စမျိုးတွင်၊ သီးခြားစွဲချက်လွှာများရှိ စွဲချက်အားလုံးသည်၊ စွဲချက်လွှာ တခုတည်းတွင်ပါဝင်နေဘိသကဲ့သို့၊ နည်းဥပဒေ ၅၃ အပြင်၊ နည်းဥပဒေ ၆၃ မှ ၆၆ ထိ၊ ထိုနည်းဥပဒေနှစ် ခုလုံးအပါအဝင်ဖြစ်သော နည်းဥပဒေများက ညွှန်ကြားသည့်အတိုင်း၊ ဆက်လက်ဆောင်ရွက်ရမည်။ ထို့ ပြင် ချမှတ်လိုက်သည့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ စွဲချက်လွှာတခုတည်းတွင် စွဲချက်အားလုံးပါဝင်နေဘိသ ကဲ့သို့၊ ထပ်တူအကျိုးသက်ရောက်ရမည်။

(၄) စွဲချက်လွှာတခုခုရှိ စွဲချက်အတွက်၊ တရားခံအား ပြစ်မှုထင်ရှားစီရင်သည့်ကိစ္စတွင်၊ နောက်စွဲချက် လွှာများအရ၊ ထိုသူအား စစ်ဆေးစီရင်ရန်မလိုဟု၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားလျှင်၊ စစ်တရားရုံးသည်၊ အဆိုပါကိစ္စတွင်၊ နောက်စွဲချက်လွှာများအနက်၊ မည်သည့်စွဲချက်လွှာနှင့်မဆို စပ်လျဉ်း၍၊ ထိုသူအား စစ်ဆေးစီရင်ခြင်းမပြုဘဲ၊ နည်းဥပဒေခွဲ (၃) ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်နိုင် သည်။



Myanmar Law Information System (MLIS)

(၅) စွဲချက်လွှာတွင်၊ တခုထက်ပိုသည့် စွဲချက်များပါဝင်သောအခါ၊ တရားခံက၊ စွဲချက်များကို မဖြေကြား မီ၊ ထိုစွဲချက်လွှာပါ စွဲချက်တခုခုနှင့်ဖြစ်စေ၊ စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ ခွဲခြားပြီး စစ်ဆေးစီရင် ခြင်းမပြုသည့်အတွက်၊ မိမိ၏ ခုခံချေပရေးကို အနှောင့်အရှက်ဖြစ်စေမည်ဟု အကြောင်းပြလျက်၊ ထိုသို့ ခွဲခြားပြီး စစ်ဆေးစီရင်ရန် တောင်းဆိုနိုင်သည်။ ထို့ပြင် ယင်းသို့တောင်းဆိုသည့်ကိစ္စမျိုးတွင်၊ တရားခံ ၏ တောင်းဆိုချက်သည်၊ ယုတ္တိမရှိဟု စစ်တရားရုံးက ထင်မြင်သည့်အခါမှတပါး၊ အဆိုပါစွဲချက်ကိုဖြစ် စေ၊ စွဲချက်များကိုဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိက၊ သီးခြားစွဲချက်လွှာများတွင် ထည့်သွင်း ထားဘိ သကဲ့သို့၊ စစ်တရားရုံးသည်၊ တရားခံအား စွဲချက်တင်၍၊ စစ်မေးပြီး စစ်ဆေးစီရင် ရမည်။

(၆) စွဲချက်လွှာပါ စွဲချက်တခုခုနှင့်စပ်လျဉ်း၍၊ "အပြစ်ရှိသည်"ဟူသောဖြေကြားချက်တရပ်ကို၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်အဖြစ် ရေးသားချမှတ်ခဲ့လျှင်၊ စွဲချက်လွှာအားလုံးအတွက် ဆုံးဖြတ်ချက်များကို ချမှတ်ပြီးသည်အထိ၊ စစ်တရားရုံးသည်၊ နည်းဥပဒေ ၅၃ ၏ နည်းဥပဒေခွဲ (၃) နှင့် (၄) ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုရ။

လျှို့ဝှက်တရားခွင်တွင်ရုံးထိုင်ခြင်း။

၇၉။ ။ (၁) ဤနည်းဥပဒေများက၊ စစ်တရားရုံးတရုံးအား၊ လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ရန်ညွှန်ကြား သောအခါ၊ စစ်တရားရုံးသည်၊ လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ရမည်။ ထို့ပြင် အဖွဲ့ဝင်များအချင်းချင်း ဆင်ခြင်သုံးသပ်မှုတခုခုကိုပြုကြသည့်၊ အခြားမည်သည့်ကိစ္စမျိုးတွင်မဆို၊ စစ်တရားရုံးသည်၊ လျှို့ဝှက် တရားခွင်တွင် ရုံးထိုင်နိုင်သည်။

(၂) လျှို့ဝှက်တရားခွင်တွင်၊ စစ်တရားရုံး၏အဖွဲ့ဝင်များ၊ စစ်ဥပဒေအရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာ ရှိ၊ ထို့ပြင်သင်ကြားမှုခံယူနေသည့်အရာရှိများမှအပ၊ မည်သူမျှမရှိစေရ။

(၃) ဤနည်းဥပဒေပါ အထက်ပြဋ္ဌာန်းချက်များအထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ စစ်တရားရုံး သည်၊ စဉ်းစားခန်းဝင်နိုင်သည်၊ သို့တည်းမဟုတ် ရှိနေပိုင်ခွင့်မရှိသည့် အခြားသူအားလုံးကို၊ မိမိတို့ရုံးအ တွင်းမှ ဖယ်ရှားစေနိုင်သည်။

(၄) အထက်၌ဖော်ပြထားသည့်အတိုင်းမှတပါး၊ နေရာတခုခုကိုကြည့်ရှုခြင်းအပါအဝင်၊ အခြားမှုခင်းကိစ္စ ဆောင်ရွက်ခြင်းအားလုံးကို၊ နည်းဥပဒေခွဲ (၅)နှင့် မဆန့်ကျင်စေဘဲ၊ လူသိရှင်ကြား တရားခွင်တွင်၊ ထို့ ပြင် တရားခံ၏မျက်မှောက်တွင် ပြုလုပ်ရမည်။

(၅) တရားခံမှတပါး၊ သက်သေခံရဦးမည်ဖြစ်သော သက်သေတဦးဦးကိုဖြစ်စေ၊ စစ်တရားရုံး၏ မှုခင်း ကိစ္စဆောင်ရွက်ခြင်းများကို နှောင့်ရှက်သည့် အခြားသူတဦးဦးကိုဖြစ်စေ၊ စစ်တရားရုံးအတွင်းမှ ထုတ် ပစ်နိုင်သည့် အာဏာသည်၊ စစ်တရားရုံး၌ရှိရမည်။

ရုံးထိုင်ချိန်များ။

၈၀။ ။ (၁) စစ်တရားရုံးသည်၊ နံနက်ခြောက်နာရီနှင့် မွန်းလွဲခြောက်နာရီအကြားတွင် သက်ဆိုင်ရာ စစ် ဘက်အထက်အာဏာပိုင်က ညွှန်ကြားသည့် အချိန်နာရီနှင့် ကာလအပိုင်းအခြားအတွက်၊ ရုံးထိုင်နိုင် သည်။

Myanmar Law Information System (MLIS)

ထိုသို့သောညွှန်ကြားချက်မရှိသမျှ၊ ထိုအချိန် နာရီများအတွင်း၊ စစ်တရားရုံးက၊ အခါအားလျော်စွာသတ်မှတ်သည့် အချိန်နာရီနှင့် ကာလအပိုင်းအခြားအတွက် ရုံးထိုင်နိုင်သည်။ သို့သော်လည်း မည် သည့်နေ့တနေ့တွင်မဆို၊ ခြောက်နာရီထက်ပို၍၊ မည်သည့်စစ်တရားရုံးမျှ၊ ရုံးမထိုင်ရ။

(၂) မွန်းလွဲခြောက်နာရီနောက်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ သို့တည်းမဟုတ် မည် သည့်နေ့တွင်မဆို ခြောက်နာရီထက်ပို၍၊ ရုံးထိုင်ရန် လိုအပ်သည်ဟု၊ စစ်တရားရုံးက ယူဆလျှင်၊ စစ်တရားရုံးသည်၊ လိုအပ်သည့်အတိုင်းရုံးထိုင်နိုင်သည်။ သို့သော်လည်း စစ်တရားရုံးက ထိုသို့ ရုံးထိုင် လျှင်၊ ထိုသို့ရုံးထိုင်ခြင်းအတွက် အကြောင်းပြချက်ကို အမှုတွဲတွင် ရေးမှတ်ရမည်။

(၃) လတ်တလော စံနမူနာပြရန်လိုသည့်အမှုမျိုးတွင်၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိ က ပြည်သူ့အကျိုးအတွက် လိုအပ်သည်ဟု၊ တာဝန်ခံလက်မှတ်ရေးထိုးသည့်အမှုမျိုးတွင်၊ စစ်ဆေးစီရင် ခြင်းကို မည်သည့်အချိန်နာရီတွင်မဆို ပြုလုပ်နိုင်သည်။

(၄) အစိုးရ ရုံးပိတ်ရက်များတွင်၊ စစ်ဘက်လတ်တလော လိုအပ်ခြင်းများကြောင့်ဖြစ်စေ၊ စစ်စည်းကမ်း၏အကျိုးအတွက်ဖြစ်စေ၊ ရုံးထိုင်ရန်လိုအပ်သည်ဟု၊ စစ်တရားရုံးက၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက၊ သို့တည်းမဟုတ် စစ်ဘက်အခြားအထက်အာဏာပိုင်က ထင်မြင်ယူဆလျှင်၊ ထိုသို့ထင်မြင်ယူဆသည့်အတိုင်း၊ စစ်တရားရုံးသည်၊ ရုံးထိုင်နိုင်သည်။ သို့သော်လည်း အခြားအကြောင်းကြောင့်၊စစ်တရားရုံးသည်၊ ထိုရုံးပိတ်ရက်များအနက် မည်သည့်ရက်တွင်မျှ ရုံးမထိုင်ရ။

<ပြင်ဆင် 22.07.2014>

အဆက်မပြတ်စစ်ဆေးစီရင်ခြင်းနှင့် စစ်တရားရုံးရွှေ့ဆိုင်းခြင်း။

၈၁။ ။ (၁) တရားဖြောင့်မှန်ရေးအတွက် ရုံးရွှေ့ဆိုင်းရန် လိုအပ်သည်ဟုဖြစ်စေ၊ စစ်ဆေးစီရင်ခြင်းကို အဆက်မပြတ် ဆောင်ရွက်ရန်မဖြစ်နိုင်ဟုဖြစ်စေ၊ မယူဆလျှင်၊ စစ်တရားရုံးသည်၊ ရုံးထိုင်ပြီး၊ တရားခံ အားစွဲချက်တင်၍ စစ်မေးပြီးသည်နှင့်တပြိုင်နက်၊ နည်းဥပဒေ ၈၀ နှင့်အညီ စစ်ဆေးစီရင်ခြင်းကို၊ တနေ့ပြီးတနေ့ဆက်လက်ဆောင်ရွက်ရမည်။

(၂) စစ်တရားရုံးသည်၊ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင်၊ တနေရာမှတနေရာသို့ ရွှေ့ပြောင်း၍ လည်းရုံးထိုင်နိုင်သည်။ ထို့ပြင် စစ်တရားရုံးသည်၊ လိုအပ်သည့်အခါ၊ မည်သည့်နေရာကိုမဆို ကြည့်ရှုနိုင် သည်။

(၃) ထိုနေရာရှိ ဝါအရင့်ဆုံး အရာရှိကလည်း၊ စက်ဘက်လတ်တလောလိုအပ်ခြင်းများအတွက်ကြောင့်၊ စစ်တရားရုံးကို ရွှေ့ဆိုင်းနိုင်သည်၊ သို့တည်းမဟုတ် ရွှေ့ဆိုင်းထားသည့်ကာလကိုတိုးပေးနိုင်သည်။

(၄) စစ်တရားရုံးအတွက် စစ်ဥပဒေအရာရှိ ခန့်အပ်ပြီးဖြစ်လျှင်၊ ထိုစစ်ဥပဒေအရာရှိမတက်ရောက်နိုင် သည့်အခါ၊ ထိုစစ်တရားရုံးသည်၊ ဆက်လက်စစ်ဆေးခြင်းမပြုဘဲ၊ ရွှေ့ဆိုင်းရမည်။

(၅) စစ်ဆေးစီရင်ခြင်း ရွှေ့ဆိုင်းထားသည့် အချိန်ကာလကို သီးခြားမဖော်ပြလျှင်၊ ထိုသို့ရွှေ့ဆိုင်းခြင်း သည်၊ သက်ဆိုင်ရာစစ်ဘက်အာဏာပိုင်ထံမှ နောက်ထပ်အမိန့်များ ရသည်အထိဖြစ်ရမည်။ ထို့ပြင် စစ်တရားရုံးရွှေ့ပြောင်းရုံးထိုင်မည့်နေရာကို သီးခြားမဖော်ပြလျှင်၊ စစ်တရားရုံးရွှေ့ပြောင်းရုံးထိုင်မည့် နေ ရာသည်၊

မူလနေရာပင်ဖြစ်ရမည်၊ သို့တည်းမဟုတ် သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်ထံမှ နောက်ထပ် အမိန့်များတွင် သီးခြားဖော်ပြထားသည့်အခြားနေရာဖြစ်ရမည်။

စစ်ဆေးစီရင်ခြင်းကို ဆိုင်းငံ့ထားခြင်း။

၈၂။ ။ (၁) စစ်တရားရုံးထိုင်နေစဉ်တွင်၊ ကိစ္စတခုခုပေါ်ပေါက်သဖြင့်၊ ပုဒ်မ ၁၂၀တွင် သီးခြားဖော်ပြ ထားသည့်အတိုင်း ဖျက်သိမ်းရမည့်အကြောင်းကြောင့်သော်၎င်း၊ အခြားအကြောင်းကြောင့်သော်၎င်း၊ စစ်တရားရုံးသည်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်နိုင်သည့်အခါ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် သောအရာရှိက၊ သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိမရှိသည့်အခါ၊ ရှိနေသည့် ဝါအရင့် ဆုံးအဖွဲ့ဝင်က၊ အဖြစ်အပျက်အကြောင်းခြင်းရာများကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံချက် ခြင်းအစီရင်ခံရမည်။

(၂) ဆုံးဖြတ်ချက်မချမှတ်မီ၊ သို့တည်းမဟုတ် အပြစ်ရှိသည်ဟူသော ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စမျိုး တွင်၊ ပြစ်ဒဏ်ချမှတ်ချက် မချမှတ်မီ၊ စစ်တရားရုံးကို ဖျက်သိမ်းသောအခါ၊ ထိုစစ်တရားရုံးရှေ့တွင် ဆောင်ရွက်သောမှုခင်းကိစ္စတခုလုံးသည်၊ ပျက်ပြယ်ရမည့်ပြင်၊ တရားခံကိုလည်း၊ အခြားစစ်တရားရုံး ရှေ့တွင် စစ်ဆေးစီရင်နိုင်သည်။

တရားခံသေဆုံးသည့်အခါ၊ သို့တည်းမဟုတ် ဖျားနာ သည့်အခါ၊ မှုခင်းကိစ္စဆောင်ရွက်ခြင်း။

၈၃။ ။ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်စေသည့်၊ တရားခံသေဆုံးခြင်းကိစ္စမျိုး တွင်သော်၎င်း၊ တရားခံဖျားနာခြင်းကိစ္စမျိုးတွင်သော်၎င်း၊ စစ်တရားရုံးသည်၊ သေဆုံးခြင်း၏ အ ကြောင်းခြင်းရာကိုဖြစ်စေ၊ ဖျားနာခြင်း၏အကြောင်းခြင်းရာကိုဖြစ်စေ၊ သေချာစွာသိရှိနိုင်အောင် သက် သေခံချက်ယူ၍၊ ထိုအကြောင်းခြင်းရာကိုရေးမှတ်ပြီး၊ စစ်တရားရုံးရွှေ့ဆိုင်းရမည်။ ထို့ပြင် အမှုတွဲကို၊ စစ် တရားရုံးဖွဲ့စည်းသည့်အာဏာပိုင်ထံပို့ရမည်။

ဥက္ကဋ္ဌအ ဖြစ်ဆောင်ရွက်သောအရာရှိသေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ သို့တည်းမဟုတ် မရောက်ရှိခြင်း။

၈၄။ ။ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိသေဆုံးလျှင်၊ ကန့်ကွက်ခြင်းခံရသဖြင့် နုတ်ထွက်လျှင်၊ သို့ တည်းမဟုတ် မလွှဲမရှောင်သာသဖြင့် မရောက်ရှိလျှင်၊ ဥက္ကဋ္ဌအောက် ဝါအရင့်ဆုံးအရာရှိက ဥက္ကဋ္ဌ၏နေ ရာတွင်ဆောင်ရွက်၍၊ တရားဥပဒေအရ ပါဝင်ရမည့် အရာရှိဦးရေအနည်းဆုံး အောက်မလျော့သော စစ်တရားရုံးအဖွဲ့ဝင်များရှိနေသေးလျှင်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

စစ်ဆေးစီရင်ရာတလျှောက်လုံးတွင် စစ်တရား ရုံး၏အဖွဲ့ဝင်အားလုံးရှိခြင်း။

၈၅။ ။ (၁) တရားခံအား စစ်ဆေးစီရင်ရာတွင်၊ သက်သေခံချက် အစိတ်အပိုင်းတခုခုကိုယူနေစဉ်၊ စစ် တရားရုံးတွင်ပါဝင်ရုံးထိုင်ရန် ပျက်ကွက်သူအဖွဲ့ဝင်သည်၊ ထိုစစ်တရားရုံးက၊ ထိုတရားခံအား စစ်ဆေးစီ ရင်ရာတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ သို့သော်လည်း စစ်တရားရုံးတွင် တရားဥပဒေအရ ပါဝင်ရမည့် အရာရှိဦးရေအနည်းဆုံးအောက်လျော့သွားခြင်းမရှိသမျှ၊ စစ်တရားရုံးကို မထိခိုက်စေရ။

(၂) တရားခံအား စွဲချက်တင်၍ စစ်မေးပြီးသည့်နောက်၊ စစ်တရားရုံးချုပ်မှတပါး၊ အခြားစစ်တရားရုံး တွင် အရာရှိတဦးကို ဖြည့်စွက်ထည့်သွင်းခြင်းမပြုရ။



Myanmar Law Information System (MLIS)

စစ်တရားရုံးအဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကိုရယူခြင်း။

၈၆။ ။ (၁) စစ်တရားရုံးက ဆုံးဖြတ်ရသည့် ပြဿနာတိုင်းအတွက်၊ စစ်တရားရုံး၏၊ အဖွဲ့ဝင်တိုင်းသည်၊ မိမိ၏ထင်မြင်ယူဆချက်ကို နှုတ်ဖြင့်ပေးရမည့်ပြင်၊ တရားသေလွှတ်ရန် မိမိထင်မြင်ယူဆချက်ကိုပေးပြီး စေကာမူ၊ ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍လည်း၊ မိမိထင်မြင်ယူဆချက်ကိုပေးရမည်။

(၂) စစ်တရားရုံးအဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကို၊ အဆင့်အနိမ့်ဆုံးအဖွဲ့ဝင်မှ အစပြု၍အစဉ် လိုက်ရယူရမည်။

စစ်ဆေးစီရင်နေစဉ်ဖြစ်ပေါ်လာသော ပြဿနာများနှင့်စပ်လျဉ်း၍လိုက်နာရမည့် ကျင့်ထုံး။

၈၇။ ။ စစ်ဆေးစီရင်နေစဉ်၊ တရားဥပဒေကြောင်းကိစ္စ၊ သက်သေခံချက်ကိစ္စ၊ သို့တည်းမဟုတ် လိုက်နာရမည့်ကျင့်ထုံးကိစ္စနှင့်စပ်လျဉ်း၍၊ တရားလိုဘက်အမှုလိုက်အရာရှိကသော်၎င်း၊ တရားခံကသော်၎င်း၊ တရားခံ၏ကိုယ်စားသော်၎င်း၊ ကန့်ကွက်လျှင်၊ တရားလိုဘက်အမှုလိုက်အရာရှိ၊ သို့တည်းမဟုတ် တရားခံ၊ သို့တည်းမဟုတ် ရှေ့နေ၊ သို့တည်းမဟုတ်တရားခံဘက်အရာရှိ၊ ဆိုင်သင့်ရာရာက၊ ထိုကန့် ကွက်ချက်ကို ဖြေကြားရန်၊ အခွင့်အရေးရရှိရမည့်ပြင်၊ ကန့်ကွက်သူကလည်း၊ ပြန်လည်ချေပရန်၊ အခွင့် အရေးရရှိရမည်။

တရားခံအများအပြားအားစစ်ဆေးစီရင်ရန် စစ်တရားရုံးကကျမ်းသစ္စာပြုခြင်း။

၈၈။ ။(၁) စုပေါင်း၍စစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ သီးခြားစစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ ခံကြရမည့်၊ စစ် တရားရုံးရှေ့ရှိ တရားခံဦးရေမည်ရွေ့မည်မျှကို မဆို စစ်ဆေးစီရင်ရန်၊ စစ်တရားရုံးသည်၊ တကြိမ်သာ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုနိုင်သည်။ တရားခံအသီးသီးမှာ၊ စစ်တရားရုံး၏အဖွဲ့ဝင်များ အား၊ ကန့်ကွက်ပိုင်ခွင့်ကို ရရှိရမည့်ပြင်၊ အဖွဲ့ဝင်တဦးဦးကိုကန့်ကွက်လိုမလို၊ တရားခံအသီးသီးအား တ ဦးစီမေးမြန်းရမည်။

(၂) သီးခြားစစ်ဆေးစီရင်ခြင်းကို ခံရမည့်တရားခံအများအပြားပါရှိသော အမှုတွင်၊ တရားခံတဦးဦးက အဖွဲ့ဝင်တဦးအား ကန့်ကွက်သောအခါ၊ စစ်တရားရုံးသည်၊ မိမိသင့်တော်သည်ထင်သည့်အတိုင်း၊ ထိုကန့် ကွက်ချက်ကိုဆုံးဖြတ်ရန် ဆက်လက်ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် ထိုကန့်ကွက်သောတရားခံ ၏ အမှုကိုရွှေ့ဆိုင်းနိုင်သည်။ ထို့ပြင် အခြားတရားခံများကိုသာ စစ်ဆေးစီရင်ရန်၊ စစ်တရားရုံး၏ အဖွဲ့ ဝင်များအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေနိုင်သည်။

(၃) သီးခြားစစ်ဆေးစီရင်ခြင်းခံရမည့် တရားခံအများအပြားပါရှိသော အမှုတွင်၊ စစ်တရားရုံးသည်၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသောအခါ၊ အခြားအမှုများကို ရွှေ့ဆိုင်း၍၊ အမှုတခုကို သာစစ်ဆေးရမည်။ ထို့နောက် အဆိုပါ အခြားအမှုများကို၊ တမှုပြီးတမှုစစ်ဆေးရမည်။

(၄) မှုခင်းကိစ္စတခုတည်းက ပေါ်ပေါက်သည့် စွဲချက်များအတွက်၊ စစ်တရားရုံးတရုံးတည်းက၊ တရားခံ အများအပြားအား၊ သီးခြားစစ်ဆေးစီရင်သောအခါ၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု၊ စစ်တရားရုံး ကထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ အဆိုပါ တရားခံများအနက်၊ တရားခံတဦးအားသော်၎င်း၊ တ ဦးထက်ပိုသောတရားခံများအားသော်၎င်း၊ ချမှတ်ရန်ဖြစ်သော ပြစ်ဒဏ်ချမှတ်ချက်တရပ်ရပ် စဉ်းစား ခြင်းကို၊ ထိုတရားခံအားလုံးနှင့်စပ်လျဉ်းသည့် စစ်ဆေးစီရင်ခြင်း ပြီးပြတ်သည်အထိ၊ ရွှေ့ဆိုင်းထားနိုင် သည်။

စကားပြန်နှင့် လက်ရေးတိုစာရေးကျမ်းသစ္စာပြုခြင်း။

၈၉။ ။ (၁)စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်တွင်မဆို၊ စစ်တရားရုံးက၊ လိုအပ်သည်ဟု ယူဆလျှင်၊ မျက်နှာမလိုက်မည့်သူတဦးအား၊ စကားပြန်အဖြစ် ဆောင်ရွက်ရန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေနိုင်သည်။ ထို့ပြင် တရားလိုဘက်အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ ယုတ္တိတန် သောအကြောင်းတခုခုပြလျက်တောင်းဆိုလျှင်၊ မျက်နှာမလိုက်မည့်သူတဦးအား၊ စကားပြန်အဖြစ် ဆောင်ရွက်ရန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရမည်။

(၂) စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်တွင်မဆို၊ လိုအပ်သည်ဟု စစ်တရားရုံးက ယူဆလျှင်၊ မျက်နှာ မလိုက်မည့်သူတဦးအား၊ လက်ရေးတိုစာရေးအဖြစ် ဆောင်ရွက်ရန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိ သစ္စာပြုစေနိုင်သည်။

(၃) တဦးတယောက်သောသူအား စကားပြန်တဦးအဖြစ်သော်၎င်း၊ လက်ရေးတိုစာရေးအဖြစ်သော်၎င်း၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေမီ၊ မည်သူ့ကို ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ ပြုစေရန် ရည်စူးထားကြောင်းကို၊ တရားခံအားပြောပြရမည့်ပြင်၊ တရားခံကလည်း၊ ထိုသူသည်၊ မျက်နှာ မလိုက်မည့်သူမဟုတ်ဟုဖြစ်စေ၊ ယုတ္တိတန်သောအကြောင်းတခုခုကိုပြလျက်ဖြစ်စေ၊ ထိုသူအား ကန့် ကွက်နိုင်သည်။ ထို့ပြင် ယုတ္တိတန်သော ကန့်ကွက်ချက်ဖြစ်သည်ဟု၊ စစ်တရားရုံးက ယူဆလျှင်၊ ထိုသူ အား၊ စကားပြန်အဖြစ်သော်၎င်း၊ လက်ရေးတိုစာရေးအဖြစ်သော်၎င်း၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေရ။

**သက်သေခံချက်ကို၊ မည်သည့်အခါတွင် ဘာသာပြန်ဆိုရခြင်း။**

၉၀။ ။ စစ်တရားရုံးတွင်ပါဝင်သော အရာရှိများအနက်၊ အရာရှိတဦးဦးဖြစ်စေ၊ စစ်ဥပဒေအရာရှိဖြစ်စေ၊ တရားလိုဘက် အမှုလိုက်အရာရှိဖြစ်စေ၊ တရားခံဖြစ်စေ၊ တရားခံဘက်အရာရှိဖြစ်စေ၊ တရားခံ၏ ရှေ့နေ ဖြစ်စေ၊ နားမလည်သောဘာသာစကားဖြင့်၊ သက်သေခံချက်တခုခုကိုပေးသောအခါ၊ အဆိုပါသက်သေခံ ချက်ကို၊ ထိုအရာရှိ၊ သို့တည်းမဟုတ် ထိုသူနားလည်သည့် ဘာသာစကားဖြင့် ပြန်ဆိုပြောပြရမည်။ စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိက၊ ထိုဘာသာစကားကို နားလည်သည့်စကားပြန်တဦးအား ခန့်အပ်ပြီး ဖြစ်၍၊ နည်းလမ်းတကျကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေပြီးဖြစ်လျှင်၊ သက် သေခံချက်ကို၊ ထိုစကားပြန်ကပြန်ဆိုပြောပြရမည်။ ထိုစကားပြန်ကိုခန့်အပ်၍ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ မပြုစေရသေးလျှင်၊ နည်းဥပဒေ ၈၉ က ပြဋ္ဌာန်းထားသည့်အတိုင်း၊ စစ်တရားရုံးသည်၊ မျက်နှာမလိုက် မည့်သူတဦးအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေရမည်။ နည်းလမ်းတကျ သက်သေခံ အထင်အရှားပြစေခြင်းအလို့ငှါ၊ စာတမ်းအမှတ်အသားများကို တင်သွင်းသောအခါ၊ လိုအပ်သည်ဟု ထင်မြင်ယူဆသမျှကို ဘာသာပြန်ဆိုစေရန်မှာ၊ စစ်တရားရုံး၏သဘောအတိုင်းဖြစ်စေရမည်။

**စစ်တရားရုံး၏ဆောင်ရွက်မှုများကို အမှုတွဲတွင် ရေးမှတ်ခြင်း။**

၉၁။ ။ (၁) စစ်တရားရုံးတွင်၊ စစ်ဥပဒေအရာရှိကဖြစ်စေ၊ စစ်ဥပဒေအရာရှိ၊ မရှိလျှင်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိကဖြစ်စေ၊ ထိုစစ်တရားရုံး၏ ဆောင်ရွက်မှုအားလုံးကို၊ မြန်မာဘာသာဖြင့်သော် ၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်၎င်း၊ ရေးမှတ်ရမည့်ပြင်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည့်ပြင်၊ မှတ် တမ်း (ဤနည်းဥပဒေများတွင် အမှုတွဲဟုရည်ညွှန်းထားသည်)၏ တိကျမှန်ကန်ခြင်းအတွက် တာဝန်ခံရ မည်။ ထို့ပြင်

Myanmar Law Information System (MLIS)

စစ်ဥပဒေအရာရှိအား၊ တရားခံက သက်သေတဦးအဖြစ်ခေါ်လျှင်၊ အမှုတွဲတွင်၊ စစ်ဥပဒေ အရာရှိ၏ သက်သေခံရေးမှတ်ချက်၏ တိကျမှန်ကန်ခြင်းအတွက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိ က တာဝန်ခံရမည်။

(၂) ထွက်ဆိုသည့် စကားလုံးများကိုသုံးနိုင်သမျှသုံးလျက်၊ အဖြစ်အပျက်ပြောပြပုံအတိုင်းသက်သေခံ ချက်ကိုရေးယူရမည်။ သို့သော်လည်း တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ စစ် ဥပဒေအရာရှိကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ အရေးပါအရာရောက်သည်ဟု ယူဆသည့်အခါမျိုး တွင်၊ မေးခွန်းနှင့် အဖြေကို လုံးစေ့ပါဠ်စေ့ရေးယူရမည်။

(၃) မေးခွန်းတခုခုနှင့်ဖြစ်စေ၊ သက်သေခံချက်တခုခုကိုလက်ခံခြင်းနှင့်ဖြစ်စေ၊ စစ်တရားရုံးက လိုက်နာ ရမည့် ကျင့်ထုံးနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ ကန့်ကွက်ချက်တရပ်ကို ပြုလုပ်သည့်အခါ၊ တရားလိုဘက် အမှု လိုက်အရာရှိကသော်၎င်း၊ တရားခံကသော်၎င်း၊ တောင်းဆိုလျှင်၊ သို့တည်းမဟုတ် စစ်တရားရုံးက သင့် တော်သည်ဟု ယူဆလျှင်၊ ထိုကန့်ကွက်ချက်ကို အကြောင်းပြချက်များနှင့်အတူတကွ၊ ထို့ပြင် ထိုကန့် ကွက်ချက်နှင့်စပ်လျဉ်း၍ စစ်တရားရုံးကချမှတ်သည့် ဆုံးဖြတ်ချက်ကိုပါ၊ အမှုတွဲတွင် ရေးသွင်းရမည်။

(၄) တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရား ခံကဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ ပေးသော လျှောက်ထားချက်တခုခုသည်၊ ရေးသားထားသည့် လျှောက်ထားချက်မဟုတ်သည့်အခါမျိုးတွင် ထိုလျှောက်ထားချက်ကို အမှုတွဲတွင် စစ်တရားရုံးက သင့် သည်ထင်မြင်သည်ထက်ပို၍ ရေးမှတ်ရန်မလို။ သို့ရာတွင်-

(က) တရားခံအား စွဲဆိုထားသည့် စွဲချက်အသီးသီးနှင့်စပ်လျဉ်း၍၊ တရားခံကဖြစ်စေ၊ တရားခံ၏ကိုယ် စားဖြစ်စေ၊ ပြုလုပ်သည့် ချေပချက်ကို၊ အတည်ပြုအာဏာပိုင်အား ချင့်ချိန်ဆုံးဖြတ်နိုင်စေရန်၊ ခုခံချေ ပချက်ကို၊ အမှုတိုင်းတွင်၊ စစ်တရားရုံးက ရေးမှတ်ရမည်။ ထို့ပြင်

(ခ) တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရားခံကဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ ပေးသောလျှောက်ထားချက်ပါ သီးခြားဖြစ်သည့် အကြောင်းအရာများကိုလည်း၊ တရားလိုဘက်အမှုလိုက် အရာရှိကသော်၎င်း၊ တရားခံကသော်၎င်း၊ ရေးမှတ်စေလိုလျှင် စစ်တရားရုံးက ရေးမှတ်ရမည်။

(၅) မည်သည့်ဝေဘန်ချက်၊ သို့တည်းမဟုတ် အကြောင်းအရာမဆို၊ စစ်တရားရုံးရှေ့တွင် သွင်းသည့် ဝေဘန်ချက်၊ သို့တည်းမဟုတ် အကြောင်းအရာမဟုတ်လျှင်၊ သို့တည်းမဟုတ် အကြောင်းခြင်းရာတခုခု နှင့် စပ်လျဉ်း၍ မည်သည့်အစီရင်ခံစာမဆို၊ စစ်ဆေးစီရင်မှုတွင် တစိတ်တဒေသအဖြစ်မပါဝင်လျှင်၊ စစ်တရားရုံးသည်၊ ထိုဝေဘန်ချက်၊ သို့တည်းမဟုတ် ထိုအကြောင်းအရာကိုသော်၎င်း၊ ထိုအစီရင်ခံစာ ကိုသော်၎င်း၊ အမှုတွဲတွင် ရေးသွင်းခြင်းမပြုရ။ သို့သော်လည်း မည်သည့်ဝေဘန်ချက်၊ သို့တည်းမဟုတ် အစီရင်ခံစာမဆို၊ လိုအပ်သောဝေဘန်ချက်၊ သို့တည်းမဟုတ် အစီရင်ခံစာဖြစ်သည်ဟု စစ်တရားရုံးက ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထိုဝေဘန်ချက်ကို၊ သို့တည်းမဟုတ် ထိုအစီရင်ခံစာကို၊ သီးခြားစာတမ်း အမှတ်အသား တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်ထံ ပေးပို့နိုင်သည်။

Myanmar Law Information System (MLIS)

အမှုတွဲကို ထိန်းသိမ်းထားခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း။

၉၂။ ။ စစ်ဥပဒေအရာရှိရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ မရှိခဲ့လျှင်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက အမှုတွဲကို ထိန်းသိမ်းထားသည်ဟု မှတ်ယူရမည်။ သို့သော် လည်း ဆုံးဖြတ်ချက်ကို၊ လျှို့ဝှက်တရားခွင်တွင်၊ စစ်တရားရုံးက စဉ်းစားခြင်းမပြုမီ၊ သင့်လျော်သော အချိန်များ၌၊ အမှုတွဲ၏ လုံခြုံရေးအတွက် သင့်လျော်သော ကြိုတင်စီမံမှု ပြုလုပ်လျက်၊ စစ်တရားရုံးအ ဖွဲ့ဝင်များ၊ တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံက၊ အမှုတွဲကို၊ အသီးသီးကြည့်ရှုစစ်ဆေးနိုင် သည်။

ဆုံးဖြတ်ချက်ချမှတ်ပြီးသည့် နောက်အမှုတွဲကိုပေးပို့ခြင်း။

၉၃။ ။ အမှုတွဲထိန်းသိမ်းထားသူသည်၊ အမှုတွဲကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အမိန့်ဖြင့် ညွှန်ကြားထား သူထံ၊ သို့တည်းမဟုတ် ထိုသို့သောညွှန်ကြားချက်မပြုလျှင်၊ အတည်ပြုအရာရှိထံ ချက်ခြင်းပေးပို့ရမည်။

**တရားခံဘက်အရာရှိ၊ တရားခံ၏မိတ်ဆွေနှင့်ရှေ့နေ။**

တရားခံဘက်အရာရှိနှင့် တရားခံ၏မိတ်ဆွေ။

၉၄။ ။ (၁) စစ်တရားရုံးချုပ်တွင်ဖြစ်စေ၊ တိုင်းစစ်တရားရုံးတွင်ဖြစ်စေ၊ တရားခံ၏ ကိုယ်စားဆောင်ရွက် သော ရှေ့နေမရှိလျှင်၊ အက်ဥပဒေကို လိုက်နာရသောအရာရှိတဦးဦးက၊ တရားခံ၏ကိုယ်စား ဆောင်ရွက် နိုင်သည်။ ထိုအရာရှိကို၊ "တရားခံဘက်အရာရှိ"ဟုခေါ်ရမည်၊ သို့တည်းမဟုတ် တရားခံက တဦးတ ယောက်သောသူ၏ အကူအညီကိုရယူနိုင်လျှင်၊ ထိုသူကတရားခံအားကူညီနိုင်သည်။ ထိုသူကို "တရားခံ ၏မိတ်ဆွေ" ဟုခေါ်ရမည်။

(၂) ကိုယ်စားဆောင်ရွက်မည့်သူမရှိသေးသည့် တရားခံတဦးက၊ မိမိအားစစ်ဆေးစီရင်ရာတွင်၊ ကိုယ်စား ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသော၊ တရားခံဘက်အရာရှိတဦးကို အလိုရှိ မရှိ၊ အမှန်သိရှိ အောင်ပြုလုပ်ရန်မှာ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိ၏ တာဝန်ဖြစ်ရမည်။ ထို့ပြင် တရားခံက၊ ထိုသို့ အလိုရှိလျှင်၊ သင့်လျော်သောအရာရှိတဦးအား၊ တရားခံ၏ကိုယ်စားဆောင်ရွက်စေရန်၊ စစ်တရားရုံးဖွဲ့ စည်းသည့်အရာရှိသည်၊ အစွမ်းကုန်ကြိုးပမ်းရမည်။ စစ်ဘက်လတ်တလောလိုအပ်ခြင်းများကြောင့်သော် ၎င်း၊ အခြားအကြောင်းတခုခုကြောင့်သော်၎င်း၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိသည်၊ တရားခံဘက် အရာရှိအဖြစ် ဆောင်ရွက်ရန်အတွက်၊ သင့်လျော်သောအရာရှိကို မရရှိနိုင်ဟု ယူဆရလျှင်၊ စစ်တရားရုံး ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိထံ၊ နို့တစ်စာတစောင်ကို ပေးရမည့်ပြင်၊ ထိုနို့တစ်စာကိုလည်း အမှုတွဲတွင် ပူးတွဲထားရမည်။

(၃) တရားခံဘက်အရာရှိသည်၊ ဤနည်းဥပဒေများအရ၊ ရှေ့နေရရှိသည့် အခွင့်အရေးများကို ရရှိ၍၊ ရှေ့ နေဆောင်ရွက်ရသည့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရမည့်ပြင်၊ ရှေ့နေခံယူရသည့် တာဝန်များကို လည်းခံယူရမည်။

(၄) တရားခံ၏မိတ်ဆွေသည်၊ တရားခံအား၊ လိုရင်းအချက်အားလုံးနှင့်စပ်လျဉ်း၍၊ အကြံဉာဏ်ပေးနိုင် သည့်ပြင်၊ သက်သေများအား မေးရန် မေးခွန်းများနှင့် စပ်လျဉ်း၍လည်း၊ အကြံပေးနိုင်သည်။ သို့ သော် လည်း တရားခံ၏မိတ်ဆွေသည်၊ သက်သေများအား စစ်မေးခြင်းကိုသော်၎င်း၊ ပြန်လှန်စစ်မေးခြင်းကို သော်၎င်း၊ မပြုရ၊ သို့တည်းမဟုတ် စစ်တရားရုံးအား လျှောက်ထားခြင်းမပြုရ။

Myanmar Law Information System (MLIS)

စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးအချို့တွင် ရှေ့နေကိုခွင့်ပြုခြင်း။

၉၅။ ။(၁)စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးသို့ရှေ့နေတက်ရောက်ခွင့်ပြုသင့်သည်ဟု၊ ကာကွယ်ရေး ဦးစီး ချုပ်ကဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကဖြစ်စေ၊ ကျေညာလျှင်၊ ဤနည်းဥပဒေများနှင့် မဆန့် ကျင်စေဘဲ၊ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စား၊ ထို့ပြင် တရားခံကိုယ်စား၊ စစ်တရားရုံးချုပ် နှင့် တိုင်းစစ်တရားရုံးတွင် ရှေ့နေတက်ရောက်ခွင့်ပြုရမည်။ ထို့ပြင် သီးခြားနေရာတခုခုတွင် ရုံးထိုင် သည့် စစ်တရားရုံးချုပ်အားလုံးနှင့်၎င်း၊ တိုင်းစစ်တရားရုံးအားလုံးနှင့်၎င်း၊ စပ်လျဉ်း၍၊ သို့တည်းမ ဟုတ် သီးခြားစစ်တရားရုံးချုပ်တခုခုနှင့်ဖြစ်စေ၊ သီးခြားတိုင်းစစ်တရားရုံးတခုခုနှင့်ဖြစ်စေ၊ စပ်လျဉ်း ၍၊ ထိုကျေ ညာချက်ကိုပြုလုပ်နိုင်သည်။ ထို့ပြင် တန်းပြည့်စစ်မှုထမ်းချိန်တွင် ဖြစ်သည့်အမှုများ နှင့် ဖြစ်စေ၊ အခြား အမှုများနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ သင့်လျော်မည်ထင်သည့် ခြွင်းချက်များထားလျက်၊ ထိုကျေညာ ချက်ကို ပြုလုပ်နိုင်သည်။

(၂) နည်းဥပဒေ ၉၄ တွင်ပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး၊ ရှေ့နေနှင့်သက်ဆိုင်သည့် နည်းဥပဒေများ သည်၊ ဤနည်းဥပဒေအရ၊ ရှေ့နေများအား တက်ရောက်ခွင့်ပြုသော စစ်တရားရုံးနှင့်သာသက်ဆိုင် စေရမည်။

ရှေ့နေတက်ရောက်ရန်အတွက် လိုအပ်ချက်များ။

၉၆။ ။ (၁) တရားခံသည်၊ မိမိအတွက်၊ ရှေ့နေအား ကိုယ်စားဆောင်ရွက်စေရန် ကြံရွယ်သောအခါ၊ မိမိ ၏တပ်မှူးကိုဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကိုဖြစ်စေ၊ ထိုသို့ကြံရွယ်ကြောင်း၊ ဆောလျင်နိုင် သမျှ ဆောလျင်စွာ၊ ကြိုတင်အကြောင်းကြားရမည်။ ထို့ပြင် အချိန်လုံလောက်စွာ ကြိုတင်အကြောင်းမ ကြား ခဲ့လျှင်၊ တရားလိုဘက် အမှုလိုက်အရာရှိက လျှောက်ထားသည့်အခါ၊ စစ်ဆေးစီရင်ရာ၌၊ တရားလို ဘက် အမှုလိုက်အရာရှိ၏ကိုယ်စား ဆောင်ရွက်ရန် ရှေ့နေတဦးကို၊ တရားလိုဘက် အမှုလိုက်အရာရှိက ရရှိနိုင်စေခြင်းငှါ၊ စစ်တရားရုံးသည်၊ သင့်တော်မည်ဟုထင်လျှင်၊ ရွှေ့ဆိုင်းနိုင်သည်။

(၂) တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စား ရှေ့နေတက်ရောက်နိုင်သည်ဟု၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက ညွှန်ကြားလျှင်၊ ရှေ့နေသည်၊ တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စားတက်ရောက်နိုင်သည်။ သို့သော်လည်း ထိုသို့ရှေ့နေကတရားလိုဘက် အမှုလိုက်အရာရှိကိုယ်စားတက်ရောက်မည်ဆိုပါက၊ နည်း ဥပဒေခွဲ (၁)တွင် ရည်ညွှန်းပြီးသည့်အတိုင်း၊ တရားခံက အကြောင်းမကြားလျှင်၊ စစ်ဆေးစီရင်ရာတွင်၊ တရားခံအား ကူညီရန်၊ ရှေ့နေကို၊ တရားခံက ရယူနိုင်မည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆသည့် စစ် ဆေးစီရင်ခြင်းမပြုလုပ်မီ အချိန်တွင် (မည်သို့ပင်ဖြစ်စေ ခုနစ်ရက်အောက်မလျော့စေဘဲ) ရှေ့နေတက် ရောက်ရန်အတွက် ညွှန်ကြားကြောင်း၊ တရားခံအား အကြောင်းကြားရမည်။

(၃) တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ စစ်တရားရုံးတရုံးတွင် တက်ရောက်သော ရှေ့နေမှာ၊ မိမိအားကိုယ်စားဆောင်ရွက်စေသည့် တရားလိုဘက်အမှုလိုက်အရာရှိ ကဲ့ သို့ဖြစ်စေ၊ မိမိအား ကိုယ်စားဆောင်ရွက်စေသည့် တရားခံကဲ့သို့ဖြစ်စေ၊ သက်သေများကိုခေါ်၍ နှုတ်ဖြင့် စစ်မေးရန်၊ ပြန်လှန်စစ်မေးရန်၊ ထို့ပြင် ထပ်မံစစ်မေးရန်၊ ကန့်ကွက်ချက်တရပ်ကိုတင်သွင်းရန်၊ ထွက်ဆို ချက်တရပ်ကိုပေးရန်၊ စစ်တရားရုံးကို လျှောက်ထားရန်၊ လျှောက်လဲချက်တခုခုကိုတင်သွင်းရန်နှင့်အမှု တွဲကို ကြည့်ရှုစစ်ဆေးရန်

Myanmar Law Information System (MLIS)

ထပ်တူအခွင့်အရေးရှိရမည်။ ထို့ပြင် စစ်ဆေးစီရင်နေစဉ်တွင်၊ ထိုရှေ့နေမှာ၊ မိမိ အားကိုယ်စားဆောင်ရွက်စေသည့်သူအစား၊ အခြားကိစ္စများကိုလည်းဆောင်ရွက်နိုင်ခွင့်ရှိရမည်။ ထို့ပြင် ထိုရှေ့နေသည်၊ မိမိအားကိုယ်စားဆောင်ရွက်စေသည့်သူဖြစ်ဘိသကဲ့သို့ ဤနည်းဥပဒေများကို လိုက်နာရမည့်ပြင်၊ ထိုကိစ္စမျိုးတွင်၊ နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ (၁) အပိုဒ် (က)နှင့် နည်းဥပဒေ ၅၈၊ နည်းဥပဒေခွဲ (၁)ကခွင့်ပြုသော ထွက်ဆိုချက်နှင့်စပ်လျဉ်းသမျှမှတပါး၊ သို့တည်းမဟုတ် စစ်တရားရုံးက၊ ထိုသူကို၊ ပြုလုပ်ခွင့်ပေးထားသမျှမှတပါး၊ အထက်ဆိုခဲ့ပြီးသောကိစ္စများအနက်၊ မည်သည့်ကိစ္စကိုမျှ ထိုရှေ့နေအား ကိုယ်စားဆောင်ရွက်စေသည့်သူမှာ၊ ကိုယ်တိုင်ဆောင်ရွက်ခွင့်မရှိစေရ။

(၄) တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စား၊ ရှေ့နေတက်ရောက်သောအခါ၊ တရားလိုဘက်အမှုလိုက် အရာရှိအား၊ သက်သေတဦးအဖြစ်ဖြင့်ခေါ်လျှင်၊ ထိုအရာရှိကို၊ အခြားသက်သေတဦးဦးကဲ့သို့ စစ်မေးနိုင် သည့်ပြင်၊ ထပ်မံစစ်မေးနိုင်သည်။ ထို့ပြင် နည်းဥပဒေ ၅၅၏ နည်းဥပဒေခွဲ (၅)၊ နည်းဥပဒေခွဲ (၆)တို့နှင့် မသက်ဆိုင်စေရ။

တရားလိုဘက်ရှေ့နေ။

၉၇။ ။ တရားလိုဘက်အမှုလိုက်အရာရှိကိုယ်စား တက်ရောက်သောရှေ့နေမှာ၊ တရားလိုဘက်အမှုလိုက် အရာရှိ၏ တာဝန်နှင့်ထပ်တူဖြစ်သော တာဝန်ရှိရမည့်ပြင်၊ ထိုရှေ့နေသည်၊ နည်းဥပဒေ ၇၆၊ နည်းဥပဒေ ခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့်အညီ၊ စစ်တရားရုံးက တားမြစ်သည့်အတိုင်း၊ သို့တည်းမ ဟုတ် ဟန့်တားသည့်အတိုင်းလိုက်နာရမည်။

တရားခံဘက်ရှေ့နေ။

၉၈။ ။ တရားခံကိုယ်စား တက်ရောက်သောရှေ့နေသည်၊ တရားခံအတွက်၊ နည်းဥပဒေ ၇၆၊ နည်းဥပဒေ ခွဲ (၃)တွင် သီးခြားဖေါ်ပြထားသည့် အလားတူအခွင့်အရေးများကို ရရှိရမည့်ပြင်၊ အလားတူ တာဝန်များ ကိုလည်းခံယူရမည်။

ရှေ့နေနှင့်သက်ဆိုင်သည့် ယေဘုယျ နည်းဥပဒေများ။

၉၉။ ။ တရားလိုဘက် အမှုလိုက်အရာရှိကိုယ်စားဖြစ်စေ၊ တရားခံကိုယ်စားဖြစ်စေ၊ တက်ရောက်သော ရှေ့နေသည်၊ သက်သေများကို စစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ ထပ်မံစစ်မေးခြင်းနှင့်စပ်လျဉ်းသည့်၊ ထို့ပြင် ရှေ့နေတဦး၏ တာဝန်နှင့်စပ်လျဉ်းသည့်၊ ဤနည်းဥပဒေများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ရာဇဝတ်တရားရုံးဆိုင်ရာနည်းဥပဒေများကို တိကျစွာ လိုက်နာရမည်။

ရှေ့နေ၏အရည်အချင်းများ။

၁၀၀။ ။(၁) လိုအပ်သည့် အရည်အချင်းနှင့်ပြည့်စုံသော ရှေ့နေတဦးဦးကို၊ ကန့်ကွက်နိုင်သည့်အခွင့်အ ရေးသည်၊ တရားလိုဘက် အမှုလိုက်အရာရှိ၌ ဖြစ်စေ၊ တရားခံ၌ဖြစ်စေ၊ မရှိချေ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံရှိ စက်ရှင်တရားရုံးတွင် ရှေ့နေလိုက်ခွင့်နှင့်တကွ လျှောက်လဲပြောဆိုပိုင် ခွင့်ရရှိထားသည့်ရှေ့နေတဦးဖြစ်ခဲ့လျှင်၊ သို့တည်းမဟုတ် အခြားတိုင်းပြည်တပြည်တွင် အမှုစစ်ဆေးစီ ရင်ခြင်းပြုလုပ်သောအခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ရှေ့နေတဦးရရှိသည့် အခွင့်အရေး၊ ခံယူရမည့် တာဝန်များနှင့် အလားတူသည့် အခွင့်အရေးနှင့် တာဝန်များကို ရရှိခံယူရမည်လည်းဖြစ်၍၊ ရှေ့နေတို့ ကျင့်ဝတ်ဆိုင်ရာ နည်းဥပဒေတရပ်ရပ်ကို ဖေါက်ဖျက်မှုအတွက် ပြစ်ဒဏ်ခံရမည်၊ သို့တည်းမဟုတ် အရည်အချင်း ပျက်ယွင်းမည်လည်း

Myanmar Law Information System (MLIS)

ဖြစ်သော၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိက အသိအမှတ်ပြုသော ရှေ့နေတဦး ဖြစ်ခဲ့လျှင်၊ ထိုရှေ့နေသည်၊ လိုအပ်သည့် အရည်အချင်းနှင့်ပြည့်စုံသည်ဟု မှတ်ယူရမည်။

**စစ်ဥပဒေအရာရှိ။**

စစ်ဥပဒေအရာရှိ၏ အရည်အချင်းပျက်ယွင်းခြင်း။

၁၀၁။ ။ စစ်တရားရုံးတွင် ရုံးထိုင်ရန် အရည်အချင်းပျက်ယွင်းသည့် အရာရှိအား၊ ထိုသို့အရည်အချင်း ပျက်ယွင်းခြင်းကြောင့် ထိုစစ်တရားရုံးတွင်၊ စစ်ဥပဒေအရာရှိအဖြစ် ဆောင်ရွက်ရန်၊ ခွင့်မပြုရ။

စစ်ဥပဒေအရာရှိခန့်အပ်ခြင်း မခိုင်လုံမှု။

၁၀၂။ ။ သင့်တော်သူတဦးအား၊ စစ်ဥပဒေအရာရှိအဖြစ် ခန့်အပ်ပြီးနောက်၊ ထိုသို့ခန့်အပ်ခြင်းအတွက်၊ စစ်ဥပဒေချုပ်၊ သို့တည်းမဟုတ် ဒုတိယစစ်ဥပဒေချုပ်၏သဘောတူညီချက်ကိုရယူပြီး ဖြစ်လျှင်၊ စစ် တရားရုံးတွင် ဆောင်ရွက်နေသော၊ ထိုစစ်ဥပဒေအရာရှိအား၊ မည်ကဲ့သို့ပင်ခန့်အပ်စေကာမူ၊ ထိုသို့ ခန့်အပ် ခြင်းမခိုင်လုံဟူသော အကြောင်းကြောင့်၊ စစ်တရားရုံးသည်၊ မခိုင်လုံမဖြစ်စေရ။ သို့သော်လည်း မခိုင်လုံ သည့်ခန့်အပ်ခြင်းကို ပြုလုပ်သူအား၊ တာဝန်ရှိခြင်းမှ၊ ဤနည်းဥပဒေက လွတ်ငြိမ်းခွင့်မပြုချေ။

စစ်ဥပဒေအရာရှိ သေဆုံးသည့်အခါ၊ ဖျားနာသည့်အခါ၊ သို့တည်းမဟုတ် မရှိသည့်အခါ၊ အစားသွင်းခြင်း။

၁၀၃။ ။ စစ်ဥပဒေအရာရှိ သေဆုံးလျှင်၊ သို့တည်းမဟုတ် ဖျားနာသောကြောင့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်မဆိုဖြစ်စေ၊ မတက်ရောက်နိုင်လျှင်၊ စစ်တရားရုံးရွှေ့ဆိုင်းရမည့်ပြင်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိက၊ အဖြစ်အပျက်အကြောင်းအရာကို၊ စစ်တရားရုံးဖွဲ့စည်းသည့် အာဏာပိုင်ထံ သို့အစီရင်ခံရမည်။ ထို့ပြင် ထိုအာဏာပိုင်သည်၊ အရည်အချင်းပျက်ယွင်းခြင်းမရှိသော၊ သင့်တော်သူ သူတဦးကို၊ စစ်ဥပဒေအရာရှိအဖြစ် ခန့်အပ်ရမည်။ ထိုသူအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာ ပြုစေရမည့်ပြင်၊ စစ်ဆေးစီရင်မှုတွင် ဆောင်ရွက်ရန် ကျန်ရှိနေသမျှအတွက်၊ သို့တည်းမဟုတ် စစ်ဥပဒေ အရာရှိပြန်ရောက်သည်အထိ၊ ထိုသူသည်၊ စစ်ဥပဒေအရာရှိအဖြစ် ဆောင်ရွက်ရမည်။

စစ်ဥပဒေအရာရှိ၏ အာဏာများနှင့်တာဝန်များ။

၁၀၄။ ။ စစ်ဥပဒေအရာရှိတဦး၏အာဏာများနှင့် တာဝန်များသည်၊ အောက်ပါအတိုင်း ဖြစ်သည်။

(က) စစ်တရားရုံးတွင် ဆောင်ရွက်ရန် စစ်ဥပဒေအရာရှိကို၊ ခန့်အပ်ပြီးသည့်နောက် မည်သည့်အချိန်တွင် မဆို၊ စစ်ဥပဒေအရာရှိသည်၊ စစ်တရားရုံးအတွင်းတွင်ရှိသည်ဖြစ်စေ၊ စစ်တရားရုံးပြင်ပတွင်ရှိသည် ဖြစ်စေ၊ တရားလိုဘက်အမှုလိုက်အရာရှိ၌၎င်း၊ တရားခံ၌၎င်း၊ စွဲချက်နှင့်ဖြစ်စေ၊ စစ်ဆေး စီရင်ခြင်းနှင့်ဖြစ်စေ၊ သက်ဆိုင်သည့် ဥပဒေကြောင်းဆိုင်ရာပြဿနာပေါ်တွင် စစ်ဥပဒေအရာရှိ၏ ထင်မြင်ချက်ကို အသီးသီးရယူခွင့်ရှိသည်။ သို့သော်လည်း စစ်ဥပဒေအရာရှိ၊ စစ်တရားရုံးအတွင်းတွင် ရှိသောအခါ၊ စစ်တရားရုံး၏ ခွင့်ပြုချက်ကိုရယူပြီးမှ၊ စစ်ဥပဒေအရာရှိ၏ ထင်မြင်ချက်ကို ရယူခွင့်ရှိ သည်။

(ခ) စစ်တရားရုံးတွင်၊ စစ်ဥပဒေအရာရှိသည်၊ စစ်ဥပဒေချုပ်၏ကိုယ်စား ဆောင်ရွက်သည်။

Myanmar Law Information System (MLIS)

(ဂ) မှုခင်းကိစ္စဆောင်ရွက်ခြင်းတွင်၊ စည်းကမ်းတကျ မရှိခြင်းကိုဖြစ်စေ၊ နည်းလမ်းတကျမရှိခြင်းကို ဖြစ်စေ၊ စစ်တရားရုံးအားဖော်ပြရန်၊ စစ်ဥပဒေအရာရှိမှာ တာဝန်ရှိသည်။ ညှိနှိုင်းတိုင်ပင်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ စစ်ဥပဒေအရာရှိသည်၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိနှင့်စစ်တရားရုံးအား၊ စွဲချက် တွင်၊ သို့တည်းမဟုတ် စစ်တရားရုံးဖွဲ့စည်းရာတွင်၊ နည်းလမ်းတကျမရှိမှု တခုခုသော်၎င်း၊ ချွတ်ယွင်း ချက်တခုခုသော်၎င်း၊ ပါရှိကြောင်းကို ဖော်ပြရမည်။ ထို့ပြင် စစ်တရားရုံးရှေ့တွင် ပေါ်ပေါက်သည့်ကိစ္စတ ခုခုနှင့်စပ်လျဉ်း၍၊ စစ်ဥပဒေအရာရှိက အကြံပေးရမည်။

(ဃ) စစ်တရားရုံးရှေ့တွင် ပေါ်ပေါက်သည့်ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ စစ်တရားရုံးအား၊ ပြောကြားချက် တရပ်ရပ်ကိုဖြစ်စေ၊ စစ်တရားရုံးအားပေးသည့် အကြံတခုခုကိုဖြစ်စေ၊ စစ်ဥပဒေအရာရှိကသော်၎င်း၊ စစ် တရားရုံးကသော်၎င်း၊ အမှုတွဲတွင် ရေးသွင်းရန် အလိုရှိလျှင်၊ ရေးသွင်းရမည်။

(င) အမှုအပြီးသတ်သည့်အခါ၊ စစ်တရားရုံးက၊ မိမိ၏ဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ခြင်းမပြုမီ၊ စစ် ဥပဒေအရာရှိသည်၊ သက်သေခံချက်ကို ပေါင်းရုံးဖော်ပြရမည့်ပြင်၊ အမှု၏ ဥပဒေကြောင်းဆိုင်ရာ ထင် မြင်ချက်ကိုလည်းပေးရမည်။

(စ) စစ်တရားရုံးသည်၊ ဥပဒေကြောင်းဆိုင်ရာ အချက်တခုတွင်၊ စစ်ဥပဒေအရာရှိ၏ ထင်မြင်ချက်နှင့် အညီ ဆောင်ရွက်ပါက၊ ထိုထင်မြင်ချက်အရ၊ စစ်တရားရုံးက ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ရေးမှတ် နိုင်သည်။

(ဆ) တရားခံသည်၊ ထိုသို့တရားခံဖြစ်နေသောကြောင့်၊ သို့တည်းမဟုတ် မသိနားမလည်မှုကြောင့်၊ သို့ တည်းမဟုတ် သက်သေများကို စစ်မေးရန်သော်၎င်း၊ ပြန်လှန်စစ်မေးရန်သော်၎င်း၊ မစွမ်းဆောင်နိုင်ခြင်း ကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းကြောင့်၊ မည်သည့်နစ်နာမှုမျှ မရှိစေရန်၊ ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်သောအရာရှိမှာ၊ သတိပြုရမည့် တာဝန်ရှိသည်နှင့်အမျှ၊ စစ်ဥပဒေအရာရှိမှာလည်း ထိုတာဝန်ရှိသည်။ ထို့ပြင် စစ်ဥပဒေအရာရှိသည်၊ မှန်ရာကိုထုတ်ဖော်ပြောဆိုစေရန် လိုသည်ဟု၊ သို့တည်းမဟုတ် လိုအပ် သည်ဟု၊ မိမိယူဆသော မေးခွန်းများကို၊ စစ်တရားရုံး၏ခွင့်ပြုချက်ဖြင့်၊ ထိုကိစ္စအတွက် သက်သေများ အား၊ ခေါ်ယူပြီးမေးနိုင်သည်။

(ဇ) စစ်ဥပဒေအရာရှိသည်၊ မိမိ၏တာဝန်များဆောင်ရွက်ရာတွင်၊ လုံးဝမျက်နှာမလိုက်ဘဲ ဆောင်ရွက် ရန် သတိပြုရမည်။

## အပိုင်း ၃။ ။ တပ်တွင်းစစ်တရားရုံးများ။

မှုခင်းကိစ္စဆောင်ရွက်ခြင်း။

၁၀၅။ ။ (၁) စစ်ဆေးစီရင်ခြင်းကိုပြုလုပ်သည့်နောက်တွင် စစ်တရားရုံးဟုခေါ်တွင်သောအရာရှိသည်၊ တပ်တွင်းစစ်တရားရုံးတိုင်း၏ ဆောင်ရွက်မှုများကို၊ မြန်မာဘာသာဖြင့်သော်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့် သော်၎င်း၊ ရေးမှတ်ရမည်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည်။

(၂) သက်သေခံချက်ကိုထွက်ဆိုသော စကားလုံးများနှင့် နီးစပ်နိုင်သမျှ နီးစပ်သောစကားလုံးများဖြင့်၊ အဖြစ်အပျက်ပြောပြပုံအတိုင်း ရေးယူရမည်။ သို့သော်လည်း စစ်တရားရုံးက အရေးပါအရာရောက်သည် ဟု ယူဆသည့်အခါမျိုး၌၊ မေးခွန်းနှင့်အဖြေကို လုံးစေ့ပါဠ်စေ့ရေးယူရမည်။

သက်သေခံချက်ကို၊ မည်သည့်အခါ ဘာသာပြန်ရခြင်း။

၁၀၆။ ။ စစ်တရားရုံးကဖြစ်စေ၊ တရားခံကဖြစ်စေ၊ နားမလည်သော ဘာသာစကားဖြင့် သက်သေခံချက် တခုခုကို ထွက်ဆိုသောအခါ၊ ထိုသက်သေခံချက်ကို စစ်တရားရုံး၊ သို့တည်းမဟုတ် ပုဒ်မ ၁၁၉၊ ပုဒ်မခွဲ (၂)နှင့်အညီ မှုခင်းကိစ္စ ဆောင်ရွက်ရာသို့ တက်ရောက်သည့်အရာရှိ၊ သို့တည်းမဟုတ် တရားခံ၊ သက်ဆိုင် ရာရာနားလည်သော ဘာသာစကားဖြင့် ပြန်ဆိုပြောပြရမည်။ စစ်တရားရုံးသည်၊ ဤကိစ္စအတွက်၊ စကား ပြန်တဦးကို ခန့်အပ်ရမည်၊ သို့တည်းမဟုတ် စစ်တရားရုံးကိုယ်တိုင်က၊ တပ်တွင်း စစ်တရားရုံးတရုံး၌ စကားပြန်တဦးအတွက် သတ်မှတ်ထားသည့် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာကို ပြုရမည်။ နည်းလမ်းတကျ သက်သေခံ အထင်အရှားပြစေခြင်းအလို့ငှါ၊ စာတမ်းအမှတ်အသားများကို တင်သွင်း သောအခါ၊ လိုအပ်သည်ဟု ထင်မြင်ယူဆသမျှကို ဘာသာပြန်ဆိုစေရန်မှာ၊ စစ်တရားရုံး၏ သဘောအ တိုင်းဖြစ်စေရမည်။

ရုံးထိုင်ခြင်း။

၁၀၇။ ။ စစ်တရားရုံး၊ စကားပြန်ရှိခဲ့လျှင်၊ ထိုစကားပြန်၊ ထို့ပြင် စစ်ဆေးစီရင်ရာသို့ တက်ရောက်သည့် အရာရှိများရုံးထိုင်ကြသောအခါ၊ တရားခံအား၊ စစ်တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်လာရမည်။ ထို့ပြင် နည်းဥပဒေ ၁၀၈ တွင် သတ်မှတ်ထားသော ကျမ်းသစ္စာများကိုဖြစ်စေ၊ ကတိသစ္စာများကိုဖြစ်စေ၊ ထို နည်းဥပဒေတွင် ဖော်ပြထားသူများက ပြုရမည်။

စစ်တရားရုံးနှင့်စကားပြန်တို့ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုခြင်း။

၁၀၈။ ။ (၁) စစ်တရားရုံးသည်၊ အောက်ပါပုံစံတခုခုအရ၊ သို့တည်းမဟုတ်ထိုစစ်တရားရုံးကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုစစ်တရားရုံး၏ စိတ်တွင် စွဲမြဲစေသည့် အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူ သစ္စာပြုခြင်းသဘောသက်ရောက်စေသည့် အခြားသစ္စာပြုချက်ပုံစံအရ၊ ကျမ်းသစ္စာကိုသော်၎င်း၊ ကတိ သစ္စာကိုသော်၎င်း၊ ပြုရမည်။

**ကျမ်းသစ္စာပြုချက်ပုံစံ။**

"ကျွန်ုပ်-------------------------------------------သည်၊ စစ်တရားရုံး ရှေ့မှောက်ရှိ တရားခံ( သို့တည်း မဟုတ် တရားခံများ)ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟု၎င်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက် ဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟု၎င်း၊ သံသယဖြစ်မှုတခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန် စွာ၊ နားလည်သမျှနှင့်အလားတူကိစ္စများတွင် လိုက်နာရသည့်စစ်ထုံးတမ်းအရ တရားစီရင်ပါမည်ဟု၎င်း၊ ကျွန်ုပ်ကျမ်းသစ္စာပြုပါသည်။"

**ကတိသစ္စာပြုချက်ပုံစံ။**

"ကျွန်ုပ်-------------------------------------------သည်၊ စစ်တရားရုံး ရှေ့မှောက်ရှိ တရားခံ( သို့တည်း မဟုတ် တရားခံများ)ကို၊ သက်သေခံချက်နှင့်အညီ ကောင်းမွန်မှန်ကန်စွာ စစ်ဆေးစီရင်ပါမည်ဟု၎င်း၊ မျက်နှာလိုက်ခြင်း၊ အခွင့်အရေးပေးခြင်း၊ နှစ်သက်မြတ်နိုးခြင်းမပါရှိဘဲ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက် ဥပဒေနှင့်အညီ ကျွန်ုပ်တရားစီရင်ပါမည်ဟု၎င်း၊ သံသယဖြစ်မှုတခုခုပေါ်ပေါက်လျှင်၊ ဖြောင့်မတ်မှန်ကန် စွာ၊ နားလည်သမျှနှင့်အလားတူကိစ္စများတွင်

Myanmar Law Information System (MLIS)

လိုက်နာရသည့်စစ်ထုံးတမ်းအရ တရားစီရင်ပါမည်ဟုငင်း၊ လေးနက်တည်ကြည်၊ မှန်ကန်စွာ ကျေညာ၍၊ ကျွန်ုပ်ကတိသစ္စာပြုပါသည်။"

(၂) ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ စစ်တရားရုံးသည်၊ သို့တည်းမဟုတ် စစ်တရားရုံးက အာဏာအပ်နှင်းထားသူတဦးဦးသည်၊ စကားပြန်ရှိခဲ့လျှင်၊ ထိုစကားပြန်အား၊ အောက်ပါ ပုံစံတခုခုအရ၊ သို့တည်းမဟုတ် ထိုစကားပြန်ကိုးကွယ်သည့် ဘာသာနှင့်အညီဖြစ်စေ၊ ထိုစကားပြန်၏ စိတ်တွင်စွဲမြဲစေသည့် အခြားနည်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်းသဘောသက်ရောက်စေသည့် အခြား သစ္စာပြုချက်ပုံစံအရ၊ ကျမ်းသစ္စာကို သော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုစေရမည်။

**ကျမ်းသစ္စာပြုချက်ပုံစံ။**

"ကျွန်ုပ်------------------------------------------------------------သည်၊ ဤစစ်တရားရုံးရှေ့မှောက် တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန် လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ ကျမ်းသစ္စာ ပြုပါသည်။"

**သစ္စာကတိပြုချက်ပုံစံ။**

"ကျွန်ုပ်------------------------------------------------------------သည်၊ ဤစစ်တရားရုံးရှေ့မှောက် တွင်၊ မည်သည့်အကြောင်းအရာနှင့်မဆို စပ်လျဉ်း၍၊ ကျွန်ုပ်အား၊ စကားပြန်ဆိုရန်နှင့် ဘာသာပြန်ဆိုရန် လိုအပ်သည့်အတိုင်း၊ တိကျမှန်ကန်စွာ စကားပြန်ဆိုပြောပြပါမည်၊ ဘာသာပြန်ဆိုပါမည်ဟု၊ လေး နက်တည်ကြည်မှန်ကန်စွာ ကျေညာ၍၊ ကတိသစ္စာ ပြုပါသည်။"

(၃) ကျမ်းသစ္စာများကိုသော်၎င်း၊ ကတိသစ္စာများကိုသော်၎င်း၊ ပြုပြီးသည့်နောက်၊ သက်သေအားလုံး သည်၊ စစ် တရားရုံးမှထွက်သွားကြရမည်။

တရားခံအများအပြားအား စစ်ဆေးစီရင်ရန် စစ်တရားရုံးက ကျမ်းသစ္စာပြုခြင်း။

၁၀၉။ ။ (၁) စုပေါင်း၍ စစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ သီးခြားစစ်ဆေးစီရင်ခြင်းကိုဖြစ်စေ၊ ခံကြရမည့်၊ တပ်တွင်းစစ်တရားရုံးရှေ့ရှိ တရားခံဦးရေမည်ရွေ့မည်မျှကိုမဆို စစ်ဆေးစီရင်ရန်၊ တပ်တွင်းစစ်တရားရုံး သည်၊ တကြိမ်တည်းသာ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုနိုင်သည်။

(၂) သီးခြားစစ်ဆေးစီရင်ခြင်းခံရမည့်တရားခံ အများအပြားပါရှိသော အမှုတွင်၊ စစ်တရားရုံးသည်၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသောအခါ၊ အခြားအမှုများကို ရွှေ့ဆိုင်း၍၊ အမှုတခုကိုသာ စစ်ဆေးရမည်။ ထို့နောက် အဆိုပါ အခြားအမှုများကို၊ တမှုပြီးတမှုစစ်ဆေးရမည်။

(၃) မှုခင်းကိစ္စတခုတည်းက ပေါ်ပေါက်သည့် စွဲချက်များအတွက်၊ တရားခံအများအပြားအား၊ သီးခြား စစ်ဆေးစီရင်သောအခါ၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု၊ စစ်တရားရုံးကထင်မြင်ယူဆလျှင်၊ စစ် တရားရုံးသည်၊ အဆိုပါတရားခံများအနက်၊ တရားခံတဦးအားသော်၎င်း၊ တဦးထက်ပိုသောတရားခံများ အားသော်၎င်း၊ ချမှတ်ရန်ဖြစ်သော ပြစ်ဒဏ်ချမှတ်ချက်တရပ်ရပ်စဉ်းစားခြင်းကို၊ ထိုတရားခံအားလုံးနှင့် စပ်လျဉ်းသည့် စစ်ဆေးစီရင်ခြင်းပြီးပြတ်သည်အထိ၊ ရွှေ့ဆိုင်းထားနိုင်သည်။



Myanmar Law Information System (MLIS)

တရားခံအား စွဲချက်တင်၍ စစ်မေးခြင်း။

၁၁၀။ ။ (၁) အထက်တွင် ဖော်ပြထားသည့်အတိုင်း၊ စစ်တရားရုံးနှင့်စကားပြန်ရှိခဲ့လျှင်၊ ထိုစကားပြန် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသည့်နောက်၊ တရားခံအပေါ်စွဲဆိုထားသည့် စွဲချက်များနှင့် စပ်လျဉ်း၍၊ တရားခံအား စွဲချက်တင်၍ စစ်မေးရမည်။

(၂) တရားခံအပေါ်စွဲဆိုထားသည့် စွဲချက်များကို၊ တရားခံအား ဘတ်ပြရမည့်ပြင်၊ လိုအပ်ခဲ့သော ထိုစွဲ ချက်များကို ဘာသာပြန်ဆိုပေးရမည်။ ထို့ပြင် စွဲချက်တခုစီအတွက် ခွဲခြား၍၊ တရားခံအား ဖြေကြားစေရ မည်။

စွဲချက်ကို တရားခံကကန့်ကွက်ခြင်း။

၁၁၁။ ။ တရားခံသည်၊ စွဲချက်တခုခုကို ဖြေကြားရမည်ဖြစ်သည့်အခါ၊ အက်ဥပဒေအရ ဖြစ်သော ပြစ်မှု တမှုကိုကျူးလွန်ကြောင်း ထင်ရှားသိသာစေသည့်စွဲချက်မဟုတ်ဟုသော်၎င်း၊ ဤနည်းဥပဒေများနှင့်ညီ ညွတ်သည့် စွဲချက်မဟုတ်ဟုသော်၎င်း၊ ကန့်ကွက်နိုင်သည်။

စွဲချက်ကိုပြင်ခြင်း။

၁၁၂။ ။ (၁) စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်လွှာပါ တရားခံ၏အမည်တွင်သော် ၎င်း၊ အကြောင်းအရာတွင်သော်၎င်း၊ အမှားအယွင်းတခုခုပါရှိသည်ဟု၊ စစ်တရားရုံးကယူဆလျှင်၊ ထိုအ မှားအယွင်းကို မှန်အောင်ပြုလုပ်ရန်အလို့ငှါ၊ စစ်တရားရုံးသည်၊ စွဲချက်လွှာကို ပြင်နိုင်သည်။

(၂) စွဲချက်တခုခုကို စစ်ဆေးစီရင်ရာတွင်၊ စစ်တရားရုံးသည်၊ သက်သေများအား စတင်စစ်မေးခြင်းမပြု ရသေးမီ၊ မည်သည့်အချိန်အခါ၌မဆို၊ စွဲချက်တွင် ဖြည့်စွက်ခြင်း၊ စွဲချက်မှ ချန်လှပ်ခြင်း၊ သို့တည်းမ ဟုတ် စွဲချက်တွင် ပြောင်းလဲခြင်းတခုခုသည်၊ တရားမျှတမှုအတွက် လိုအပ်သည်ဟု စစ်တရားရုံးက ယူ ဆလျှင်၊ စစ်တရားရုံးသည်၊ ထိုစွဲချက်ကိုပြင်၍ တရားခံအား၊ ထိုပြင်ဆင်ချက်ကို ထိုက်သင့်သလို အကြောင်းကြားပြီးသည့်နောက်၊ ထို့ပြင် ပြင်လိုက်သည့်စွဲချက်အတွက်လည်း ခွင့်ပြုချက်အမိန့်ရယူရန်လို လျှင်၊ တရားခံအား စစ်ဆေးစီရင်ရေးအတွက် တိုင်းစစ်တရားရုံးကို၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှု ထမ်းချိန်၌ အကျဉ်းစစ်တရားရုံးချုပ်ကို ဖွဲ့စည်းရန် အာဏာအပ်နှင်းထားခြင်းခံသည့် အရာရှိ၏ ခွင့်ပြု ချက်အမိန့်ဖြင့်၊ ထိုသို့ပြင်ပြီးသည့်စွဲချက်ကို ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

အထူးထုချေချက်များ။

၁၁၃။ ။ စစ်တရားရုံး၏ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ စစ်ဆေးစီရင်နိုင်ခွင့်မရှိခြင်း နှင့်စပ်လျဉ်း၍ဖြစ်စေ၊ တရားခံက အထူးထုချေချက်ကို တင်သွင်းလျှင်၊ ထိုထုချေချက်ကို ကြားနာဆုံး ဖြတ်သောအခါ၊ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံးတို့အတွက် ချမှတ်ထားသော ကျင့်ထုံးကိုသက် ဆိုင်သမျှ လိုက်နာရမည်။ သို့သော်လည်း တပ်တွင်း စစ်တရားရုံးက၊ ထိုထုချေချက်မျိုးတခုခုနှင့်စပ်လျဉ်း ၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုရန်မလို။

“အပြစ်ရှိသည်”၊ သို့တည်းမဟုတ် “အပြစ်မရှိ” ဟူသောဖြေကြားချက်။

Myanmar Law Information System (MLIS)

၁၁၄။ ။ (၁) တရားခံ၏ "အပြစ်ရှိသည်"၊ သို့တည်းမဟုတ် "အပြစ်မရှိ"ဟူသော ဖြေကြားခြင်းကို (သို့ တည်းမဟုတ် တရားခံက ဖြေကြားရန် ငြင်းဆိုလျှင်ဖြစ်စေ၊ "အပြစ်ရှိသည်၊" သို့တည်းမဟုတ် "အပြစ် မရှိ" ဟုနားလည်နိုင်အောင် ဖြေကြားခြင်းမပြုလျှင် ဖြစ်စေ၊ "အပြစ်မရှိ" ဆိုသည့် ဖြေကြားခြင်းကို) စွဲချက် အသီးသီးတွင် ရေးမှတ်ရမည်။

(၂) တရားခံက "အပြစ်ရှိသည်" ဟုဖြေကြားလျှင်၊ ထိုဖြေကြားချက်ကို၊ စစ်တရားရုံး၏ဆုံးဖြတ်ချက် အဖြစ် ရေးမှတ်ရမည်။ သို့သော်လည်း ထိုဖြေကြားချက်ကို မရေးမှတ်မီ၊ စစ်တရားရုံးသည်၊ ထိုတရားခံ က၊ မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့်စွဲချက်၏ သဘောကို နားလည်ကြောင်း သေချာစွာစီစစ်ရ မည့်ပြင်၊ ထိုဖြေကြားချက်၏ ယေဘုယျအကျိုးသက်ရောက်မှု၊ ထို့ပြင် အထူးသဖြင့်၊ မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏ အဓိပ္ပါယ်၊ ထို့ပြင် အပြစ်ရှိသည်ဆိုသည့် ဖြေကြားချက်က ဖြစ်ပေါ်စေမည့် ကျင့်ထုံး ကွဲပြားခြားနားမှုကို တရားခံအား ပြောပြရမည်။ ထို့ပြင် သက်သေခံအကျဉ်းချုပ်ရှိလျှင်၊ ထို သက်သေခံအကျဉ်းချုပ်ကို၊ သို့တည်းမဟုတ် အခြားအကြောင်းကို ထောက်ရှု၍၊ "အပြစ်မရှိ"ကြောင်း တရားခံက ဖြေကြားသင့်သည်ဟု ယူဆလျှင်၊ ထိုဖြေကြားချက်ကို နုတ်သိမ်းရန်၊ တရားခံအား အကြံ ပေး ရမည်။

(၃) အခြားနည်းစွဲဆိုထားသော စွဲချက်နှစ်ခုအနက်၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသော စွဲချက်များအနက်၊ ပဌမစွဲချက်ကို "အပြစ်ရှိသည်" ဟု တရားခံက ဖြေကြားရာတွင်၊ နည်းဥပဒေခွဲ (၂) အရ စစ်တရားရုံးက လိုက်နာဆောင်ရွက်ပြီးသည့်နောက်၊ အခြားနည်းစွဲချက်၊ သို့တည်းမဟုတ် စွဲချက် များအရ၊ တရားခံအား မစစ်ဆေးမီ၊ ထိုစွဲချက်၊ သို့တည်းမဟုတ် စွဲချက်များနှင့်စပ်လျဉ်း၍၊ တရားခံအား မဖြေကြားစေဘဲ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်ကို၊ သို့တည်းမဟုတ် ထိုစွဲချက်များကို နုတ်သိမ်းနိုင်သည်။ ထိုသို့နုတ်သိမ်းကြောင်းကို၊ စစ်တရားရုံး၏ အမှုတွဲတွင် ရေးမှတ်ရမည်။

"အပြစ်ရှိသည်" ဟု ဖြေကြားပြီးသည့်နောက် လိုက်နာရမည့်ကျင့်ထုံး။

၁၁၅။ ။ (၁) "အပြစ်ရှိသည်" ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ "အပြစ်မရှိ"ဟူ သော ဖြေကြားချက်ပေးထားသော အခြားစွဲချက်များလည်း၊ ထိုစွဲချက်လွှာတခုတည်းမှာပင်ပါရှိနေလျှင်၊ "အပြစ်မ ရှိ"ဟု ဖြေကြားထားသည့်စွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဦးစွာပဌမဆောင်ရွက်ရမည်။ ထို့ပြင် ထိုစွဲချက်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချပြီးနောက်၊ "အပြစ်ရှိသည်" ဟူသော ဖြေကြားချက် ရေးသွင်းထားသော စွဲချက်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည်။ သို့သော်လည်း အခြားစွဲ ချက်များသည်၊ အခြားနည်းစွဲချက်များဖြစ်လျှင်၊ အခြားနည်းစွဲချက်တခုခုနှင့် စပ်လျဉ်း၍ "အပြစ်ရှိ သည်"ဟု တရားခံကဖြေကြားခြင်းမပြုဘိသကဲ့သို့၊ ထိုအခြားနည်းစွဲချက်အားလုံးနှင့် စပ်လျဉ်း၍၊ စစ် ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် တရားခံအား စစ်ဆေးစီရင်မည့်အ စား၊ "အပြစ်မရှိ"ဟု တရားခံက ဖြေကြားထားသော အခြားနည်းစွဲချက်များအနက်၊ စွဲချက်တခုခုနှင့်စပ် လျဉ်း၍ "အပြစ်ရှိသည်" ဟူသော ဆုံးဖြတ်ချက်ရေးသားချမှတ်ပြီး၊ ကျန်ရှိနေသော အခြားနည်းစွဲချက် အားလုံးနှင့်စပ်လျဉ်း၍ "အပြစ်မရှိ"ဟူသော ဆုံးဖြတ်ချက်တရပ်ကို ရေးသားချမှတ်နိုင်သည်။

(၂) စွဲချက်တခုနှင့်စပ်လျဉ်း၍ "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ (အခြားစွဲ ချက်များနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်းကို ဆက်လက်မဆောင်ရွက်လျှင်) စစ်တရားရုံးသည်၊ သက် သေခံအကျဉ်းချုပ်ကို ဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲထားရမည်၊ သို့တည်းမဟုတ် အဆိုပါသက် သေခံအကျဉ်းချုပ်မရှိလျှင်၊ မည်သည့်ပြစ်ဒဏ်ချမှတ်ရမည်ကို ဆုံးဖြတ်နိုင်စေရန်နှင့်၊ ပြစ်မှုနှင့်ဆက်စပ် နေသည့် ပတ်ဝန်းကျင်အကြောင်းခြင်းရာအားလုံးကို၊ ပြန်လည်သုံးသပ်ရေးအရာရှိ သိရှိနိုင်စေရန်၊ စစ်တ ရားရုံးသည်၊ လုံလောက်သည့်သက်သေခံချက်ကိုရေးမှတ်ယူရမည်။ "အပြစ်မရှိ"ဟူသော ဖြေကြားချက် မျိုးအတွက်၊ ဤနည်းဥပဒေများတွင် ညွှန်ကြားထားသည့်နည်းလမ်းအတိုင်း၊ ဤသက်သေခံချက်ကို ရေး မှတ်ယူရမည်။

(၃) သက်သေခံချက်ကို၊ ထိုသို့ရေးမှတ်ယူပြီးနောက်၊ သို့တည်းမဟုတ် သက်သေခံအကျဉ်းချုပ်ကို ဘတ်ပြပြီးနောက်၊ တရားခံသည်၊ စွဲချက်နှင့်စပ်လျဉ်း၍၊ ထို့ပြင်ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက်၊ စစ်တရားရုံးအား၊ တိုက်ရိုက်လျှောက်ထားနိုင်သည့်ပြင်၊ မိမိ၏အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်း သက်သေပြနိုင်သည်။

(၄) တရားခံ၏ ထွက်ဆိုချက်ကိုသော်၎င်း၊ သက်သေခံအကျဉ်းချုပ်ကိုသော်၎င်း၊ အခြားအကြောင်းအရာ ကိုသော်၎င်း၊ ထောက်ရှုလျက်၊ တရားခံသည်၊ "အပြစ်ရှိသည်" ဟူသော မိမိဖြေကြားချက် မည်သို့ အကျိုးသက်ရောက်သည်ကို နားမလည်ဟု၊ စစ်တရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်တရားရုံးသည်၊ ထို ရေးမှတ်ချက်ကို ပြောင်းလဲ၍၊ "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကို ရေးသွင်းပြီးနောက်၊ စစ်ဆေးစီရင် ခြင်းကို၊ "အပြစ်မရှိ" ဟူသော ဖြေကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၅) "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ ထိုစွဲချက်လွှာတခုတည်းတွင်ပါရှိ သော အခြားစွဲချက်များနှင့်စပ်လျဉ်း၍၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်လျှင်၊ ထိုစွဲချက်လွှာ တခုတည်းတွင်ပါရှိသည့် အခြားစွဲချက်များအတွက် ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ပြီးသောအခါတွင်၊ နည်းဥပဒေခွဲ (၂)နှင့် (၃)အရ ဆက်လက်ဆောင်ရွက်ရမည်။

(၆) တရားခံက၊ ပြစ်ဒဏ်ပေါ့လျော့စေရန် ရည်ရွယ်လျက်၊ ထွက်ဆိုချက်တရပ်ကို ပြုလုပ်သည့်အခါ၊ စစ် တရားရုံးသည်၊ ထိုထွက်ဆိုချက်မှာ၊ သက်သေထင်ရှားပြရန် လိုအပ်သော ထွက်ဆိုချက်ဖြစ်သည့်ပြင်၊ သက်သေထင်ရှားပြလျှင်၊ ပြစ်ဒဏ်မည်ရွေ့မည်မျှ ချမှတ်ရန်စဉ်းစားထိုက်သည်ဟုယူဆသော်၊ တရားခံ အား၊ ထိုထွက်ဆိုချက်ကို ထင်ရှားအောင်ပြုစေခြင်းငှါ၊ သက်သေပြရန် ခွင့်ပြုနိုင်သည်။

(၇) စွဲချက်တင်ထားသည့် ပြစ်မှုမှအပ၊ အခြားပြစ်မှုတခုခုအတွက် အပြစ်ရှိသည်ဟု၊ သို့တည်းမဟုတ် ပေါ့လျော့သည့်ပြစ်ဒဏ်ထိုက်သင့်နိုင်သော အခြေအနေတွင်ကျူးလွန်သော ပြစ်မှုတခုအတွက် အပြစ်ရှိသည် ဟု ဆုံးဖြတ်နိုင်သည့် အာဏာကို၊ ပုဒ်မ ၁၄၃ ဖြင့်၊ စစ်တရားရုံးအား အပ်နှင်းထားသော ကိစ္စတခုခုတွင် သော်၎င်း၊ သက်သေခံချက်များကိုကြားနာပြီးနောက်၊ နည်းဥပဒေ၁၂၀၊ နည်းဥပဒေခွဲ (၃)အရ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်တရားရုံးက အထူးဆုံးဖြတ်ချက်ချမှတ်နိုင်သော ကိစ္စတခုခုတွင်သော်၎င်း၊ စစ်တရားရုံးက၊ ယင်းသို့ဆောင်ရွက်ခြင်း မှာ၊ တရားမျှတသည်ဟုကျေနပ်လျှင်၊ စွဲချက်တင်ထားသော ပြစ်မှုမဟုတ်သည့်၊ အခြားပြစ်မှုအတွက် ဖြစ်စေ၊ ပေါ့လျော့သည့် ပြစ်ဒဏ်ထိုက်သင့်နိုင်သောအခြေအနေတွင်

ကျူးလွန်သော ပြစ်မှုအတွက်ဖြစ်စေ၊ ဆိုခဲ့သည့်ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များနှင့် မဆန့်ကျင်စေဘဲ၊ စွဲချက်တင်ထား သည့်ပြစ်မှုအတွက် "အပြစ်ရှိသည်"ဟူသော ဖြေကြားချက်ကို လက်ခံ၍၊ ရေးမှတ်နိုင်သည်။

"အပြစ်မရှိ" ဟူသောဖြေကြားချက်ကိုနုတ်သိမ်းခြင်း။

၁၁၆။ ။ စစ်ဆေးစီရင်နေစဉ်၊ မည်သည့်အချိန်အခါ၌မဆို၊ တရားခံသည်၊ မိမိသင့်တော်မည်ထင်လျှင်၊ "အပြစ်မရှိ"ဟူသောမိမိ၏ဖြေကြားချက်ကို၊ နုတ်သိမ်းနိုင်သည့်ပြင်၊ "အပြစ်ရှိသည်"ဟု ဖြေကြားနိုင် သည်။ ထိုကိစ္စမျိုးတွင် စစ်တရားရုံးသည်၊ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (၂)အရ၊ လိုက်နာဆောင်ရွက် လျက်၊ "အပြစ်ရှိသည်"ဟူသောဖြေကြားချက်နှင့်ဆုံးဖြတ်ချက်ကို ချက်ခြင်းရေးသားချမှတ်ရမည့်ပြင်၊ လိုအပ်သမျှကိုနည်းဥပဒေ၁၁၅တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

"အပြစ်မရှိ"ဟု ဖြေကြားပြီးနောက်၊ လိုက်နာရမည့် ကျင့်ထုံး။

၁၁၇။ ။ (၁) စွဲချက်တခုခုနှင့်စပ်လျဉ်း၍ "အပြစ်မရှိ"ဟူသော ဖြေကြားချက်ကို ရေးမှတ်ပြီးနောက်၊ တရားလိုဘက်သက်သေခံချက်ကို ရေးယူရမည်။

(၂) တရားလိုဘက်သက်သေခံချက် အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ တရားခံသည်၊ တရားလိုဘက် အတွက် တင်ပြသောသက်သေခံချက်တွင်၊ မိမိအပေါ် အမှုထင်ရှားလောက်အောင် အခြေအမြစ်ရှိကြောင်း မပေါ်လွင်သောကြောင့်၊ မိမိအား ခုခံချေပစေခြင်းမပြုထိုက်ပါဟု၊ စစ်တရားရုံးသို့ လျှောက်ထားနိုင် သည်။ စစ်တရားရုံးသည်၊ ထိုလျှောက်ထားချက်မှာ လုံလောက်စွာအကိုးအကားပြုထားသည့် လျှောက် ထားချက်ဖြစ်သည်ဟု ကျေနပ်လျှင်၊ တရားခံကို၊ တရားသေလွှတ်ရမည်။

(၃) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ စစ်တရားရုံးသည်-

(က) တရားခံကအလိုရှိလျှင်၊ ကျမ်းသစ္စာပြု၍၊ သက်သေအဖြစ် သက်သေခံချက်ပေးနိုင်ကြောင်း၊ သို့ တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ်ကို ပြုလုပ်နိုင်ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ သက်သေခံချက်ပေးရန်၊ သို့တည်းမဟုတ် ထွက်ဆိုချက်ပြုလုပ်ရန် တာဝန်ဟူ၍ ၎င်း၌မရှိကြောင်း၊

(ခ) တရားခံက ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးလျှင်၊ ၎င်းသည်၊ စစ်တရားရုံး၏ မေးမြန်းခြင်း ကိုခံရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ်ကိုပြုလုပ်လျှင်၊ စစ်တရားရုံး ၌၊ ၎င်းအားမည်သည့်မေးခွန်းကိုမျှ မေးပိုင်ခွင့်မရှိကြောင်း၊ ထို့ပြင်

(ဂ) တရားခံက ကျမ်းသစ္စာပြု၍ သက်သေခံချက်ပေးသည်ဖြစ်စေ၊ ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တ ရပ်ကို ပြုလုပ်သည်ဖြစ်စေ၊ သက်သေခံချက်မပေးဘဲ၊ သို့တည်းမဟုတ် ထွက်ဆိုချက်တရပ်ကိုမပြုလုပ်ဘဲ နေသည်ဖြစ်စေ၊ အမှု၏အကြောင်းခြင်းရာနှင့်သော်၎င်း၊ ၎င်း၏အကျင့်စာရိတ္တနှင့်သော်၎င်း၊ စပ်လျဉ်း၍၊ ၎င်းဘက်သက်သေများကိုခေါ်နိုင်ကြောင်း၊

တရားခံအား ရှင်းလင်းပြောပြရမည်။

Myanmar Law Information System (MLIS)

(၄) စစ်တရားရုံးသည်၊ နည်းဥပဒေခွဲ (၃)အတိုင်း လိုက်နာပြီးသောအခါ၊ တရားခံအား ကျမ်းသစ္စာပြု ၍၊ သက်သေခံချက်ပေးရန် ရည်ရွယ်သလော၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ် ကိုပြုလုပ်ရန် ရည်ရွယ်သလော၊ သို့တည်းမဟုတ် ၎င်းဘက်အတွက် သက်သေတဦးဦးကိုခေါ်ရန် ရည်ရွယ်သလောဟုမေးမြန်းရမည့်ပြင်၊ သက်သေခေါ်လိုသည်ဟုဖြေကြားပါက၊ ထိုသက်သေမှာ၊ အမှု အကြောင်း ခြင်းရာနှင့်စပ်လျဉ်းသည့် သက်သေလော၊ သို့တည်းမဟုတ် အကျင့်စာရိတ္တနှင့်သာစပ်လျဉ်း သည့်သက်သေလောဟုလည်း မေးမြန်းရမည်။

(၅) တရားခံသည်၊ ကျမ်းသစ္စာပြု၍၊ သက်သေခံချက်ပေးနိုင်သည်၊ သို့တည်းမဟုတ် ကျမ်းသစ္စာမပြုဘဲ၊ ထွက်ဆိုချက်တရပ်ကို ပြုလုပ်နိုင်သည်။ ထို့နောက်တရားခံဘက်သက်သေများရှိလျှင်၊ ထိုသက်သေ များကို ခေါ်၍၊ ၎င်းတို့က သက်သေခံချက်များကို ပေးကြရမည်။

တရားခံဘက်ကိုချေပမည့်သက်သေများ။

၁၁၈။ ။ စစ်တရားရုံးသည်၊ တရားမျှတရေးအတွက် လိုအပ်သည်ဟု မိမိထင်မြင်လျှင်၊ တရားခံဘက်ကို ချေပမည့်သက်သေများကိုခေါ်နိုင်သည်။

ဆုံးဖြတ်ချက်။

၁၁၉။ ။ စစ်တရားရုံးသည်၊ တရားလိုနှင့်တရားခံ နှစ်ဘက်လုံးအတွက် သက်သေခံချက်အားလုံးကို ကြားနာပြီးသည့်နောက်၊ စွဲချက်များနှင့် စပ်လျဉ်း၍၊ တရားခံ၌၊ အပြစ်ရှိသည်၊ သို့တည်းမဟုတ် တရားခံ၌၊ အပြစ်မရှိသည် ဟူသော မိမိ၏ထင်မြင်ယူဆချက်ကို ပေးရမည်။

ဆုံးဖြတ်ချက်ရေးပုံရေးနည်းနှင့်ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်း။

၁၂၀။ ။ (၁) တရားခံအား စွဲချက်တင်၍ စစ်မေးသော စွဲချက်တိုင်းအတွက် ဆုံးဖြတ်ချက်ကို ရေးသားချ မှတ်ရမည်။ ထို့ပြင် ဤနည်းဥပဒေများတွင် ဖော်ပြထားသည့်အတိုင်းမှတပါး၊ "အပြစ်ရှိသည်"၊ သို့တည်း မဟုတ် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက်တခုတည်းကို ရေးသားချမှတ်ရမည်။

(၂) စွဲချက်တခုခုနှင့်စပ်လျဉ်း၍၊ စွဲဆိုထားသည့် ပြစ်မှုကိုသော်၎င်း၊ စွဲဆိုထားသည့် စွဲချက်အတိုင်း၊ အက် ဥပဒေအရ တရားသဖြင့် တရားခံ၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သော ပြစ်မှုတခုခုကိုသော်၎င်း၊ တရားခံ က ကျူးလွန်ကြောင်း၊ သက်သေခံချက်ရှိသော အကြောင်းခြင်းရာများအရ မထင်ရှားဟု၊ စစ်တရားရုံး က ထင်မြင်ယူဆသောအခါ၊ စစ်တရားရုံးသည်၊ ထိုစွဲချက်အတွက် တရားခံအား တရားသေလွှတ်ရမည်။

(၃) စွဲချက်တခုခုနှင့်စပ်လျဉ်း၍၊ သက်သေခံချက်အရ ထင်ရှားကြောင်း၊ စစ်တရားရုံးက တွေ့ရှိရသော အကြောင်းခြင်းရာများသည်၊ စွဲချက်ပါပြစ်မှုကျူးလွန်ပုံဖော်ပြချက်တွင် စွပ်စွဲထားသည့် အကြောင်းခြင်း ရာများနှင့် အရေးပါအရာရောက်လောက်အောင် ကွဲပြားခြားနားစေကာမူ၊ ယင်းသို့ တွေ့ရှိရသော အကြောင်းခြင်းရာများသည်၊ စွဲချက်တွင် ဖော်ပြထားသော ပြစ်မှုကို တရားခံ ကျူးလွန်ကြောင်း ထင်ရှား စေသည့် လုံလောက်သော အကြောင်းခြင်းရာများဖြစ်သည့်ပြင်၊ ထိုကွဲပြားခြားနားခြင်းသည်လည်း၊ တရားခံအား၊ မိမိ၏ခုခံချေပရေးတွင်၊ အကျိုးယုတ်စေလောက်အောင် အရေးမပါအရာမရောက်ဟု၊ စစ် တရားရုံးက ထင်မြင်ယူဆသောအခါ၊

စစ်တရားရုံးသည်၊ "အပြစ်မရှိ"ဟူသော ဆုံးဖြတ်ချက်ကို ရေး သားချမှတ်မည့်အစား၊ အထူးဆုံးဖြတ်ချက်ကို ရေးသားချမှတ်နိုင်သည်။

(၄) ထိုအထူးဆုံးဖြတ်ချက်ဖြင့်၊ ၎င်းတွင် သီးခြားဖေါ်ပြထားသည့် ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များ ဆိုင်ရာရေးမှတ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ စွဲချက်တခုအတွက် တရားခံ၌ အပြစ် ရှိသည်ဟု ဆုံးဖြတ်နိုင်သည်။

(၅) စွဲချက်တခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည်၊ အခြားနည်းစွဲချက်အတွက်ဖြစ်စေ၊ အခြားနည်း စွဲချက်များအတွက်ဖြစ်စေ၊ အပြစ်ရှိသည်ဟုဆိုရာရောက်စေကာမူ၊ အခြားနည်းစွဲဆိုထားသည့် စွဲချက် နှစ် ခု၊ သို့တည်းမဟုတ် နှစ်ခုထက်ပိုသည့် စွဲချက်များအနက်၊ စွဲချက်တခုအတွက်ထက်ပို၍ တရားခံ၌၊ အပြစ် ရှိသည်ဟု စစ်တရားရုံးက မဆုံးဖြတ်ရ။

တရားသေလွှတ်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး။

၁၂၁။ ။ စွဲချက်လွှာပါ စွဲချက်အသီးသီးအပေါ်၌ ဆုံးဖြတ်ချက်သည် "အပြစ်မရှိ" ဟူသော ဆုံးဖြတ်ချက် ဖြစ်လျှင်၊ စစ်တရားရုံးသည်၊ အမှုတွဲကို ရက်စွဲတပ်၍ လက်မှတ်ရေးထိုးပြီးနောက်၊ ထိုစွဲချက်များနှင့် စပ်လျဉ်း၍ တရားခံအား တရားသေလွှတ်ရမည်။

ပြစ်မှုထင်ရှားစီရင်သည့် အခါ လိုက်နာရမည့်ကျင့်ထုံး။

၁၂၂။ ။ (၁) စွဲချက်တခုခုအတွက် ဆုံးဖြတ်ချက်သည်၊ "အပြစ်ရှိသည်"ဟူသောဆုံးဖြတ်ချက်ဖြစ်လျှင်၊ စစ်တရားရုံးသည်၊ မိမိသိရှိသမျှ၊ တရားခံ၏ အကျင့်စာရိတ္တ၊ အသက်၊ စစ်မှုထမ်းသက်၊ အဆင့်၊ ထို့ပြင် အသိအမှတ်ပြုသည့် သူရသတ္တိရှိစွာ ဆောင်ရွက်မှုများ၊ သို့တည်းမဟုတ် ထူးချွန်သော ဆောင်ရွက်မှုတခု ခု၊ စစ်တရားရုံးတရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံးတရုံးကဖြစ်စေ၊ ယခင်ကတရားခံအား ပြစ်မှုထင်ရှား စီရင်ခြင်းများ၊ ပုဒ်မ ၈၂အရ အာဏာသုံးစွဲသော အရာရှိတဦးကတရားခံအား ယခင်က ချမှတ်သည့် ပြစ်ဒဏ်များ၊ တရားခံဘမ်းဆီးထားခြင်းခံနေရသည့်အချိန်ကာလ၊ သို့တည်းမဟုတ် ယခင်ပြစ်ဒဏ်ချ မှတ်ချက်တခုခုအတွက်တရားခံ အချုပ်နှင့်နေရသည့် အချိန်ကာလ၊ ထို့ပြင် တရားခံ၏ လက်ရှိဖြစ် သော၊ သို့တည်းမဟုတ် တရားခံက ရသင့်ရထိုက်သော စစ်ဘက်ဘွဲ့တံဆိပ်တခုခု၊ သို့တည်းမဟုတ် စစ်ဘက်ဆု တခုခုနှင့်စပ်လျဉ်း၍ ရေးမှတ်နိုင်သည်၊ သို့တည်းမဟုတ် သက်သေခံချက်ကို ရယူပြီး ရေးမှတ်နိုင်သည်။

(၂) စစ်တရားရုံးသည်၊ ဤနည်းဥပဒေတွင် ဖေါ်ပြထားသော အကြောင်းအရာများကို၊ မိမိသိရှိသမျှရေး မှတ်ခြင်းမပြုလျှင်၊ ထိုအကြောင်းအရာများနှင့်စပ်လျဉ်းသည့် သက်သေခံချက်ကို၊ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တရားရုံး၌၊ အလားတူ သက်သေခံချက်ရေးမှတ်ရေးအတွက်၊ နည်းဥပဒေ ၆၃ တွင် ပြဋ္ဌာန်းထား သည့်နည်းလမ်းအတိုင်း၊ ရေးမှတ်နိုင်သည်။

ပြစ်ဒဏ်ချမှတ်ချက်။

၁၂၃။ ။ စစ်တရားရုံးသည်၊ တရားခံအား အပြစ်ရှိသည်ဟု ဆုံးဖြတ်သော ပြစ်မှုအားလုံးနှင့်စပ်လျဉ်း၍၊ ပြစ်ဒဏ်ချမှတ်ချက်တခုတည်းကိုသာ ချမှတ်ရမည်။

အမှုတွဲကိုလက်မှတ်ထိုးခြင်း။

၁၂၄။ ။ စစ်တရားရုံးသည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ရက်စွဲတပ်ပြီးနောက် လက်မှတ်ထိုးရမည်။ ထိုလက် မှတ်သည်၊ အမှုတွဲ တခုလုံးမှန်ကန်ကြောင်းထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။

Myanmar Law Information System (MLIS)

သီးခြားစွဲချက်လွှာများပါ စွဲချက်များ။

၁၂၅။ ။ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရာ၌၊ စွဲချက်များသည်၊ သီးခြားစွဲချက်လွှာများတွင် ပါရှိလျှင်၊ သီးခြားစွဲချက်လွှာများတွင် ပါရှိသော စွဲချက်များကို စစ်ဆေးစီရင်ရန်၊ စစ်တရားရုံးချုပ်နှင့် တိုင်းစစ်တ ရားရုံးအတွက် ချမှတ်ထားသော ကျင့်ထုံးကို၊ သက်ဆိုင်သမျှလိုက်နာရမည်။

စစ်တရားရုံးမှလူများဖယ်ရှားစေခြင်း။

၁၂၆။ ။ (၁) စစ်တရားရုံးသည်၊ သက်သေခံချက်ကို ဆင်ခြင်သုံးသပ်ရန်သော်၎င်း၊ စစ်ဆေးစီရင်ရာသို့ တက်ရောက်သော အရာရှိများနှင့် ညှိနှိုင်းတိုင်ပင်ရန်သော်၎င်း၊ ရှိနေပိုင်ခွင့်မရှိသည့်အခြားသူအားလုံးကို၊ မိမိရုံးထိုင်သောနေရာမှ ဖယ်ရှားစေနိုင်သည်။

(၂) အထက်၌ ဖော်ပြထားသည့်အတိုင်းမှတပါး၊ နေရာတခုခုကိုကြည့်ရှုခြင်းအပါအဝင်၊ အခြားမှုခင်း ကိစ္စဆောင်ရွက်ခြင်းအားလုံးကို၊ လူသိရှင်ကြား တရားခွင်တွင်၊ ထို့ပြင် တရားခံ၏ မျက်မှောက်တွင် ပြုလုပ် ရမည်။

ရုံးရွှေ့ဆိုင်းခြင်း။

၁၂၇။ ။ တပ်တွင်းစစ်တရားရုံးသည်၊ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင် တနေရာမှတနေရာသို့ ရွှေ့ပြောင်း၍လည်း ရုံးထိုင်နိုင်သည်။ ထို့ပြင် စစ်တရားရုံးသည်၊ လိုအပ်သည့်အခါ၊ မည်သည့်နေရာကိုမ ဆို၊ ကြည့်ရှုနိုင်သည်။

တရားခံ၏မိတ်ဆွေ။

၁၂၈။ ။ တပ်တွင်း စစ်တရားရုံးတွင်၊ စစ်ဆေးစီရင်နေစဉ်အတွင်း၊ တရားခံသည်၊ မိမိအားကူညီရန်၊ ဥပဒေ အကြံပေးသူတဦးကို၊ သို့တည်းမဟုတ် အခြားသူတဦးကို ရရှိနိုင်သည်။ ထိုသို့ တရားခံအား၊ ကူညီနေသူ တဦးသည်၊ လိုရင်းအချက်အားလုံးနှင့်စပ်လျဉ်း၍ တရားခံအား အကြံပေးနိုင်သည့်ပြင်၊ သက်သေများအားမေးရန် မေးခွန်းများနှင့်စပ်လျဉ်း၍လည်း အကြံပေးနိုင်သည်။ သို့သော်လည်း သက်သေများအား စစ်မေးခြင်းကိုသော်၎င်း၊ ပြန်လှန်စစ်မေးခြင်းကိုသော်၎င်း၊ စစ်တရားရုံးအား လျှောက်ထားခြင်းကိုသော် ၎င်း၊ မပြုရ။

မှတ်တမ်းအကျဉ်းချုပ်ကို အမှုတွဲတွင် တွဲထားရန်။

၁၂၉။ ။ တပ်တွင်း စစ်တရားရုံးသည်၊ ပုဒ်မ ၁၂၃က လိုအပ်သည့်အတိုင်း တင်ပြခြင်းမပြုက၊ သာမန် အားဖြင့် စစ်ဆေးစီရင်ခွင့်မရှိသော ပြစ်မှုကို၊ ထိုသို့မတင်ပြဘဲ၊ စစ်ဆေးစီရင်သောအခါ၊ ရှင်းလင်းဖော်ပြ ချက်ပါရှိသော မှတ်တမ်းအကျဉ်းချုပ်ကို အမှုတွဲတွင် ပူးတွဲရမည်။

ထုတ်ပြန်ကြေညာခြင်း။

၁၃၀။ ။ တပ်တွင်း စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ဖော်ပြောဆိုပြီးနောက်၊ ထုတ်ပြန်ကြေ ညာခွင့်ရလျှင်ရခြင်း (နည်းဥပဒေ ၁၃၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး) စစ်ဘက်ထုံးတမ်းနှင့်အ ညီ ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်ကြေညာပြီးသည့်နောက်၊ ကြန့်ကြာခြင်းမရှိဘဲ၊ ပြစ်ဒဏ်ချမှတ် ချက်ကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

အချို့အခြေအနေတွင် ထုတ်ပြန်ကြေညာခြင်းကို ဆိုင်းငံ့ထားရန်။

Myanmar Law Information System (MLIS)

၁၃၁။ ။ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိ၏ စစ်မှုထမ်းသက်သည်၊ ငါးနှစ်အောက်လျော့သော အခါ၊ ပုဒ်မ ၁၆၅၊ ပုဒ်မခွဲ(၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ အထက်အာဏာပိုင်က သဘောမတူမချင်း၊ စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို (တန်းပြည့်စစ်မှုထမ်းချိန်မှတပါး)၊ ပြီးမြောက်အောင်မဆောင် ရွက်ရ။

အမှုတွဲကိုပြန်လည်သုံးသပ်ခြင်း။

၁၃၂။ ။ တပ်တွင်းစစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ပြန်ကျေညာပြီးသည်နှင့်တပြိုင်နက် (သက်ဆိုင်ရာဒုတိယ၊ သို့တည်းမဟုတ် လက်ထောက်စစ်ဥပဒေချုပ်ထံမှတဆင့်)၊ ပုဒ်မ ၁၆၆ နှင့်အညီ၊ အမှုတွဲများကို အရေးယူရန်၊ အခွင့်အာဏာရသော အရာရှိထံသို့ တပ်တွင်းစစ်တရားရုံး၏အမှုတွဲကို ပေး ပို့ရမည်။ ထိုအခွင့်အာဏာရအရာရှိက၊ အမှုတွဲကို ပြန်လည်သုံးသပ်ပြီးသည့်နောက်၊ နည်းဥပဒေ ၁၄၅၊ နည်းဥပဒေခွဲ (၂)နှင့်အညီ ထိန်းသိမ်းထားရေးအတွက်၊ တရားခံ၏ တပ်အဖွဲ့သို့ပြန်ပို့ရမည်။

## အပိုင်း (၄)။ ။ ယေဘုယျပြဋ္ဌာန်းချက်များ။

## သက်သေများနှင့် သက်သေခံချက်။

တရားလိုဘက်အမှုလိုက်အရာရှိ၏ သက်သေအားလုံးကိုခေါ်ခြင်း။

၁၃၃။ ။ သက်သေခံအကျဉ်းချုပ်တွင်သော်၎င်း၊ သက်သေခံကောက်နုတ်ချက်တွင်သော်၎င်း၊ သက်သေခံချက်ပါရှိသော၊ တရားလိုဘက်သက်သေအားလုံးကိုဖြစ်စေ၊ တရားလိုဘက် အမှုလိုက်အရာရှိ က၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးကခေါ်ရန် ကြံရွယ်ကြောင်း၊ တရားခံအား အကြောင်းကြား ပြီးဖြစ်သော တရားလိုဘက်သက်သေအားလုံးကိုဖြစ်စေ၊ ခေါ်ရန်၊ တရားလိုဘက်အမှုလိုက်အရာရှိ၌၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်သောအမှုဖြစ်လျှင်၊ တပ်တွင်းစစ်တရားရုံး၌၊ တာဝန်မရှိ။ သို့သော်လည်း တရားခံက ပြန်လှန်စစ်မေးနိုင်ရန်၊ ထိုသက်သေများအနက်၊ တရားခံအလိုရှိသော သက်သေများကို၊ တရားလိုဘက် အမှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးက၊ သာမန်အားဖြင့်၊ ခေါ်သင့်သည့်ပြင်၊ ဤကိစ္စအလို့ငှါ၊ ဖြစ်နိုင်သမျှ၊ ထိုသက်သေအားလုံးကို ရုံးသို့လာရောက်စေရမည်။

သက်သေခံအကျဉ်းချုပ်တွင်သော်၎င်း၊ သက်သေခံကောက်နုတ်ချက်တွင်သော်၎င်း၊ သက်သေခံချက်မပါရှိသည့်သက်သေကိုခေါ်ခြင်း။

၁၃၄။ ။ တရားလိုဘက်အမှုလိုက်အရာရှိကသော်၎င်း၊ တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးသောအမှုဖြစ် လျှင်၊ တပ်တွင်းစစ်တရားရုံးကသော်၎င်း၊ တရားခံအားပေးထားသော သက်သေခံအကျဉ်းချုပ်တွင်ဖြစ် စေ၊ သက်သေခံကောက်နုတ်ချက်တွင်ဖြစ်စေ၊ သက်သေခံချက်မပါရှိသည့် သက်သေတဦးကိုခေါ်ရန်ကြံ ရွယ်လျှင်၊ ထိုသက်သေကို မခေါ်မီ၊ သင့်လျော်သည့် အချိန်အတွင်း၊ ထိုသို့ခေါ်ရန်ကြံရွယ်ကြောင်းကို၊ တရားခံအားအကြောင်းကြားလျက်၊ ထိုသက်သေကထွက်ဆိုရန် ရည်စူးထားသည့်၊ သက်သေခံ ကောက် နုတ်ချက်တစောင်ကို၊ တရားခံအားပေးရမည်။ ထိုသို့အကြောင်းမကြားဘဲသော်၎င်း၊ သက်သေခံကောက် နုတ်ချက်ကိုမပေးဘဲသော်၎င်း၊ ထိုသက်သေကိုခေါ်လျှင်၊ ထိုသက်သေ၏ သက်သေခံချက်ကို ယူပြီးသည့် နောက်၊ ရုံးရွှေ့ဆိုင်းရန်၊ သို့တည်းမဟုတ် ထိုသက်သေအား ပြန်လှန်စစ်မေးခြင်းကို ရက်ရွှေ့ခွင့်ပြုရန်၊ တရားခံကတောင်းဆိုပါက၊

တောင်းဆိုသည့်အတိုင်းရုံးရွှေ့ဆိုင်းရမည်၊ သို့တည်းမဟုတ် ပြန်လှန်စစ်မေး ခြင်းကို ရက်ရွှေ့ရမည်။ ထိုသို့ရုံးရွှေ့ဆိုင်းခြင်းကိုသော်ငှင်း၊ ပြန်လှန်စစ်မေးခြင်းကိုရက်ရွှေ့ခွင့်ကိုသော် ငှင်း၊ တောင်းဆိုရန် တရားခံ၌ အခွင့်အရေးရှိကြောင်းကိုလည်း၊ တရားခံအားစစ်တရားရုံးကပြောကြားရ မည်။

တရားခံဘက်သက်သေစာရင်း။

၁၃၅။ ။ တရားခံသည်၊ မိမိကခေါ်ရန် ကြံရွယ်ထားသည့် သက်သေများ၏ စာရင်းကို၊ တရားလိုဘက်အ မှုလိုက်အရာရှိအား၊ သို့တည်းမဟုတ် စစ်တရားရုံးအားပေးရန်မလို။ သို့သော်လည်း သက်သေခံအကျဉ်း ချုပ်တွင်သော်ငှင်း၊ သက်သေခံကောက်နုတ်ချက်တွင်သော်ငှင်း၊ သက်သေခံချက်မပါရှိသည့်ပြင်၊ ရုံးသို့ လာရောက်ရန်လည်း၊ နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (၁)အရ ပြဋ္ဌာန်းထားသည့်အတိုင်း အရေးယူရန်၊ တရားခံက မတောင်းဆိုခဲ့သော သက်သေတဦးဦးရုံးသို့လာရောက်စေရန်မှာ၊ တရားခံ၏တာဝန်သာလျှင် ဖြစ်ရမည်။

သက်သေများလာရန် စီစဉ်ပေးခြင်း။

၁၃၆။ ။ (၁) စစ်တရားရုံးချုပ်ဖြင့်သော်ငှင်း၊ တိုင်းစစ်တရားရုံးဖြင့်သော်ငှင်း၊ စစ်ဆေးစီရင်သည့် အမှုမျိုး တွင်၊ တရားလိုဘက်အမှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တရားခံက ခေါ်စေလိုသည့်ပြင်၊ ဆင့်ခေါ်၍ ရနိုင်သည့် သက်သေများလာရောက်စေရန်၊ တရားခံ၏ တပ်မှူးက ဖြစ်စေ၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိကဖြစ်စေ၊ စစ်တရားရုံး ရုံးထိုင်ရန် စုဝေးပြီးသည့်အခါ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိကဖြစ်စေ၊ သင့်လျော်အောင် စီစဉ်ပေးရမည်။ သို့သော်လည်း သက်သေများလာရောက်ရခြင်းအ တွက် စရိတ်ကုန်ကျလျှင်၊ သက်သေတဦးကိုလာရောက်စေလိုသူအား၊ ထိုကုန်ကျစရိတ်ကို ကျခံစေနိုင် သည်။

(၂) တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်သောအမှုမျိုးတွင်၊ တရားခံက ခေါ်စေလိုသည့်ပြင်၊ ဆင့်ခေါ်၍ရနိုင်သည့် သက်သေများ လာရောက်စေရန်၊ တပ်တွင်းစစ်တရားရုံးက သင့်လျော်အောင် စီစဉ်ပေးရမည်။ သို့သော်လည်း သက်သေများလာရောက်ရခြင်းအတွက် စရိတ်ကုန်ကျလျှင်၊ တရားခံအား၊ ထိုကုန်ကျစရိတ်ကို ကျခံစေနိုင်သည်။

မခေါ်လျှင်မဖြစ်သော သက်သေမလာရောက်သည့် အခါလိုက်နာရမည့်ကျင့်ထုံး။

၁၃၇။ ။ အထက်ပါနည်းဥပဒေတွင် ဖော်ပြထားသည့်အတိုင်း သက်သေတဦးဦးလာရောက်ရန် သင့် လျော်အောင်စီစဉ်မပေးခဲ့လျှင်၊ သို့တည်းမဟုတ် စစ်တရားရုံးရုံးထိုင်ရန် မစုဝေးမီ၊ ဆင့်ခေါ်၍မရနိုင်သည့် သက်သေတဦးဦးသည်၊ တရားလိုဘက်အတွက်သော်ငှင်း၊ တရားခံဘက်အတွက်သော်ငှင်း၊ မခေါ်လျှင် မဖြစ်သော သက်သေဖြစ်လျှင်၊ စစ်တရားရုံးသည်-

(က) ထိုသက်သေအား စစ်မေးခြင်းအတွက် ကောမရှင်ကို ထုတ်ရန် စီစဉ်ရမည်၊ သို့တည်းမဟုတ်

(ခ) စစ်တရားရုံးချုပ်သော်ငှင်း၊ တိုင်းစစ်တရားရုံးသော်ငှင်း၊ ဖြစ်လျှင်၊ ရုံးရွှေ့ဆိုင်းရမည့်ပြင်၊ စစ်တရား ရုံးဖွဲ့စည်းသည့် အရာရှိထံ အဖြစ်အပျက်အကြောင်းအရာကို အစီရင်ခံရမည်၊ သို့တည်းမဟုတ်

(ဂ) တပ်တွင်း စစ်တရားရုံးဖြစ်လျှင်၊ သက်သေလာရောက်နိုင်စေခြင်းငှါ၊ ရုံးရွှေ့ဆိုင်းရမည်၊ သို့တည်းမ ဟုတ် စစ်ဆေးစီရင်ခြင်းကိုပြုလုပ်သည့်အရာရှိက၊ တရားမျှတမှုရှိရန် အကောင်းဆုံးဟု ယူဆသည့် အခြား အစီအစဉ်ကိုပြုလုပ်ရမည်။

Myanmar Law Information System (MLIS)

စစ်တရားရုံးမှ သက်သေများကိုထွက်ခွါစေခြင်း။

၁၃၈။ ။ စစ်ဆေးစီရင်နေစဉ်အတွင်း၊ တရားလိုဘက်အမှုလိုက်အရာရှိမှတပါး၊ စစ်မေးခြင်းကိုခံမနေရ သည့်အချိန်တွင်၊ သက်သေတဦးအား၊ စစ်တရားရုံး၏ အထူးခွင့်ပြုချက်မရရှိဘဲ၊ စစ်တရားရုံးတွင် ရှိနေ ခွင့်မပြုရ။ ထို့ပြင် သက်သေသည်၊ စစ်မေးခြင်းကိုခံနေရစဉ်၊ မေးခွန်းတခုကို ခွင့်ပြုရေးနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ သက်သေ၏အဖြေများလုံလောက်ခြင်းနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ထိုသက်သေ၏ သက်သေခံချက် နှင့်စပ်လျဉ်း၍ အခြားအကြောင်းကြောင့်ဖြစ်စေ၊ ဆွေးနွေးရန် ကိစ္စတရပ် ပေါ်ပေါက်လျှင်၊ စစ်တရားရုံးမှ ထွက်သွားရန်၊ ထိုသက်သေအား ညွှန်ကြားနိုင်သည်။

သက်သေများအား ပြုစေရမည့် ကျမ်းသစ္စာ၊သို့တည်းမဟုတ် ကတိသစ္စာ။

၁၃၉။ ။ ကျမ်းသစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ အက်ဥပဒေအရ ပြုစေရန်လိုပါက၊ အောက်ပါ သစ္စာပြုချက်ပုံစံတခုခုအရ၊ သို့တည်းမဟုတ် ထိုသက်သေကိုးကွယ်သည့်ဘာသာနှင့်အညီဖြစ်စေ၊ ထို သက်သေ၏ စိတ်တွင် စွဲမြဲစေသည့် အခြားနည်းလမ်းနှင့်အညီဖြစ်စေ၊ ထပ်တူသစ္စာပြုခြင်း သဘောသက် ရောက်စေသည်ဟု၊ စစ်တရားရုံးက အမှန်စုံစမ်းတွေ့ရှိသည့် အခြားသစ္စာပြုချက်ပုံစံအရ၊ ကျမ်းသစ္စာကို သော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်တရားရုံး၏ အဖွဲ့ဝင်တဦးက၊ သို့တည်းမဟုတ် စစ်တရားရုံးကအာဏာအပ်နှင်းထားသူတဦးဦးက၊ သက်သေတိုင်းအား၊ သက်သေမခံမီ၊ ပြုစေရမည်။

**ကျမ်းသစ္စာပြုချက်ပုံစံ။**

"ကျွန်ုပ်-----------------------------------------------------သည်၊ အမှန်အကန် အစစ်ခံပါမည်၊ အလုံး စုံ အမှန်အကန်အစစ်ခံပါမည်၊ မမှန်မကန်မပါရှိပါဟု ကျမ်းသစ္စာပြုပါသည်။"

ကတိသစ္စာပြုချက်ပုံစံ။

"ကျွန်ုပ်--------------------------------------သည်၊ အမှန်အကန် အစစ်ခံပါမည်၊ အလုံးစုံ အမှန်အကန် အစစ်ခံပါမည်၊ မမှန်မကန်မပါရှိပါဟု လေးနက်တည်ကြည်မှန်ကန်စွာ ကျေညာ၍၊ ကတိသစ္စာပြုပါ သည်။"

သက်သေအားမေးမြန်းနည်း။

၁၄၀။ ။ (၁) စစ်ဆေးစီရင်ခြင်းကိုပြုလုပ်သော အရာရှိကသော်၎င်း၊ တရားလိုဘက်မှ အမှုလိုက်အရာရှိ ကသော်၎င်း၊ တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စားသော်၎င်း၊ စစ်ဥပဒေအရာရှိကသော်၎င်း၊ မေးခွန်းတိုင်းကို သက်သေအား နှုတ်ဖြင့်မေးမြန်းရမည်။ စစ်တရားရုံးကဖြစ်စေ၊ စစ်ဥပဒေအရာရှိကဖြစ် စေ၊ တရားလိုဘက် အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ မကန့်ကွက်လျှင် သက်သေသည်၊ ချက်ခြင်းဖြေကြားရမည်။ ကန့်ကွက်လျှင်၊ကန့်ကွက်ချက်ကို မဆုံးဖြတ်၊ ရသေးမီ၊ သက်သေသည်၊ မဖြေ ကြားရ၊ သက်သေသည်၊ မိမိ၏ဖြေကြားချက်ကို၊ စစ်တရားရုံးအား၊ တိုက်ရိုက်လျှောက်ထားရမည်။

(၂) သက်သေက၊ သက်သေခံချက်အားလုံးပေးပြီးသည့်နောက်၊ စစ်တရားရုံးမှ ထွက်မသွားမီ၊ ၎င်း၏ သက်သေခံချက်ကို၊ ရေးမှတ်ထားသည့်အတိုင်း၊ ၎င်းအားဘတ်ပြရမည်။ ထို့ပြင် လိုအပ်လျှင် မှားယွင်း ချက်ကို မှန်အောင်ပြင်ရမည်။ သက်သေကရှင်းလင်းချက်၊ သို့တည်းမဟုတ် ပြင်ဆင်ချက်ပြုလုပ်လျှင်၊ ထို ရှင်းလင်းချက်၊ သို့တည်းမဟုတ်



Myanmar Law Information System (MLIS)

ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍၊ တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံ၊ သို့တည်းမဟုတ် ရှေ့နေ၊ သို့တည်းမဟုတ် တရားခံဘက်အရာရှိသည်၊ သက်သေအား စစ်မေး နိုင်သည်။

(၃) သက်သေခံချက်ကို သက်သေအားဘတ်ပြသောအခါ၊ သက်သေခံချက်ပါ အစိတ်အပိုင်းတခုခု၏ မှန် ကန်ခြင်းကို သက်သေကငြင်းဆိုလျှင်၊ စစ်တရားရုံးသည်၊ သက်သေခံချက်ကို ပြင်မည့်အစား၊ သက်သေ ၏ကန့်ကွက်ချက်ကို ရေးမှတ်ရမည်။

(၄) မြန်မာဘာသာဖြင့် သော်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်သော်၎င်း၊ သက်သေမခံသည့်ပြင်၊ ထိုဘာသာနှစ် ခုအနက်၊ မည်သည့်ဘာသာကိုမျှ သက်သေကနားမလည်လျှင်၊ သက်သေခံသောအခါ၊ ထွက်ဆိုသည့်ဘာ သာဖြင့်သော်၎င်း၊ သက်သေနားလည်သည့်ဘာသာတခုခုဖြင့်သော်၎င်း၊ သက်သေအား၊ စစ်တရားရုံးမှ ထွက်မသွားမီ၊ ရေးမှတ်ထားသည့်အတိုင်း သက်သေခံချက်ကို၊ ပြန်ဆိုပြောပြရမည်။

(၅) သက်သေခံချက်ကို လက်ရေးတိုစာရေးက ရေးမှတ်ယူသည့်ကိစ္စတွင်၊ စစ်တရားရုံးနှင့်စစ်ဥပဒေ အရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ၏ ထင်မြင်ယူဆချက်အရ၊ သက်သေခံချက်ကို ဘတ်ပြရန်မလိုအပ် လျှင်၊ (ထိုထင်မြင်ယူဆချက်ကို အမှုတွဲတွင် ရေးမှတ်ရမည်) နည်းဥပဒေခွဲ (၂)၊ သို့တည်းမဟုတ် နည်းဥပဒေခွဲ (၄)နှင့်အညီ၊ ထိုသက်သေခံချက်ကို၊ သက်သေအားဘတ်ပြရန် မလိုအပ်စေရ။ သို့သော်လည်း သက်သေ တဦးဦးက အလိုရှိလျှင်၊ ၎င်း၏သက်သေခံချက်ကို၊ ၎င်းအားဘတ်ပြရမည်။

စစ်တရားရုံးက၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိက သက်သေများအား မေးရန်မေးခွန်းများ။

၁၄၁။ ။ (၁) သက်သေတဦးသည်၊ မိမိ၏မူလသက်သေခံချက်ကို ထွက်ဆိုနေစဉ်တွင်၊ စစ်တရားရုံးမှ ထွက်မသွားမီ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိက၊ သို့တည်းမဟုတ် စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထို စစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိက၊ ထို့ပြင် စစ်တရားရုံး ၏ခွင့်ပြုချက်ဖြင့်၊ စစ်တရားရုံး၏ အဖွဲ့ဝင်တဦးဦးက၊ ထိုသက်သေအားမေးခွန်းမေးနိုင်သည်။

(၂) ထိုသို့မေးသောမေးခွန်းကို ဖြေကြားပြီးသောအခါ၊ ထိုအဖြေနှင့်စပ်လျဉ်း၍မေးရန်၊ တရားလိုဘက်အ မှုလိုက်အရာရှိက၊ သို့တည်းမဟုတ် တရားခံက၊ သို့တည်းမဟုတ် ရှေ့နေက၊ သို့တည်းမဟုတ် တရားခံ ဘက်အရာရှိက တောင်းဆိုသည့်ပြင်၊ စစ်တရားရုံးကလည်း သင့်လျော်သည် ဟုယူဆသော မေးခွန်းတခု ကို၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိသည်၊ သို့တည်းမဟုတ် စစ်ဥပဒေ အရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေ အရာရှိသည်၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သော အရာရှိသည်၊ သက်သေအားမေးရမည်။

သက်သေများကို ပြန်ခေါ်ခြင်းနှင့် ခေ ျပမည့်သက်သေများကိုခေါ်ခြင်း။

၁၄၂။ ။ (၁) တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စား၊ နိဂုံးချုပ်လျှောက်ထားချက်ကို မတင် သွင်းမီ၊ မည်သည့်အချိန်အခါ၌မဆို (သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်သည့်အမှု မျိုးတွင်၊ တပ်တွင်းစစ်တရားရုံး၏ ဆုံးဖြတ်ချက်မချမှတ်မီ၊ မည်သည့်အချိန်အခါ၌မဆို)၊ တရားလိုဘက် အမှုလိုက်အရာရှိ၏၊ သို့တည်းမဟုတ် တရားခံ၏ တောင်းဆိုချက်အရ၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအ ရာရှိ၊ သို့တည်းမဟုတ်

Myanmar Law Information System (MLIS)

စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိ၊ သို့တည်းမဟုတ် စစ်ဆေးစီရင် ခြင်းကို ပြုလုပ်သည့် အရာရှိမှတဆင့်၊ မေးခွန်းတခုခုကို မေးရန်အလို့ငှါ၊ စစ်တရားရုံး၏ခွင့်ပြုချက်ဖြင့်၊ သက်သေတဦးအား၊ ပြန်ခေါ်နိုင်သည်။

(၂) စစ်တရားရုံးက၊ တရားမျှတမှုအတွက် လိုအပ်သည်ဟုယူဆလျှင်၊ တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စား၊ နိဂုံးချုပ်လျှောက်ထားချက်မတင်သွင်းမီ၊ တရားခံဘက်သက်သေတဦးထွက်ဆို သည့် အရေးပါသော ထွက်ဆိုချက်တခုခုကို ပြန်လည်ချေပရန် အလို့ငှါ၊ သို့တည်းမဟုတ် တရားလိုဘက် အမှုလိုက်အရာရှိ ကြိုတင်မသိရှိနိုင်သည့် အကြောင်းအရာသစ်တခုခုနှင့်စပ်လျဉ်း၍ သက်သေခံရန် အလို့ငှါ၊ စစ်တရားရုံးသည်၊ တရားလိုဘက်အမှုလိုက်အရာရှိအား၊ သက်သေတဦးကို၊ ခေါ်ရန်သော်၎င်း၊ ပြန်ခေါ်ရန်သော်၎င်း၊ ခွင့်ပြုနိုင်သည်။

(၃) တရားခံက၊ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍၊ သက်သေပြသောအမှုမျိုးတွင်၊ တရားလိုဘက်အမှု လိုက်အရာရှိသည်၊ တရားခံက၊ သို့တည်းမဟုတ် တရားခံ၏ကိုယ်စား၊ နိဂုံးချုပ်လျှောက်ထားချက်ကို မတင်သွင်းမီ၊ တရားခံအပေါ်တွင်၊ ယခင်ပြစ်မှုထင်ရှားစီရင်ခြင်းများကိုသော်၎င်း၊ စစ်ဘက်ပြစ်မှုကျူး လွန်သူများ၏ မှတ်တမ်းစာအုပ်ရှိ ရေးသွင်းချက်များကိုသော်၎င်း၊ သက်သေထင်ရှားပြရန်အလို့ငှါ၊ သက် သေများကို ခေါ်နိုင်သည်၊ သို့တည်းမဟုတ် ပြန်ခေါ်နိုင်သည်။

(၄) စစ်တရားရုံးသည်၊ တရားမျှတမှုအတွက် လိုအပ်သည်ဟုယူဆလျှင်၊ ဆုံးဖြတ်ချက်မချမှတ်မီ၊ မည် သည့် အချိန်အခါ၌မဆို၊ သက်သေတဦးဦးကိုခေါ်နိုင်သည်၊ သို့တည်းမဟုတ် ပြန်ခေါ်နိုင်သည်။

**လျှောက်ထားချက်များ။**

လျှောက်ထားချက်များ။

၁၄၃။ ။ တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံကတင်သွင်းသော လျှောက်ထားချက်အားလုံးအ ပြင်၊ စစ်ဥပဒေအရာရှိ၏ ပေါင်းရုံးဖော်ပြချက်ကိုပါ၊ နှုတ်ဖြင့်သော်၎င်း၊ စာဖြင့်သော်၎င်း၊ တင်သွင်းနိုင် သည်။ စာဖြင့်ရေးသားတင်သွင်းလျှင်၊ လူသိရှင်ကြား တရားခွင်တွင် ဘတ်ပြရမည်။

**ရူးသွပ်ခြင်း။**

ရူးသွပ်သည်ဟုဆုံးဖြတ်ခြင်း။

၁၄၄။ ။တရားခံသည်၊ စိတ်ပေါ့သွပ်သူဖြစ်သောကြောင့် ခုခံချေပနိုင်စွမ်းမရှိဟု၊ သို့တည်းမဟုတ် ထို တရား ခံကျူးလွန်သည်ဟု စွပ်စွဲသောပြုလုပ်မှုကိုထိုတရားခံကျူးလွန်သော်လည်း၊ စိတ်ပေါ့သွပ် နေသည့်အကြောင်းကြောင့်၊ မိမိ၏ပြုလုပ်မှုသည်၊ မည်သို့သဘောရှိသည်ကိုသော်၎င်း၊ မတော်မမှန် သည်ကိုသော်၎င်း၊ တရားဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်၎င်း၊ မသိနိုင်ဟု၊ စစ်တရားရုံးက တွေ့ရှိသော အခါ၊ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သောအရာရှိက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေး သည့်အမှုတွင်၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့်အရာရှိက၊ ဆုံးဖြတ်ချက်ကို ရက်စွဲတပ်၍၊ လက်မှတ် ထိုးရမည့်ပြင်၊ စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက အမှုတွဲတွင် လက်မှတ် ထိုးပြီးသောအခါ၊ အတည်ပြုအရာ ရှိ၊ သို့တည်းမဟုတ် ပုဒ်မ ၁၆၆အရ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အရေးယူရန်၊ အာဏာအပ်နှင်း ထားသည့် အာဏာပိုင်၊ သက်ဆိုင်ရာရာသို့၊ အမှုတွဲကို ချက်ခြင်း ပေးပို့ရမည်။

**အမှုတွဲကိုထိန်းသိမ်းခြင်း။**

Myanmar Law Information System (MLIS)

အမှုတွဲကို ထိန်းသိမ်းခြင်း။

၁၄၅။ ။ (၁) စစ်တရားရုံး (တပ်တွင်းစစ်တရားရုံးမှတပါး)၏ အမှုတွဲကို ထုတ်ပြန်ကြေညာပြီးနောက်၊ စစ်ဥပဒေချုပ်ရုံးသို့ ပို့ရမည်။ အမှုတွဲသည်၊ စစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစီရင်သောအမှုတွဲဖြစ်ပါက၊ ထို အမှုတွဲကို၊ အနည်းဆုံးခုနစ်နှစ်၊ ထို့ပြင် အခြားစစ်တရားရုံးတခုခုဖြင့် စစ်ဆေးစီရင်သော အမှုတွဲဖြစ်ပါ က၊ ထိုအမှုတွဲကို အနည်းဆုံး သုံးနှစ်၊ စစ်ဥပဒေချုပ်ရုံးတွင် ထိန်းသိမ်းထားရမည်။

(၂) တပ်တွင်း စစ်တရားရုံး၏ အမှုတွဲကို၊ တရားခံပါဝင်သော တပ်အဖွဲ့၊ သို့တည်းမဟုတ် ဌာန၏မှတ် တမ်းများနှင့်အတူ၊ အနည်းဆုံးသုံးနှစ်ထိန်းသိမ်းထားရမည်။

စစ်ဆေးစီရင်ခြင်းခံရသူက၊ အမှုတွဲ၏ မိတ္တူများကိုရယူခွင့်။

၁၄၆။ ။ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်း ခံရသူတိုင်းမှာ၊ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုရန် လိုသောအမှုမျိုးတွင်၊ ထိုသို့အတည်ပြုပြီးနောက်၊ ထို့ပြင် အမှုတွဲကို မဖျက်ဆီးမီ အမှုတွဲကို ထိန်းသိမ်းသောအရာရှိထံမှသော်၎င်း၊ ထိန်းသိမ်းသူထံမှသော်၎င်း၊ ပြန်လည်ပြင်ဆင်သည့်အမှုတွဲရှိခဲ့ လျှင်၊ ထိုအမှုတွဲ၏မိတ္တူတခုပါ အပါအဝင်၊ အမှုတွဲ၏ မိတ္တူတခုကို တောင်းဆိုပါက၊ ရထိုက်ခွင့်ရှိရမည်။

အမှုတွဲပျောက်ဆုံးခြင်း။

၁၄၇။ ။ (၁) အတည်ပြုရန်လိုသော၊ စစ်တရားရုံး၏ မူလအမှုတွဲသော်၎င်း၊ ထိုမူလ၊ အမှုတွဲ၏ အစိတ်အ ပိုင်းတခုခုသော်၎င်း၊ အတည်မပြုရသေးမီ၊ ပျောက်ဆုံးခဲ့သော်၊ ထိုစစ်တရားရုံး၏ ဥက္ကဋ္ဌအဖြစ်ဆောင် ရွက်သော အရာရှိက၊ သို့တည်းမဟုတ် ထိုစစ်တရားရုံး၌ ဆောင်ရွက်သည့် စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထို စစ်ဥပဒေအရာရှိက တာဝန်ခံလက်မှတ်ထိုးသော၊ ထိုမူလအမှုတွဲ၏ မိတ္တူရှိခဲ့လျှင်၊ ထိုတာဝန်ခံမိတ္တူကို မူလအမှုတွဲအစား လက်ခံနိုင်သည်။

(၂) ထိုသို့သော တာဝန်ခံမိတ္တူမရှိလျှင်၊ စွဲချက်၊ ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်နှင့် စစ်တရားရုံး၏ ဆောင်ရွက်ချက်များအတွက် လုံလောက်သော သက်သေခံချက်ကို ရယူနိုင်ပါက၊ ထိုသက်သေခံချက်ကို၊ တရားခံ၏ သဘောတူညီချက်အရ၊ ပျောက်ဆုံးသွားသော မူလ အမှုတွဲအစားသော်၎င်း၊ ထိုမူလအမှုတွဲ၏ အစိတ်အပိုင်းအစားသော်၎င်း၊ လက်ခံနိုင်သည်။

(၃) ဤနည်းဥပဒေတွင် ဖော်ပြထားသော အထက်ပါကိစ္စမျိုးတခုခုတွင်၊ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ် ချက်ကို အတည်ပြုနိုင်သည့်ပြင်၊ ထိုဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်သည်၊ မူလအမှုတွဲသော်၎င်း၊ ထို အမှုတွဲ၏ အစိတ်အပိုင်းသော်၎င်း၊ မပျောက်ဆုံးပါက၊ ခိုင်လုံဘိသကဲ့သို့၊ ခိုင်လုံရမည်။

(၄) တရားခံသည်၊ နည်းဥပဒေခွဲ (၂)တွင် ရည်ညွှန်းသော သဘောတူညီချက်ကို ပေးရန် ငြင်းဆိုလျှင်၊ ထို တရားခံအား၊ ပြန်၍ စစ်ဆေးစီရင်နိုင်သည့်ပြင် ပျောက်ဆုံးသောအမှုတွဲတွင်ပါရှိသော ယခင်စစ်တရားရုံး ၏ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်သည်လည်း ပျက်ပြယ်စေရမည်။

(၅) ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုပြီးသည့် ကိစ္စမျိုးတွင်၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသည့်ကိစ္စမျိုးတွင်၊ စစ်တရားရုံး၏ မူလအမှုတွဲသော်၎င်း၊ မူလအမှုတွဲအစိတ်အပိုင်း တခုခုသော်၎င်း၊ ပျောက်ဆုံးလျှင်၊ စွဲချက်၊ ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်နှင့် စစ်တရားရုံး၏ ဆောင်ရွက်ချက် များအပြင်၊

ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုရန် လိုသည့်ကိစ္စမျိုး၌၊ ထိုသို့ အတည်ပြု ခြင်းအတွက်၊ လုံလောက်သော သက်သေခံချက်ရှိပါက၊ ထိုသက်သေခံချက်သည်၊ ကိစ္စအားလုံးအတွက်၊ ခိုင်လုံရမည့်ပြင်၊ လုံလောက်သော စစ်ဆေးစီရင်ခြင်းမှတ်တမ်းလည်းဖြစ်ရမည်။

**ကျင့်ထုံးကို နည်းလမ်းတကျမလိုက်နာသော်လည်း၊ တရားမမျှတခြင်းမဖြစ်သည့်အခါ။**

အချို့ကိစ္စများတွင်၊ နည်းလမ်းမကျသော ကျင့်ထုံးခိုင်လုံခြင်း။

၁၄၈။ ။ စစ်တရားရုံးတရုံး၌၊ တဦးတယောက်သောသူအား၊ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာနှင့်ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်အာဏာရှိသည်ဟု၊ ထို့ပြင် ထိုဆုံးဖြတ်ချက် ချမှတ်နိုင်ကြောင်း၊ တရားဝင်သော သက်သေခံချက်သော်၎င်း၊ "အပြစ်ရှိသည်"ဟူသောဖြေကြားချက်သော်၎င်း၊ ရှိသည်ဟုယူဆနိုင်သောအ ခါ၊ ထိုဆုံးဖြတ်ချက်နှင့် ထိုဆုံးဖြတ်ချက်အရ ပြစ်ဒဏ်ချမှတ်ချက် ချမှတ်နိုင်သည့် အာဏာရှိသော စစ် တရားရုံးက၊ ချမှတ်သည့်ပြစ်ဒဏ်တခုခုကို အတည်ပြုနိုင်သည်။ ထို့ပြင် ထိုသို့ အတည်ပြုသည့်အခါမျိုး တွင်၎င်း၊ တပ်တွင်း စစ်တရားရုံး၏ အမှုဖြစ်၍၊ အတည်ပြုရန် မလိုသည့် ကိစ္စမျိုးတွင်၎င်း၊ ဤနည်းဥပ ဒေများမှ သွေဖယ်ခြင်းတခုခုရှိစေကာမူ၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ခြင်းမပြုမီ၊ စွဲချက်များကို တပ် မှူးနှင့်စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိတို့က၊ အမှန်အားဖြင့်၊ သဘောတူပြီးဖြစ်ပါက၊ ထိုစွဲချက်လွှာတွင် တပ်မှူးကသော်၎င်း၊ စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိကသော်၎င်း၊ လက်မှတ်မထိုးခဲ့စေကာမူ၊ သို့တည်း မဟုတ်ကျင့်ထုံးဆိုင်ရာ ချွတ်ယွင်းချက်တခုခုဖြစ်စေ၊ အခြားချွတ်ယွင်းချက်တခုခုဖြစ်စေ၊ ကျင့်ထုံး ဆိုင်ရာကန့်ကွက်ချက်တခုခုဖြစ်စေ၊ အခြားကန့်ကွက်ချက်တခုခုဖြစ်စေ၊ ရှိစေကာမူ၊ ပြစ်မှု ကျူးလွန်သူ အပေါ်၊ မတော်မတရား ပြုလုပ်ရာမရောက်သမျှ၊ ထိုဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်သည်၊ ခိုင်လုံစေ ရမည်။ ထို့ပြင်ဆုံးဖြတ်ချက်တခုခုနှင့် ပြစ်ဒဏ်ချမှတ်ချက်တခုခုသည်၊ အခြားနည်းခိုင်လုံသည့်အခါ၊ စကားပြန်အား၊ သို့တည်းမဟုတ် လက်ရေးတိုစာရေးအား၊ ကျမ်းသစ္စာ ကိုသော်၎င်း၊ ကတိသစ္စာကို သော်၎င်း၊ ပြုစေရန် ပျက်ကွက်ရုံမျှဖြင့်၊ ထိုဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ မခိုင်လုံမရှိစေရ။ သို့သော်လည်း ဤနည်းဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ၊ ဤနည်းဥပဒေများအနက် နည်းဥပဒေ တခုခုကို၊ တမင်အလေးဂရုမပြုခြင်းအတွက် သော်၎င်း၊ ပေါ့လျော့မှုကြောင့်အလေး ဂရုမပြုမိခြင်းအတွက်သော်၎င်း၊ တာဝန်ရှိခြင်းမှ၊ အရာရှိတဦးအား၊ ကင်းလွတ်ခွင့်မပြုစေရ။

**သက်သေများနှင့်အခြားသူများ၏ ပြစ်မှုများ။**

သက်သေများနှင့်အခြားသူများ၏ပြစ်မှုများ။

၁၄၉။ ။ ပုဒ်မ ၅၈ နှင့် ၅၉ တို့တွင် သီးခြားဖေါ်ပြထားသည့်ပြင်၊ စစ်တရားရုံး၏ရှေ့မှောက်တွင် ကျူး လွန်သော၊ သို့တည်းမဟုတ် စစ်တရားရုံးက မှုခင်းကိစ္စဆောင်ရွက်စဉ်၊ စစ်တရားရုံး၏ ရှေ့မှောက်သို့တင် ပြသောပြစ်မှုတခုခုကို၊ သို့တည်းမဟုတ် အက်ဥပဒေကိုလိုက်နာရသူတဦးကပြုခဲ့လျှင်၊ ထိုသို့သောပြစ်မှု လည်းမြောက်၍၊ စစ်တရားရုံး၏ ရှေ့မှောက်တွင် ပြုခဲ့သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် စစ်တရား ရုံးက မှုခင်းကိစ္စဆောင်ရွက်စဉ်၊ စစ်တရားရုံး၏ရှေ့မှောက်သို့ တင်ပြသည်လည်းဖြစ်သော၊ ပြုလုပ်မှု တ ခုခုကို၊ စုံစမ်းစစ်ဆေးရန်အကြောင်းရှိသည်ဟု၊ စစ်တရားရုံး တခုခုက ထင်မြင်ယူဆသောအခါ၊ ထိုစစ်တ ရားရုံးသည်၊ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်နိုင်သည်။



Myanmar Law Information System (MLIS)

(က) ပြစ်မှုကျူးလွန်ခဲ့ပုံပေါ်သူသည်၊ အက်ဥပဒေကို လိုက်နာရသူဖြစ်လျှင်၊ ထိုသူ၏ အပြုအမူကို၊ သက် ဆိုင်ရာ စစ်ဘက်အာဏာပိုင်သိရှိရန်၊ စစ်တရားရုံးကတင်ပြနိုင်သည့်ပြင်၊ ပုဒ်မ ၈၂၊ ပုဒ်မ ၈၅၊ ပုဒ်မ၈၆၊ သို့တည်းမဟုတ် ပုဒ်မ၈၇ အရ အာဏာသုံးစွဲသော အရာရှိတဦးက၊ ထိုသူအား ပြစ်ဒဏ်ပေးရန်သော် ၎င်း၊ စစ်တရားရုံးဖြင့်၊ ထိုသူအား စစ်ဆေးစီရင်ရန်သော်၎င်း၊ ရည်ရွယ်လျက်၊ ထိုသူအား၊ စစ်ဘက်အ ချုပ်တွင် ချုပ်ထားရန်ကိုလည်း၊ အမိန့်ပေးနိုင်သည်။

(ခ) အက်ဥပဒေကိုလိုက်နာရသူတဦးက ပြုခဲ့သော်၊ ပုဒ်မ ၅၈၊ အပိုဒ် (က)၊ အပိုဒ်(ခ)၊ အပိုဒ်(ဂ)၊ သို့တည်း မဟုတ် အပိုဒ်(ဃ)အရ ပြစ်မှုမြောက်သော ပြုလုပ်မှုများဖြစ်သည့် ကိစ္စမျိုးတွင်၊ ပြု လုပ်မှုပြုခဲ့ပုံ ပေါ်သူသည်၊ အက်ဥပဒေကို လိုက်နာရသူမဟုတ်လျှင်၊ သက်သေအားလာရောက်ရန် ဆင့်ခေါ်သောအရာ ရှိ၊ သို့တည်းမဟုတ် စစ်တရားရုံးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိ၊ သို့တည်းမဟုတ် စစ်တရားရုံး ထိုင်သော အရာရှိ၊ သက်ဆိုင်ရာရာက၊ အနီးဆုံးရှိ စီရင်ပိုင်ခွင့်အာဏာရ ပဌမတန်းရာဇဝတ်တရား သူကြီး ထံသို့တိုင်ကြားစာတစောင်ပေးပို့နိုင်သည်။ ထို့ပြင် ဆိုခဲ့သည့်အတိုင်း ပြုလုပ်ခဲ့လျှင်၊ ပုဒ်မ၅၈၊ အပိုဒ် (င)၊ သို့တည်းမဟုတ် ပုဒ်မ ၅၉ အရ ပြစ်မှုမြောက်သော ပြုလုပ်မှုများဖြစ်သည့် ကိစ္စမျိုးတွင်၊ စစ်တရားရုံးသည်၊ လိုအပ်သော အစအဦးစုံစမ်းစစ်ဆေးခြင်းတခုခုကို ပြုလုပ်ပြီးသည့်နောက်၊ အနီးဆုံးရှိ စီရင်ပိုင်ခွင့် အာဏာရ၊ ပဌမတန်းရာဇဝတ်တရားသူကြီးထံသို့၊ စုံစမ်းစစ်ဆေးရန် အတွက်သော်၎င်း၊ စစ်ဆေးစီရင်ရန် အတွက်သော်၎င်း၊ ရာဇဝတ်ကျင့်ထုံး၏ ပုဒ်မ ၄၇၆ နှင့် အညီ၊ အမှုကိုပို့နိုင်သည်။

## အပိုင်း ၅။ ။ အကျဉ်းစစ်တရားရုံးချုပ်များ။

ဤအခန်းတွင် အထက်၌ဖော်ပြခဲ့သော နည်းဥပဒေများသည်၊ နောက်တွင် ဖော်ပြထားသည့်အတိုင်းမှတပါး၊ အကျဉ်းစစ်တရားရုံးချုပ်နှင့် မသက်ဆိုင်စေရ။

သို့ရာတွင် အကျဉ်းစစ်တရားရုံးချုပ်သည်၊ အောက်ပါနည်းဥပဒေများကို လိုက်နာရမည်-

အကျဉ်းစစ်တရားရုံးချုပ်ဖွဲ့စည်းခြင်းနှင့် မှုခင်းကိစ္စဆောင်ရွက်ချက်ကို ရေးမှတ်ခြင်း။

၁၅၀။ ။ (၁) နောက်ဆက်တွဲ ၃ ရှိ ပုံစံနှင့်အညီ၊ အမှုတခုစီ၏ အခြေအနေအရ၊ ပြောင်းလဲချက်များပြု လုပ်ပြီး၊ အကျဉ်းစစ်တရားရုံးချုပ်ကိုဖွဲ့စည်းနိုင်သည့်ပြင်၊ အကျဉ်းစစ်တရားရုံးချုပ်၏ မှုခင်းကိစ္စဆောင် ရွက်ချက်ကိုလည်းရေးမှတ်နိုင်သည်။

(၂) အကျဉ်းစစ်တရားရုံးချုပ်ဖွဲ့စည်းသည့် အရာရှိသည်၊ ထိုရုံးတွင်ပါဝင်ရမည့် အရာရှိများအား ခန့်အပ်၊ သို့တည်းမဟုတ် တာဝန်ပေးအပ်ရမည့်ပြင် သင့်တော်သည်ဟု၊ မိမိထင်မြင်သည့်အရာရှိများကိုလည်း၊ အကျဉ်းစစ်တရားရုံးချုပ်အရံအဖွဲ့ဝင်များအဖြစ်ဖြင့် ခန့်အပ်နိုင်သည်၊ သို့တည်းမဟုတ် တာဝန်ပေးအပ် နိုင်သည်။ ထိုသို့ခန့်အပ်ခြင်းခံရသော၊ သို့တည်းမဟုတ် တာဝန်ပေးအပ်ခြင်းခံရသော အရာရှိများသည်၊ ပြန်တမ်းဝင်အရာရှိအဖြစ်ဖြင့်၊ အနည်းဆုံး တနှစ်အမှုထမ်းရွက်ခဲ့ရမည်။ သို့သော်လည်း ပြန်တမ်းဝင်အ ရာရှိအဖြစ်ဖြင့်၊ အနည်းဆုံး သုံးနှစ်အမှုထမ်းရွက်ခဲ့သော အရာရှိများရရှိနိုင်လျှင်၊ ထိုအရာရှိများအား၊ အမှုထမ်းသက်လျော့သော အရာရှိများထက် ဦးစားပေးပြီး ရွေးချယ်ရမည်။

Myanmar Law Information System (MLIS)

(၃) တပ်ထိန်းတဦး၊ သို့တည်းမဟုတ် တရားလိုဘက် အမှုလိုက်အရာရှိအဖြစ် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် တရားလိုဘက် သက်သေဖြစ်သည့် အရာရှိတဦးအား အကျဉ်းစစ်တရားရုံးချုပ်၏ အဖွဲ့ဝင်တဦးအဖြစ်ဖြင့် မခန့်အပ်ရ၊ သို့သော်လည်း နည်းဥပဒေခွဲ (၂) နှင့် မဆန့်ကျင်စေဘဲ၊ ရရှိနိုင်သော အခြားမည်သည့် အရာရှိကိုမဆို၊ ရုံးထိုင်ရန်ခန့်အပ်နိုင်သည်။

<ပြင်ဆင် 22.07.2014>

စွဲချက်။

၁၅၁။ ။ အက်ဥပဒေအရဖြစ်သော ပြစ်မှုတခုကို လုံလောက်စွာဖေါ်ပြရန်၊ သို့တည်းမဟုတ် လုံလောက်စွာ ထုတ်ဖေါ်ပြသရန်၊ ပြစ်မှုအကြောင်းဖေါ်ပြချက်ကို အကျဉ်းချုပ်အားဖြင့်၊ ရေးသားနိုင်သည်။

တရားခံအများအပြားကိုစစ်ဆေးစီရင်ခြင်း။

၁၅၂။ ။ အကျဉ်းစစ် တရားရုံးချုပ်သည်၊ မိမိရှေ့မှောက်တွင် ရောက်ရှိနေသော တရားခံမည်ရွေ့မည်မျှကို မဆို၊ စစ်ဆေးစီရင်ရန်၊ တချိန်တည်း၌ ကျမ်းသစ္စာပြုနိုင်သည်။ သို့သော်လည်း နည်းဥပဒေ ၃၄တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး၊ တရားခံများကိုတဦးစီသီးခြားစစ်ဆေးစီရင်ရမည်။

ကန့်ကွက်ခြင်း။

၁၅၃။ ။ (၁) အကျဉ်းစစ်တရားရုံးချုပ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိနှင့် အဖွဲ့ဝင်များ၏ အမည်များကို၊ တရားခံအား ဘတ်ပြရမည်။ ထိုသို့ ဘတ်ပြပြီးသောအခါ၊ ထိုအရာရှိတဦးဦး၏ စစ်ဆေးစီ ရင်ခြင်းကို ကန့်ကွက်လိုသလားဟု၊ တရားခံအားမေးမြန်းရမည်။

(၂) ကန့်ကွက်ချက်တခုခုကို၊ ပုဒ်မ ၁၃၃ နှင့် နည်းဥပဒေ ၄၃ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်းဆုံးဖြတ် ရမည်။ လစ်လပ်သည့်နေရာများကို၊ အရံအဖွဲ့ဝင်များရှိခဲ့လျှင်၊ ထိုအရံအဖွဲ့ဝင်များထဲမှ ခန့်အပ်သောအရံ အဖွဲ့ဝင်များဖြင့်သော်၎င်း၊ အကျဉ်းစစ် တရားရုံးချုပ်ဖွဲ့စည်းသည့် အရာရှိက ခန့်အပ်သော အဖွဲ့ဝင်အသစ်များဖြင့်သော်၎င်း၊ ဖြည့်ရမည်။

အကျဉ်းစစ်တရားရုံးချုပ်၊ စစ်ဥပဒေအရာရှိအစရှိသည်တို့အား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေခြင်း။

၁၅၄။ ။ ကျမ်းသစ္စာပြုစေခြင်းနှင့် ကျမ်းသစ္စာပြုခြင်း၊ ထို့ပြင် ကတိသစ္စာပြုစေခြင်းနှင့် ကတိသစ္စာပြုခြင်းများနှင့်စပ်လျဉ်းသည့်၊ နည်းဥပဒေ ၄၄၊ ၄၅ နှင့် ၄၆ ပါ ပြဋ္ဌာန်းချက်များသည်၊ အကျဉ်းစစ်တရား ရုံးချုပ်တိုင်းနှင့်သက်ဆိုင်စေရမည်။

စွဲချက်တင်၍စစ်မေးခြင်း။

၁၅၅။ ။ အကျဉ်းစစ်တရားရုံးချုပ် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးသောအခါ၊ စစ်ဥပဒေ အရာရှိ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အရာရှိက၊ စစ် ဆေးစီရင်ခြင်းခံရမည့် တရားခံအား၊ စွဲချက်တင်သည့် ပြစ်မှုအကြောင်းနှင့်လိုအပ်လျှင်၊ တရားခံအား စွဲ ချက်တင်သည့် ပြုလုပ်မှု၏ အကြောင်းအပြည့်အစုံကိုသော်၎င်း၊ စွဲချက်တင်သည့် ပျက်ကွက်မှု၏ အကြောင်းအပြည့်အစုံကိုသော်၎င်း၊ ဖေါ်ပြသည့်

Myanmar Law Information System (MLIS)

ရှင်းလင်းချက်တရပ်ကိုပါ ပြောပြရမည့်ပြင်၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍၊ တရားခံ၌ အပြစ်ရှိ၊ မရှိကို တရားခံအား မေးမြန်းရမည်။

စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်းသည့် ထုချေချက်။

၁၅၆။ ။ တရားခံက၊ ယေဘုယျစီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍၊ အထူးထုချေချက်တရပ်ကို တင်သွင်း ၍၊ အကျဉ်းစစ်တရားရုံးချုပ်ကလည်း၊ ထိုအထူးထုချေချက်မှာ၊ သက်သေထင်ရှားသည်ဟု ယူဆပါက၊ ထိုအထူးထုချေချက်အကြောင်းကို၊ အကျဉ်းစစ်တရားရုံးချုပ်သည်၊ ထိုရုံးဖွဲ့စည်းသည့် အရာရှိထံအစီရင် ခံရမည်။

သက်သေခံချက်။

၁၅၇။ ။ (၁) တရားလိုဘက်သက်သေများကိုခေါ်ရမည်။ ထို့ပြင် ထိုတရားလိုဘက်သက်သေများကို ပြန် လှန်စစ်မေးရန်နှင့် ခုခံချေပရေးအတွက် ရရှိနိုင်သော သက်သေများကိုခေါ်ရန်၊ တရားခံအားခွင့်ပြုရမည်။

(၂) အက်ဥပဒေအရ၊ ကျမ်းသစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုစေရန်လိုအပ်လျှင်၊ နည်းဥပ ဒေ ၁၃၉ တွင် ချမှတ်ထားသည့်အတိုင်း၊ ထိုနည်းဥပဒေတွင် သီးခြားဖေါ်ပြထားသူတဦးဦးက၊ သက်သေ အသီးသီးအား၊ သက်သေမခံမီ၊ ကျမ်းသစ္စာကို၊ သို့တည်းမဟုတ် ကတိသစ္စာကို ပြုစေရမည်။

ခုခံချေပခြင်း။

၁၅၈။ ။(၁) စစ်ဆေးစီရင်နေစဉ်အတွင်း၊ တရားခံအားကူညီစေခြင်းငှါ၊ ဥပဒေအကြံပေးသူတဦးကို၊ သို့ တည်းမဟုတ် အခြားသူတဦးဦးကို၊ တရားခံရယူရန်ခွင့်ပြုရမည်။

(၂) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ တရားခံသည်၊ စွဲချက်တခုခုနှင့်ဖြစ်စေ၊ တခုထက်ပိုသည့်စွဲချက်များနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ တရားလိုဘက်အတွက် တင်ပြသော သက်သေခံချက် တွင်၊ မိမိအပေါ် အမှုထင်ရှားလောက်အောင် အခြေအမြစ်ရှိကြောင်း မပေါ်လွင်သောကြောင့်၊ မိမိအားခုခံ ချေပစေခြင်းမပြုထိုက်ပါဆိုသည့် ထုချေချက်တရပ်ကို၊ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (၁) နှင့် (၂) ၌ ချ မှတ်ထားသည့်အတိုင်း တင်သွင်းနိုင်သည်။ ထိုသို့ထုချေချက်တင်သွင်းသည့်အခါ၊ အကျဉ်းစစ်တရားရုံး ချုပ်သည်၊ ထိုနည်းဥပဒေပါနည်းဥပဒေခွဲ (၃)၌ ချမှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(၃) တရားလိုဘက်အမှုကို အဆုံးသတ်ခြင်းသို့ရောက်သောအခါ၊ အကျဉ်းစစ်တရားရုံးချုပ်သည်၊ တရား ခံအား၊ ခုခံချေပခြင်းပြုလုပ်ရာတွင် ၎င်းရထိုက်သည့် အခွင့်အရေးများကို၊ နည်းဥပဒေ ၅၇ ၌ ချမှတ်ထား သည့်အတိုင်း၊ ရှင်းလင်းပြောပြရမည်။ ထို့ပြင် တရားခံဘက်သက်သေခံချက်၊ တရားခံဘက်ကို ချေပ သည့် သက်သေများ၊ နိဂုံးချုပ်လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၅၈ ပါ ပြဋ္ဌာန်းချက် များကို လိုက်နာရမည်။

သက်သေခံချက်နှင့်ခုခံချေပချက်ကိုရေးမှတ်ခြင်း။

၁၅၉။ ။ (၁) စစ်ဥပဒေအရာရှိ၊ ရှိခဲ့လျှင်၊ ထိုစစ်ဥပဒေအရာရှိသည်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိသည်၊ စစ်ဆေးစီရင်ရာ၌၊ သက်သေများ၏ သက်သေခံချက် နှင့်တရားခံ၏ ခုခံချေပချက်အကျဉ်းမှတ်တမ်းကို ရေးမှတ်ရမည်၊ သို့တည်းမဟုတ် ရေးမှတ်စေရမည်။ ထိုသို့ရေးမှတ် သောမှတ်တမ်းကို အမှုတွဲတွင် ပူးတွဲရမည်။

(၂) စစ်ဘက်လတ်တလောလိုအပ်ခြင်းများကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းခြင်းရာများ ကြောင့်၊ နည်းဥပဒေခွဲ (၁)အတိုင်း လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်ဟု၊ အကျဉ်းစစ်တရားရုံးချုပ်ဖွဲ့စည်း သည့်အရာရှိက ထင်မြင်ယူဆလျှင်၊ ထိုကဲ့သို့သော အကျဉ်းမှတ်တမ်း တခုခုကို မရေးမှတ်ဘဲ၊ စစ်ဆေးစီ ရင်ခြင်းပြုရန်၊ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားနိုင်သည်။

(၃) တရားခံက "အပြစ်ရှိသည်"ဟု ဖြေကြားလျှင်၊ သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေ ခံကောက်နုတ်ချက်ရှိခဲ့လျှင်၊ ထိုသက်သေခံအကျဉ်းချုပ်ကိုသော်၎င်း၊ သက်သေခံကောက်နုတ်ချက်ကို သော်၎င်း၊ ဘတ်ပြပြီးနောက်၊ အမှုတွဲတွင် ပူးတွဲနိုင်သည်။ ထို့ပြင် အကျဉ်းစစ်တရားရုံးချုပ်သည်၊ ထိုသို့ ဘတ်ပြသော သက်သေခံအကျဉ်းချုပ်တွင်ဖြစ်စေ၊ သက်သေခံကောက်နုတ်ချက်တွင်ဖြစ်စေ၊ ပါရှိသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ တရားလိုဘက်သက်သေများကို ကြားနာစစ်ဆေးရန် မလိုအပ်စေရ။

ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်။

၁၆၀။ ။ ထို့နောက် အကျဉ်းစစ်တရားရုံးချုပ်သည်၊ ဆုံးဖြတ်ချက်ကို၊ လျှို့ဝှက်တရားခွင်တွင် စဉ်းစားရ မည်။ စွဲချက်တခုခုအတွက် ဆုံးဖြတ်ချက်သည် "အပြစ်ရှိသည်"ဟူသောဆုံးဖြတ်ချက်ဖြစ်လျှင်၊ ယခင် ပြစ်မှုထင်ရှားစီရင်ခြင်းများအပြင်၊ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍၊ ရရှိနိုင်သော သက်သေခံချက်တခုခုကို၊ အကျဉ်းစစ်တရားရုံးချုပ်က လက်ခံနိုင်သည်။ ထို့နောက် အကျဉ်းစစ်တရားရုံးချုပ်သည်၊ ပြစ်ဒဏ်ချမှတ် ချက်နှင့်စပ်လျဉ်း၍၊ လျှို့ဝှက်တရားခွင်တွင် ဆင်ခြင်သုံးသပ်ရမည်။

အမှုတွဲကိုလက်မှတ်ထိုးခြင်းနှင့် ပို့ခြင်း။

၁၆၁။ ။ အကျဉ်းစစ်တရားရုံးချုပ်သည်၊ "အပြစ်မရှိ"ဟူသော ဆုံးဖြတ်ချက်ချမှတ်သောအခါ၊ သို့ တည်းမဟုတ် "အပြစ်ရှိသည်"ဟူသော ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စမျိုးတွင်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ချမှတ်သော အခါ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိသည်၊ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ် ဒဏ်ချမှတ်ချက်၊ သက်ဆိုင်ရာရာကို၊ ရက်စွဲတပ်ပြီးနောက်၊ လက်မှတ်ထိုးရမည်။ ထိုလက်မှတ်သည်၊ အမှုတွဲတခုလုံး မှန်ကန်ကြောင်း ထင်ရှားစေသည့် သက်သေခံဖြစ်ရမည်။ ထို့ပြင် စစ်ဥပဒေအရာရှိ၊ ရှိခဲ့ လျှင်၊ ထိုစစ်ဥပဒေအရာရှိက၊ ထိုအမှုတွဲကို လက်မှတ်ထိုးပြီးသောအခါ၊ အတည်ပြုရေးအတွက် အမှုတွဲ ကို အတည်ပြုအရာရှိထံ ချက်ခြင်းပို့ရမည်။

ရုံးရွှေ့ဆိုင်းခြင်း။

၁၆၂။ ။ (၁) အကျဉ်းစစ်တရားရုံးချုပ်သည်၊ အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည့်ပြင်၊ တနေရာမှတ နေရာသို့ ရွှေ့ပြောင်း၍လည်းရုံးထိုင်နိုင်သည်။ ထို့ပြင် အကျဉ်းစစ်တရားရုံးချုပ်သည်၊ လိုအပ်သည့်အခါ၊ မည်သည့်နေရာကိုမဆို ကြည့်ရှုနိုင်သည်။

(၂) ဆင်ခြင်သုံးသပ်မှုတခုခုကို၊ အကျဉ်းစစ်တရားရုံးချုပ်၏ အဖွဲ့ဝင်များအချင်းချင်း၊ လျှို့ဝှက်တ ရားခွင်တွင် ပြုလုပ်သည့်အခါမှတပါး၊ မှုခင်းကိစ္စဆောင်ရွက်ခြင်းကို၊ လူသိရှင်ကြား တရားခွင်တွင်၊ တရားခံ၏ မျက်မှောက်၌ ပြုလုပ်ရမည်။

နည်းဥပဒေများနှင့်သက်ဆိုင်စေခြင်း။

Myanmar Law Information System (MLIS)

၁၆၃။ ။ ဆိုခဲ့သော နည်းဥပဒေ ၂၁ (စွဲချက်ကိုကြားနာခြင်း)၊ ၂၂ (သက်သေခံအကျဉ်းချုပ် ယူခြင်းအ တွက်ကျင့်ထုံး)၊ ၂၃ (တရားခံအား ရမန်ဖြင့်ထားခြင်း)၊ ၂၄ (အရာရှိအား စွဲချက်တင်သည့်အခါလိုက်နာရ မည့်ကျင့်ထုံး)၊ ၂၆ (ကြန့်ကြာကြောင်းအစီရင်ခံစာ)၊ ၃၂ (ခုခံချေပရေးအတွက် ပြင်ဆင်ရန် တရားခံ၏ အခွင့်အရေးများ)၊ ၃၃ (စစ်ဆေးစီရင်ရေးနှင့် စပ်လျဉ်း၍ တရားခံအား သတိပေးခြင်း)၊ ၃၅ (စစ်ဘက် လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်း၏ လိုလားချက်များကြောင့် နည်းဥပဒေ များ အာဏာတည်ခြင်းကို ရပ်ဆိုင်းထားခြင်း)၊ ၃၇ (အရာရှိဦးရေ မလုံလောက်ခြင်းကြောင့် ရွှေ့ဆိုင်း ခြင်း)၊ ၄၈ (စွဲချက်ကိုတရားခံကကန့်ကွက်ခြင်း)၊ ၅၀ (စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍အထူးထုချေ ချက်)၊ ၅၁ (“အပြစ်ရှိသည်”၊ သို့တည်းမဟုတ် “အပြစ်မရှိ”ဟူသောဖြေကြားချက်)၊ ၅၂ (စစ်ဆေးစီရင် ပိုင်ခွင့်မရှိဟုထုချေချက်)၊ ၅၃ (“အပြစ်ရှိသည်”ဟု ဖြေကြားပြီးသည့်နောက်၊ လိုက်နာရမည့်ကျင့်ထုံး)၊ ၅၄ (“အပြစ်မရှိ”ဟူသောဖြေကြားချက်ကို နုတ်သိမ်းခြင်း)၊ ၆၀ (ဆုံးဖြတ်ချက်ကိုစဉ်းစားခြင်း)၊ ၆၁ (ဆုံးဖြတ်ချက်ရေးပုံရေးနည်းနှင့် ဆုံးဖြတ်ချက်ရေးသားချမှတ်ခြင်း)၊ ၆၃ (ပြစ်မှုထင်ရှားစီရင်သည့်အခါ လိုက်နာရမည့်ကျင့်ထုံး)၊ ၆၄ (ပြစ်ဒဏ်ချမှတ်ချက်)၊ ၆၅ (ညှာတာရန်ထောက်ခံခြင်း)၊ ၆၆( ပြစ်ဒဏ်ချ မှတ်ချက်ကိုထုတ်ဖော်ပြောဆိုခြင်း၊ အမှုတွဲကို လက်မှတ်ထိုးခြင်းနှင့်ပို့ခြင်း)၊ ၇၀ (ထုတ်ပြန်ကျေညာ ခြင်း)၊ ၇၁ (တစိတ်တဒေသအားဖြင့် အတည်ပြုသောအခါ၊ ပြစ်ဒဏ်ချမှတ်ချက်ကို လျှော့ပေါ့စေခြင်း)၊ ၇၂ (ပြစ်ဒဏ်ဖော်ပြချက်နည်းလမ်းတကျမရှိစေကာမူ၊ သို့တည်းမဟုတ် တရားဥပဒေက ခွင့်ပြုသည့် ပြစ် ဒဏ်ထက်ပိုစေကာမူ၊ အတည်ပြုခြင်း)၊ ၇၃ (အဖွဲ့ဝင်၊ သို့တည်းမဟုတ် တရားလိုဘက်အမှုလိုက်အရာရှိ က မှုခင်းကိစ္စကိုအတည်မပြုရ)၊ ၇၅ (ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိ၏တာဝန်)၊ ၇၆ (တရားလို ဘက် အမှုလိုက်အရာရှိနှင့် တရားခံတို့၏ လျှောက်ထားချက်ကိစ္စတွင် စစ်တရားရုံး၏ အာဏာ)၊ ၇၇ (တရားခံများကို အတူတကွ စစ်ဆေးစီရင်ရာတွင် လိုက်နာရမည့်ကျင့်ထုံး)၊ ၇၉ (လျှို့ဝှက်တရားခွင်တွင် ရုံးထိုင်ခြင်း)၊ ၈၃ (တရားခံသေဆုံးသည့်အခါ၊ သို့တည်းမဟုတ် ဖျားနာသည့်အခါ မှုခင်းကိစ္စဆောင်ရွက် ခြင်း)၊ ၈၄ ( ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အရာရှိသေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ သို့တည်းမဟုတ် မ ရောက်ရှိခြင်း)၊ ၈၅( စစ်ဆေးစီရင်ရာတလျှောက်လုံးတွင် စစ်တရားရုံး၏ အဖွဲ့ဝင်အားလုံးရှိခြင်း)၊ ၉၃ ( ဆုံးဖြတ်ချက် ချမှတ်ပြီးသည့်နောက် အမှုတွဲကို ပေးပို့ခြင်း)၊ ၉၄ (တရားခံဘက်အရာရှိနှင့် တရားခံ၏ မိတ်ဆွေ)၊ ၁၀၁(စစ်ဥပဒေအရာရှိ၏ အရည်အချင်းပျက်ယွင်းခြင်း)၊ ၁၀၂ ( စစ်ဥပဒေအရာရှိခန့်အပ်ခြင်း မခိုင်လုံမှု)၊ ၁၀၃ (စစ်ဥပဒေအရာရှိသေဆုံးသည့်အခါ၊ ဖျားနာသည့်အခါ၊ သို့တည်းမဟုတ် မရှိသည့်အခါ၊ အစားသွင်းခြင်း)၊ ၁၀၄ (စစ်ဥပဒေအရာရှိ၏ အာဏာများနှင့် တာဝန်များ)၊ ၁၄၄ (ရူးသွပ်သည်ဟုဆုံး ဖြတ်ခြင်း)၊ ၁၄၅ (အမှုတွဲကို ထိန်းသိမ်းခြင်း)၊ ၁၄၆ (စစ်ဆေးစီရင်ခြင်းခံရသူက၊ အမှုတွဲ၏ မိတ္တူများကို ရယူခွင့်)၊ ၁၄၇ (အမှုတွဲပျောက်ဆုံးခြင်း) နှင့် ၁၄၈ (အချို့ကိစ္စများတွင်၊ နည်းလမ်းမကျသော ကျင့်ထုံး ခိုင်လုံခြင်း)တို့သည်၊ အကျဉ်းစစ်တရားရုံးချုပ်မှာ၊ တိုင်းစစ်တရားရုံးဖြစ်ဘိသကဲ့သို့၊ အကျဉ်း စစ်တရား ရုံးချုပ်နှင့် သက်ဆိုင်နိုင်သမျှ၊ သက်ဆိုင်စေရမည်။

အကျဉ်းစစ်တရားရုံးချုပ်ဖွဲ့စည်းသည့် အရာရှိ၏ ထင်မြင်ချက်နှင့် စပ်လျဉ်းသည့် သက်သေ ခံချက်။

၁၆၄။ ။ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့် အရာရှိ၏ ထင်မြင်ချက်နှင့်စပ်လျဉ်း၍၊ အကျဉ်းစစ် တရားရုံးချုပ် ဖွဲ့စည်းရန် အမိန့်စာပါ အကြောင်းဖော်ပြချက်တခုခုသည်၊ ထိုထင်မြင်ချက်၏ အပြီးသတ် သက်သေအထောက်အထားဖြစ်စေရမည်။

သို့သော်လည်း ထိုကဲ့သို့သော အကြောင်းဖေါ်ပြချက် မပါရှိ သောအခါ၊ ဤနည်းဥပဒေသည်၊ ထိုထင်မြင်ချက်နှင့်စပ်လျဉ်း၍၊ သက်သေအထင်အရှားပြခြင်းကို မထိ ခိုက်စေရ။

## အပိုင်း ၆။ ။ ပြစ်ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

ထောင်ပို့ဝရမ်း။

၁၆၅။ ။ ပုဒ်မ ၁၇၂ ပါ ပြဋ္ဌာန်းချက်အရရင်း၊ ပုဒ်မ ၁၇၃၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်အရရင်း၊ စစ်တ ရားရုံးတရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသူတဦးအား ထောင်သို့ပို့ရန် ဝရမ်းသည်၊ နောက်ဆက်တွဲ ၄ပါ ပုံစံတခုခုအတိုင်းဖြစ်စေရမည်။ အကျဉ်းသား၏ တပ်မှူးကသော်ငင်း၊ ထိုတပ်မှူးအထက်ရှိ အာဏာပိုင် တဦးဦးကသော်ငင်း၊ ထိုအာဏာပိုင်၏ ဦးစီးအရာရှိကသော်ငင်း၊ ထိုဝရမ်းကို လက်မှတ်ထိုးပြီးနောက်၊ သက်ဆိုင်ရာ ထောင်အာဏာပိုင်ထံသို့ပေးပို့ရမည်။

ပုဒ်မ ၁၇၈ အရ ထုတ်သောဝရမ်း။

၁၆၆။ ။ ပုဒ်မ ၁၇၈ပါ ပြဋ္ဌာန်းချက်များအရ ထုတ်သော ဝရမ်းသည်၊ နောက်ဆက်တွဲ ၄ ပါ ပုံစံတခုခု အတိုင်း ဖြစ်စေရမည့်ပြင်၊ ထိုဝရမ်းထုတ်ရန် အမိန့်ကိုချမှတ်သော အရာရှိကဖြစ်စေ၊ ထိုအရာရှိ၏ ဦးစီး အရာရှိကဖြစ်စေ၊ ပြစ်ဒဏ်ကျခံရသူပါဝင်သည့်တပ်၏ တပ်မှူးကဖြစ်စေ၊ လက်မှတ်ထိုးရမည်။

ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်ချမှတ်ချက်၊ သို့တည်းမဟုတ် အမြဲတန်း ထုတ်ပစ်ဒဏ် ချမှတ်ချက်။

၁၆၇။ ။ (၁) စစ်တရားရုံးက ချမှတ်သော၊ ရွှတ်ချ၍ အမြဲတန်း ထုတ်ပစ်ဒဏ်သည်၊ သို့တည်းမဟုတ် အမြဲတန်းထုတ်ပစ်ဒဏ်သည်၊ ပြစ်ဒဏ်ကျခံရသူသိရှိရန်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ထုတ်ပြန်ကျေညာသည့် နေ့ရက်မှ၊ သို့တည်းမဟုတ် အရာရှိတဦး၏ကိစ္စမျိုးမှတပါး၊ ထိုသို့ ထုတ်ပြန်ကျေညာချိန်၌၊ တပ်မှူးက၊ ထိုကျေညာသည့် နေ့ရက်နောက်၊ သီးခြားသတ်မှတ်သည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်ရမည်။

(၂) အမြဲတန်းထုတ်ပစ်ဒဏ်ကို၊ စစ်ဘက်အချုပ်တွင် ကျခံစေရမည့် ထောင်ဒဏ်နှင့်သော်ငင်း၊ စစ်မြေပြင် ပြစ်ဒဏ်နှင့်သော်ငင်း၊ ပူးပေါင်းချမှတ်သောအခါ၊ စစ်ဘက်အချုပ်မှအကျဉ်းသားကို လွှတ်သည့်နေ့ရက် အထိ၊ သို့တည်းမဟုတ် ချမှတ်သော စစ်မြေပြင်ပြစ်ဒဏ်ကို၊ အခွင့်ရအာဏာပိုင်တဦးက လွှတ်ငြိမ်း သက်သာခွင့်မပေးလျှင်၊ ထိုစစ်မြေပြင်ပြစ်ဒဏ်ကျခံပြီးသည့် နေ့ရက်အထိ၊ အမြဲတန်းထုတ်ပစ်ဒဏ်သည်၊ အကျိုးသက် ရောက်ခြင်းမရှိစေရ။

(၃) ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်ကို၊ သို့တည်းမဟုတ် အမြဲတန်းထုတ်ပစ်ဒဏ်ကို၊ တကျွန်းပို့ဒဏ် နှင့်သော်ငင်း၊ နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရမည့် ထောင်ဒဏ်နှင့်သော်ငင်း၊ ပူးပေါင်းချမှတ် သောအခါ၊ နယ်ဘက်အကျဉ်းထောင်တွင်၊ အကျဉ်းသားကိုလက်ခံသည့်နေ့ရက်အထိ၊ ရွှတ်ချ၍အမြဲ တန်းထုတ်ပစ်ဒဏ်သည်၊ သို့တည်းမဟုတ် အမြဲတန်းထုတ်ပစ်ဒဏ်သည်၊ အကျိုးသက်ရောက်ခြင်း မရှိစေရ။

သေဒဏ်ချမှတ်ခြင်းခံရသူအားချုပ်ထားခြင်း။

၁၆၈။ ။ စစ်တရားရုံးတရုံးက၊ တဦးတယောက်သောသူအား သေဒဏ်ချမှတ်သောအခါ၊ ထိုသူ၏တပ်မှူး သည်၊ မိမိသင့်တော်မည်ထင်လျှင်၊ ပြစ်ဒဏ်ချမှတ်ချက်ကို အတည်မပြုသေးမီသော်ငင်း၊ ပြစ်ဒဏ်ချမှတ် ချက်ကို မဆောင်ရွက်သေးမီသော်ငင်း၊ ထိုသူကို လုံခြုံစွာ ချုပ်ထားရေးအတွက်၊ နောက်ဆက်တွဲ ၅ ရှိ ပုံစံတခုခုပါ ဝရမ်းဖြင့်၊ ထိုသူအား နယ်ဘက်အကျဉ်းထောင်သို့ပို့ထားနိုင်သည်။

Myanmar Law Information System (MLIS)

သေဒဏ်ချမှတ်ချက်ကိုဆောင်ရွက်ခြင်း။

၁၆၉။ ။ သေဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် အမိန့်ရရှိသောအခါ၊ ထိုအမိန့်ကို ရရှိသောအရာရှိသည်-

(က) နည်းဥပဒေ ၁၆၈ အရ၊ သေဒဏ်ချမှတ်ခြင်းခံရသူကို၊ နယ်ဘက်အကျဉ်းထောင်သို့ ပို့ထားပြီးဖြစ် လျှင်၊ နောက်ဆက်တွဲ ၅ ရှိ ပုံစံတခုခုအရ၊ ဝရမ်းထုတ်၍၊ ထိုသူအား ထုတ်ယူပြီးချုပ်ထားရမည်။

(ခ) သေဒဏ်ချမှတ်ချက်ကို အတည်ပြုပြီးကြောင်းနှင့် သေဒဏ်ချမှတ်ချက်ဆောင်ရွက်ရမည့် နေ့ရက်ကို၊ သေဒဏ်ချမှတ်ခြင်းခံရသူအား၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ အကြောင်းကြားရမည်။

(ဂ) အမိန့်ပါအတိုင်း၊ ထို့ပြင် သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်ကသော်၎င်း၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ အခွင့်အာဏာအရသော်၎င်း၊ အခါအားလျော်စွာထုတ်သည့် အရပ်ရပ်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်များနှင့်အညီ၊ သေဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် အရေးယူရမည်။ <ပြင်ဆင် 10.05.1989, 22.07.2014>

သေဒဏ်ချမှတ်ချက်ကို လျှော့ပေါ့ပြောင်းလဲသောအခါ၊ လိုက်နာရမည့်ကျင့်ထုံး။

၁၇၀။ ။ သေဒဏ်ချမှတ်ချက်ကို၊ အက်ဥပဒေအရ လျှော့ပေါ့ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် သေဒဏ်ချ မှတ်ခြင်းခံရသူအား၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးလျှင်၊ ထို့ပြင်

(က) နည်းဥပဒေ ၁၆၈ အရ ထုတ်သော ဝရမ်းဖြင့်၊ နယ်ဘက်အကျဉ်းထောင်သို့၊ ထိုသူအားပို့ထားပြီး ဖြစ်လျှင်၊ ထိုသူ၏ တပ်မှူးက၊ နောက်ဆက်တွဲ ၅ ရှိ ပုံစံတခုခုအတိုင်း၊ ဝရမ်းထပ်မံထုတ်ပေးရမည်။

(ခ) ထိုသူအား စစ်ဘက်အချုပ်တွင်ထားလျှင်၊ ထိုသို့ လျှော့ပေါ့ပြောင်းလဲလိုက်သည့်ပြစ်ဒဏ်ချမှတ်ချက် ကို ဆောင်ရွက်ရန် လိုအပ်သည့်ဝရမ်းတခုခုကို၊ နောက်ဆက်တွဲ ၄ ရှိ ပုံစံ တခုခုအတိုင်း၊ ထုတ်ပေးရမည်။

## အပိုင်း ၇။ ။ စစ်မြေပြင်ပြစ်ဒဏ်။

စစ်မြေပြင်ပြစ်ဒဏ်။

၁၇၁။ ။ စစ်တရားရုံးတရုံးက စစ်ဆေးစီရင်သော ကိစ္စမျိုးတွင်၊ စစ်တရားရုံးသည်၊ သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်၊ ထို့ပြင် ပုဒ်မ ၈၂ အရ အာဏာသုံးစွဲသော အရာရှိတဦးက စစ်ဆေးစီရင်သော ကိစ္စမျိုးတွင်၊ ထိုအရာရှိသည်၊ နှစ်ဆယ့်ရှစ်ရက်ထက်မပိုသောကာလအပိုင်းအခြားအတွက်၊ ပြစ်မှု ကျူးလွန်သူတဦးအား၊ စစ်မြေပြင်ပြစ်ဒဏ်ချမှတ်ရေးကိစ္စအလို့ငှါ၊ အောက်ပါပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုကို၊ ချမှတ်နိုင်သည်။

(က) စစ်မြေပြင်ပြစ်ဒဏ် အမှတ် ၁၊ ထို့ပြင်

(ခ) စစ်မြေပြင်ပြစ်ဒဏ် အမှတ် ၂။

စစ်မြေပြင်ပြစ်ဒဏ်အမှတ် ၁။

၁၇၂။ ။ပြစ်မှုကျူးလွန်သူတဦးအား၊ စစ်မြေပြင်ပြစ်ဒဏ်အမှတ် ၁ ကို ချမှတ်သော အခါ၊ ထိုသူအပေါ် ပြစ်ဒဏ်ချမှတ်ချက်ဆက်လက်တည်ရှိနေစဉ်၊ စစ်တရားရုံး၊သို့တည်းမဟုတ် ပုဒ်မ ၈၂ အရ အာဏာသုံးစွဲ သည့် အရာရှိ၊ သက်ဆိုင်ရာရာက၊ အခြားနည်းမညွှန်ကြားလျှင်၊ ထိုသူအား အောက်ပါအတိုင်း ပြစ်ဒဏ် ချမှတ်နိုင်သည်။



Myanmar Law Information System (MLIS)

(က) ထိုသူအား ခြေကျဉ်းများဖြင့်သော်၎င်း၊ လက်ထိတ်များဖြင့်သော်၎င်း၊ လက်ထိတ်နှင့်ခြေကျဉ်း နှစ်မျိုးလုံးဖြင့်သော်၎င်း၊ ခတ်ထားနိုင်သည့်ပြင်၊ ထိုသူထွက်မပြေးနိုင်စေခြင်းငှါ၊ ထိုသူအား ချည်နှောင်ထား နိုင်သည်။

(ခ) ထိုသူအား လက်ထိတ်များ၊ သို့တည်းမဟုတ် ခြေကျဉ်းများ ခတ်ထားသောအခါ၊ မည်သည့်နေ့တနေ့ တွင်မဆို၊ နှစ်နာရီထက်မပိုသော ကာလအပိုင်းအခြားတခုအတွက်သော်၎င်း၊ ကာလအပိုင်းအခြားများ အတွက်သော်၎င်း၊ ထိုသူအားမရွေ့မပြောင်းနိုင်သော အရာဝတ္ထုတခုတွင် ချည်နှောင်ထားနိုင်သည်။ သို့ သော်လည်း မည်သည့်လေးရက်တဆက်တည်းတွင်မဆို၊ သုံးရက်ထက် ပို၍ဖြစ်စေ၊ စုစုပေါင်း နှစ်ဆယ့် တရက်ထက်ပို၍ဖြစ်စေ၊ ထိုသူအား ထိုသို့ ချည်နှောင်မထားရ။

**ရှင်းလင်းချက် (၁)**။ ။ ပြစ်မှုကျူးလွန်သူအား၊ မြဲမြံစွာ ခြေစုံရပ်နေနိုင်စေခြင်းငှါ၊ ချည်နှောင်ထားရ မည်။ ထိုသူ၏ ခြေထောက်များကို ချည်နှောင်ထားလျှင်၊ ခြေထောက်နှစ်ဘက်သည်၊ တဆယ့်နှစ်လက် မထက်ပို၍ ကွာမနေစေရ။ ထို့ပြင်ထိုသူသည်၊ မိမိ၏ခြေထောက်တဘက်စီကို၊ အနည်းဆုံးသုံးလက်မရွေ့ ရှားနိုင်စေရမည်။ ထိုသူ၏ ကိုယ်ကာယကို ရစ်ပတ်ပြီးချည်နှောင်ထားလျှင်၊ ထိုသူအသက်ရှုမကျပ်စေရ။ ထိုသူ၏ လက်မောင်းများကို သော်၎င်း၊ လက်ကောက်ဝတ်များကိုသော်၎င်း၊ မရွေ့မပြောင်းနိုင်သော အရာဝတ္ထုနှင့် ချည်နှောင်ထားလျှင်၊ ထိုလက်မောင်းများသည်၊ သို့တည်းမဟုတ် လက်ကောက်ဝတ်များ သည်၊ လှုပ်ရှားနိုင်စေခြင်းငှါ၊ ထိုမရွေ့မပြောင်းနိုင်သော အရာဝတ္ထုနှင့် ခြောက်လက်မကွာနေစေရမည်။ ထိုသူ၏ လက်မောင်းများသည်၊ ထိုသူ၏နံဘေးနှစ်ဘက်တွင်၊ သို့တည်းမဟုတ် ကျောနောက်တွင် တွဲလွဲကျလျက်ရှိစေရမည်။

**ရှင်းလင်းချက် (၂)** ။ ။ ဤပြစ်ဒဏ်ကိစ္စအတွက်၊ လက်ထိတ်နှင့်ခြေကျဉ်းများ ရရှိနိုင်လျှင်၊ လက်ထိတ် နှင့် ခြေကျဉ်းများကိုသာ သုံးရမည်။ သို့သော်လည်း လက်ထိတ်များနှင့် ခြေကျဉ်းများအစား၊ လိုအပ် သောအခါ၊ ပတ်ကြိုးများ၊ သို့တည်းမဟုတ် ကျစ်ကြိုးများကို အသုံးပြုနိုင်သည်။ ဤကိစ္စအတွက် အသုံး ပြုသော ပတ်ကြိုးများ၊ သို့တည်းမဟုတ်ကျစ်ကြိုးများ၏အရွယ်အစားသည်၊ ပြစ်မှုကျူးလွန်သူ၏ ကိုယ် ကာယကို မနာကျင်စေသည့်၊ ထို့ပြင် ကိုယ်ကာယပေါ်တွင် ကြိုးရာများ အမြဲတန်းထင်လျက် မကျန်စေ သည့် အရွယ်အစားဖြစ်စေရမည်။

(ဂ) ထိုသူသည်၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ကျခံနေရဘိသကဲ့သို့၊ အလားတူ ဖြစ်သော အလုပ်ကြမ်း လုပ်ခိုင်းခြင်း၊ အလုပ်အကိုင် လုပ်ခိုင်းခြင်းနှင့် ချုတ်ချယ်ထားခြင်းတို့ကို ခံရမည့်ပြင်၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံနေရသူအား အရေးယူသည့် နည်းတူ၊ ထိုသူအား အရေးယူနိုင်သည်။

စစ်မြေပြင်ပြစ်ဒဏ် အမှတ် ၂။

၁၇၃။ ။ ပြစ်မှုကျူးလွန်သူတဦးအား၊ စစ်မြေပြင်ပြစ်ဒဏ်အမှတ် ၂ ကို ချမှတ်သည့်အခါ၊ နည်းဥပဒေ ၁၇၂၊ အပိုဒ် (ခ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ထိုသူအား မရွေ့မပြောင်းနိုင်သည့် အရာဝတ္ထုတခုတွင် ချည်နှောင်ထားခြင်းကို ခံစေရမည်ဆိုသည့်ပြစ်ဒဏ်မှတပါး၊ ထိုနည်းဥပဒေပါပြဋ္ဌာန်းချက်အားလုံးသည်၊ ထိုသူနှင့် သက်ဆိုင်စေရမည်။

စစ်မြေပြင်ပြစ်ဒဏ်ကိုဆောင်ရွက်နည်း။

၁၇၄။ ။ ပြစ်မှုကျူးလွန်သူပါဝင်သော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူအား တွဲဘက်ထားသောတပ်သည်၊ အကယ်ချီတက်နေသောအခါ၊ စစ်မြေပြင်ပြစ်ဒဏ်ကို၊ ထိုတပ်တွင်ရှိသူတို့က ဆောင်ရွက်ရမည်။ သို့သော်လည်း



Myanmar Law Information System (MLIS)

ထိုပြစ်ဒဏ်ကိုဆောင်ရွက်ရန်အလို့ငှါ၊ တပ်ထိန်းတဦးရှိသော၊ သို့တည်းမဟုတ် စစ်မြေပြင်ရှိတပ်ဖွဲ့များ၏ တပ်မှူးကခန့်အပ်ထားသော အခြားအရာရှိတဦးဦးရှိသော နေရာတခုခုတွင်၊ ထိုတပ်သည် ရပ်နားနေသောအခါ၊ ထိုတပ်ထိန်း၊ သို့တည်းမဟုတ် ထိုအရာရှိ၏အမိန့်အရ၊ ထိုပြစ်ဒဏ်ကို ဆောင်ရွက်ရမည်။

**ရှင်းလင်းချက်။** ။ ပြစ်မှုကျူးလွန်သူပါဝင်သော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူအား တွဲဘက်ထားသောတပ်သည်၊ အကယ်ချီတက်နေသောအခါ၊ စစ်မြေပြင် ပြစ်ဒဏ်အမှတ် ၁ ချမှတ်ခြင်းခံရသော၊ ပြစ်မှုကျူးလွန်သူအား၊ နည်းဥပဒေ ၁၇၂၊ အပိုဒ် (ခ) အရ ပြစ်ဒဏ်ကျခံစေခြင်းမှ လွတ်ငြိမ်းခွင့်ပြုရမည်။ သို့သော်လည်း စစ်မြေပြင်ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ပြစ်မှုကျူးလွန်သူအားလုံးသည်၊ မိမိတို့၏ တပ်နှင့်အတူ ချီတက်ရမည်။ မိမိတို့၏ လက်နက်များနှင့်အဆောင်အယောင်များကို သယ်ဆောင်ရမည်။ မိမိတို့၏ စစ်ဘက်တာဝန်ဝတ်တရားများနှင့် အပိုအလုပ်ကြမ်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။ ထို့ပြင် ထိုသူအားလုံးကို၊ စစ်ဘက်ပြစ်မှုကျူးလွန်သူများအဖြစ်ဖြင့် မှတ်ယူရမည်။

<ပြင်ဆင် 22.07.2014>

စစ်မြေပြင်ပြစ်ဒဏ်သည်၊ ကိုယ်အင်္ဂါကို မထိခိုက်စေရ။

၁၇၅။ ။ ပြစ်မှုကျူးလွန်သူ၏ ကိုယ်အင်္ဂါကို မထိခိုက်စေမည့်၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သူ၏ ကိုယ်ပေါ်တွင် အမြဲတန်း ထင်နေသည့် အမှတ်အသားကျန်မနေစေမည့်နည်းလမ်းအတိုင်း၊ စစ်မြေပြင် ပြစ်ဒဏ်၏ အစိတ်အပိုင်း အသီးသီးကို ကျခံစေရမည်။ ထို့ပြင် ထိုစစ်မြေပြင်ပြစ်ဒဏ်အစိတ်အပိုင်းကို ဆက်လက်ကျခံစေခြင်းသည်၊ ပြစ်မှုကျူးလွန်သူ၏ ကျန်းမာရေးကိုထိခိုက်စေမည်ဟု၊ တာဝန်ရှိသော ဆေးဘက်အရာရှိက အစီရင်ခံသောအခါ၊ စစ်မြေပြင်ပြစ်ဒဏ်၏ အစိတ်အပိုင်း ကျခံစေခြင်းကို ရပ် စဲရမည်။

## အခန်း ၆။

## စုံစမ်းစစ်ဆေးရေးခုံရုံးများ။

စုံစမ်းစစ်ဆေးရေးခုံရုံးများ။

၁၇၆။ ။ (၁) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ သက်သေခံချက်ကို စုဆောင်းပေးရန်၊ ထို့ပြင် စုံစမ်းစစ်ဆေးစေသည့် ကိစ္စတခုခုနှင့်စပ်လျဉ်း၍၊ အစီရင်ခံရန်လိုလျှင်လည်း၊ လိုသည့်အတိုင်း အစီရင်ခံ ရန် ညွှန်ကြားခြင်းခံရသော အရာရှိများပါဝင်သည့်၊ သို့တည်းမဟုတ် အရာရှိများနှင့်အရာခံဗိုလ်များသော် ၎င်း၊ အကြပ်များသော်၎င်း၊ ပါဝင်သည့်ခုံရုံးဖြစ်သည်။

(၂) စုံစမ်းစစ်ဆေးရေးခုံရုံးတွင်၊ မည်သည့်အဆင့်မဆိုရှိသည့်အရာရှိဦးရေ မည်ရွေ့မည်မျှမဆိုပါဝင်နိုင် သည်၊ သို့တည်းမဟုတ် အရာရှိတဦး၊ သို့တည်းမဟုတ် တဦးထက်ပိုသည့်အရာရှိများနှင့်ပူးတွဲ၍၊ အရာခံ ဗိုလ်တဦး၊ သို့တည်းမဟုတ် တဦးထက်ပိုသည့် အရာခံဗိုလ်များသော်၎င်း၊ အကြပ်တဦး၊ သို့တည်းမဟုတ် တဦးထက်ပိုသည့်အကြပ်များသော်၎င်း၊ ပါဝင်နိုင်သည်။ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များသည်၊ စုံစမ်း စစ်ဆေးရမည့် ကိစ္စ၏သဘောကိုလိုက်၍၊ တပ်မတော်၏မည်သည့်ဌာန၊ သို့တည်းမဟုတ် မည်သည့်ဌာန ခွဲမှမဆိုဖြစ်နိုင်သည်။



Myanmar Law Information System (MLIS)

(၃) တပ်အဖွဲ့တခုတွင်၊ သို့တည်းမဟုတ် တခုထက်ပိုသည့် တပ်အဖွဲ့များတွင် အပါအဝင်ဖြစ်သော၊ မည်သည့်စစ်သည်စုကိုမဆို၊ ကွပ်ကဲသည့်အရာရှိက၊ စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းနိုင်သည်။

စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေရ။

၁၇၇။ ။ စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဝင်များအား ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမပြုစေရ။ သို့ သော်လည်း စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ပြန်လည်ရရှိသော သုံ့ပန်းများနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေး ရေးခုံရုံးဖြစ်နေသောအခါ၊ အဖွဲ့ဝင်များသည်၊ အောက်ပါအတိုင်းဖွင့်ဟကျေညာရမည်။

"ကျွန်ုပ်-------------------------------သည်၊ ---------------------------သုံ့ပန်းတဦးဖြစ်ရသည့် အခြေ အနေနှင့်စပ်လျဉ်း၍၊ တပ်မတော်၏ စည်းမျဉ်းဥပဒေများ၏ အစစ်အမှန်သဘော၊ အဓိပ္ပါယ်တို့နှင့်အညီ၊ နည်းလမ်းတကျ၊ မျက်နှာမလိုက်ဘဲ၊ ကျွန်ုပ်စုံစမ်းစစ်ဆေးမည့်ပြင်၊ ကျွန်ုပ်၏ထင်မြင်ချက်ကိုလည်းပေး ပါမည်ဟု၊ အခိုင်အမာဖွင့်ဟကျေညာပါသည်။ ထို့ပြင်၊ အခွင့်ရအာဏာပိုင်ကမခိုင်းလျှင်၊ ကျွန်ုပ်သည်၊ ကျွန်ုပ်မဲကိုသော်၎င်း၊ ထင်မြင်ချက်ကိုသော်၎င်း၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ အခြားအဖွဲ့ဝင်တဦးဦး၏ မဲကိုသော်၎င်း၊ ထင်မြင်ချက်ကိုသော်၎င်း၊ မည်သည့်အကြောင်းကြောင့်မျှ၊ သို့တည်းမဟုတ် မည်သည့်အချိန်အခါတွင်မျှ၊ ထုတ်ဖော်မပြောပါ၊ သို့တည်းမဟုတ် ထုတ်ဖော်မပြသပါဟုလည်း၊ ကျွန်ုပ် အခိုင်အမာ ထပ်လောင်းဖွင့်ဟကျေညာပါသည်။"

ကျင့်ထုံး။

၁၇၈။ ။ (၁) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ထိုခုံရုံးဖွဲ့စည်းသည့်အာဏာပိုင်၏ ရေးသားညွှန်ကြားချက် များကို လိုက်နာရမည်။ ထိုညွှန်ကြားချက်များသည်၊ ပြည့်စုံ၍ သီးခြားဖော်ပြထားသည့် ညွှန်ကြားချက် များဖြစ်စေရမည့်ပြင်၊ လိုသမျှ အကြောင်းခြင်းရာ၏ ယေဘုယျသဘောကိုပါ ဖော်ပြရမည်။ စုံစမ်းစစ် ဆေးရေးခုံရုံး၏ အစီရင်ခံစာလိုကြောင်း၊ မလိုကြောင်းကိုလည်း၊ ထိုညွှန်ကြားချက်များတွင် ဖော်ပြထား ရ မည်။

(၂) ပြန်လည်ရောက်ရှိသော သုံ့ပန်းတဦးအတွက်သော်၎င်း၊ ပြန်မရောက်သေးသည့်သုံ့ပန်းတဦးအတွက် သော်၎င်း၊ စုံစမ်းစစ်ဆေးရေးခုံရုံးထိုင်စေသည့်အခါ၊ သက်ဆိုင်ရာသုံ့ပန်းသည်၊ ၎င်း၏တာဝန်ဝတ်တရား တမင်ပေါ့လျော့မှုကြောင့်သုံ့ပန်းဖြစ်သွားရသည်၊ သို့တည်းမဟုတ် ရန်သူနှင့်အတူ အမှုထမ်းသည်၊ သို့ တည်းမဟုတ် ရန်သူ၏လက်အောက်တွင် အမှုထမ်းသည်၊ သို့တည်းမဟုတ် ရန်သူကိုကူပံ့သည်၊ ဆိုသည့် အချက်များနှင့်စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးရေးခုံရုံးအား၊ ထင်မြင်ချက်ရေးမှတ်ရန်၊ စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့စည်းသည့် အရာရှိကညွှန်ကြားရမည်။ ပြန်လည်ရောက်ရှိသောသုံ့ပန်းတဦး၏ ကိစ္စမျိုးတွင်၊ ထို သုံ့ပန်းသည်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ တပ်မတော်သို့ ပြန်လာသည်၊ ပြန်မလာသည်၊ ထို့ပြင် ပြန်မရောက်သေးသည့် သုံ့ပန်းတဦး၏ ကိစ္စမျိုးတွင်၊ ထိုသုံ့ပန်းသည်၊ တပ်မတော်သို့ ပြန်လာနိုင်သော အခါ၌ပြန်လာရန်ပျက်ကွက်ခဲ့သည်၊ မပျက်ကွက်ခဲ့သည်၊ ဆိုသည့်အချက်များနှင့်စပ် လျဉ်း၍၊ စုံစမ်းစစ်ဆေးရေးခုံရုံးအား၊ ထင်မြင်ချက် ရေးမှတ်ရန်ကိုလည်း၊ ထိုခုံရုံးဖွဲ့စည်းသည့်အရာရှိက ညွှန်ကြားရမည်။ ထိုခုံရုံးဖွဲ့စည်းသည့်အရာရှိသည်၊ ထိုအချက်များနှင့် စပ်လျဉ်း၍၊ မိမိကိုယ်တိုင် ၏ထင်မြင်ချက်ကိုပါရေးမှတ်ရမည်။

Myanmar Law Information System (MLIS)

(၃) ပြန်မရောက်သေးသည့် သံ့ပန်းတဦးမှတပါး၊ စုံစမ်းစစ်ဆေးရေးနှင့် သက်ဆိုင်သူအားလုံးအား၊ စုံစမ်းစစ်ဆေးရေးခုံရုံး၊ ရုံးထိုင်မည့်အချိန်နှင့်နေရာ၊ ထို့ပြင်စုံစမ်းစစ်ဆေးရေးခုံရုံး၏ ရုံးရွှေ့ဆိုင်းခြင်း အားလုံးတို့ကို၊ ကြိုတင်အကြောင်းကြားထားရမည်။

(၄) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ သက်သေတဦးက ထွက်ဆိုသည့် သက်သေခံချက်တခုခု၏ တိကျမှန် ကန်မှုကို စမ်းသပ်ခြင်းအလို့ငှါ၊ သို့တည်းမဟုတ် အမှန်ထွက်ပေါ်လာစေခြင်းအလို့ငှါ၊ ထိုသက်သေအား၊ လိုအပ်သည်ဟု ထင်မြင်ယူဆသည့် မေးခွန်းများ မေးမြန်းနိုင်သည်။

(၅) နောက်ထပ်သက်သေများအားစစ်မေးရန်၊ သို့တည်းမဟုတ် မည်သည့်သက်သေကိုမဆို ထပ်မံစစ်မေးရန်၊ သို့တည်းမဟုတ် နောက်ထပ်အကြောင်းခြင်းရာကို ရေးမှတ်ရန်ကိစ္စအတွက်၊ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့ စည်းသည့်အရာရှိက ညွှန်ကြားသည့်အခါတိုင်းတွင်၊ စုံစမ်းစစ်ဆေးရေးခုံရုံးကို၊ ပြန်လည်ရုံးထိုင်စေနိုင် သည်။

(၆) စုံစမ်းစစ်ဆေးရေးခုံရုံး၏မှုခင်းကိစ္စဆောင်ရွက်ချက်အားလုံးကို၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာ ရှိက၊ ထိုခုံရုံးကိုဖွဲ့စည်းသည့်အရာရှိထံပို့ရမည်။

အက်ဥပဒေကိုလိုက်နာရသူတဦး၏ အကျင့်စာရိတ္တနှင့်သက်ဆိုင်နေသည့် အခါ၊ လိုက်နာရမည့် ကျင့်ထုံး။

၁၇၉။ ။ ပြန်လည်မရောက်ရှိသေးသည့် သံ့ပန်းတဦး၏ကိစ္စမျိုးမှတပါး၊ စုံစမ်းစစ်ဆေးခြင်းတခုခု သည်၊ အက်ဥပဒေကို လိုက်နာရသူတဦး၏ အကျင့်စာရိတ္တကိုသော်၎င်း၊ စစ်ဘက်ဂုဏ်သရေကိုသော်၎င်း၊ ထိခိုက်စေသည့်အခါတိုင်း၊ ထိုသူအား၊ ထိုသို့စုံစမ်းစစ်ဆေးရာတလျှောက်လုံးတွင်၊ ရောက်ရှိနေခွင့်၊ ပြု လုပ်လိုသည့်ထွက်ဆိုချက်တခုခုကို ပြုလုပ်ခွင့်၊ ပေးလိုသည့်သက်သေခံချက်တခုခုကိုပေးခွင့်၊ ထိုသူ၏ အကျင့်စာရိတ္တကိုသော်၎င်း၊ စစ်ဘက်ဂုဏ်သရေကိုသော်၎င်း၊ ထိခိုက်သည်ဟု၊ ထိုသူကယူဆသော သက် သေခံချက်ကိုပေးသည့် သက်သေတဦးဦးအားပြန်လှန်စစ်မေးခွင့်၊ ထို့ပြင် ထိုသူ၏ အကျင့်စာရိတ္တ၊ သို့ တည်းမဟုတ် စစ်ဘက်ဂုဏ်သရေနှင့်စပ်လျဉ်း၍၊ ခုခံချေပရေးအတွက် သက်သေများ ပြခွင့်ဖြစ်သည့်အ ခွင့်အလမ်း အပြည့်အစုံကို ပေးရမည်။ အကျင့်စာရိတ္တနှင့်စစ်ဘက်ဂုဏ်သရေကို ထိခိုက်ခြင်းခံရသည့်ပြင်၊ ကြိုတင်သိရှိခွင့်မရရှိသည့် သံ့ပန်းတဦးဦးသည်၊ ဤနည်းဥပဒေအရ မိမိ၏ အခွင့်အရေးများကို ကြိုတင် သိရှိ၍ စုံလင်စွာနားလည်စေရန်၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအရာရှိက၊ လို အပ်သလို စီစဉ်ရမည်။

မည်သည့်အခါ၊ သက်သေခံချက်ကို၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေပြီး၊ ယူရခြင်း။

၁၈၀။ ။ အောက်ပါ ကိစ္စမျိုးနှင့်စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးရေးခုံရုံး၊ ရုံးထိုင်သောအခါ၊ ကျမ်းသစ္စာ၊ သို့ တည်းမဟုတ် ကတိသစ္စာပြုစေပြီး၊ သက်သေခံချက်ကို ရေးမှတ်ရမည်။

(က) သံ့ပန်းတဦးကိစ္စ၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၁၀၈အရ၊ ဥပဒေနှင့်မညီသော ပျက်ကွက်ခြင်းကိုစုံစမ်းစစ်ဆေးရန်ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်းသည့် အရာရှိက ညွှန်ကြားသည့်အခါ၊ ထိုသို့ညွှန်ကြားသည့်အခြား ကိစ္စတခုခု။

**ရှင်းလင်းချက်။ ။** စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ စစ်တရားရုံးတရုံးဖြစ်ဘိသကဲ့သို့၊ သက်သေများအား၊ ကျမ်းသစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုစေရမည်။

Myanmar Law Information System (MLIS)

စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်းကိစ္စဆောင်ရွက်ချက်များကို၊ သက်သေခံအဖြစ် လက်မခံရ။

၁၈၁။ ။ စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်းကိစ္စဆောင်ရွက်ချက်ကို၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးရေးခုံ ရုံးတရုံးတွင် ပေးသည့်ဖြောင့်ချက်ကို၊ သို့တည်းမဟုတ် ပြုလုပ်သည့်ထွက်ဆိုချက်ကို၊ သို့တည်းမဟုတ် ဖြေကြားသော၊ မေးခွန်းတခု၏အဖြေကို၊ အက်ဥပဒေကိုလိုက်နာရသူတဦးအားစစ်ဆေးစီရင်ရာတွင် သက်သေခံအဖြစ် လက်မခံရ။ အက်ဥပဒေကို လိုက်နာရသူအား၊ ထိုရုံး၏ရှေ့မှောက်တွင် တမင်မမှန် သက်သေခံခြင်းအတွက် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့်အခါမှတပါး၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ မှုခင်း ကိစ္စဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သက်သေခံချက် တခုခုကိုလည်း၊ အက်ဥပဒေကို လိုက်နာရ သူအပေါ်မပေးရ။

ပုဒ်မ ၁၀၈ အရဖြစ်သည့်၊ ဥပဒေနှင့် မညီသော ပျက်ကွက်ခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေး ရေးခုံရုံး။

၁၈၂။ ။ (၁) ပုဒ်မ ၁၀၈ အရ၊ စုံစမ်းစစ်ဆေးရေးခုံရုံးတရုံးကို ဖွဲ့စည်းသောအခါ၊ ထိုပုဒ်မတွင်၊ စုံစမ်းစစ် ဆေးရမည့် အကြောင်းအရာများဟု၊ သီးခြားဖော်ပြထားသည့် ပျက်ကွက်ခြင်းနှင့်အခြားအကြောင်းခြင်း ရာများကို၊ လုံလောက်စွာသက်သေထင်ရှား ပြရန်လိုသည်ဟု၊ ထိုခုံရုံးက၊ ယူဆသည့်သက်သေများအား၊ ထိုခုံရုံးသို့ လာရောက်စေရမည်။

(၂) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ခုံရုံးတွင်ထွက်ဆိုသော သက်သေခံချက်ကို ရေးယူရမည့်ပြင်၊ မှုခင်း ကိစ္စဆောင်ရွက်ချက်များ ပြီးဆုံးသောအခါ၊ ခုံရုံးဖွဲ့စည်းပြီး၊ စုံစမ်းစစ်ဆေးရသည့် အကြောင်းခြင်းရာ များနှင့်စပ်လျဉ်း၍၊ ဆင်ခြင်သုံးသပ်ရာတွင် ပေါ်ပေါက်လာသော မိမိ၏ထင်မြင်ယူဆချက်များကိုလည်း ကြေညာရမည်။

(၃) ခွင့်မဲ့ပျက်ကွက်သူ၏ တပ်မှူးသည်၊ ထိုသူပါဝင်သော တပ်အဖွဲ့၊ တပ်၊ သို့တည်းမဟုတ် ရေယာဉ်၏ စစ်တရားရုံး မှတ်တမ်းစာအုပ်တွင်၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ ကြေညာချက်ကို ရေးသွင်းထားရမည့်ပြင်၊ မူလအမှုတွဲကို ဖျက်ဆီးပစ်ရမည်။

(၄) စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ခွင့်မဲ့ပျက်ကွက်သူကိုယ်စားသက်သေခံလိုသော သက်သေအားလုံးကို စစ်မေးရမည့်ပြင်၊ ထိုသူများထွက်ဆိုသည့် သက်သေခံချက်တခုခု၏ တိကျမှန်ကန်မှုကို စမ်းသပ်ခြင်းအ လို့ငှါ၊ သို့တည်းမဟုတ် အမှန်ထွက်ပေါ်လာစေခြင်းအလို့ငှါ၊ လိုအပ်မည့်မေးခွန်းများကို၊ ထိုသက်သေများ အားမေးရမည်။ ထို့ပြင် စုံစမ်းစစ်ဆေးရေးခုံရုံးသည်၊ ကြေညာချက်ပြုလုပ်ရာတွင်၊ ထိုသက်သေအားလုံး ၏ သက်သေခံချက်များကို ကျနစွာချိန်ဆရမည်။

(၅) နည်းဥပဒေ ၁၈၀ တွင် သီးခြားဖော်ပြထားသည့် နည်းလမ်းအတိုင်း၊ သက်သေများအား၊ ကျမ်း သစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုစေရမည်။

<ပြင်ဆင် 22.07.2014>

အမှုတွဲ၏ မိတ္တူများကို အချို့သူများရခွင့်ရှိခြင်း။

Myanmar Law Information System (MLIS)

၁၈၃။ ။ စုံစမ်းစစ်ဆေးရေးခုံရုံးက ရေးသားသည့် အစီရင်ခံစာတခုခုအပါအဝင်၊ စုံစမ်းစစ်ဆေးရေးခုံရုံး ၏ အမှုတွဲမိတ္တူ တစောင်ကို၊ စာလုံးရေနှုန်းရာလျှင်၊ ပြားငါးဆယ်ထက်မပိုသောနှုန်းဖြင့်၊ ထိုမိတ္တူအတွက် ကျသင့်ငွေပေးပါက၊ အောက်ပါသူများ၌၊ ရထိုက်ခွင့်ရှိစေရမည်။

(က) စုံစမ်းစစ်ဆေးရေးခုံရုံးတရုံးက အစီရင်ခံပြီးသောကိစ္စတခုခုနှင့်စပ်လျဉ်း၍သော်၄င်း၊ အရာတခုခု နှင့်စပ်လျဉ်း၍သော်၄င်း၊ စစ်တရားရုံးတရုံးဖြင့်၊ စစ်ဆေးစီရင်ခြင်းကိုခံရသော၊ အက်ဥပဒေကို လိုက်နာရ သူတဦးဦး၊ သို့တည်းမဟုတ်

(ခ) သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်သည်၊ အခြားအမိန့်ချမှတ်ရန် အကြောင်းမတွေ့ရှိလျှင်၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ရှေ့မှောက်၌ ထွက်ဆိုသည့် သက်သေခံချက်တွင်သော်၄င်း၊ စုံစမ်းစစ်ဆေးရေးခုံရုံး၏ အစီရင်ခံစာတွင်သော်၄င်း၊ ပါရှိသည့်အချက်တခုခုက၊ အကျင့်စာရိတ္တကိုဖြစ်စေ၊ စစ်ဘက်ဂုဏ်သရေကိုဖြစ်စေ၊ ထိခိုက်သည်ဟု သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က ထင်မြင်ယူဆသော၊ အက်ဥပဒေကို လိုက်နာရသူတဦးဦး။

<ပြင်ဆင် 10.05.1989, 22.07.2014>

**လက်နက်ပျောက်ဆုံးခြင်းများ၊ သို့တည်းမဟုတ် လက်နက်ခိုးယူခြင်းများ။**

ရိုင်ဖယ်အစရှိသည်တို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်းနှင့်စပ်လျဉ်း၍၊ စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် စုံစမ်းစစ်ဆေးစေခြင်း။

၁၈၄။ ။(၁) တပ်၊ တပ်ခွဲ၊ သို့တည်းမဟုတ် အလားတူအခြားတပ်တခု၏ ပစ္စည်းကိရိယာတန်ဆာပလာတွင်ပါဝင်သည့် လက်နက်တခုခုသော်၄င်း၊ လက်နက်တခု၏ အစိတ်အပိုင်းသော်၄င်း၊ ပျောက်ဆုံးသည့်အခါ၊ သို့တည်းမဟုတ် ခိုးယူခြင်းခံရသည့်အခါ၊ ထို့ပြင်ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ထိုသို့ခိုးယူခြင်းနှင့်စပ်လျဉ်း၍၊ နည်းဥပဒေ ၁၈၅ အရ၊ ငွေဒဏ်တရပ် ချမှတ်နိုင်သည့်အခါ၊ ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်း၏ အကြောင်းခြင်းရာများကို စုံစမ်းစစ်ဆေးရန်၊ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသောအရာရှိ၏ အမိန့်အရ၊ စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းစေရမည်။

(၂) စုံစမ်းစစ်ဆေးရေးခုံရုံးကိုဖွဲ့စည်းသည့် အရာရှိသည်၊ ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်း၏ အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍၊ ထင်မြင်ယူဆချက်တရပ်ကို ရေးမှတ်ရန်၊ စုံစမ်းစစ်ဆေးရေးခုံရုံးအား ညွှန်ကြားရမည်။

<ပြင်ဆင် 22.07.2014>

စုပေါင်းငွေဒဏ်များ။

၁၈၅။ ။ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ်

Myanmar Law Information System (MLIS)

စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိသည်၊ ထိုသို့ပျောက်ဆုံးခြင်း၊ သို့တည်းမဟုတ် ခိုးယူခြင်း၏ အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍၊ မိမိ၏ထင်မြင်ယူဆချက်ကို ရေးမှတ်ရမည့်ပြင်၊ ထိုသို့ ပျောက်ဆုံးသော၊ သို့တည်းမဟုတ် ခိုးယူခြင်းခံရသော၊ လက်နက်အသီးသီး အတွက်သော်၎င်း၊ လက်နက်တခု၏ အစိတ်အပိုင်းအသီးသီးအတွက်သော်၎င်း၊ ထိုတပ်ရှိ အရာခံဗိုလ်များ၊ အကြပ်များနှင့် တပ်သားများအား၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ပျက်ခြင်းအတွက် တာဝန်ရှိသည်ဟု၊ မိမိထင်မြင်ယူဆသောသူဟူသမျှအား၊ ထိုပျောက်ဆုံးသော၊ သို့တည်းမဟုတ် ခိုးယူခြင်းခံရသော၊ လက်နက်အသီးသီး၏၊ သို့တည်းမဟုတ် လက်နက်တခု၏ အစိတ်အပိုင်းအသီးသီး၏၊ ညွှန်ကြားရေးမှူးချုပ်၊ ငွေစာရင်းရုံးက စစ်ဆေးပြီးဖြစ်သည့်တန်ဘိုးငွေထိ၊ စုပေါင်းငွေဒဏ်များ ချမှတ်နိုင်သည်။ <ပြင်ဆင် 22.07.2014>

**အခန်း ၇။**

**အပိုင်း ၁။**

အရာရှိမဟုတ်သည့် သေဆုံးသူ၏ ပစ္စည်း။

ပစ္စည်းကိုရယူထားခြင်း။

၁၈၆။ ။ တပ်မှူးသည်၊ ပုဒ်မ ၁၉၈အရ၊ မိမိရယူထားသော ပစ္စည်းကို လုံခြုံသည့်နေရာတွင် ထိန်းသိမ်း ထားရမည်။

ပစ္စည်းစာရင်း။

၁၈၇။ ။ တပ်မှူးသည်၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ကျန်ရှိနေသည့်၊ အကြောင်းတခုခု ကြောင့် မရယူနိုင်သော၊ သေဆုံးသူ၏ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းစာရင်းတခုကိုပြုလုပ်ရမည်။ ထိုပစ္စည်း နှင့်စပ်လျဉ်း၍၊ လုံလောက်သော အသေးစိတ် အချက်အလက်များနှင့်ခန့်မှန်းခြေတန်ဘိုးအပြင်၊ ထို ပစ္စည်းကိုမရယူနိုင်ခြင်းအတွက် အကြောင်းပြချက်များကိုပါ ဖေါ်ပြရမည်။

ပစ္စည်းကိုရယူထားခြင်းနှင့် ပစ္စည်းစာရင်းပြုလုပ်ခြင်းတို့နှင့်စပ်လျဉ်းသည့် ခြွင်းချက်များ။

၁၈၈။ ။ အက်ဥပဒေအရ၊ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့် စရိတ်စကများပေးဆပ်ခြင်းကို၊ ကိုယ်စားဆောင်ရွက်သူတဦးကသော်၎င်း၊ ပစ္စည်းဥစ္စာကို လက်ခံပိုင်ခွင့်ရှိသည်ဟု၊ သို့တည်းမဟုတ် စီမံ ခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ တပ်မှူးကထင်မြင်ယူဆသောသူ တဦးကသော်၎င်း၊ ခံဝန်ပေးပြီးဖြစ်သောအခါ၊ သို့တည်းမဟုတ် ပြန်လည်ရယူရန် ကြွေးမြီများနှင့်စရိတ်စကများမရှိသောအခါ၊ ထိုကိုယ်စားဆောင်ရွက် သူကဖြစ်စေ၊ ပစ္စည်းဥစ္စာကို လက်ခံပိုင်ခွင့်ရှိသည်ဟု၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ တပ်မှူးက ထင်မြင်ယူဆသောသူတဦးကဖြစ်စေ၊ တောင်းဆိုပါက၊ တပ်မှူးသည်၊ သေဆုံးသူ၏ ပစ္စည်း ကို ရယူမထားဘဲ နေနိုင်သည့်ပြင်၊ ထိုပစ္စည်းစာရင်းကိုလည်းမပြုလုပ်ဘဲနေနိုင်သည်။

လစာနှင့်စရိတ်များကိုထုတ်ယူခြင်း။



Myanmar Law Information System (MLIS)

၁၈၉။ ။ (၁) တပ်မှူးသည်၊ သေဆုံးသူရထိုက်သော လစာနှင့်စရိတ်များကို၊ မိမိအားပေးရန်သော်၎င်း၊ မိမိကစီမံခန့်ခွဲပြီးသည်အထိ၊ ထိုလစာနှင့်စရိတ်များကို၊ မိမိကိုယ်စား ယူထားရန်သော်၎င်း၊ သက်ဆိုင်ရာ ငွေထုတ်ပေးသည့် အာဏာပိုင်အားတောင်းဆိုနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁)အရ၊ လစာနှင့် စရိတ်များကို၊ တပ်မှူးကိုယ်စား ယူထားရန် တောင်းဆိုထားသည့် အခါ၊ တပ်မှူးထံမှ၊ ထိုတောင်းဆိုချက်ကို၊ ရရှိပြီးနောက်၊ သက်ဆိုင်ရာ ငွေထုတ်ပေးသည့် အာဏာပိုင် သည်၊ သေဆုံးသူထံမှ အစိုးရက ရသင့်ရထိုက်သည့်ငွေအတွက်၊ ထိုလစာနှင့်စရိတ်များထဲမှ ပြန်လည်ရ ယူခြင်းမပြုရ။

စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများ ကိုစာရင်းပြုလုပ်ခြင်း။

၁၉၀။ ။ တပ်မှူးသည်၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်၊ သေဆုံးသူ၏ တပ်ကြွေးမြီနှင့် အခြားကြွေးမြီအားလုံးကိုစုံစမ်း၍၊ မှန်မမှန်စစ်ဆေးပြီးနောက်၊ စာရင်းပြုလုပ်ရမည့်ပြင်၊ ထိုကြွေးမြီများ ပေးဆပ်ခြင်းအတွက် စီမံရာထားခြင်းမပြုမီ၊ ထိုကြွေးမြီများနှင့်စပ်လျဥ်း၍ သံသယရှိမှုကိုသော်၎င်း၊ ကွဲ လွဲမှုကိုသော်၎င်း၊ ဖြေရှင်းရမည်။

မသာစရိတ်စကများ။

၁၉၁။ ။ အက်ဥပဒေကိုလိုက်နာရသူတဦးဦး၏၊ အမှန်စင်စစ်ကုန်ကျ၍ လိုအပ်သော မသာစရိတ်စက များကို၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ အမိန့်အာဏာအရ၊ အခါအားလျော်စွာထုတ်သည့် သက်ဆိုင်ရာ စည်းမျဥ်းဥပဒေများတွင် ပြဌာန်းထားသမျှအထိ၊ ပြည်ထောင်စုနိုင်ငံအစိုးရကခံရမည်။

အက်ဥပဒေအရ၊ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့်စရိတ်စကများကို ပေးဆပ်ခြင်း အတွက် ခံဝန်ပေးခြင်း။

၁၉၂။ ။ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၄)အရ ပေးရမည့်ခံဝန်သည်၊ နောက်ဆက်တွဲ ဖ ပါ ပုံစံ ၁ နှင့် ၂ တို့ တွင် ဖော်ပြပါရှိသည့်အတိုင်း၊ ခံဝန်စာချုပ်ဖြစ်ရမည်။ တပ်မှူးကလိုအပ်သည်ဟုယူဆလျှင်၊ ထိုခံဝန်စာ ချုပ်တွင် ခံဝန်သူတဦးပါရှိရမည်။

အက်ဥပဒေအရ၊ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့် စရိတ်စကများကို ရယူခြင်းအတွက် အချိန်ကန့်သတ်ချက်။

၁၉၃။ ။ အက်ဥပဒေအရ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့် စရိတ်စကများကို၊ သေဆုံးသည့် နေ့ ရက်မှ သုံးလအတွင်း၊ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄)အရ ကိုယ်စားဆောင်ရွက်သူတဦးကသော်၎င်း၊ ပုဒ်မ ၂၀၅ အရ၊ လက်ခံပိုင်ခွင့်၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ သတ်မှတ်ထားသူက ထင်မြင်ယူဆသော အခြားသူကသော်၎င်း၊ မပေးဆပ်လျှင်၊ သို့တည်းမဟုတ် ခံဝန်မပေးလျှင်၊ တပ်မှူးကိုယ်တိုင်က၊ ထိုကြွေး မြီများနှင့်စရိတ်စကများကို ပေးဆပ်ခြင်းအတွက် စီမံရာထားရန် ဆက်လက်ဆောင်ရွက်ရမည်။

ငွေများကိုထိန်းသိမ်းရေး။

၁၉၄။ ။ တောင်းခံပြီးသော မည်သည့်လက်ငင်းငွေကိုမဆို၊ သို့တည်းမဟုတ် ပစ္စည်းကိုရောင်းခြင်းဖြင့် ဖြစ်စေ၊ ငွေအဖြစ်သို့ ပြောင်းလဲခြင်းဖြင့်ဖြစ်စေ ထုခွဲ၍ ရယူသော၊ သို့တည်းမဟုတ် ဘဏ်တခုခုမှရရှိ သော၊ မည်သည့်ငွေများကိုမဆို၊ ဖြစ်နိုင်လျှင်၊ နယ်ဘက်ငွေတိုက်၌ အပ်နှံရမည်၊ သို့တည်းမဟုတ် အနီး ဆုံးရှိ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်ခွဲ၌၊ စာရင်းရှင်တရပ်တွင် တပ်မှူး၏ ရငွေအဖြစ်ဖြင့် သွင်းထားရမည်။ မဖြစ်နိုင်ပါက၊ တပ်ငွေသေတ္တာထဲတွင်သော်၎င်း၊ တပ်ဆောင်ငွေစာရင်းတွင်သော်၎င်း၊ ထည့်သွင်းထားရမည်။

Myanmar Law Information System (MLIS)

ပစ္စည်းတခုခုကို ရောင်းခြင်းမပြုဘဲ၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းမပြုဘဲ ထားခြင်း။

၁၉၅။ ။ (၁) သေဆုံးသူ၏ ပစ္စည်းတစိတ်တဒေသကို ရောင်းခြင်း၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပစ္စည်းတစိတ်တဒေသကို ရောင်းခြင်းမှ၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းမှ ဆိုင်းထားခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကိုယ်စားဆောင်ရွက်သူတဦးကသော်၎င်း၊ ပုဒ်မ ၂၀၅ အရ၊ လက်ခံပိုင်ခွင့်၊ သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု သတ်မှတ်ထားသူက ထင်မြင်ယူဆ သောသူတဦးကသော်၎င်း၊ မိမိ၏ အလိုဆန္ဒများကို အကြောင်းကြားခွင့်ရရှိသည့်အချိန်အထိ၊ တပ်မှူး သည်၊ သင့်တော်မည်ထင်လျှင်၊ သေဆုံးသူ၏ ပစ္စည်းရောင်းခြင်းကို၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲခြင်းကို ရွှေ့ဆိုင်းနိုင်သည်။

(၂) တပ်မှူးသည်၊ ကိုယ်စားဆောင်ရွက်သူတဦး၏၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅အရ၊ လက်ခံပိုင်ခွင့်၊ သို့ တည်းမဟုတ် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု၊ သတ်မှတ်ထားသူက ထင်မြင်ယူဆသောသူတဦး၏ အလိုဆန္ဒ များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။ သို့သော်လည်း တင်ရှိနေသည့် ကြွေးမြီပေးဆပ်ရန်၊ သေဆုံး သူ၏ ပစ္စည်းဥစ္စာ မလုံလောက်ခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူ အကြောင်းကြောင့်ဖြစ်စေ၊ ထိုအလို ဆန္ဒတခုခုသည်၊ ယုတ္တိမတန်ဟု၊ တပ်မှူးကထင်မြင်ယူဆလျှင်၊ တပ်မှူးသည်၊ လိုက်နာဆောင်ရွက်ရန် ငြင်းပယ်နိုင်သည်။

ရောင်းနည်း။

၁၉၆။ ။ လေလံတင်ရောင်းခြင်းဖြင့်ဖြစ်စေ၊ လေလံမတင်ဘဲ ရောင်းခြင်းဖြင့်ဖြစ်စေ၊ အကျိုးခံစားခွင့် အများဆုံးရရှိမည့် နည်းလမ်းအတိုင်း၊ ရောင်းရမည့်ပစ္စည်းကို စီမံခန့်ခွဲရမည်။ ပစ္စည်းကို လေလံတင် ရောင်းချသောအခါ၊ တပ်မှူး၏ကိုယ်စား ဆောင်ရွက်သူတဦးက လေလံတင်ရောင်းချသည့် နေရာ၌ ရောက်ရှိနေရမည့်ပြင်၊ မှန်ကန်ကြောင်းသက်သေခံလက်မှတ် ထိုးထားသောပစ္စည်းရောင်းခြင်းနှင့် စပ် လျဉ်းသည့် အကြောင်းအရာဖော်ပြချက်တစောင်ကို၊ တပ်မှူးအားပေးအပ်ရမည်။

ကိုယ်ပိုင်သေနတ်များနှင့်ခဲယမ်း မီးကျောက်ကိုစီမံခန့်ခွဲခြင်း။

၁၉၇။ ။ သေဆုံးသူ၏ ပစ္စည်းတစိတ်တဒေသဖြစ်သည့် ကိုယ်ပိုင်သေနတ်များနှင့်ခဲယမ်းမီးကျောက်ကို၊ ကိုယ်စားဆောင်ရွက်သူတဦးအား၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၄ အရ၊ ပစ္စည်းကိုသော်၎င်း၊ ပိုလျှံနေသော ပစ္စည်းကိုသော်၎င်း၊ ပေးအပ်ခြင်းခံရသူအား၊ သို့တည်းမဟုတ် ထိုသေနတ်များနှင့်ခဲယမ်းမီးကျောက်ကို လက်ရှိထားရန်၊ နည်းလမ်းတကျ လိုင်စင်မရရှိသည့် ဝယ်သူတဦးအား၊ သို့တည်းမဟုတ် လိုင်စင်မရှိဘဲ၊ ထိုသေနတ်များနှင့်ခဲယမ်းမီးကျောက်ကို လက်ရှိထားခွင့်မရသည့် ဝယ်သူတဦးအားမပေးအပ်ရ။ ထိုသေ နတ်များနှင့်ခဲယမ်းမီးကျောက်ကို၊ ထိုသို့မပေးအပ်သောအခါ၊ အနီးဆုံးရှိ ရဲဌာနသို့သော်၎င်း၊ သက်ဆိုင် ရာခရိုင်ရာဇဝတ်တရားသူကြီး၏ အခွင့်အမိန့်အရ၊ လိုင်စင်ရှိသော လက်နက်ခဲယမ်းမီးကျောက်ရောင်း ဝယ်သူ တဦးထံ၌သော်၎င်း၊ အပ်နှံရမည်။

သင်္ဂဟအဆောင်အယောင်များ၊ ဘွဲ့များနှင့်တံဆိပ်များကို စီမံခန့်ခွဲခြင်း။

၁၉၈။ ။ (၁) သေဆုံးသူ၏ ဘွဲ့များနှင့်တံဆိပ်များကို၊ မသေဆုံးမီ ထုတ်ပေးသည်ဖြစ်စေ၊ သေဆုံးပြီး နောက်မှထုတ်ပေးသည်ဖြစ်စေ၊ အက်ဥပဒေအရ၊ ပြန်လည်ရယူနိုင်သော ကြွေးမြီများနှင့်စရိတ်စကများ ကို

ပေးဆပ်ရန်ကိစ္စအတွက်၊ မရောင်းရ၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၂ အရ၊ အမွေထိန်းမင်းကြီးထံ၊ စီမံခန့် ခွဲရေးအတွက်၊ ပစ္စည်းဥစ္စာတရပ်ကို ပေးအပ်သောအခါ၊ ထိုတံဆိပ်များကို အမွေထိန်းမင်းကြီးအား မပေး အပ်ရ။

(၂) တံဆိပ်များကို တပ်မှူးကရယူထားသောအခါ၊ ထိုတံဆိပ်များကို အောက်ပါအတိုင်း စီမံခန့်ခွဲရမည်။

(က) သေဆုံးသူသည်၊ မိမိ၏သေတမ်းစာတွင်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ ထိုတံဆိပ်များကို ထုခွဲရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များ ထားခဲ့လျှင်၊ ထိုညွှန်ကြားချက်များအတိုင်း စီမံခန့်ခွဲရမည်။

(ခ) သေဆုံးသူသည်၊ ညွှန်ကြားချက်များကို မထားခဲ့လျှင်၊ သို့တည်းမဟုတ် သေဆုံးသူသည်၊ တရားဥ ပဒေအရ ညွှန်ကြားချက်များကို မပြုလုပ်နိုင်လျှင်၊ သေဆုံးသူနှင့်သက်ဆိုင်သည့် တရားဥပဒေနှင့်အညီ ရထိုက်သူထံ ထိုတံဆိပ်များကိုပို့ရမည်။

(ဂ) တံဆိပ်များကို အထက်ပါအတိုင်း စီမံခန့်ခွဲခြင်းမပြုနိုင်လျှင်၊ ဆွေမျိုးတဦးဦးထံ၊ သို့တည်းမဟုတ် သေဆုံးသူအား မှတ်မိသတိရဘွယ်တရပ် အဖြစ်ဖြင့်၊ ထိုတံဆိပ်များကို အလေးဂရုပြု၍ ထိန်းသိမ်းထား လိမ့်မည်ဟု သတ်မှတ်ထားသူက ထင်မြင်ယူဆသောအခြားသူထံ၊ ထိုတံဆိပ်များကိုပို့ရမည်။

(၃) သင်္ဂဟအဆောင်အယောင်များနှင့် ဘွဲ့များကိုလည်း၊ ၎င်းတို့နှင့်ဆိုင်ရာ နည်းဥပဒေများနှင့် စည်းကမ်း ချက်များက အခြားနည်းပြဋ္ဌာန်းထားသည့်အခါမှတပါး၊ အထက်တွင်ဆိုခဲ့သည့် နည်းလမ်း အတိုင်း စီမံ ခန့်ခွဲရမည်။

စီမံခန့်ခွဲရေးစရိတ်စကများ။

၁၉၉။ ။ သေဆုံးသူ၏ ပစ္စည်းဥစ္စာတရပ်ကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍၊ တပ်မှူးသည်၊ လိုအပ်သော စရိတ်စကများနှင့် ယုတ္တိတန်သော စရိတ်စကများကိုသာ ကျခံရမည်။

## အပိုင်း ၂။

## သေဆုံးသည့်အရာရှိများ၏ပစ္စည်း။

သေဆုံးသည့်အရာရှိများ၏ပစ္စည်း။

၂၀၀။ ။ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါပြောင်းလဲပြင်ဆင်ချက်များဖြင့်၊ အက်ဥပဒေကိုလိုက်နာရသော၊ သေဆုံးသည့်အရာရှိများ၏ ပစ္စည်းနှင့်လည်း သက်ဆိုင်စေရမည်။

(က) တပ်မှူးဟုရည်ညွှန်းခြင်းများသည်၊ ဤနည်းဥပဒေများ၌ နောက်တွင်ပြဋ္ဌာန်းထားသည့် နည်း လမ်းအတိုင်း၊ ဤကိစ္စအလို့ငှါ ဖွဲ့စည်းသည့်၊ စီမံခန့်ခွဲရေးကော်မီတီ၊ သို့တည်းမဟုတ် အမြဲတန်း စီမံခန့်ခွဲရေး ကော်မီတီ၊ သက်ဆိုင်ရာရာကို၊ ရည်ညွှန်းခြင်းများ ဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

(ခ) နည်းဥပဒေ ၁၉၂ နှင့် ၁၉၃ တို့တွင်၊ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၄) ကို ရည်ညွှန်းခြင်းများသည်၊ ပုဒ်မ ၁၉၉ ကို ရည်ညွှန်းခြင်းများဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

စီမံခန့်ခွဲရေးကော်မီတီ။

၂၀၁။ ။ (၁) စီမံခန့်ခွဲရေးကော်မီတီတခုတွင် အရာရှိ သုံးဦးပါဝင်စေရမည်။ ဖြစ်နိုင်လျှင်၊ ဥက္ကဋ္ဌသည်၊ စစ်မြေပြင် အရာရှိ၏ အဆင့်အောက်မနိမ့်သော အရာရှိဖြစ်စေရမည်။

(၂) စီမံခန့်ခွဲရေးကော်မီတီတခုကို၊ အောက်ပါ အရာရှိများက ဖွဲ့စည်းရမည်။



Myanmar Law Information System (MLIS)

(က) သေဆုံးသူသည်၊ မိမိ၏တပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ သို့တည်းမဟုတ် တပ်တွင်အမှုထမ်းရွက်နေခဲ့လျှင်၊ ထိုတပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ သို့တည်းမဟုတ် တပ်၏၊ စစ်မြေပြင်အရာရှိအဆင့်အောက်မနိမ့်သော တပ်မှူး၊ တပ်မှူးသည် စစ်မြေပြင်အရာရှိအဆင့်အောက်နိမ့်သော အရာရှိဖြစ်လျှင်၊ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသော အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိ။

(ခ) ပင်လယ်ပြင်တွင် သေဆုံးလျှင်၊ ရေယာဉ်ပေါ်ရှိ စစ်သည်စုများကို ကွပ်ကဲသည့်အရာရှိ။

(ဂ) အခြားကိစ္စအားလုံးတွင်၊ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက် မငယ်သောအဖွဲ့အစည်းကိုဖြစ်စေ၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိ။

(၃) ကော်မီတီကို၊ ရေယာဉ်ပေါ်တွင် မဖွဲ့စည်းနိုင်သောအခါ၊ ထိုရေယာဉ် ခရီးလမ်းဆုံးသို့ရောက်ပြီးနောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ နည်းဥပဒေခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မီတီကို ဖွဲ့စည်းရမည်။

(၄) ကော်မီတီကို ဖွဲ့စည်းရန်၊ နည်းဥပဒေခွဲ (၂)၊ သို့တည်းမဟုတ် နည်းဥပဒေခွဲ (၃) ဖြင့် အာဏာအပ်နှင်းခြင်းခံရသော အရာရှိသည်၊ အကြောင်းတခုခုကြောင့်၊ ကော်မီတီမဖွဲ့စည်းနိုင်လျှင်၊ အထက်အာဏာပိုင်ထံ လျှောက်ထားရမည်။

<ပြင်ဆင် 22.07.2014>

အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီ။

၂၀၂။ ။ (၁) အမြဲတန်း စီမံခန့်ခွဲရေး ကော်မီတီတွင် အရာရှိ သုံးဦးပါဝင်စေရမည်။ ဖြစ်နိုင်လျှင်၊ ဥက္ကဋ္ဌ သည်၊ စစ်မြေပြင် အရာရှိအောက် အဆင့်မနိမ့်သော အရာရှိဖြစ်စေရမည်။

(၂) သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်၏ အမိန့်အရသော်၎င်း၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှါ၊ အာဏာအပ်နှင်းထားသော အခြားအရာရှိ၏ အမိန့်အရသော်၎င်း၊ အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီကို သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှါ၊ အာဏာအပ်နှင်းထားသော အရာရှိကဖြစ်စေ သင့်တော်မည်ထင်သည့် အချိန်နှင့်နေရာတွင် ဖွဲ့စည်းရမည်။

(၃) အမြဲတန်း စီမံခန့်ခွဲရေးကော်မီတီကို၊ မည်သည့်အချိန်အခါ၌မဆို၊ ဖွဲ့စည်းသည့်အာဏာပိုင်က ဖျက်သိမ်းနိုင်သည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီကို ဖွဲ့စည်းထားသောအခါ၊ ကော်မီတီများ ဖွဲ့စည်းခြင်း။

၂၀၃။ ။ အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီကို ဖွဲ့စည်းထားသမျှကာလပတ်လုံး၊ စီမံခန့်ခွဲရေးကော်မီတီကို မဖွဲ့စည်းရ။ ထို့ပြင် အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီကို ဖွဲ့စည်းထားသည့် ကာလအပိုင်းအခြားအတွင်း၊ ဤနည်းဥပဒေများတွင်၊ ကော်မီတီကို ရည်ညွှန်းခြင်းအားလုံးသည်၊ အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီကို ရည်ညွှန်းသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

## အပိုင်း ၃။

## တပ်မှထွက်ပြေးသော၊ သို့တည်းမဟုတ် ရှုံးသွပ်ခြင်းမှန်ကန်ကြောင်း စုံစမ်းသိရှိရသော၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု ဆိုင်ရာအာဏာပိုင်က အကြောင်းကြားခြင်းခံရသော၊ အက်ဥပဒေကို လိုက်နာရသူများ၏ပစ္စည်း။

စစ်ပြေးများ၏ ပစ္စည်း။

၂၀၄။ ။ နည်းဥပဒေ ၁၈၈၊ ၁၉၁၊ ၁၉၂၊ ၁၉၃ နှင့် ၁၉၅ မှတပါး၊ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များသည်၊ အောက်ပါပြောင်းလဲပြင်ဆင်ချက်များဖြင့်၊ အက်ဥပဒေကို လိုက်နာရသော စစ်ပြေးတဦး၏ ပစ္စည်းနှင့်သက်ဆိုင်စေရမည်။

(က) ဝယ်သူကိုသာ၊ ကိုယ်ပိုင်သေနတ်များနှင့် ခဲယမ်း မီးကျောက်ကို ပေးအပ်ရမည်။

(ခ) စစ်ပြေး၏ သင်္ဂဟအတွက် အဆောင်အယောင်များ၊ ဘွဲ့များနှင့်တံဆိပ်များကို၊ ရယူခဲ့လျှင်၊ ပြည်ထောင်စု နိုင်ငံအစိုးရ၏ သက်ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့်အညီသော်၎င်း၊ အမိန့်များနှင့်အညီ သော်၎င်း၊ ထုခွဲခြင်းအတွက် စစ်ရေးချုပ်ထံပို့ရမည်။

ရှုံးသွပ်သူများ၏ပစ္စည်း။

၂၀၅။ ။ နည်းဥပဒေ ၁၉၁ နှင့် ၂၀၄ မှတပါး၊ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ အောက် ပါပြောင်းလဲပြင်ဆင်ချက်များဖြင့်၊ သေဆုံးသူတဦး၏ပစ္စည်းနှင့် သက်ဆိုင်သကဲ့သို့၊ ဤနည်းဥပဒေများ ၌ နောက်တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ရှုံးသွပ်ခြင်း မှန်ကန်ကြောင်း စုံစမ်းသိရှိရသော၊ အက်ဥပဒေကို လိုက်နာရသူတဦး၏ ပစ္စည်းနှင့်သက်ဆိုင်စေရမည်။

ဖြစ်နိုင်သည့်အခါတိုင်းတွင်၊ ထိုသူအား စစ်မှုထမ်းရှက်ဆဲ စာရင်းမှ နုတ်ပယ်လိုက်သည်အထိ၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ ထွက်ခွင့်ပေးလိုက်သည်အထိ၊ ထိုသူ၏ ပစ္စည်းရောင်းခြင်းကိုသော်၎င်း၊ ငွေအဖြစ်သို့ ပြောင်းလဲခြင်းကိုသော်၎င်း ရွှေ့ဆိုင်းထားနိုင်သည်။

ပျောက်ဆုံးနေသူများ၏ပစ္စည်း။

၂၀၆။ ။ နည်းဥပဒေ ၁၉၁၊ ၂၀၄ နှင့် ၂၀၅ မှတပါး၊ အထက်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ သေဆုံးသူတဦး၏ ပစ္စည်းနှင့်သက်ဆိုင်သကဲ့သို့၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု၊ ဆိုင် ရာအာဏာပိုင်က အကြောင်းကြားခြင်းခံရသော၊ အက်ဥပဒေကို လိုက်နာရသူတဦး၏ပစ္စည်းနှင့် သက် ဆိုင်စေရမည်။ သို့ရာတွင် ထိုသူသေဆုံးပြီဟု ဆိုင်ရာအာဏာပိုင်က မှတ်ယူခြင်းမပြုသေးသမျှ၊ ၎င်း၏ ပစ္စည်းကိုရယူခြင်း၊ ၎င်း၏လစာနှင့် စရိတ်များကို ထုတ်ယူခြင်း၊ ထို့ပြင်စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ ၌ဖြစ်စေ၊ ရှိသည့်တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများကို အမှန်သိရှိအောင်ပြုလုပ်ခြင်းမှတပါး၊ အခြား မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမပြုရ။

## အပိုင်း ၄။

## အခြားပြဋ္ဌာန်းချက်များ။

ပုဒ်မ ၁၉၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၉၉အရ၊ တပ်မှူးကသော်၎င်း၊ စီမံခန့်ခွဲရေး ကော်မီတီကသော်၎င်း၊ ပိုငွေကိုသတ်မှတ်ထားသောသူအားပေးခြင်း။



Myanmar Law Information System (MLIS)

၂၀၇။ ။ (၁) ပစ္စည်းဥစ္စာတရပ်နှင့် စပ်လျဉ်းသည့် ပိုငွေကို တပ်ဆောင်ငွေစာရင်းတွင် ထည့်သွင်းခြင်း ဖြင့်ဖြစ်စေ၊ သေဆုံးသူ၏ လစာစာရင်းများထိန်းသိမ်းသည့်အရာရှိ၏ ရငွေအဖြစ်ဖြင့်နယ်ဘက်ငွေတိုက် တွင်အပ်နှံခြင်းဖြင့်ဖြစ်စေ သတ်မှတ်ထားသောသူအား ပေးရမည်။

(၂) ပိုငွေကို၊ မိမိ၏ရငွေအဖြစ်ဖြင့် အပ်နှံထားခြင်းခံရသော အာဏာပိုင်သည်၊ တပ်ဆောင်ငွေစာရင်းရှင်း တမ်း၊ သို့တည်းမဟုတ် ငွေတိုက်ပြေစာ၊ သက်ဆိုင်ရာရာကို ရရှိသောအခါ၊ သတ်မှတ်ထားသောသူက စီမံ ခန့်ခွဲပြီးသည်အထိ၊ ထိုငွေကို လက်ရှိထားရမည်။

(၃) သတ်မှတ်ထားသောသူက စီမံခန့်ခွဲပြီးသည်အထိ၊ ငွေမပါဝင်သည့်၊ ပိုလျှံသောပစ္စည်းဥစ္စာကို၊ တပ်မှူး၊ သို့တည်းမဟုတ် ကော်မီတီ၊ သက်ဆိုင်ရာရာက၊ လုံခြုံသောနေရာတွင်ထားရမည်။

ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ (၄)အရ၊ အမွေထိန်းမင်းကြီးက၊ သတ်မှတ်ထားသော သူအား ပိုငွေကိုပေးခြင်း။

၂၀၈။ ။ အမွေထိန်းမင်းကြီး လက်ဝယ်ရှိသော ပိုငွေကို၊ နည်းဥပဒေ ၂၀၇ တွင် ပြဋ္ဌာန်းထားသည့် နည်း လမ်းအတိုင်း၊ သတ်မှတ်ထားသောသူအား ပေးအပ်ရမည်။

မည်သည့်ကိစ္စမျိုးတွင် အမွေထိန်းမင်းကြီးထံပစ္စည်းဥစ္စာကိုလွှဲအပ်ရခြင်း။

၂၀၉။ ။ ရင်းနှီးငွေတရပ်ရပ်၏၊ အခြေအနေကြောင့်၊ သို့တည်းမဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ အရေးယူ ရန်သော်၎င်း၊ တရားမမှုစွဲဆိုရန်သော်၎င်း၊ လိုအပ်သည်ဖြစ်သောကြောင့်၊ ပစ္စည်းတရပ်ရပ်ကို တောင်းယူရာ၌သော်၎င်း၊ တောင်းယူခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ ထုခွဲ၍ရယူရာ၌သော်၎င်း၊ ထုခွဲ၍ရယူခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ အတော်အတန်ခက်ခဲမှုဖြစ်စေ၊ ကြန့်ကြာမှုဖြစ်စေ၊ ပေါ်ပေါက်နိုင်သည်ဟုထင်မြင်ရလျှင်၊ သို့တည်းမဟုတ် အမွေထိန်းမင်းကြီးထံလွှဲအပ်သင့်သည်ဟု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထင်မြင်ယူဆစေသည့်၊ ထိုပစ္စည်းနှင့်စပ်လျဉ်း၍၊ ထူးခြားသောအခြေအနေတခုခုရှိလျှင်၊ စစ်ပြေးတဦးမဟုတ်သည့်၊ အက်ဥပဒေအရ၊ အရေးယူခြင်းခံထိုက်သော သူတဦး၏ပစ္စည်းဥစ္စာကို၊ ထိုပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာရှိသည့် အမွေထိန်းမင်းကြီးထံ လွှဲအပ်ရမည်ဟု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ညွှန်ကြားနိုင်သည်။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၂၀၃၊ အပိုဒ် (ခ)အရ ဖြစ်သော နို့တစ်စာပုံစံ။

၂၁၀။ ။ (၁) ပုဒ်မ ၂၀၃၊ အပိုဒ် (ခ)အရ ထုတ်ပြန်ကျေညာရမည့် နို့တစ်စာသည်၊ အခြေအနေအရ၊ လို အပ်သည့်ပြောင်းလဲပြင်ဆင်ခြင်းများဖြင့်၊ နောက်ဆက်တွဲ ဖ တွင် ဖော်ပြထားသည့် ပုံစံ ၃ အတိုင်း ဖြစ် စေရမည်။

(၂) ထိုနို့တစ်စာကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာရမည်။ သတ်မှတ်ထားသောသူက လိုအပ်သည်ဟုယူဆလျှင်၊ မိမိရွေးချယ်သော သတင်းစာနှစ်စောင်တွင်လည်း၊ ထိုနို့တစ်စာကို တနစ်လျှင်တကြိမ်ကျ ထုတ်ပြန်ကျေညာနိုင်သည်။

ပုဒ်မ ၂၀၄အရ၊ ပစ္စည်း၊ သို့တည်းမဟုတ် ပိုငွေကို ပေးအပ်ခြင်း။

၂၁၁။ ။ ပုဒ်မ ၂၀၄ အရ၊ ပစ္စည်း၊ သို့တည်းမဟုတ် ပိုငွေကို၊ မည်သူအားပေးအပ်မည်ဟု၊ သို့တည်းမ ဟုတ် ပေးမည်ဟု၊ ဆုံးဖြတ်သောအခါ၊ သတ်မှတ်ထားသောသူသည်၊ စီမံခန့်ခွဲခြင်းခံရသော ပစ္စည်း၏ ပိုင်ရှင်ဖြစ်သောသူနှင့် သက်ဆိုင်သည့်၊

Myanmar Law Information System (MLIS)

အမွေဆက်ခံရေးတရားဥပဒေ၊ သို့တည်းမဟုတ် အမွေဆက်ခံ ရေးထုံးတမ်း၊ ထို့ပြင် ဤကိစ္စနှင့် စပ်လျဉ်း၍ ထိုသူ၏ အလိုဆန္ဒများရှိခဲ့လျှင်၊ ထိုအလိုဆန္ဒများကိုပါ၊ ထည့်သွင်းစဉ်းစားရမည်။

ကိုယ်စားဆောင်ရွက်သူ၊ သို့တည်းမဟုတ် အခြားသူတဦးအား ပစ္စည်း၊ သို့တည်းမဟုတ် ပိုင်ငွေကိုပေးအပ်နည်း။

၂၁၂။ ။ ပုဒ်မ ၁၉၈၊ ပုဒ်မ၁၉၉၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၃အရ၊ ကိုယ်စားဆောင်ရွက်သူအား၊ သို့တည်း မဟုတ် ပုဒ်မ ၂၀၅အရ၊ အခြားသူတဦးဦးအား၊ ပေးအပ်ရန်ပစ္စည်းနှင့် ပေးရန်ငွေကို၊ ထိုသူကိုယ်တိုင်ကို ပေးအပ်နိုင်သည်။ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံအစိုးရ၏ သက်ဆိုင်ရာစည်းမျဉ်းဥပဒေများတွင် ဤကိစ္စနှင့်စပ်လျဉ်း၍ သီးခြားဖော်ပြထားသော စည်းကမ်းနည်းလမ်းနှင့်အညီ၊ နောက်ဆုံးသိရှိရသော၊ ထိုသူ၏လိပ်စာအတိုင်း ပစ္စည်းနှင့်ငွေကို ပေးပို့နိုင်သည်။

သူတဦးအမှန် ရူးသွပ်သည်ဟု စုံစမ်းသိရှိနိုင်သောနည်းလမ်း။

၂၁၃။ ။ အက်ဥပဒေ၏ ကိစ္စများအလို့ငှါ၊ အက်ဥပဒေကို လိုက်နာရသူတဦးအမှန်ရူးသွပ်သည်ဟု၊ စုံစမ်း သိရှိနိုင်သော နည်းလမ်းသည်၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ သက်ဆိုင်ရာစည်းမျဉ်းဥပဒေများတွင်၊ ဤကိစ္စနှင့်စပ်လျဉ်း၍၊ သီးခြားဖော်ပြထားသည့်စည်းကမ်းနည်းလမ်းနှင့်အညီ၊ ဆေးစစ်အဖွဲ့က ချမှတ် သည့် ဆုံးဖြတ်ချက်ဖြင့် ဖြစ်ရမည်။

အစီရင်ခံစာများ။

၂၁၄။ ။ (၁) တပ်မှူးသည်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မီတီသည်၊ မိမိအား၊ အက်ဥပဒေနှင့် ဤ နည်းဥပဒေများက၊ အာဏာအပ်နှင်းထားသည့်အတိုင်း၊ ပစ္စည်းဥစ္စာတရပ်နှင့်စပ်လျဉ်း၍၊ စီမံခန့်ခွဲခြင်း ကိုဆောင်ရွက်ပြီးသောအခါ၊ သတ်မှတ်ထားသောသူထံ၊ ထိုစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အစီ ရင်ခံစာတစောင်ကို၊ စီမံခန့်ခွဲပြီးနောက်၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပို့ရမည်။

(၂) အက်ဥပဒေအရ၊ ပစ္စည်းဥစ္စာတရပ်ကို အမွေထိန်းမင်းကြီးထံ လွှဲအပ်သောအခါ၊ အမွေထိန်းမင်းကြီးသည်၊ မိမိအား ပုဒ်မ ၂၀၂ အရ လွှဲအပ်သော ပစ္စည်းဥစ္စာများအပြင်၊ ထိုပစ္စည်းဥစ္စာများကို စီမံခန့်ခွဲသည့်နည်းလမ်းနှင့် စပ်လျဉ်းသောအစီရင်ခံစာတစောင်ကို၊ ခြောက်လတကြိမ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တင်သွင်းရမည်။

(၃) နည်းဥပဒေခွဲ (၁) တွင် ရည်ညွှန်းထားသော အစီရင်ခံစာများနှင့်အတူ၊ နောက်ဆက်တွဲ ၇ တွင် ဖော်ပြထားသော စာတမ်းအမှတ်အသားများနှင့် စာရွက်စာတမ်းများအပါအဝင်၊ လိုအပ်သော စာတမ်းအမှတ်အသားနှင့် စာရွက်စာတမ်းအားလုံး ပူးတွဲပါရှိရမည်။

(၄) ပစ္စည်းဥစ္စာတရပ်ကိုသော်၎င်း၊ ပိုင်ငွေကိုသော်၎င်း၊ ကိုယ်စားဆောင်ရွက်သူတဦးအား၊ သို့တည်းမဟုတ် အခြားသူတဦးအား၊ အက်ဥပဒေအရ၊ အပြီးအပြတ်လွှဲအပ်သောအခါ၊ နည်းဥပဒေခွဲ (၁)၊ သို့တည်းမဟုတ် နည်းဥပဒေခွဲ (၂) တွင် ရည်ညွှန်းထားသော အစီရင်ခံစာများ၏မိတ္တူကို ကိုယ်စားဆောင်ရွက်သူအား၊ သို့တည်းမဟုတ် အခြားသူအားအခမဲ့ပေးအပ်ရမည်။

(၅) တပ်မှူးသည်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မီတီသည်၊ စီမံခန့်ခွဲခြင်းခံရသော ပစ္စည်းဥစ္စာ၏ ပိုင်ရှင်သေဆုံးသည့်၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသည့်၊ သို့တည်းမဟုတ် ရူးသွပ်ခြင်းမှန်ကန် ကြောင်း စုံစမ်းသိရှိရသည့်၊ သို့တည်းမဟုတ် သေဆုံးပြီဟု ဆိုင်ရာအာဏာပိုင်က မှတ်ယူသည့်နေ့ရက်မှ၊ ပြည်ထောင်စုနိုင်ငံသားများ၏ ကိစ္စမျိုးတွင်၊ ငါးလအတွင်း၊ ထို့ပြင် အခြားကိစ္စမျိုးအားလုံးတွင်၊ တဆယ့်နှစ်လအတွင်း၊ ပစ္စည်းဥစ္စာတရပ်ကို၊

Myanmar Law Information System (MLIS)

စီမံခန့်ခွဲရေးတွင်၊ မိမိဆောင်ရွက်သင့်သမျှ မဆောင်ရွက် ရသေးလျှင်၊ ထိုကာလအပိုင်းအခြားကုန်ဆုံးပြီးနောက်၊ ပစ္စည်းဥစ္စာတရပ် စီမံခန့်ခွဲရေးတွင်၊ ရောက်ရှိနေ သည့်အခြေအနေနှင့် ကြန့်ကြာမှု၏ အကြောင်းရင်းကို ဖေါ်ပြလျက်၊ အစီရင်ခံစာတစောင်ကို စစ်ရေးချုပ် ထံ တင်သွင်းရမည်။

(၆) အမြဲတန်းစီမံခန့်ခွဲရေးကော်မီတီသည်၊ စီမံခန့်ခွဲရေး၏ အခြေအနေနှင့် တိုးတက်မှုအပါအဝင်၊ ပစ္စည်းဥစ္စာများနှင့်စပ်လျဉ်းသည့်၊ အရေးပါသော အသေးစိတ်အချက်အလက်များကို၊ အကျဉ်းအားဖြင့်ဖေါ်ပြလျက်၊ ခြောက်လတကြိမ်၊ မိမိစီမံခန့်ခွဲနေသော ပစ္စည်းဥစ္စာအားလုံး၏ အစီရင်ခံစာတစောင်ကို၊ သတ်မှတ်ထားသောသူထံ တင်သွင်းရမည်။

<ပြင်ဆင် 22.07.2014>

အချို့ကိစ္စများတွင်၊ တပ်မှူး၏အာဏာများကို သုံးစွဲခြင်း။

၂၁၅။ ။ (၁) အက်ဥပဒေကို လိုက်နာရသော အရာရှိမဟုတ်သူတဦးသည်၊ မိမိသေဆုံးသည့်၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသည့်၊ သို့တည်းမဟုတ် အက်ဥပဒေအရ၊ အမှန်ရူးသွပ်သည်ဟု စုံစမ်းသိရှိရသည့်၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု ဆိုင်ရာအာဏာပိုင်က အကြောင်းကြားခြင်းခံရသည့်အချိန်၌၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် စစ်မှုထမ်းရွက်နေသောအခါ၊ ထိုသူသည်၊ အက်ဥပဒေအခန်း ၁၆ ပါ ကိစ္စအလို့ငှါ၊ အဆိုပါအချိန်၌၊ မိမိ၏တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးတွင် ပါဝင်သည်ဟု မှတ်ယူရမည်။ ထို့ပြင် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားရေးမှူးက၊ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ထိုသူ၏ပစ္စည်းကို စီမံခန့်ခွဲရမည်။

(၂) အက်ဥပဒေကို လိုက်နာရသော အရာရှိမဟုတ်သူတဦးသေဆုံးသည့်၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသည့်၊ သို့တည်းမဟုတ် အမှန်ရူးသွပ်သည်ဟု စုံစမ်းသိရှိရသည့်၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု၊ ဆိုင်ရာအာဏာပိုင်က၊ အကြောင်းကြားခြင်းခံရသည့်အချိန်၌၊ မိမိပါဝင်သောတပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ သို့တည်းမဟုတ် တပ်မရှိတော့သည့်အခါ၊ ထိုသူသည်၊ အက်ဥပဒေ၏အခန်း ၁၆ ပါကိစ္စများအလို့ငှါ၊ အဆိုပါအချိန်၌၊ မိမိ၏တပ်မတော်မှတ်တမ်း ညွှန်ကြားရေးမှူးရုံးတွင် ပါဝင်သည်ဟု မှတ်ယူရမည်။ ထို့ပြင် တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားရေးမှူးက၊ ထိုသူ၏ပစ္စည်းကို စီမံခန့်ခွဲရမည်။

<ပြင်ဆင် 22.07.2014>

## အခန်း ၈။

## သတ်မှတ်ထားသော အရာရှိများ၊ အာဏာပိုင်များနှင့် အခြားအကြောင်းအရာများ။

ပုဒ်မ ၃၊ အပိုဒ် (ဇ)အရ သတ်မှတ်ထားသော "တပ်အဖွဲ့"။

၂၁၆။ ။ (၁) အက်ဥပဒေကို လိုက်နာရမည့် အောက်ပါသီးခြားလူစု အသီးသီးသည် အက်ဥပဒေ၏ အခန်း (၃) နှင့်ဤနည်းဥပဒေများ အခန်း (၂) တို့ပါ ကိစ္စများအလို့ငှာ "တပ်အဖွဲ့" ဖြစ်စေရမည်-

(က) ခြေလျင်တပ်အဖွဲ့၊

Myanmar Law Information System (MLIS)

(ခ) လေကြောင်းရန်ကာကွယ်ရေးတပ်အဖွဲ့၊

(ဂ) စစ်ဘက်ရေးရာလုံခြုံရေးတပ်အဖွဲ့၊

(ဃ) ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးတပ်အဖွဲ့၊

(င) အမြောက်တပ်အဖွဲ့၊

(စ) ဒုံးတပ်အဖွဲ့၊

(ဆ) သံချပ်ကာယန္တရားတပ်အဖွဲ့၊

(ဇ) ဆက်သွယ်ရေးတပ်အဖွဲ့၊

(ဈ) အထူးဆောက်လုပ်ရေးအင်ဂျင်နီယာတပ်အဖွဲ့၊

(ည) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်အဖွဲ့၊

(ဋ) ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်အဖွဲ့၊

(ဌ) လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများတပ်အဖွဲ့၊

(ဍ) ဆေးတပ်အဖွဲ့၊

(ဎ) ပြန်လည်နေရာချထားရေးတပ်အဖွဲ့၊

(ဏ) တပ်ထိန်းတပ်အဖွဲ့၊

(တ) အင်အားဖြည့်တင်းရေးတပ်အဖွဲ့၊

(ထ) တပ်မတော်မှတ်တမ်းတပ်အဖွဲ့၊

(ဒ) ငွေစာရင်းတပ်အဖွဲ့၊

(ဓ) အင်ဂျင်နီယာတပ်အဖွဲ့၊

(န) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်အဖွဲ့၊

(ပ) စစ်လက်နက်ပစ္စည်းတပ်အဖွဲ့၊

(ဖ) လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာတပ်အဖွဲ့၊

(ဗ) ပစ္စည်းဝယ်ယူရေးတပ်အဖွဲ့၊

(ဘ) စစ်မှုထမ်းတာဝန် တစ်ခုခုထမ်းဆောင်ရန် တာဝန်ပေးခြင်းခံရသည့်အပြင်အထက်ပါ တပ်အဖွဲ့တစ်ခုခု သို့မဟုတ် ဌာနတစ်ခုခုနှင့် တွဲဖက်မထားသောအက်ဥပဒေကို လိုက်နာရသည့် အခြားသီးခြားလူစုတစ်စု။

(၂) စစ်တရားရုံး မှတ်တမ်းစာအုပ်ကို ထိန်းသိမ်းထားရှိသော တပ်အသီးသီးသည်၊ ပုဒ်မ ၁၀၈ နှင့် တပ်မ တော်နည်းဥပဒေ ၁၈၂ တို့ပါ ကိစ္စများအလို့ငှါ "တပ်အဖွဲ့" ဖြစ်စေရမည်။

(၃) အက်ဥပဒေနှင့်ဤနည်းဥပဒေများပါ အခြားပြဋ္ဌာန်းချက်အသီးသီး၏ ကိစ္စများအလို့ငှါ၊ အောက်ပါ သီးခြားလူစုအသီးသီးသည်၊ "တပ်အဖွဲ့"တဖွဲ့ဖြစ်စေရမည်။

(က) နည်းဥပဒေခွဲ (၁)တွင် ဖော်ပြထားသည့် (က) မှ (ဎ)အထိ တပ်အဖွဲ့အသီးသီး။

Myanmar Law Information System (MLIS)

(ခ) အက်ဥပဒေကို လိုက်နာရသူများ၊ လုံးဝသော်၎င်း၊ တစိတ်တဒေသအားဖြင့်သော်၎င်း၊ ပါဝင်သော အခြားသီးခြားတပ်အသီးသီး။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)အရ သတ်မှတ်ထားသောအရာရှိ။

၂၁၇။ ။ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) ပါ ကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသောအရာရှိသည်၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) ပါအပိုဒ် (ဃ) အရ၊ အက်ဥပဒေကိုလိုက်နာရသူ တွဲဘက်အမှုထမ်းရွက်နေဆဲဖြစ်သော တပ်အဖွဲ့ကို၊ ဌာနကို၊ တပ်ကို၊ ရေယာဉ်ကို၊ အဖွဲ့အစည်းကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသည့် အရာရှိဖြစ်ရမည်။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၁၂ အရသတ်မှတ်ထားသောပုံစံ။

၂၁၈။ ။ ပုဒ်မ ၁၂ ပါကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသောပုံစံသည်၊ နောက်ဆက်တွဲ ၁ တွင်ဖော်ပြထား သည့်ပုံစံအတိုင်း ဖြစ်စေရမည်။

ပုဒ်မ ၈၀ အရ သတ်မှတ်ထားသောအရာရှိ။

၂၁၉။ ။ ပုဒ်မ ၈၀ ပါကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသော အရာရှိသည်၊ စစ်မြေပြင်ရှိတပ်ဖွဲ့များကို ကွပ်ကဲသောအရာရှိဖြစ်ရမည်။ သို့တည်းမဟုတ် တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အတွင်း စစ်ဆေးစီရင်သောအမှုတွင် အတည်ပြုသော၊ သို့တည်းမဟုတ် အတည်ပြုနိုင်သော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော ပြစ်ဒဏ်ချမှတ်ချက်ပါရှိသည့်ကိစ္စမျိုး၌၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိသော်၎င်း၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းအတွင်း စစ်ဆေးစီရင်သောအမှုတွင်၊ အတည်ပြုသော၊ သို့တည်းမဟုတ် အတည်ပြုနိုင်သော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော ပြစ်ဒဏ်ချမှတ်ချက်ပါရှိသည့်ကိစ္စမျိုး၌၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိသော်၎င်း ဖြစ်ရမည်။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၈၂ အရ ပြစ်ဒဏ်များမည်မျှအထိ ချမှတ်ရမည်ကို သတ်မှတ်ခြင်း။

၂၂၀။ ။ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မ ၈၂ တွင် သီးခြားဖော်ပြထားသော တပ်မှူး၊ သို့တည်းမဟုတ် အခြားအရာရှိသည် -

(က) စစ်မြေပြင် အရာရှိအဆင့်အောက် မနိမ့်သောအရာရှိဖြစ်လျှင်၊ ပုဒ်မ ၈၂ တွင် သီးခြားဖော်ပြထား သည့် ပြစ်ဒဏ်များကို အပြစ်ချမှတ်နိုင်သည်။

(ခ) စစ်မြေပြင်အရာရှိအဆင့်အောက်နိမ့်သော အရာရှိဖြစ်လျှင်၊ ထောင်ဒဏ်ကို ခုနစ်ရက်ထိ ချမှတ်နိုင်သည့်ပြင်၊ အခြားပြစ်ဒဏ်များကို အပြည့်ချမှတ်နိုင်သည်။ သို့သော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမိန့်ဖြင့်၊

Myanmar Law Information System (MLIS)

စစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်ခွင့် အာဏာအပ်နှင်းထားသော အရာရှိတဦးက၊ မိမိကွပ်ကဲမှုအောက်ရှိ ထိုအရာရှိအား၊ ထောင်ဒဏ်အပြည့်ချမှတ်နိုင်သည့်အာဏာကို၊ အပ်နှင်းနိုင်သည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

ပုဒ်မ ၉၃၊ အပိုဒ် (ဈ) အရ သတ်မှတ်ထားသောအရာရှိ။

၂၂၁။ ။ ပုဒ်မ ၉၃၊ အပိုဒ် (ဈ) ပါ ကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသောအရာရှိသည်၊ ထိုသက်ဆိုင်သူကို စစ်ဆေးစီရင်ရန်အတွက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမိန့်ဖြင့်၊ စစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်ခွင့်အာဏာအပ်နှင်းထားသော အရာရှိတဦးဖြစ်ရမည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

ပုဒ်မ ၉၅ အရသတ်မှတ်ထားသော အရာရှိ။

၂၂၂။ ။ ပုဒ်မ ၉၅ ပါကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသောအရာရှိသည်၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ် ဖြစ်ရမည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

ပုဒ်မ ၉၉ အရ သတ်မှတ်ထားသော အာဏာပိုင်များ။

၂၂၃။ ။ အက်ဥပဒေကိုလိုက်နာရသူတဦး၏ လစာနှင့်စရိတ်များထဲမှ၊ အက်ဥပဒေ၏အခန်း ၈ အရ ချမှတ်သည့်ဒဏ်အဖြစ်ဖြင့် ငွေနုတ်ယူခြင်းတခုခုကို၊ ဤနည်းဥပဒေ၌ နောက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း လျှော့နိုင်သည်။

(က) ထိုသူတဦးဦး၏လစာနှင့် စရိတ်များထဲမှ ဒဏ်အဖြစ်ဖြင့် ငွေနုတ်ယူခြင်းတရပ်ကို၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လျှော့နိုင်သည်။

(ခ) ငါးရက်ထက်မပိုသော ကာလအပိုင်းအခြားအတွက်၊ ခွင့်မဲ့ပျက်ကွက်သော၊ အက်ဥပဒေကိုလိုက်နာရသည့် အရာရှိမဟုတ်သူတဦးဦးသည်၊ ထိုသို့ခွင့်မဲ့ပျက်ကွက်ခြင်းအတွက်၊ စွဲချက်တခုအရ၊ စစ်တရားရုံးဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းကိုမခံရလျှင်၊ ထိုသို့ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့်၊ ထိုသူခံထိုက်စေရမည့်၊ လစာနှင့်စရိတ်များသိမ်းယူခြင်းကို၊ ထိုသူ၏တပ်မှူးက လျှော့နိုင်သည်။

(ဂ) သုံ့ပန်းတဦးအဖြစ်ဖြင့်၊ ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့်၊ ခံထိုက်စေရမည့်၊ လစာနှင့်စရိတ်များ သိမ်းယူခြင်းတရပ်ကို (တာဝန်ဝတ်တရား တမင်ပျက်ကွက်မှုကြောင့်၊ ထိုသူသည် သုံ့ပန်းဖြစ်သွားရသည်ဟု၊ သို့တည်းမဟုတ် ရန်သူနှင့်အတူ အမှုထမ်းသည်ဟု၊ သို့တည်းမဟုတ် ရန်သူ၏လက်အောက်တွင် အမှုထမ်းသည်ဟု၊ ရှေ့မှောက်တွင် သက်သေထင်ရှားမပြနိုင်ခဲ့လျှင်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က၊ သို့တည်းမဟုတ် စစ်မြေပြင်ရှိတပ်ဖွဲ့များကို ကွပ်ကဲသည့်အရာရှိက၊ သို့တည်းမဟုတ် တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကိုဖြစ်စေ၊ ကွပ်ကဲသည့်အရာရှိက လျှော့နိုင်သည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

ပုဒ်မ ၁၀၀ နှင့် ၁၀၁ အရ သတ်မှတ်ထားသော အာဏာပိုင်များ။

Myanmar Law Information System (MLIS)

၂၂၄။ ။ ပုဒ်မ ၁၀၀ နှင့် ၁၀၁ ပါကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသော အာဏာပိုင်များသည်-

(က) အရာရှိအားလုံး၏ ကိစ္စမျိုးတွင်၊ စစ်ရေးချုပ်၊ ထို့ပြင်

(ခ) အခြားကိစ္စအားလုံးတွင်၊ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သောအဖွဲ့အစည်းတခုတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကိုကွပ်ကဲသော အရာရှိသော်၎င်း၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိသော်၎င်း၊

ဖြစ်ရမည်။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (၁)အရ သတ်မှတ်ထားသော အရာရှိ။

၂၂၅။ ။ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (၁) ပါ ကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသောအရာရှိသည်၊ စစ်မြေပြင်ရှိတပ်ဖွဲ့များကို ကွပ်ကဲသည့်အရာရှိ၊ သို့တည်းမဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမိန့်ဖြင့်၊ အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်ခွင့်အာဏာအပ်နှင်းထားသော အရာရှိဖြစ်ရမည်။

<ပြင်ဆင် 10.05.1989, 22.07.2014>

ပုဒ်မ ၁၂၈ အရ သတ်မှတ်ထားသောအရာရှိ။

၂၂၆။ ။ ပုဒ်မ ၁၂၈ ပါ ကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသောအရာရှိသည်၊ ပုဒ်မ ၇၁ တွင် အကျုံးဝင်သော သေဆုံးမှုဖြစ်ပေါ်ခဲ့သည့်ကိစ္စများမှတပါး၊ တရားခံသည်၊ တပ်နယ်တွင် အမှုထမ်းရွက်နေသော်၊ ထိုတပ်နယ်ကို ကွပ်ကဲသောအရာရှိသော်၎င်း၊ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တရားခံသည်၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို၊ ကွပ်ကဲသောအရာရှိသော်၎င်း၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့် တူညီသည်ဟု၊ သတ်မှတ်ထားသော အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကိုကွပ်ကဲသော အရာရှိသော်၎င်း၊ ဖြစ်ရမည်။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၁၄၆ အရ သတ်မှတ်ထားသော အရာရှိ။

၂၂၇။ ။ ပုဒ်မ ၁၄၆၊ ပုဒ်မခွဲ (၁)ပါကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်၊ စစ်မှုထမ်းတဦးပါ ဝင်ခဲ့ပုံပေါ်သော၊ သို့တည်းမဟုတ် ထိုစစ်မှုထမ်းပါဝင်သည်ဟု၊ သို့တည်းမဟုတ် ပါဝင်ခဲ့ဖူးသည်ဟုဆို သည့် တပ်အဖွဲ့ကို၊ ဌာနကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသော အရာရှိဖြစ်ရမည်။

ပုဒ်မ ၄၉ အရ ချုပ်ထားရန်သတ်မှတ်သောနည်းလမ်းနှင့် ပုဒ်မ ၁၅၀ အရသတ်မှတ်ထားသော အရာရှိများ။

၂၂၈။ ။ (၁) ပုဒ်မ ၁၅၀ ၏ ကိစ္စများအလို့ငှာ၊ သတ်မှတ်ထားသောအရာရှိသည်-

(က) တပ်တွင်းစစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမျိုးတွင်၊ တရားခံပါဝင်သောတပ်အဖွဲ့ကို၊ ဌာနကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသည့်တပ်မှူး၊ သို့တည်းမဟုတ် ထိုတပ်မှူး၏ အထက်အာဏာ ပိုင်တစ်ဦးဦး။

(ခ) အခြားစစ်တရားရုံးတစ်ခုခုဖြင့် စစ်ဆေးစီရင်ခြင်းမျိုးတွင်၊ စစ်တရားရုံးဖွဲ့စည်းသည့် အရာရှိ၊ သို့တည်းမဟုတ် ထိုအရာရှိ၏ အထက်အာဏာပိုင်တစ်ဦးဦး။

ဖြစ်ရမည်။

(၂) နည်းဥပဒေခွဲ (၁) အရ သတ်မှတ်သော အရာရှိတဦးအဖြစ်ဖြင့် ဆောင်ရွက်မည့် အရာရှိသည်၊ ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၄)အရဖြစ်သော အမှုတွင် အရေးယူခဲ့သည့် အရာရှိ၏ ကွပ်ကဲမှုအောက်တွင်ရှိသည့်အခါ၊ မိမိဆောင်ရွက်မီ၊ ထိုသို့ကွပ်ကဲသည့် အရာရှိ၏ သဘောတူညီချက်ကို သာမန်အားဖြင့် ရယူရမည်။ သို့ သော်လည်း စစ်ဘက်လတ်တလောလိုအပ်ခြင်းများ၊ သို့တည်းမဟုတ် စစ်စည်းကမ်း၏လိုလားချက်များ ကြောင့် သဘောတူညီချက်ကို ရယူရန်မဖြစ်နိုင်ဟု၊ မိမိယူဆလျှင်၊ ထိုသဘောတူညီချက်ကို မရယူဘဲ၊ ဆောင်ရွက်နိုင်သည်။ သို့သော်လည်း မိမိဆောင်ရွက်ရခြင်းနှင့် ထိုသို့ဆောင်ရွက်ရခြင်းအတွက် အ ကြောင်းပြချက်များကို၊ ထိုသို့ကွပ်ကဲသည့် အရာရှိထံအစီရင်ခံရမည်။

(၃) ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၄)ပါ ကိစ္စများအလို့ငှါ၊ တရားခံတဦးအား၊ ရာဇဝတ်ပြစ်မှုကျူးလွန်သူတဦး ကဲ့သို့ မယူဆဘဲ၊ ရောဂါခံစားနေရသူတဦးကဲ့သို့ ယူဆ၍၊ မလိုလားအပ်သည့် ကြမ်းတမ်းမှုမပါရှိစေဘဲ၊ ထိုတရားခံအား လုံခြုံစွာချုပ်ထားရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု၊ သက်ဆိုင်ရာ စစ်ဘက်အာဏာ ပိုင်က ယူဆသည့်နည်းလမ်းအတိုင်း၊ ချုပ်ထားရမည်။

ပုဒ်မ ၁၆၉ အရသတ်မှတ်ထားသောအရာရှိ။

၂၂၉။ ။ ပုဒ်မ ၁၆၉ ပါကိစ္စများအလို့ငှါ၊ သတ်မှတ်ထားသော အရာရှိသည်၊ အတည်ပြုအရာရှိ၊ သို့တည်း မဟုတ် အတည်ပြုအရာရှိကို ကွပ်ကဲသောအထက်အရာရှိတဦးဦးဖြစ်ရမည်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရား ရုံးတရုံးအတွက်ဖြစ်ပါက၊ ပြန်လည်သုံးသပ်ရေးအာဏာပိုင်၊ သို့တည်းမဟုတ် ပြန်လည်သုံးသပ်ရေးအာ ဏာပိုင်ကိုကွပ်ကဲသော အထက်အရာရှိတဦးဦးဖြစ်ရမည်။

ပုဒ်မ ၁၇၃ အရသတ်မှတ်ထားသောအရာရှိ။

၂၃၀။ ။ နယ်ဘက် အကျဉ်းထောင်တွင် ချုပ်ထားခြင်းဖြင့်ဖြစ်စေ၊ စစ်ဘက်အကျဉ်းထောင်တွင် ချုပ်ထား ခြင်းဖြင့်ဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကို ဆောင်ရွက်ရန် ညွှန်ကြားခြင်းကိစ္စများအလို့ငှါ၊ ပုဒ်မ ၁၇၃၊ ပုဒ်မ ခွဲ (၁)အရ၊ သတ်မှတ်ထားသော အရာရှိသည်၊ အတည်ပြုပြီးသော ပြစ်ဒဏ်ချမှတ်ချက်ဖြစ်သည့် ကိစ္စမျိုး တွင်၊ အတည်ပြုအရာရှိ၏ အထက်အာဏာပိုင်တဦးဦးဖြစ်ရမည့်ပြင်၊ အတည်ပြုရန်မလိုသည့် ပြစ်ဒဏ် ချမှတ်ချက်ဖြစ်သည့် ကိစ္စမျိုးတွင်၊ စစ်ဆေးစီရင်ခြင်းပြုလုပ်သည့် အရာရှိ၏ အထက်အာဏာပိုင် တဦး ဦးဖြစ်ရမည်။

ပုဒ်မ ၁၈၂အရ သတ်မှတ်ထားသောအရာရှိ။

၂၃၁။ ။ ပုဒ်မ ၁၈၂ ပါကိစ္စများအလို့ငှါ၊ အောက်ပါအရာရှိများသည် သတ်မှတ်ထားသောအရာရှိများဖြစ်ရ မည်။

(က) (၁) တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)။



Myanmar Law Information System (MLIS)

(၂) တပ်မတော် (ရေ) တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)။

(၃) တပ်မတော် (လေ) တွင် စစ်မှုထမ်းသူများနှင့် စပ်လျဉ်း၍၊ ကာကွယ်ရေးဦးစီးချုပ် (လေ)။

(ခ) တန်းပြည့်စစ်မှုထမ်းချိန်တွင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူများနှင့်စပ်လျဉ်း၍၊ စစ်မြေပြင်ရှိတပ်အဖွဲ့များကို ကွပ်ကဲသည့်အရာရှိ။

<ပြင်ဆင် 10.05.1989, 22.07.2014>

ပုဒ်မ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၇၊ ၂၀၈ နှင့် ၂၀၉ အရ သတ်မှတ်ထားသောသူ။

၂၃၂။ ။ ပုဒ်မ ၁၉၈၊ ၁၉၉၊ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊ ၂၀၇၊ ၂၀၈ နှင့် ၂၀၉ ပါကိစ္စများအလို့ငှါ သတ် မှတ်ထားသောသူသည်-

(က) သေဆုံးသူ အရာရှိပိုင် ပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူးဖြစ်ရမည်။

(ခ) သေဆုံးသော အရာရှိမဟုတ်သူပိုင် ပစ္စည်းဥစ္စာများနှင့်စပ်လျဉ်း၍၊ တပ်မတော် (ကြည်း) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) အောက်မငယ်သော အဖွဲ့အစည်းတခုတွင် သက်ဆိုင်သူပါဝင်သော်၊ ထိုအဖွဲ့အစည်းကိုကွပ်ကဲသည့်အရာရှိ၊ တပ်မတော် (ရေ)၊ သို့တည်းမဟုတ် တပ်မတော် (လေ) အတွက်ဖြစ်ပါက၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သောအဖွဲ့အစည်းတွင် သက်ဆိုင်သူပါဝင်သော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသော အရာရှိဖြစ်ရမည်။

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၂၀၆ အရ သတ်မှတ်ထားသောသူ။

၂၃၃။ ။ ပုဒ်မ ၂၀၆ ပါကိစ္စအလို့ငှါ၊ သတ်မှတ်ထားသော သူသည်၊ နည်းဥပဒေ ၂၃၂တွင် ရည်ညွှန်း ထားသူဖြစ်ရမည်။ ထို့ပြင် အရာရှိတဦးသော်၎င်း၊ စစ်ပြေးတဦးသော်၎င်း၊ မဟုတ်သောသူတဦး၏ပစ္စည်း ကို၊ သို့တည်းမဟုတ် ထိုပစ္စည်းကိုရောင်း၍သော်၎င်း၊ ငွေအဖြစ်သို့ပြောင်းလဲ၍သော်၎င်း၊ ရသောငွေကို၊ တပ်မှူးက၊ အက်ဥပဒေအရ၊ ကြီးကြပ်အုပ်ချုပ်နေရသမျှ ကာလပတ်လုံး၊ အဆိုပါပစ္စည်း၏စုစုပေါင်း ရောင်းရငွေ၊ သို့တည်းမဟုတ် အဆိုပါပစ္စည်း၏တန်ဘိုးသည်၊ ကျပ်တထောင်ထက်မပိုလျှင်၊ "သတ်မှတ် ထားသောသူ"ဆိုသည့် စကားရပ်တွင် ထိုတပ်မှူးလည်းပါဝင်ရမည်။

ပုဒ်မ၇၊ ၃၀၊ ၉၁၊ ၁၅၅၊ ၁၆၅၊ ၁၆၆ နှင့် ၁၇၅၊ ထို့ပြင် နည်းဥပဒေ ၁၈၄၊ ၁၈၅၊ ၂၀၁၊ ၂၁၉၊ ၂၂၃၊ ၂၂၄၊ ၂၂၆ နှင့် ၂၃၂ တို့အရ သတ်မှတ်ထားသော အဖွဲ့အစည်းများ။

၂၃၄။ ။ ပုဒ်မ၇၊ ၃၀၊ ၉၁၊ ၁၅၅၊ ၁၆၅၊ ၁၆၆ နှင့် ၁၇၅၊ ထို့ပြင် နည်းဥပဒေ ၁၈၄၊ ၁၈၅၊ ၂၀၁၊ ၂၁၉၊ ၂၂၃၊ ၂၂၄၊ ၂၂၆ နှင့် ၂၃၂ ပါကိစ္စများအလို့ငှါ၊ အောက်ပါအဖွဲ့အစည်းများသည်၊ တပ်မဟာ သို့မဟုတ် စစ်ဗျူဟာအဖွဲ့ (အခြေချ) (ကြည်းတပ်) နှင့် တူညီသော အဖွဲ့အစည်းများဖြစ်ရမည်။

တပ်မတော် (ရေ) အတွက်ဖြစ်ပါက - ရေတပ်စခန်း၊ ရေတပ်စခန်းဌာနချုပ် သို့မဟုတ် ရေတပ်သင်္ဘောကျင်းဌာနချုပ်။

တပ်မတော် (လေ) အတွက်ဖြစ်ပါက- လေတပ်စခန်း၊ လေတပ်စခန်းဌာနချုပ် သို့မဟုတ် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 22.07.2014>

ပုဒ်မ ၁၈ နှင့် ၈၅ တို့အရ သတ်မှတ်ထားသော အရာရှိများ။

၂၃၅။ ။ (က) ပုဒ်မ ၁၈ ပါကိစ္စများအလို့ငှါ၊ အောက်ပါအရာရှိများသည်၊ သတ်မှတ်ထားသောအရာရှိများ ဖြစ်ရမည်။

(၁) တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)။

(၂) တပ်မတော် (ရေ) တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ် (ရေ)။

(၃) တပ်မတော် (လေ) တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ကာကွယ်ရေးဦးစီးချုပ် (လေ)။

(၄) ဗိုလ်မှူးကြီးအဆင့်အတန်းရှိသော ဦးစီးတက္ကသိုလ်၊ တိုက်ခိုက်ရေးကျောင်းနှင့် စစ်တက္ကသိုလ်များ ၏ကျောင်းအုပ်ကြီးများလက်အောက်တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍၊ ထိုကျောင်းအုပ်ကြီးများ။

(ခ) ပုဒ်မ ၈၅ ၏ ကိစ္စများအလို့ငှါ၊ အောက်ပါအရာရှိများသည်၊ သတ်မှတ်ထားသော အရာရှိများဖြစ်ရ မည်။

(၁) ဗိုလ်မှူးကြီးအဆင့်အတန်းရှိသော ဦးစီးတက္ကသိုလ်၊ တိုက်ခိုက်ရေးကျောင်းနှင့် စစ်တက္ကသိုလ်များ ၏ ကျောင်းအုပ်ကြီးများလက်အောက်တွင် စစ်မှုထမ်းသူများနှင့်စပ်လျဉ်း၍ ထိုကျောင်းအုပ်ကြီးများ။

(၂) နိုင်ငံခြားမြန်မာသံရုံးများရှိ စစ်သံများ၏ စီရင်ပိုင်ခွင့်အာဏာပိုင်နက်အတွင်းရှိသူများနှင့် စပ်လျဉ်း ၍ထိုစစ်သံများ။

(၃) အက်ဥပဒေကို လိုက်နာရသူများအား၊ တပ်နယ်တွင် တပ်ပြင်ပ၌ ကျူးလွန်သောပြစ်မှုများအတွက် အရေးယူရန်၊ သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်က၊ အမည်အားဖြင့် အထူးအာဏာလွှဲအပ်ထားသည့် တပ်နယ်မှူး၊ သို့တည်းမဟုတ် ထိုတပ်နယ်ရှိ ဒု-ဗိုလ်မှူးကြီးအဆင့်အောက်မနိမ့်သော အရာရှိ။

<ပြင်ဆင် 10.05.1989, 22.07.2014>

**ခွင့်ပြုသောငွေနုတ်ယူခြင်းများ။**

ခွင့်ပြုသော ငွေနုတ်ယူခြင်းများ။

၂၃၆။ ။ အက်ဥပဒေကို လိုက်နာရသူတဦးအားပေးထိုက်သောလစာ၊ အငြိမ်းစားလစာ၊ ထို့ပြင် အခြား လစာစရိတ်ကြေးငွေအားလုံးထဲမှ၊ အောက်ပါငွေများကို နုတ်ယူနိုင်သည်။

(က) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အရပ်ရပ်ဆိုင်ရာအမိန့်၊ သို့တည်းမဟုတ် အထူးအမိန့်အရ၊ ထိုသူ့အပေါ်တင်ရှိသည့်၊ အစိုးရက ရသင့်ရထိုက်သောငွေကို ပေးဆပ်ရန်လိုသည့် ငွေတရပ်ရပ်၊ ထိုသူကပေးဆပ်ရန်ရှိသည့်တပ်ကြွေးမြီ တရပ်ရပ်၊ သို့တည်းမဟုတ် တပ်ကရသင့်ရထိုက်သောငွေတရပ်ရပ်။

(ခ) အိုနာစာရံပုံငွေသို့၊ သို့တည်းမဟုတ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘောတူညီသည့်၊ ထောက်ပံ့ရံပုံငွေသို့၊ သို့တည်းမဟုတ် အခြားရံပုံငွေသို့ ထည့်ရန်လိုသည့်ငွေတရပ်ရပ်။

**ရှင်းလင်းချက် (၁)**။ ။ "အစိုးရ ရသင့်ရထိုက်သောငွေ" ဆိုသည်မှာ၊ ပိုထုတ်ခြင်းတခုခုအပါအဝင်ဖြစ်သော အစိုးရကြွေးမြီတရပ်ရပ်ကို၊ သို့တည်းမဟုတ် ဖြတ်ငွေတရပ်ရပ်ကိုဆိုလိုသည်၊ သို့တည်းမဟုတ် အစိုးရငွေသော်၎င်း၊ ပစ္စည်းသော်၎င်း၊ လျော့နေခြင်းအတွက်၊ သို့တည်းမဟုတ် အစိုးရငွေကိုသော်၎င်း၊ ပစ္စည်းကိုသော်၎င်း၊ နည်းလမ်းမကျဘဲ သုံးစွဲခြင်းအတွက် ထိုက်သင့်သလို စုံစမ်းစစ်ဆေးပြီးနောက်၊ တာဝန်ရှိသောသူက၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျေနပ်ဘွယ်ကောင်းသည့် ထုချေချက်ကို

မပေးနိုင်သောကိစ္စနှင့်စပ်လျဉ်းသည့် အစိုးရငွေသော်၎င်း၊ ပစ္စည်းသော်၎င်း၊ လျော့နေခြင်းတရပ်ရပ်ကို၊

သို့တည်းမဟုတ် အစိုးရငွေကိုသော်၎င်း၊ ပစ္စည်းကိုသော်၎င်း၊ နည်းလမ်းမကျဘဲ သုံးစွဲခြင်းတရပ်ရပ်ကိုဆိုလိုသည်။

**ရှင်းလင်းချက် (၂)**။ ။ ဆိုခဲ့သည့်ငွေ နုတ်ယူခြင်းများသည်၊ အက်ဥပဒေတွင် သီးခြားဖော်ပြထားသော

ငွေနုတ်ယူခြင်းများအပြင်၊ ထပ်လောင်း၍ နုတ်ယူခြင်းဖြစ်စေရမည်။

<ပြင်ဆင် 22.07.2014>

အမိန့်အရ၊

မောင်မောင်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ကာကွယ်ရေးဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 တပ်မတော်နည်းဥပဒေများ၏နောက်ဆက်တွဲများ။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 တပ်မတော်ဥပဒေများ၏နောက်ဆက်တွဲ ၂။ စွဲချက်များ။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ ၃။အပိုင်း ၂။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၈၂၊ ၈၃ နှင့် ၈၄ တို့အရ၊ အကြပ်များနှင့် အကြပ်အဆင့် အောက် နိမ့်သော အဆင့်ရှိသူများအား အကျဉ်းနည်းစစ်ဆေးစီရင်ရာ၌အသုံးပြုရန်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲ ၃။အပိုင်း ၃။သက်သေများကို ဆင့်ခေါ်သည့် သမ္မာန်စာပုံစံများ။

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲ ၃။အပိုင်း ၄။နှောင့်နှေးကြန့်ကြာခြင်းအစီရင်ခံစာပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲ ၄။အပိုင်း ၁။ပုံစံ ၁။၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၈၅၊ ၈၆ နှင့် ၈၇ တို့အရ၊ အရာရှိများနှင့် အရာခံဗိုလ် များအား၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရာ၌ အသုံးပြုရန်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲ ၄။အပိုင်း ၁။ပုံစံ ၂။၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၈၅၊ ၈၆ နှင့် ၈၇ တို့အရ၊ အရာရှိများနှင့် အရာခံဗိုလ် များအား၊ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ရာ၌ အသုံးပြုရန်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 နောက်ဆက်တွဲ ၄။အပိုင်း ၂။၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေပုဒ်မ ၁၇၂၊ ၁၇၃ (၂) နှင့် ၁၇၈ တို့အရ ဝရမ်းများ။ပုံစံ - က။ အကျဉ်းသားကို၊ တကျွန်းပို့ဒဏ်ချမှတ်သည့်အခါ၊ အသုံးပြုရန်အကျဉ်းထောင်ပို့ဝရမ်း။[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၇၂။]

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ - ခ။ အကျဉ်းသားကို၊ နယ်ဘက်အကျဉ်းထောင်တွင် ကျခံရမည့်၊ ထောင်ဒဏ်ချမှတ်သည့်အခါအသုံးပြုရန်၊ ထောင်ပို့ဝရမ်း။[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၃ (၂)။]

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ - ဂ။ အကျဉ်းသားအား၊ စစ်ဘက်အကျဉ်းထောင်တွင် ကျခံရမည့်ထောင်ဒဏ် ချမှတ်သည့်အခါ၊အသုံးပြုရန် ထောင်ပို့ဝရမ်း။[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၃ (၂)။]

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ - ဃ။

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ - င။ အထက်အာဏာပိုင်က၊ တကျွန်းပို့ဒဏ်၏ ကာလအပိုင်းအခြားကို လျှော့ပေါ့လိုက်သည့်အခါအသုံးပြုရန်ဝရမ်း။[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၈ ။]

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ - စ။ အထက်အာဏာပိုင်က၊ ထောင်ဒဏ်တရပ်ကို လျှော့ပေါ့လိုက်သည့်အခါ၊ သို့တည်းမဟုတ် တကျွန်း ပို့ဒဏ်ကိုထောင်ဒဏ်သို့ လျှော့ပေါ့လိုက်သည့်အခါ၊ အသုံးပြုရန်ဝရမ်း။[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၈။]

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ - ဆ။ အကျဉ်းသားကို၊ စစ်ဘက်အချုပ်သို့ ပေးအပ်ရန် ဖြစ်သောအခါ၊ အသုံးပြုရန် ဝရမ်း။[၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၁၇၈။]

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 နောက်ဆက်တွဲ ၅။တပ်မတော်နည်းဥပဒေ ၁၆၈၊ ၁၆၉ နှင့် ၁၇၀ တို့အရ၊ ဝရမ်းများ။ပုံစံ - ဇ။သေဒဏ်ချမှတ်ခြင်းခံရသူအား၊ နယ်ဘက်အကျဉ်းထောင်အချုပ်သို့ ပို့ရန် ဝရမ်း။[တပ်မတော်နည်းဥပဒေ ၁၆၈။]

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 16 ပုံစံ - ဈ။သေဒဏ်ချမှတ်ခြင်းခံရသူကို၊ ထိုသေဒဏ်ချမှတ်ချက် ဆောင်ရွက်ရေးအတွက်၊ နယ်ဘက်အကျဉ်းထောင်အချုပ်မှ ထုတ်ယူရန်ဝရမ်း။[တပ်မတော်နည်းဥပဒေ ၁၆၉။]

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 17 ပုံစံ - ည။ သေဒဏ်ချမှတ်ခြင်းခံရပြီး၊ နယ်ဘက်အကျဉ်းထောင် အချုပ်သို့ ပို့ထားခြင်းခံရသူတဦးအပေါ် ချမှတ်သည့် သေဒဏ်ကို တကျွန်းပို့ဒဏ်သို့ လျှော့ပေါ့ပြောင်းလဲလိုက်သောအခါ၊ အသုံးပြုရန် ဝရမ်း။ [တပ်မတော်နည်းဥပဒေ ၁၇၀။]

[ ပူးတွဲဖော်ပြသော စာရင်း 18 ] 18 ပုံစံ - ဋ။သေဒဏ်ချမှတ်ခြင်းခံရပြီး၊ နယ်ဘက်အကျဉ်းထောင် အချုပ်သို့ ပို့ထားခြင်းခံရသူတဦးပေါ် ချမှတ်သည့် သေဒဏ်ကို၊ အဆိုပါ အကျဉ်းထောင်တွင် ကျခံရမည့် ထောင်ဒဏ်သို့ လျှော့ပေါ့ ပြောင်းလဲလိုက်သောအခါ၊ အသုံးပြုရန် ဝရမ်း။[တပ်မတော်နည်းဥပဒေ ၁၇၀။]

[ ပူးတွဲဖော်ပြသော စာရင်း 19 ] 19 ပုံစံ - ဌ။သေဒဏ်ချမှတ်ခြင်းခံရပြီးနောက်၊ နယ်ဘက်အကျဉ်းထောင် အချုပ်သို့ပို့ထားခြင်းခံရသူအား၊ သေဒဏ်ချမှတ်ချက်ဆောင်ရွက်ရန်ကိစ္စမှတပါး၊ အခြားကိစ္စတရပ်အတွက်၊ စစ်ဘက်အချုပ်သို့ ပေးအပ်ရန် ဖြစ်သောအခါ၊ အသုံးပြုရန်ဝရမ်း။[တပ်မတော်နည်းဥပဒေ ၁၇၀။]

[ ပူးတွဲဖော်ပြသော စာရင်း 20 ] 20 နောက်ဆက်တွဲ ၆။ပုံစံ ၁။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄)အရ၊ သေဆုံးသူ (အရာရှိ) တဦး၏ ကိုယ်စားဆောင်ရွက်သူက ချုပ်ဆိုရန် ခံဝန်ချုပ်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 21 ] 21 နောက်ဆက်တွဲ ၆။ပုံစံ ၂။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (၄)အရ၊ သေဆုံးသောအရာရှိ မဟုတ်သူတဦး၏ ကိုယ်စား ဆောင်ရွက်သူက ချုပ်ဆိုရန် ခံဝန်ချုပ်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 22 ] 22 နောက်ဆက်တွဲ ၆။ပုံစံ ၃။နို့တစ်စာပုံစံ။[တပ်မတော်နည်းဥပဒေ ၂၁၀။]

[ ပူးတွဲဖော်ပြသော စာရင်း 23 ] 23 နောက်ဆက်တွဲ ၇။[တပ်မတော်နည်းဥပဒေ ၂၁၄။]တပ်မတော်နည်းဥပဒေ ၂၁၄ တွင် ရည်ညွှန်းသည့် စီမံခန့်ခွဲခြင်းအကြောင်း၏ အစီရင်ခံစာတွင် ပူးတွဲရမည့် စာချုပ်စာတမ်းများ (မူရင်းထပ်တူ ၂ စောင်) စာရင်း။

Myanmar Law Information System (MLIS)